ဗိုလ်ကျော်မောင်က–
"ဒီလူထု အုံကြွမှုကြီးကို ကျနော်တို့က
စတင်ခဲ့တယ်လို့ မပြောခဲ့သလို ကျနော်တို့
ကေဒါတွေက ဦးဆောင်ခဲ့တယ်လို့လည်း တခါမှ
မပြောခဲ့ပါဘူး။ ဒါနဲ့ပြောင်းပြန်ပဲ တပြည်လုံးကို
ဒီလောက်ကြီးကြီးမားမား ရိုက်ခတ်စေတဲ့
ဒီလိုအုံကြွမှုမျိုး ဖြစ်ပေါ်လာဖို့ဆိုရင် ဒီမိုကရေစီ
အင်အားစုအားလုံးပိုင်းပြီးလုပ်မှ ရတယ်လို့ပဲ
ကျနော်တို့ ခိုင်ခိုင်မာမာ ယုံကြည်နေကြတယ်။
မာ့က်စ်ဝါဒ ကတော့ သမိုင်းကို လူထုကြီးက
ဖန်တီးတယ်ဆိုတဲ့အမြင်ကို ကိုင်စွဲကြတယ်"
ဟု ပြောကြားခဲ့လေသည်။

ဘာတေးလင်လစ်တ်နာ၏ The Rise and Fall of the Communist Party of Burma နှင့် မာတင်စမစ်၏ Burma: Insurgency and Ethnicity Politics အပေါ်နှိုင်းယှဉ်လေ့လာချက်



# ရှောင်ခဲ့ ပန်းဝကြာထဲမှ ကြယ်နီပွင့်

## နေဦး၆၀

သို့မဟုတ် သူတို့ရေးသမျှ နှင့် ကျနော်သိသမျှ

# အမှားပြင်ဆင်ချက်

စာမျက်နှာ ၂၀၊ အပိုဒ် ၄၊ အကြောင်း ၂ ။ ။ 'ဝ' တောင်ခရိုင်မှူး ကွေးကျိုးရဲဘော်ဟောင်း အစား 'ဝ' ဘက်မှ ဆွေးနွေးသူများမှာ တပ်မ ၆၈ မှ 'ဝ' ခေါင်းဆောင် ရှောက်မိလျှံဖြစ်ပြီး အဖွဲ့ဝင်များမှာ 'ဝ' တောင်ခရိုင်မှူး ကွေ့ကျိုးရဲဘော်ဟောင်း ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၁၃၊ အပိုဒ် ၁၊ အကြောင်း ၄ ။ ။ ကရင်အမျိုးသားစုကြီးသည် KNU ၏ ဆော်ဩချက်အရ အစား ကရင်အမျိုးသားစုကြီးသည် KNU ၏ ဆော်ဩချက်အရ ရွေးကောက်ပွဲ သပိတ်မှောက်ခဲ့ကြသည်။ KNU က သပိတ်မှောက်သော်လည်း ကရင့်လူငယ်အစည်းအရုံး KYO က ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၂၆၊ အပိုဒ် ၂၊ အကြောင်း ၉ ။ ။ ထိုစဉ်ကသော အရှေ့မြောက် စစ်ဒေသ၊ ပြည်သူ့တပ်မတော်နှင့် အစား ထိုစဉ်ကသော အရှေ့မြောက် စစ်ဒေသ၊ ပြည်သူ့တပ်မတော်နှင့် ပဲခူးရိုးမသော ချိတ်ဆက်မိလျှင် ဗမာပြည်အလယ်ပိုင်း နိုင်ငံရေးအသွင်အပြင်သည် ယနေ့ကာလနှင့် ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၃၂၊ အပိုဒ် ၁၊ အကြောင်း ၈ ။ ။ ပညာရေးရေချိန် မြှင့်တင်ရေးများ လိုအပ်သလောက် ဖြည့်ဆည်း အစား ပညာရေးရေချိန် မြှင့်တင်ရေးများ လိုအပ်သလောက် မဖြည့်ဆည်း ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် ပထမအကြိမ်
ထုတ်ဝေသည့်ကာလ ဖေဖော်ဝါရီ၊ ၂၀၁၄
မျက်နှာဖုံး ဇော်ထက်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် နိုင်ထက်အောင်
ထုတ်ဝေသူ ဦးချစ်ညွန့်
ဇင်ရတနာစာစောစာပေ (၀၄၀၀၄)
အမှတ် ၂၅၉–က၊ ၄ လမ်း၊
မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန်။
ဖြန့်ချိသူ နှင်းဆီနီစာပေ
ဖုန်း – ၀၉–၄၂၀၁၀၈၈၅၄၊
၀၉–၄၂၅၀၂၂၈၅၅၊
၀၉–၄၂၀၁၁၄၁၂၄
အုပ်ရေ ၁၀၀၀
တန်ဖိုး ၁၅၀၀

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း **(CIP)**

နေဦးဝေ ၈၀၈.၈၄
ရောင်စုံပန်းစကြာထဲမှကြယ်နီပွင့်သို့မဟုတ်သူတို့ရေးသမျှနှင့်
ကျနော်သိသမျှ
ရန်ကုန်။
နှင်းဆီနီစာပေ၊ ၂၀၁၄။
– ၁၄၀ စာ၊ ၁၃ x ၂၁ စင်တီ
– ရောင်စုံပန်းစကြာထဲမှကြယ်နီပွင့်သို့မဟုတ်သူတို့ရေးသမျှနှင့်
ကျနော်သိသမျှ

၁၉၈၉ ခုနှစ် ဗကပ ပြိုကွဲမှု အတွေ့အကြုံများ

# ရောင်စုံပန်းစကြာထဲမှ ကြယ်နီပွင့်

## သို့မဟုတ် သူတို့ရေးသမျှနှင့် ကျနော်သိသမျှ

နေဦးဝေ

ပထမအကြိမ်
ဖေဖော်ဝါရီ၊ ၂၀၁၄

# အမှာ

ဆရာနေဦးဝေ၏ "ရောင်စုံပန်းစကြာထဲမှ ကြယ်နီပွင့် (သို့မဟုတ်) သူတို့ရေးသမျှနှင့် ကျနော်သိသမျှ" စာမူအား အခါခါ ဖတ်မိသောအခါ ကျနော့်ဦးနှောက်တွင်း၌လည်း ရောင်စုံပန်းစကြာများ ကွန့်မြူးလာမိသည်ဟု ခံစားရပေသည်။

ဤစာအုပ်သည် ဘာသာပြန်စာအုပ် မဟုတ်။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ကျော်က ဘာတေးလ်လစ်တနာ ရေးသားသော "ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်" စာအုပ်ပါ အဖြစ်အပျက်များ၏ မှန်ကန်မှု၊ ချို့ယွင်းမှုများအား ဆရာနေဦးဝေက သုံးသပ်ဖော်ပြရာတွင် စာရေးဆရာ မာတင်စမစ်၏ "ဗမာပြည်မှ သူပုန်နိုင်ငံရေးနှင့် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေး" စာအုပ်ပါ ဖော်ပြချက်များကို မှိုင်းမြင့်သကဲ့သို့၊ မိမိဖြတ်သန်းခဲ့ရသော တော်လှန်ရေးခရီးကြမ်း အတွေ့အကြုံများဖြင့် ပေါင်းစပ်ကာ၊ ဗမာပြည် လက်နက်ကိုင်တော်လှန်ရေးကာလ ဗကပနှင့် လူမျိုးစုပါတီ အသီးသီး၏ သမိုင်းမှန်မှတ်တမ်းများကို ဖော်ပြရန် အားထုတ်ထားသော၊ သမိုင်းတန်ဖိုးရှိသော စာအုပ်တအုပ်ဟု သတိပြုမိပေသည်။

ဘာတေးလ်လစ်တနာ အမည်သညာပြုသကဲ့သို့ ဗကပသည် နေဝင်ချိန် ရောက်သွားပြီလောဟု မေးခွန်းထုတ်စရာ ရှိပေသည်။

ဗမာ့နိုင်ငံရေးတွင် ၁၉၃၉ ခုနှစ်ကတည်းက ဗကပကို မွေးဖွားခဲ့သည်။ ယင်းသို့ မွေးဖွားရခြင်းသည် ဗမာ့လူမှုသမိုင်း၏ တောင်းဆိုချက်အရ ဖြစ်သည်။ ဗမာပြည်တွင် ဗြိတိသျှနယ်ချဲ့အရင်းရှင်စနစ်က မွေးဖွားလိုက်သော ကိုလိုနီအရင်းရှင်စနစ်နှင့်အတူ အလုပ်သမားလူတန်းစား ပေါ်ပေါက်လာ၏။ အလုပ်သမားလူတန်းစား လွတ်မြောက်ရေးအတွက် အလုပ်သမားလူတန်းစားအား

နိုင်ငံရေးအရ ဦးဆောင်နိုင်ရန် နိုင်ငံရေးပါတီတရပ်သည် သဘာဝကျစွာ လိုအပ်၏။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လာရသည်။ ဗမာပြည်ကွန်မြူနစ်တို့သည် အလုပ်သမားလူတန်းစားတိုက်ပွဲနှင့် အမျိုးသားလွတ်လပ်ရေး၊ လွတ်မြောက်ရေး တိုက်ပွဲများကို ပေါင်းစပ်ဆင်နွှဲရာ၌ လူမျိုးစုံပြည်သူတရပ်လုံးကို စည်းရုံး တိုက်ပွဲဝင်ရသည်။ အလုပ်သမားလူတန်းစားနှင့် အဖိနှိပ်ခံပြည်သူများ၊ အမျိုးသားများကို စည်းရုံးတိုက်ပွဲဝင်ခဲ့သည်မှာ ဗမာ့လွတ်လပ်ရေးမရမီကနှင့် ရပြီးနောက်ပိုင်းကာလတလျှောက် ဖြစ်သည်။

ဆိုလိုသည်မှာ လူတန်းစားများ တည်ရှိနေသရွေ့ လူတန်းစားပါတီများသည် တည်ရှိရသည်။ ခေတ်နေရှင်လူတန်းစားကို ကိုယ်စားပြုသော နိုင်ငံရေးပါတီလည်း ရှိရသည်သာ ဖြစ်သည်။

နိုင်ငံရေးပါတီများ၏ အောင်မြင်မှု၊ ရှုံးနိမ့်မှုသည် လူထုလမ်းစဉ်နှင့် အဝေးအနီးပေါ် မူတည်ပြီး သေးကျုံ့သွားခြင်း၊ ကြီးထွားလာခြင်း ဖြစ်ရသည်မှာ နိုင်ငံရေးဥပဒေသတရပ်ပင် ဖြစ်သည်။ ဗကပသည် ကြီးထွားစဉ်က ကြီးထွားသကဲ့သို့ ယခုကာလကဲ့သို့ သေးကျုံ့သွားရခြင်းမှာ နိုင်ငံရေးဥပဒေသကို နာခံရခြင်း ဖြစ်သည်။ သို့သော် သွေးစုပ်အဖိနှိပ်ခံ လူတန်းစားများဘက်မှ ရပ်တည်သော ကွန်မြူနစ်တို့သည် သေးကျုံ့သွားသည်ရှိသော်လည်း ကြေပြုန်းသွားခြင်းတော့ မရှိနိုင်ပေ။ အကြောင်းမှာ ဖိနှိပ်သွေးစုပ်မှုစနစ် ရှိနေသရွေ့ အဖိနှိပ်ခံတို့၏ တော်လှန်ရေးသည် ရပ်စဲသွားစရာ မရှိပေ။ ထို့အတွက် ကွန်မြူနစ်ပါတီများသည် တော်လှန်ရေးခရီးကြမ်းကို ပျံသန်းရာ၌ အနိမ့်အမြင့်သာ ရှိမည်။ အစဉ်ပျံသန်းနေမည်သာ ဖြစ်သည်။ ကြေပြုန်းပျက်သုဉ်းရမည်မှာကား သွေးစုပ်ချယ်လှယ်သောစနစ်နှင့် ထိုလူတန်းစားများပင် ဖြစ်သည်။

ကွန်မြူနစ်ပါတီများသည် မိမိတို့၏ အမှားများကို မြင်နိုင်၊ ပြင်နိုင်စွမ်းရှိပြီး၊ မိမိကိုယ်ဝေဖန်ရေးနှင့် ဝေဖန်ရေးလုပ်ဟန်၊ လူထုလမ်းစဉ်ကို ကြိုးပမ်းတည်ဆောက်ရေးလုပ်ဟန်၊ မာ့က်(စ်)၊ လီနင်ဝါဒ အခြေခံမှုများနှင့် လက်တွေ့လုပ်ငန်းများအား မှန်ကန်စွာ ပေါင်းစပ်လာနိုင်သရွေ့ မြင့်မားကြီးထွား လာမည်ကား မုချဖြစ်ပေသည်။ ထို့ကြောင့် ကမ္ဘာပေါ်၌ ကွန်မြူနစ်နှင့် အလုပ်သမားလူတန်းစားတို့ ဆုံးရှုံးစရာဆို၍ ဖိနှိပ်သွေးစုပ်မှု နှောင်ကြိုးများသာ ဖြစ်မည်။ အောင်မြင်စရာကား တကမ္ဘာလုံးရှိ ကုန်ထုတ်စွမ်းအားစု အားလုံးနှင့် သာယာဖြောင့်ဖြူးကြွယ်ဝသော လူတန်းစားမဲ့လောကသစ် ဖြစ်ရကား





ဗမာပြည်ကွန်မြူနစ်ပါတီအတွက် နေဝင်ချိန်ကား မရှိနိုင်ပေ။ ယာယီနေမှိန်ချိန်သာ ရှိနိုင်ပေသည်ဟု ဖော်ပြလိုပေသည်။

ဆရာနေဦးဝေ၏ စာအုပ်သည် ဗမာပြည်မှ ဖောက်ပြန်ရေးသမားများနှင့် ကွန်မြူနစ် ဆန့်ကျင်ရေးသမားများအတွက်ကား ထိုးနှက်ချက်တရပ်ဖြစ်ပြီး၊ ဓမ္မစစ်သမိုင်းကို ရှာဖွေနေသူများအတွက်မူ အားတက်ဖွယ်စာအုပ်ဟု ညွှန်းဆိုလိုက်ရပါသည်။ ॥

. ခမ်းဝင်း

# ရောင်စုံပန်းစကြာထဲမှ ကြယ်နီပွင့် သို့မဟုတ် သူတို့ရေးသမျှ နှင့် ကျနော်သိသမျှ

kleidoscope ကိုပန်းစုံဘူးဟုခေါ်ကြသလို ပန်းစကြာမှန်ပြောင်းဟုလည်း ခေါ်ပါသည်။ ကျနော်ကတော့ ရောင်စုံပန်းစကြာဟူသော စကားလုံးကို ပိုသဘောကျပါသည်။ သူပုန်အရေးနှင့် တိုင်းရင်းသားအရေးကို ရောင်စုံပန်းစကြာဖြင့် တင်စားရန် သတိရသူမှာ မာတင်စမစ် ဖြစ်သည်။ ဤစာတမ်းခေါင်းစဉ်ကို သူ့ထံမှ ငှားရမ်းသုံးစွဲလိုက်ခြင်း ဖြစ်ပါသည်။

ဤစာတမ်းကို သူတို့ရေးသမျှနှင့် ကျနော်သိသမျှဟု ခေါင်းစဉ်ပေးရန် မူလက စဉ်းစားခဲ့သော်လည်း ထိုခေါင်းစဉ်ကို ဒုတိယခေါင်းစဉ်အဖြစ်သာ ထည့်လိုက်ပါသည်။

သူတို့ရေးသမျှဆိုသည်မှာ အဓိကအားဖြင့် Bertil Linter ၏ The Rise and Fall of the Communist Party of Burma ကျော်ဝင်းမြန်မာပြန်သော ဗမာပြည်ကွန်မြူနစ်ပါတီ နေထွက်ချိန်နှင့် နေဝင်ချိန်စာအုပ် (စာတမ်းထဲတွင် ဘာတေးလ်လစ်တ်နာ၏ နေထွက်ချိန်နေဝင်ချိန်စာအုပ်ဟု ကိုးကား ရေးသားပါသည်) နှင့် Martin Smith ၏ Burma: Insurgency and Ethnicity Politics မာတင်စမစ်၏ ဗမာပြည်မှ သူပုန်နိုင်ငံရေးနှင့် တိုင်းရင်းသား လူမျိုးစုနိုင်ငံရေးစာအုပ် (စာတမ်းထဲတွင် မာတင်စမစ်၏ တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးဟုသာ အတိုကောက်ကိုးကားရေးသားပါသည်) တို့၏ စာအုပ် နှစ်အုပ်ဖြစ်ပြီး အခြား ဗမာ့သမိုင်းဆိုင်ရာ အထောက်အထားတချို့ကို ရည်ညွှန်းပါသည်။





ကျနော်သိသမျှဆိုသည်မှာ ကိုယ်တွေ့မျက်မြင်များ၊ ကြားဖူးနားဝများနှင့် လေ့လာနားလည်ထားသည်များကို ဆိုလိုပါသည်။ ထိုစာအုပ် နှစ်အုပ်ထဲတွင် ပါတာရော၊ မပါတာရော လက်လှမ်းမီသမျှများကို ဆိုလိုပါသည်။

ကျနော်အဓိကရည်ညွှန်းသော စာအုပ်နှစ်အုပ်မှာ ၁၉၉၀ တပိုက် ရှေ့ဆင့်နောက်ဆင့် ထွက်လာသော စာအုပ်များဖြစ်ကြပြီး ပထမစာအုပ်နှင့်စာလျှင် ဒုတိယစာအုပ်က လေးဆလောက်ပိုထူပါသည်။ မာတင်စမစ်၏ စာအုပ်မှာ စာအုပ်စင်များတွင် ရှိသင့်သောစာအုပ်ဖြစ်သည်ဟု ယုံကြည်သော်လည်း လုံးစေ့ပတ်စေ့ ဘာသာပြန်ရန်အချိန်မရပါ။ ထို့ကြောင့် တအုပ်လုံးကို ဖတ်ပြီး ထုတ်နုတ်ကိုးကားရုံသာ ပြုလုပ်ရပါသည်။ ဘာတေးလ်လစ်တ်နာ စာအုပ်ကတော့ ယခုဆိုလျှင် ဖတ်ပြီးသူလည်း ဖတ်ပြီးနေလောက်ပြီဖြစ်သည်။ သူတို့နှစ်ဦး ရေးသားသော အကြောင်းအရာမှာ သိပ်မကွာခြားကြပါ။ ချဉ်းကပ်ပုံ၊ စာနာနားလည်ပုံများကတော့ အတော်လေးကွာခြားပါသည်။

သူတို့ နှစ်ဦးလုံးသည် ဝါရင့်ဂျာနယ်လစ်များ ဖြစ်ကြသည်နှင့်အညီ မိမိအနံ့ရသော သတင်းအချက်အလက်များကို မရမက အပင်ပန်းခံကာ ရှာဖွေစုဆောင်းကြသည်။ ဗကပ ခေါင်းဆောင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ဆက်သွယ်၍ သတင်းအစ်အောက်ညှစ်ထုတ် ရယူနိုင်စွမ်း ရှိသူများ ဖြစ်ကြသည်။ ကိုယ်တိုင်လည်း သူပုန်ထိန်းချုပ်နယ်မြေ အသီးသီးသို့ ရောက်အောင်ကြိုးစားကြသည်။ ရခိုင်ရိုးမမှ ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ အိန္ဒိယ၊ အာသံ၊ မဏိပူရမှစ၍ ထိုင်းနယ်စပ်၊ လာအိုနယ်စပ်များကို မပြတ်သွားရောက်၍ သတင်းစနည်းနာကြသည်။ မရှင်းလင်းလျှင် သက်ဆိုင်ရာ သူပုန်ခေါင်းဆောင်များထံ စာရေးမေးကြ၊ ဖုန်းဆက်မေးကြသည်။

မာတင်စမစ်ကတော့ ဗကပ နှင့် တိုင်းရင်းသား လူမျိုးများအကြား ဆက်ဆံရေးများကို ရောင်စုံပန်းစကြာနှင့် တင်စားခဲ့သည်။ ကျနော်တို့ ငယ်ငယ်တုန်းက ကစားခဲ့ကြသော ပန်းစကြာမှန်ပြောင်းမှာ မှန်ပြားရှည် သုံးခုကို တြိဂံပုံပြွန်ချောင်းအဖြစ် စက္ကူဖြင့် အထပ်ထပ်ရစ်ပတ်ပြီး ထိပ်ကို ဖြစ်နိုင်လျှင် တြိဂံပုံမှန်ပြားဖြင့် ပိတ်သည်။ အထဲတွင် စိမ်း၊ ဝါ၊ နီ၊ ပြာ ရောင်စုံ ဖန်စကလေးများထည့်ပြီး မှန်ပြောင်းထဲကို ကြည့်ကြရသည်။ ထိုဖန်စကလေးများမှာ ထောင့်များတွင် သွားစုနေပြီး လှည့်လိုက်တိုင်း လှပသောပန်းပွင့်ကလေးများ အမျိုးမျိုးပြောင်းလဲနေတတ်သည်။ တွဲစပ်ပုံအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပန်းပွင့်များမှာ ငေးမော၍ပင် မဝနိုင်ပါ။

ကျနော်သည် ကိုယ့်ရှုထောင့်နှင့်ကိုယ် ရေးသားခဲ့သောစာအုပ်များကို အမျိုးအစားချင်းမတူသော ပန်းစကြာမှန်ပြောင်းနှစ်ခုဟု သဘောထားပါသည်။ ကိုယ့်အမြင်နှင့် ကိုက်သည်လည်းရှိ၊ မကိုက်သည်လည်းရှိသည်။ သမိုင်းအချက်အလက်အဖြစ် ခိုင်မာသည်ဟု မြင်သည်လည်းရှိ၊ မခိုင်မာဟု မြင်သည်လည်း ရှိသည်။ သဘောတရားအပိုင်း၊ ဝါဒအပိုင်း ငြင်းခုံနေလျှင်လည်း မီးခိုးမဆုံး၊ မိုးမဆုံးဖြစ်တော့မည်။ ထို့ကြောင့် ဝါဒရေးရာအပိုင်းကို မလွှဲသာမှ အနည်းအကျဉ်း ဖော်ပြပါသည်။

ဘာတေးလ်လစ်တ်နာ စာအုပ်ကို ဘာသာပြန်သူ ကျော်ဝင်းကတော့ ဘာတေးလ်လစ်တ်နာသည် နိုင်ငံရေးသမားမဟုတ်၊ သမိုင်းဆရာမဟုတ်၊ ဂျာနယ်လစ်သာ ဖြစ်သည်ဟု ညွှန်းဆိုထားသည်။ ကျနော်ကတော့ ဂျာနယ်လစ် တယောက်ရေးသဖြင့် ခပ်ပေါ့ပေါ့မမြင်၊ အဘယ့်ကြောင့်ဆိုသော် သူကိုင်လိုက်သော အကြောင်းအရာသည် နိုင်ငံရေးအကြောင်း၊ သမိုင်းအကြောင်း ဖြစ်သည်။ ပေါ့ပ်သတင်းမဟုတ်၊ အဝါရောင်သတင်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် ဤစာအုပ်နှစ်အုပ်စလုံးသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်က စာအုပ်ဆိုသည်ကို မမေ့ဖို့လိုပါသည်။ ကျော်ဝင်းဘာသာပြန်သည့် စာအုပ်တွင် ၂၀၁၂ ခုနှစ်အခြေအနေတချို့ကို နိဒါန်းတွင် ထည့်သည်မှလွဲ၍ အချက်အလက်အများစုကြီးမှာ ပထမနှိပ်ခြင်းက အတိုင်းရှိပါသည်။ ၁၉၈၉ ခု ဗကပတွင်း လူမျိုးစုတပ်ဖွဲ့များ ခွဲထွက်ခဲ့သည်မှာ ယခုဆိုလျှင် ၂၄ နှစ်ပင် ကျော်ခဲ့ပါပြီ။ ကာယကံရှင်ဗကပမှာလည်း မကြာမီ စိန်ရတုမွေးနေ့ကိုပင် ကျင်းပတော့မည်ဖြစ်သည်။ ထိုကာလအတွင်း ပန်းစကြာမှန်ပြောင်း ဘယ်နှစ်ကြိမ်လည်ပတ်ပြီး တွဲစပ်ပုံဘယ်နှစ်မျိုးရှိပြီနည်း။ အထူးသဖြင့် ၂၀၁၀၊ ၂၀၁၁ ကာလများသည် ပြည်တွင်းနိုင်ငံရေးအခြေအနေ အပြောင်းအလဲ အလွန်ပင်များပြားခဲ့သည်။ ၂၀၁၂–၂၀၁၃ ကာလများသည် တိုင်းရင်းသားလူမျိုးစုများ လှုပ်လှုပ်ရွရွအဖြစ်ဆုံးနှစ်တွေ ဖြစ်နေခဲ့သည်။ ဗမာ့အရေးကို မျက်ခြေမပြတ်စောင့်ကြည့်နေသော ဤစာရေးဆရာ နှစ်ဦးအနေနှင့် သူတို့ရေးခဲ့ကြသော မပြီးသေးသည့် ပန်းချီကားများကို ဆက်လက်ရေးဆွဲရန် ဘယ်လောက်တောင် လက်ယားနေကြပြီလဲမသိ၊ ရေးဖို့တော့လိုပါသည်။

ဤနေရာတွင် “သမိုင်းကို အပြီးသတ်ရေးနိုင်သူ မည်သူနည်းဆိုသည်ကို မည်သူမျှမပြောနိုင်ချေ” ဆိုသည့် အဆိုအမိန့်တခုကို ကျနော်သဘောကျကြောင်း ပြောလိုပါသည်။ သမိုင်းကို မည်သူတွေကရေးသနည်းဆိုသည့် ပြဿနာကလည်း





ကမ္ဘာ့ကမ္ဘာကရှိခဲ့သော ပြဿနာဖြစ်ပါသည်။ သက်ဦးဆံပိုင်စနစ်၊ အာဏာရှင်စနစ် တခုအောက်တွင် ရေးသားသောသမိုင်းသည် ဘုန်းတော်ဘွဲ့နှင့် ဘောင်းတော်ညိတ် စိတ်တော်သိသမိုင်းသာ ဖြစ်လိမ့်မည်။ အာဏာရှင်စနစ်တခုအောက် ရာစုဝက်ကျော် နေထိုင်ခဲ့ရသော နိုင်ငံတခုတွင် ရေးသားကြသော သမိုင်းဆိုလျှင် မည်မျှ ရုပ်ပျက်ဆင်းပျက်ဖြစ်နေမည်ကို ကလေးပင်သိနိုင်ပါသည်။ ကျောင်းသုံး စာအုပ်များ၊ ရုပ်ရှင်များအထိပင် တဖက်စောင်းနင်းနိုင်သော သမိုင်းက လွှမ်းမိုးနေခဲ့သည်။ လွတ်လပ်ရေးရခါစ လက်ဝဲကြောက်လေရူးများ တိုက်ခတ်စဉ်က ဆိုလျှင် အမေရိကန်ရိုက်ကူးပေးသော ရုပ်ရှင်ကားတကား ကျောင်းတွင်းကျောင်းပြင် မြို့ရွာအနှံ့ လှည့်၍ပြသခဲ့ဖူးသည်။ ဒီမိုကရေစီပြန့်ပွားရန် ရည်ရွယ် ပြသခဲ့ခြင်း ဖြစ်သည်ဟု ပြောကြသော်လည်း ထိုရုပ်ရှင်ကားပြသပြီး သုံးနှစ်အကြာတွင် စစ်အာဏာသိမ်းခြင်း ခံလိုက်ရလေသည်။

တဖက်စောင်းနင်းနိုင်လှသော သမိုင်းတွင် ပြည်တွင်းစစ်ကို ပြည်တွင်း စစ်ဟုပင် မပြောကြ။ သောင်းကျန်းမှု၊ အဖျက်လုပ်ရပ်၊ မြေအောက်ရွာယ်၊ ပြည်ပအားကိုး ပုဆိန်ရိုး၊ ပြည်ပသြဇာခံ၊ အမေကျော်ဒွေးတော်လွှမ်း စသည့်စသည့် ဆိုသည့်မ လက်သုတ်စကားလုံးများ တမိုးလုံးအနှံ့ဖြစ်နေတော့သည်။ ယနေ့လို တစုံတရာ ပွင့်လင်းပါသည် ဆိုသောကာလမှာပင် ဘောင်းတော်ညိတ် စိတ်တော်သိ ပညာရှင်တွေက မိုးဦးကျဖားတွေလို ပေါပေါများများရှိနေဆဲ။ ၂၀၀၈ နှင့် ၂၀၁၀ အခြေခံဥပဒေတွေ၊ ရွေးကောက်ပွဲတွေပေါ်လာတော့ မမောနိုင်မပန်းနိုင် ဝိုင်းဝန်းပြီး ကျူးသွင်းကြသည်။ ထိုလုပ်ငန်း တစိတ်တပိုင်းပြီးစီးသောအခါ ရက်ဒီကယ်တွေနဲ့ခြောက်၊ နောက်ပြန်မလှည့်ရေးတွေနဲ့ ခြောက်နေကြပြန်သည်။ သူတို့ ရေးကြ၊ ပြောကြသည့် သမိုင်းများကလည်း တဖက်စောင်းနင်း။

ကံကောင်းထောက်မစွာ ဗမာပြည်နိုင်ငံရေးနှင့် ဗမာ့သမိုင်းကို စိတ်ဝင်စားသော နိုင်ငံခြားပညာရှင်တချို့၏ စာအုပ်တွေရှိနေ၍ တော်သေးသည်ဟု ဆိုရပါမည်။ မျှမျှတတ သမာသမတ်ရှိသူများရေးလျှင်တော့ ရွှေထက်အဖိုးတန်သော စာအုပ်များအဖြစ် အသိအမှတ်ပြုဖို့လိုပါသည်။ အမျိုးသားရင်ကြားစေ့ရေး ဝေါဟာရ ခေတ်စားလာသော ယနေ့ကာလတွင် ဖြစ်ရပ်မှန်သမိုင်းတွေ ထောင့်စုံမှ ပေါ်ထွက်လာဖို့ လိုပါသည်။ ကျနော်တို့သည် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ပတ်သက်လျှင် နယ်ဆင်မင်ဒဲလား၏ တောင်အာဖရိကကို စံပြုကြသည်။ တောင်အာဖရိက အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးသည် သူ့ချည်း သီးသန့်မနေပါ။ အမှန်တရားဖော်ထုတ်ရေးနှင့်

ယှဉ်တွဲလျက်ရှိပါသည်။ အမှန်တရားဖော်ထုတ်နိုင်မှ စစ်မှန်သည့်ရင်ကြားစေ့ရေး ပေါ်ထွန်းပြီး ထိုရင်ကြားစေ့ရေးကလည်း တာရှည်ခံပါသည်။ အမှန်တရားဖော်ထုတ်ရေးဆိုလျှင် သမိုင်းသည် တဖက်စောင်းနင်းမရှိသင့်၊ ဇောက်ထိုးမိုးမျှော် မဖြစ်သင့်၊ ဘောင်းတော်ညိတ် စိတ်တော်သိများကိုသာ ရေးခွင့်ပေးခြင်းမျိုး မရှိသင့်၊ ရှုထောင့်စုံ၊ အမြင်စုံမှဖြစ်မည်။ ယခုစာတမ်းသည် အမျိုးသားရင်ကြားစေ့ရေး၊ အမှန်တရားဖော်ထုတ်ရေးအတွက် တထောင့်တနေရာမှ ပါဝင်နိုင်မည်ဟု မျှော်လင့်ပါသည်။

လေးစားစွာဖြင့်
နေဦးဝေ



# (၁) နီဂုံးဖြင့် စတင်သောနိဒါန်း

"ရန်ကုန်မြို့တော်ခန်းမနှင့် မနီးမဝေး ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း) ပေါ်ရှိ တိုက်ခန်းငယ်ကလေးတခုတွင် မြန်မာပညာတတ်လူငယ်တစု စတင်ဖွဲ့စည်းပြီး နှစ်ပေါင်း (၅၀) နီးပါးအကြာ၊ ၁၉၄၈ ခုနှစ် ဗမာနိုင်ငံလွတ်လပ်ရေးရအပြီး တနှစ်အတွင်းမှာပင် ထိုစဉ်က (ဖဆပလ) အစိုးရကို လက်နက်ကိုင်တော်လှန်ဖို့ ဆုံးဖြတ်အပြီး ၄၁ နှစ်အကြာ ...၊ ဤကာလမှာပင် ဗကပ မှာသမိုင်းထဲသို့ စတင်တိုးဝင် သွားခဲ့ပါပြီ"

ကျော်ဝင်းမြန်မာပြန်သော ဘာတေးလ်လစ်တ်နာ၏ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန် စာအုပ်နိဒါန်းတွင် ဗကပ မှာသမိုင်းထဲသို့ စတင် တိုးဝင်သွားပြီဟု ရေးခဲ့လေသည်။ မြန်မာဘာသာပြန်သူကလည်း 'ဤမျှ အစဉ်အလာကြီးသော နိုင်ငံရေးပါတီကြီးတရပ်အနေနှင့် သမိုင်းနှင့်အတူ လိုက်ပါမသွားနိုင်တော့ဘဲ အဘယ်ကြောင့် သမိုင်းဖြစ်စဉ်ထဲတွင် ပွန်းပြတ်ပြတ်သွားရပါသနည်း' ဟု ရေးသား၍ တခေတ်တခါက 'ဗကပမှာ ကောက်သင်းကောက်စရာတောင် မကျန်တော့ဘူး' လေသံအတိုင်း သံယောင်လိုက် ထားသည်ကို ဖတ်ကြရသည်။

ဤနေရာတွင် ဤစာအုပ်နှင့် တချိန်တည်းလိုလို ထုတ်ဝေခဲ့သည့် သတင်းစာဆရာ မာတင်စမစ်၏ "ဗမာပြည်မှ တိုင်းရင်းသားလူမျိုးစုံ နိုင်ငံရေး" ဆိုသည့် စာအုပ်ပါ ဗကပအပေါ်သုံးသပ်ပုံကို စာဖတ်သူ နှိုင်းယှဉ်ကြည့်နိုင်ရန် အရင်ဆုံးဖော်ပြလိုပါသည်။

"ဤပါတီ၏ ၅၂ နှစ်သမိုင်းတွင် ၄၅ နှစ်မှာ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရခြင်းဖြစ်ပြီး အခက်အခဲ အကျပ်အတည်း မျိုးစုံကြားတွင်

ရှင်သန်ရပ်တည်ခြင်းနှင့် ပြန်လည်ဦးမော့နိုင်ခြင်းဆိုသည့် အထူးတလည် အရည်အသွေးကိုလည်း ပြသနိုင်ခဲ့သည်။ ဗမာပြည်၏ အနာဂတ်မှာ မှန်းဆရခက်လွန်းသည်။ ဗကပအတွက်တော့ သေချာတာတခုရှိနေသည်။ ဆယ်စုနှစ် လေးခုကျော် ရေရှည်စစ်ပွဲကာလကို လွန်မြောက်ပြီးနောက်ပိုင်း ယခုလာမည့် ဆယ်စုနှစ်သည် ဗကပအတွက် အခက်ခဲဆုံး ဆယ်စုနှစ် ဖြစ်လိမ့်မည်" (စာမျက်နှာ ၃၈၃)

သမိုင်းဖြစ်ရပ်ဟူသည် မိမိဖြစ်စေလိုသော ဆန္ဒအတိုင်း ထိုအဖွဲ့အစည်းကြီး သမိုင်းဖြစ်စဉ်ထဲ တကယ်တိုးဝင်သွားသည့်တိုင် ထိုအဖွဲ့အစည်းကြီး အမှန်တကယ် ရုန်းကန်လှုပ်ရှားခဲ့သည့် သမိုင်းဆိုင်ရာအခန်းကဏ္ဍကို ဘက်စုံထောင့်စုံ မှတ်တမ်းတင်မှသာ အနာဂတ်မျိုးဆက်သစ်များကို ချစ်ခင်တန်ဖိုးထားရာ ရောက်ပါသည်။

ဘာတေးလ်လစ်တ်နာကတော့ ရှမ်းပြည်အရှေ့မြောက် တရုတ်နယ်စပ် 'ဝ' တောင်တန်းပေါ်ရှိ ပန်ဆန်းမြို့ကလေးမှ ဗကပဌာနချုပ်ကို တပ်တွင်းသူပုန်များက မည်သို့စီးနင်းသိမ်းပိုက်ပုံဖြင့် သူ့နိဒါန်းကိုစတင်ခဲ့လေသည်။ ထိုတပ်တွင်းသူပုန်ကို အောက်ခြေတပ်သားထုက ပါတီဆန့်ကျင်ရေးဒေါသ ဆူဝေစွာဖြင့် တဟုန်ထိုး ဝင်စီးခဲ့ကြသည်ဟု ဆိုလေသည်။ ပုန်ကန်သူများသည် ဌာနချုပ်ရှိ မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်၊ မော်စီတုန်းစသော ကွန်မြူနစ်ခေါင်းဆောင်ကြီးများ ရုပ်ပုံကားချပ်များကို ရိုက်ချိုးပစ်ကြသလို ကွန်မြူနစ်စာပေ ကျမ်းဂန်များကိုလည်း ဖျက်ဆီးပစ်လိုက်ကြသည်။ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော စွဲမြဲသည့် မော်ဝါဒီ ဗကပခေါင်းဆောင်ကြီးများမှာ နမ့်ခချောင်းကိုဖြတ်ကာ တရုတ်ပြည်ထဲ ဒရောသောပါး ထွက်ပြေးရလေတော့သည်။ သမိုင်းတွင် ပထမအကြိမ်အဖြစ် ကွန်မြူနစ် တော်လှန်ပုန်ကန်မှုတရပ်မှာ ၎င်း၏ အတွင်းပိုင်းပြိုကွဲမှုကြောင့် ဆုံးခန်းတိုင်သွားရပါလေတော့သည် ဟု ဖော်ပြထားလေသည်။

"ဧပြီလ ၁၆ ရက်နေ့ ညသန်းခေါင်ကျော်...။ တပ်မဟာ ၁၂ မှ 'ဝ' ရဲဘော်အများစုပါဝင်သော တပ်ဖွဲ့များ ပန်ဆန်းကိုဝင်စီးပြီး ခေါင်းဆောင် အဘိုးကြီးများကို တရုတ်ပြည်ထဲသို့ မောင်းထုတ်လိုက်ကြသည်။ ထိုညမှာပင် အသံလွှင့်ရုံကိုလည်း သိမ်းပိုက်လိုက်ကြသည်။ ဧပြီလ ၁၈ ရက်နေ့သို့ ရောက်သောအခါ ပုန်ကန်သူတပ်ဖွဲ့များ၏ ပထမဆုံးအသံလွှင့်ချက် ထွက်ပေါ်လာပါသည်။"





ဟု စာမျက်နှာ ၁၀၀ တွင် ထပ်မံရေးသားခဲ့သည်။ ဗကပ ပြည်သူ့အသံ အသံလွှင့်ရုံမှာ ပန်ဆန်းတွင်မရှိဘဲ 'ဝ' နယ်မြောက်ပိုင်း ရောင်ပရေနားကွယ် ဒေသသို့ ပြောင်းရွှေ့သွားသည်မှာ ကြာပြီဖြစ်ကြောင်း စာရေးသူ သတိပြုမိပုံ မပေါ်။ ဟောလီးဝုဒ်ဆန်ဆန် ရုပ်ရှင်ကား၏ အရသာပျော့သွားမည်စိုး၍ ဤမျှပဲ ရေးပါတော့မည်။ 'ဝ' တပ်ဖွဲ့၏ ပထမဆုံးအသံလွှင့်ချက်ကို ဆက်ပါမည်။

"၁၉၇၉ မတိုင်မီက အခြေအနေဟာ ကောင်းခဲ့ပါတယ်။ အခုကော ဘယ်အနေအထား ဆိုက်နေပြီလဲ။ ဘာကြောင့်လဲ။ ကျနော်တို့ အမြင်ကို ပြောရရင် ခေါင်းဆောင်အချို့ဟာ အာဏာကို အသေဖက်တွယ်ထားကြလို့ပဲ။ မှားယွင်းတဲ့လမ်းစဉ်ကို ခေါင်းမာမာ ဆက်ကိုင်ထားကြလို့ပဲ။ ဒီလူတွေဟာ တကယ့်အရှိတရားနဲ့ ကင်းကွာနေကြတယ်။ ငါတကောဝါဒနဲ့ ဂိုဏ်းဂဏဝါဒကို ကျင့်သုံးကြတယ်။ ပြည်တွင်းပြည်ပ အခြေအနေကို လေ့လာဆန်းစစ်ဖို့၊ သရုပ်ခွဲစိစစ်ဖို့ ပျက်ကွက်ကြတယ်။ သူတို့ဟာ 'ဝ' ဒေသက လူထုကို လိမ်ညာခဲ့ကြတယ်။ လိမ်လုံးညာလုံးတွေ၊ ဝါဒဖြန့်ချိရေးတွေနဲ့ ကျနော်တို့ကို သူတို့ရဲ့ အယောင်ဆောင်တော်လှန်ရေးထဲ ဆွဲခေါ်ခဲ့ကြတယ်။ ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ရန်သူကို ဗလာချည် အိုင်ဒီအိုလိုဂျီ ဆိုတာနဲ့ ဘယ်လိုလုပ် အနိုင်ယူမှာလဲ..." (စာမျက်နှာ ၉)

ဘာတေးလ်လစ်တ်နာသည် သူ့စာအုပ်ထဲတွင် ဤကြေညာချက်ကို နှစ်နေရာမှာတောင် ဖော်ပြထားပါသည်။ သူ့အတွက်တော့ ဤကြေညာချက်သည် ဗကပ လက်နက်ကိုင်တော်လှန်ရေး ပြိုလဲခြင်း၏ အကြောင်းတရားခံကိုရှာဖွေရန် လမ်းစဖြစ်နေလေသည်။ သူက–

"ပန်ဆန်းတွင်ဖြစ်ပေါ်ခဲ့သော ဝရုန်းသုန်းကား ဖြစ်ရပ်ကြီးမှာ ရှောင်တခင်မဟုတ်၊ နှစ်ပေါင်းများစွာ တမြေ့မြေ့လောင်မြိုက်နေသော သက်ကြီးရွယ်အို ခေါင်းဆောင်မှုအပေါ် မကျေနပ်ချက်များမှ အကြောင်းခံ ဖြစ်တည်လာခဲ့သည်ဟု ဆိုရမည်" ဟု ရေးသားထားပါသည်။

ထို့ပြင်–

"ကွန်မြူနစ်ခေါင်းဆောင်အိုကြီးများမှာ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ယဉ်ကျေးမှုတော်လှန်ရေး ကာလကတည်းက အပြောင်းအလဲမရှိ တောက်လျှောက် ဆုပ်ကိုင်လာကြသော၊ ယခုအခါ ခေတ်နှင့် ဝို၍ဝို၍ အံချော်နေပြီဖြစ်သော နိုင်ငံရေးလမ်းကြောင်းကို စွန့်လွှတ်ဖို့ ခေါင်းမာမာနှင့်

ငြင်းဆန်နေကြသည်။ ဒါကို အောက်ခြေရဲဘော်တွေက မကျေနပ်၊ သည်လိုနှင့် ပါတီတွင်းဘဝ ကြိမ်မီးအုံးသလို ဖြစ်နေခဲ့သည်။" ဟု ထပ်မံအကျယ်ဖွင့်ဆိုလေသည်။

ဘာတေးလ်လစ်တ်နာက ဤကိစ္စကို ပါတီတွင်းရှိ ခေါင်းဆောင်ပိုင်းနှင့် အောက်ခြေပိုင်းပဋိပက္ခဟု ပုံဖော်ဖို့ကြိုးစားနေသော်လည်း နောက်ပိုင်း ဖြစ်ရပ်များကို ကြည့်လိုက်ရုံဖြင့် ဤသည်မှာ ပါတီတခုတွင်းရှိ အတွင်းပဋိပက္ခ မဟုတ်တော့ဘဲ ကွန်မြူနစ်ပါတီနှင့် လူမျိုးစုအုပ်စုတခုအကြားမှ ပဋိပက္ခ ဆိုသည့်အချက်မှာ ထင်ရှားနေပေသည်။

ဧပြီလ ၁၈ရက် 'ဝ' အသံလွှင့်ချက်ကို သေချာလေ့လာလျှင် ထင်ရှားသောအချက် တချက်ကို တွေ့နိုင်ပါသည်။ ယင်းမှာ '၁၉၇၉ မတိုင်မီက အခြေအနေကောင်းခဲ့ပါတယ်' ဆိုသည့် ကာလအပိုင်းအခြား ခွဲခြားချက်ဖြစ်ပါသည်။ သို့ဆိုလျှင် ၁၉၇၉ မတိုင်မီက အခြေအနေကောင်းပြီး ဘာကြောင့် ၁၉၇၉ နောက်ပိုင်း အခြေအနေက မကောင်းပါသနည်း။ ထိုကြေညာချက်ပါအတိုင်းဆိုလျှင် ဗကပ ခေါင်းဆောင်များသည် မှားယွင်းတဲ့လမ်းစဉ်ကို ခေါင်းမာမာ ဆက်ကိုင်ထားကြသောကြောင့်၊ ခေတ်မီလက်နက် တပ်ဆင်ထားတဲ့ရန်သူကို ဗလာချည် အိုင်ဒီအိုလိုဂျီနဲ့ ဆက်၍ တိုက်ခိုက်ကြသောကြောင့် အခြေအနေမကောင်းခြင်းဖြစ်သည်။ အမှန်တော့ ဗကပသည် ၁၉၈၀ မှစ၍ နည်းပရိယာယ်လမ်းစဉ်သစ် တခုကို တင်ပြခဲ့လေသည်။ ယင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်နှင့် ပါတီစုံစနစ် ဖော်ဆောင်ရန်ဖြစ်သည်။ ထိုနည်းပရိယာယ် လမ်းစဉ်ကို ၁၉၈၅ ပါတီ တတိယကွန်ဂရက်တွင် ထပ်မံအတည်ပြုခဲ့ကြသည်။ ၁၉၈၀–၈၁ ထိုလမ်းစဉ်အရ ဦးနေဝင်းအစိုးရနှင့် တွေ့ဆုံဆွေးနွေးကြစဉ်ကဆိုလျှင် တချို့တပ်မှူးများပင် သဘောမပေါက်ခဲ့ကြသည်ကို မှတ်မိနေသေးသည်။ ပြဿနာမှာ ခေါင်းဆောင်အိုကြီးများ ခေါင်းမာနေမှုကြောင့်ထက် ၁၉၇၉ ခုနှစ် အခြေအနေ အပြောင်းအလဲကြီးကြောင့် ဖြစ်ဖို့ပိုများလေသည်။ နောက်ပိုင်းတွင် ဤအကြောင်း ဆက်ရေးပါမည်။

❒



# (၂) ကိုယ်တွေ့ဧပြီလ ၁၇–ရက်

၁၉၈၉ ဧပြီလ ၁၇ ရက် 'ဝ' တပ်တွေ ဗဟိုဌာနချုပ်ထဲ တန်းစီဝင်လာတော့ စခန်းအဝင်ဝရှိ ဂိတ်တဲအနီးတွင် ကျနော်တို့ ရှိကြသည်။

ကျနော်တို့ ဆိုသည်မှာ လူကြီးများဖြစ်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ဦးမျိုးမြင့်၊ ဗဟိုကော်မတီဝင်များဖြစ်သော ဦးရဲထွန်း၊ ဦးတင်ခေါ် ဗိုလ်ချုပ်ကျော်ဇော၊ ဦးမြတ်မင်း၊ ဦးအေးငွေတို့ဖြစ်ကြပြီး ကျနော်အပါအဝင် မြို့မှလာသော မြန်မာ သုံးဦးဖြစ်သည်။ ကျနော်တို့သုံးဦးမှာ တဦးက မန္တလေးတက္ကသိုလ်မှဖြစ်ပြီး နောက်နှစ်ဦးမှာ ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နှင့် ရန်ကုန်တိမ္မေးကုတက္ကသိုလ်မှ ကျောင်းသားဟောင်းများဖြစ်ပြီး ၁၉၇၂၊ ၇၅ တဝိုက် အရှေ့မြောက်ကို ရောက်လာရင်း ဗဟိုရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါသည်။ ဗဟိုစခန်းတွင် စခန်းတာဝန်ခံငါးဦးရှိပြီး သုံးဦးကို စခန်းရှိကလေးသူငယ်နှင့် အိမ်ထောင်သည်များကို ဘေးကင်းရာ နမ့်ခါချောင်းတဖက်ကမ်းသို့ တာဝန်ယူ၍ ပြောင်းရွှေ့စေပြီး တာဝန်ခံနှစ်ဦးကတော့ ဗဟိုခေါင်းဆောင်များနှင့်အတူ ဆက်ပြီးနေခဲ့ကြသည်။ ထိုအချိန်တွင် ဥက္ကဋ္ဌ သခင်ဗသိန်းတင်လည်း စခန်းတွင် ရှိပါသည်။ အသက်ကြီး၍ ကျန်းမာရေးမကောင်းသောကြောင့် သူ့အခန်းထဲတွင် ရှိနေပါသည်။

'ဝ' အဖွဲ့သည် စစ်ရေးပြလမ်းလျှောက်သလို လေးယောက်တတွဲ တန်းစီ၍ ဝင်လာကြခြင်းဖြစ်ပါသည်။ သေနတ်တွေကို လက်နှစ်ဖက်တွင် ကိုင်ထားသော်လည်း စစ်မြေပြင် ထိုးစစ်ဆင်သည့်ပုံစံ မတွေ့ရပါ။ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ပဲ လာနေကြခြင်းဖြစ်ပါသည်။ ထိုအဖွဲ့တွင် ရှေ့ဆုံးမှလာသော နှစ်ယောက် သုံးယောက်ကိုတော့ ကောင်းကောင်းမှတ်မိပါသည်။ ယခင်က ဗဟိုစခန်းကင်းတပ်မှ လူကြီးတွေ၏ ကိုယ်ရံလုပ်ခဲ့ဖူးသူများဖြစ်ပြီး ရွာကို ခွင့်ပြန်နေကြသူများဖြစ်သည်။

ထိုတပ်ဖွဲ့၏နောက်ပိုင်း မလှမ်းမကမ်းတွင် ကင်းတပ်မှ တပ်ခွဲညွှန်ကြားရေးမှူးကို လှမ်းမြင်ရသော်လည်း ရှေ့သို့ထွက်မလာပါ။ သူလည်း ရွာကိုခွင့်ပြန်နေသူဖြစ်ပါသည်။ ကျန်တပ်ဖွဲ့ဝင်များမှာ ကျနော်တို့ တခါမှ မမြင်ဖူးသူများ ဖြစ်ပါသည်။

စခန်းထဲရောက်တော့ ကျနော်တို့အားလုံးဆီမှ လက်နက်များကို အသာတကြည်ပဲ တောင်းယူပါသည်။ တယောက်နှစ်ယောက်ကတော့ နည်းနည်းကြမ်းသည်။ ဗိုလ်ချုပ်ကျော်ဇောဝတ်ထားသော လောင်းကုတ်အင်္ကျီကို ဇွတ်ချွတ်ယူသည်။ ထိုအချိန်က မအေးသော်လည်း နေမကောင်း၍ လောင်းကုတ် ဝတ်လာပုံရသည်။ ထိုလောင်းကုတ်အိတ်ထောင်ထဲမှ မှတ်စုစာအုပ်ကို ပြန်တောင်းသော်လည်းမရပါ။ တဦးကတော့ လက်ပတ်နာရီများကို ချွတ်ယူရင်း အင်္ကျီအိတ်ထောင်ထဲမှ ငွေနှစ်ကျပ်သုံးကျပ်ကိုပင် နှိုက်ယူသွားလေသည်။ ထိုသို့ ရှာဖွေသိမ်းဆည်းပြီးသောအခါ ကျနော်တို့အား တောင်ကမ်းပါးဘေးလမ်းအတိုင်း တမိုင်နီးပါးဝေးသော ဂိုဒေါင်သစ်သို့ စောင့်ကြပ်ခေါ်ဆောင်သွားပါသည်။ ဥက္ကဋ္ဌကိုပါ ခေါ်သွားရန် ကျနော်တို့ကပြောသော်လည်း ‘မခေါ်ရ’ ဟု ပြောကြလေသည်။

ဂိုဒေါင်သစ် ဆိုသည်မှာ နမ့်ခချောင်းဘေး မြေပြန့်ကလေးတခုဖြစ်ပြီး ယင်းမှဆက်၍သွားလျှင် အသံလွှင့်ရုံဟောင်း၊ အရှေ့မြောက်စစ်ဌာနချုပ်၊ ပန်ဆန်းဈေး၊ ပန်ဆန်းဆေးရုံနှင့် ပန်ဆန်းမြို့ကလေးကို ရောက်လေသည်။ ဂိုဒေါင်သစ်သည် စစ်လက်နက်နှင့် အခြားထောက်ပံ့ရေးပစ္စည်း သိုလှောင်ရုံ များရှိပြီး ဗဟိုထောက်ပံ့ရေး ဌာနရုံးလည်းရှိသည်။ တရုတ်ပြည်ဘက်သို့ သွားချင်လျှင် ဂိုဒေါင်သစ်ဘက်မှတလမ်း၊ ကောင်းမူရွာဘက်မှတလမ်း ချောင်းကို ကူးသွားကြပါသည်။ မိုးတွင်းမှာ လှေနှင့်ကူးပြီး နွေဆိုလျှင် ဝါးကြမ်းခင်းတံတားတခု ဂိုဒေါင်သစ်မှာ ထိုးထားကြပါသည်။ နမ့်ခချောင်း တဖက်ကမ်း မိုင်ဝက်လောက်သွားလျှင် ပုံအာ(မိုင်း၄) ရှမ်းရွာကလေးရှိသည်။ မုံအာတွင် တရုတ်ရဲကင်း၊ တရုတ်နိုင်ငံခြားဆက်ဆံရေးဌာနများနှင့် ကုန်စုံဆိုင်များ ရှိလေသည်။

ဂိုဒေါင်သစ်မှာ အတော်ကြာစောင့်နေတော့ ကုန်ကားတစင်း ရောက်လာသည်။ ကျနော်တို့ကို စောင့်ကြပ်နေသူများက အားလုံးကို ကားပေါ်တက်ခိုင်းသည်။ အသက် ၆၀ တန်း ၇၀ တန်းတွေ ဖြစ်လေတော့ ကားပေါ်ကို ကြိုးကြိုးစားစားတက်ကြရသည်။ တဦးနဲ့တဦး တွဲသူတွဲ၊ တွန်းတင်ပေးသူကလည်း တွန်းတင်ပေးကြသည်။ ကားပေါ်ရောက်တော့လည်း အကြာကြီးစောင့်ကြရပြန်သည်။ တို့ကို ဘယ်ပို့မလဲဟု လူတိုင်းတွေးတောနေကြသည်။ ပန်ဆန်းတွင် အကျဉ်းထောင် တခုရှိ၍





ထောင်ကိုပို့မည်လား။ ‘ဝ’ မြောက်ကိုပဲ ခေါ်သွားမည်လား စဉ်းစားနေကြသည်။ မတ်လ ကိုးကန့်အရေးအခင်းပေါ်တော့ မြန်မာကေဒါတွေကို ဝက်ခြံထဲမှာ ပိတ်ထားသည်ဟုလည်း ကြားဖူးသည်။ ပန်ဆန်းထောင်တွင် မြေတိုက်ရှိသည် ဟုလည်း ကြားဖူးသည်။

တနာရီခန့်ကြာသောအခါ ကျနော်တို့ကို ကားပေါ်မှဆင်းခိုင်းကြပြန်သည်။ အိုင်ကွန် ဝါယာလက် စကားပြောစက်ကိုင်ထားသော ‘ဝ’ တပ်ခွဲမှူးတဦးက သူတို့အချင်းချင်း ဘာတွေပြောသည်မသိ။ စကားပြောပြီးသောအခါ ကျနော်တို့ အနီးသို့ ရောက်လာခါ “ခင်ဗျားတို့ ဒီမှာမနေရဘူး၊ ဟိုဖက်ကမ်းကို သွားကြတော့” ဟု မြန်မာစကားမပီတပီဖြင့် ပြောပါသည်။ ထိုအခါ ဦးမျိုးမြင့်က “အေး ... ကောင်းပါတယ်ကွာ။ တို့ရဲ့ ညီနောင်ပါတီရှိတဲ့ဆီကို သွားမယ်” ဟု ပြန်ပြောသည်။ သို့ဖြင့် ဝါးတံတားကိုဖြတ်၍ မုံအာသို့ ရောက်ရှိသွားကြသည်။ ကျနော်တို့ရောက်ပြီး မကြာမီတွင် ပန်ဆန်းမြို့ကလေးတပိုက်တွင်ရှိသော ခေါင်းဆောင်များနှင့် ရဲဘော်များတဖွဲဖွဲ ရောက်လာကြသည်။ အချို့လည်း အရေးတကြီးတည်းက ချောင်းကူး၍လာကြသည်။ အချို့လည်း ‘ဝ’ အဖွဲ့၏ခွင့်ပြုချက်ဖြင့် ပါတီရှိရာကို အေးအေးဆေးဆေး လိုက်လာကြခြင်းဖြစ်သည်။ မွန်းလွဲပိုင်းလောက်တွင် မုံအာကို သခင်ဗသိန်းတင်လည်း ရောက်လာပါသည်။ ပုန်ကန်သော ‘ဝ’ များက သူ့ကိုထမ်းပြီး ပို့ပေးကြခြင်းဖြစ်သည်။ သူ့ကုလားထိုင်ကို ဘေးနှစ်ဖက်မှ ဝါးလုံးရှည်ဖြင့်ချည်နှောင်ကာ ကုလားထိုင်ပေါ်တွင် သူ့ကိုထိုင်စေပြီး ဝေါသဖွယ် ထမ်း၍ ခေါ်လာကြလေသည်။

နောက်မှ ပြန်၍သိရသည်မှာ ပန်ဆန်းကိုသိမ်းပိုက်ရန် ပန်ဆန်းနှင့် အလှမ်းဝေးသော ‘ဝ’ မြောက်ဒေသ တပ်မဟာ ၁၂ တပ်ဖွဲ့တချို့နှင့် ဝမ်လင်းမြို့နယ် ပြည်သူ့စစ်များကို စစ်ဝတ်စုံဝတ်ပေး၍ ခေါ်လာခြင်းဖြစ်သည်။ ဗဟိုနှင့် ရင်းနှီးနေသော ၈၅၁ တပ်မဟာနှင့် ၈၅၆ တပ်မဟာများကို မသုံးကြချေ။ ဝမ်လင်းပြည်သူ့စစ်များမှာ မိမိဒေသမှလွဲ၍ ခပ်ဝေးဝေးကို မရောက်ဖူးကြသလို မြန်မာဆိုသည်ကိုလည်း မမြင်ဖူးကြချေ။ ဗဟိုဌာနချုပ်ကိုလာသော ‘ဝ’တပ်ဖွဲ့တွင် ထိုပြည်သူ့စစ်များလည်း ပါပုံရလေသည်။ သို့သော် မြန်မာကိုမမြင်ဖူးသော ထိုပြည်သူ့စစ်များပင်လျှင် ဘာတေးလ်လစ်တ်နာ စာအုပ်တွင်ပါသလို ပါတီဆန့်ကျင်ရေးခံစားမှုဖြင့် ဒေါသဆူဝေစွာ ကွန်မြူနစ်ခေါင်းဆောင်များ၏ ရုပ်ပုံများနှင့် ကွန်မြူနစ်စာပေများကို ရိုက်ချိုးဖျက်ဆီးခြင်းမပြု။ ယင်းတို့ ရောက်ရောက်ချင်း ပြုလုပ်သည်မှာ ဗဟိုစခန်း အိမ်ထောင်သည်များ မွေးမြူထားသော ကြက်ခြံလေးများမှ ကြက်များကို လိုက်ဖမ်းပြီး

ဟာနေသော ဝမ်းဗိုက်ကို ဖြည့်တင်းရန် ပြင်ဆင်ကြခြင်းသာဖြစ်သည်။ ယင်းသို့ ဝမ်းဖြည့်ပြီးမှသာ ရိုက်ချိုးစရာရှိသည်များကို ရိုက်ချိုးကြပုံရလေသည်။ ဤမျှဆိုလျှင် မြန်မာ ခေါင်းဆောင်အိုကြီးများသည် သူ့စာအုပ်ထဲကလို နမ်ခချောင်းကို ဖြတ်ကာ တရုတ်ပြည်ထဲသို့ ဒရောသောပါး ထွက်ပြေးရခြင်းမရှိကြောင်း ထင်ရှားနေပါပြီ။

ဤပုန်ကန်မှုသည် ဒေါသဆူဝေသောပုန်ကန်မှုထက် အေးအေးချမ်းချမ်း လမ်းခွဲသောပုန်ကန်မှုဟု ဆိုနိုင်သည်။ ကျနော်တို့နှင့် အမြင်ချင်းမတူ၍ လမ်းခွဲကြသည့်တိုင် 'ဝ' အများစုမှာ အလွန်ပင် အားနာနေပုံရလေသည်။ ဗကပဗဟိုကို ယခုကဲ့သို့ ဖြုတ်ချလိုက်သဖြင့် တချို့မှာ ကျေနပ်အားရ ဖြစ်ကောင်းဖြစ်နေကြမည်။ သို့သော် ကိုယ်နှင့်နှစ်ပေါင်းများစွာ ဆင်းရဲအတူ ဝော်အတူ နေခဲ့ကြသော 'ဝ' အများအပြားက တကယ်တမ်း ခွဲကြပြီ ဆိုသောအခါ ပစ်ပစ်ခါခါ မလုပ်လိုကြ။ ဤအချက်ကို ကျနော့်စိတ်ကူးဖြင့် ပြောနေခြင်း မဟုတ်ပါ။ မည်သည့်စာအုပ်တွင်မှ မပါသော အဖြစ်အပျက်တခုကို သက်သေတည်ပါမည်။

မုံအာတွင် ရောက်ရှိနေသော မြန်မာအုပ်စုကြီးကို မေလဆန်းတွင် မုံအာမှာ မထားတော့ဘဲ မုံအာမှ ဆယ်မိုင်ခန့်ဝေးသော မိုင်းမမြို့ကလေးသို့ပို့ပါသည်။ ဒုက္ခသည်စခန်းလို ရွက်ထည်တဲများ ဆောက်ပေးထားသော်လည်း ကျန်တာ ကိုယ့်ဘာသာ ဖန်တီးရလေသည်။ တရုတ်အစိုးရက ခေါင်းဆောင်များကိုတော့ မုံးလင်မြို့ရှိ ဧည့်ဂေဟာတွင် လုံခြုံရေးနှင့်ထားလေသည်။ မေလ စတုတ္ထ ပတ်လောက်တွင် ပန်ဆန်းမှနေ၍ ဗကပကိုယ်စားလှယ်အဖွဲ့ ပန်ဆန်းသို့လာရန် ဖိတ်ခေါ်ပါသည်။ ဗကပနှင့် 'ဝ' အဖွဲ့ဆွေးနွေးရန်ဖြစ်ပါသည်။ ထိုအဖွဲ့တွင် မုံးလင်ရှိ အရန်ဗဟိုကော်မတီ ဦးကျော်မြင့်ခေါ် ဦးကျင်စင်းက ခေါင်းဆောင်သည်။ အဖွဲ့ဝင်အဖြစ် ကရင်လူမျိုး ကိုစောကိုဦး၊ စီချွမ်ရဲဘော်ဟောင်း ဦးမြရင်နှင့် မိုင်းမစခန်းမှတာဝန်ခံ ကျနော်တို့အပါအဝင် စုစုပေါင်းလေးဦးဖြစ်ပါသည်။ ကျနော်တို့ လေးဦးဘတ်စ်ကားပေါ်မှ ဆင်းသောအခါ မုံအာတွင် လာကြိုသော 'ဝ' တာဝန်ခံက ထော်လာဂျီဖြင့် ပန်ဆန်းသို့ ခေါ်ယူသွားလေသည်။

ဆွေးနွေးပွဲနေရာမှာ ဂိုဒေါင်သစ် ထောက်ပံ့ရေးဌာန ရုံးခန်းဖြစ်ပါသည်။ 'ဝ' တောင်ခရိုင်မှူး တွေ့ကျိုးရဲဘော်ဟောင်း ဦးဒါရှီးဂန်၊ ဆေးရုံတာဝန်ခံအဖြစ်မှ အနားယူနေသော စီချွမ်ရဲဘော်ဟောင်း ဦးကျော်စွာနှင့် ပန်ဆန်းတွင် ကျန်နေပြီး 'ဝ' အဖွဲ့နှင့် ပူးပေါင်းသွားသူ မြို့ပေါ်မှလာသော ပညာတတ်ကိုညိုဟိန်း (ကဗျာဆရာ ငြိမ်းချမ်းသူ) တို့ဖြစ်ပါသည်။





ဆွေးနွေးပွဲ အကြောင်းအရာမှာ ယခုတရုတ်ပြည်ထဲရောက်ရှိနေသော ဗကပ ခေါင်းဆောင်များနှင့် အိမ်ထောင်သည်များ 'ဝ' ဒေသသို့ ပြန်လာရန် ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ ဦးရှောက်မီလျှံက–

"လူကြီးတွေလည်း အသက်အရွယ် အိုမင်းနေပြီဖြစ်သဖြင့် စာနာကြောင်း၊ ဗကပအဖွဲ့ကို သီးသန့်နေရာတခု စီစဉ်ပေးမည်ဖြစ်ပြီး လုံခြုံရေးနှင့် စားဝတ်နေရေးများကို တာဝန်ယူမည်ဖြစ်ကြောင်း၊ 'ဝ' အဖွဲ့သည် စစ်ရေး၊ အခြေခံအုပ်ချုပ်ရေးအားလုံးကို ချုပ်ကိုင်မည်ဖြစ်ပြီး ဗကပ အနေဖြင့် မြို့ပေါ်ကိစ္စနှင့် တပြည်လုံးနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်ခွင့် ပေးမည်ဖြစ်ကြောင်း" များ ရှင်းပြခဲ့လေသည်။

ယခုအချက်များကို သဘောတူလျှင် နောက်ထပ် လူကြီးချင်းဆွေးနွေးကြမည်။ နောက်ဆွေးနွေးပွဲကို 'ဝ' ဥက္ကဋ္ဌ ကျောက်ညီလိုင် ပြန်လာလျှင် ပြုလုပ်မည်။ ဆွေးနွေးပွဲမှာ လေးငါးရက်အတွင်း ကျင်းပနိုင်ဖွယ်ရှိသည်ဟုလည်း ပြောခဲ့လေသည်။ ကျနော်တို့ဘက်မှလည်း လူကြီးချင်းဆွေးနွေးရန် သဘောတူညီကြောင်း ဆွေးနွေးပွဲပြုလုပ်မည့် အစီအစဉ်ကို ပြင်ဆင်ကြမည် ဖြစ်ကြောင်း ပြောခဲ့ပေသည်။

ဆွေးနွေးပွဲအပြီးတွင် ကျနော်တို့ကို ထမင်းပွဲဖြင့်ဧည့်ခံပါသည်။ တဖက်နှင့် တဖက် ယခင်ကတည်းက သိကျွမ်းနေကြသူများဖြစ်၍ ထမင်းစားပွဲမှာ ရင်းနှီးပွင့်လင်းပါသည်။ စားရင်းသောက်ရင်း စိတ်ထဲရှိသမျှ ပြောကြဆိုကြသည်။ ဦးဒါရှီးဂန်က ဗကပသည် လုပ်ဟန်ပြုပြင်ရေးလုပ်ရှားမှုဖြင့် မိမိတို့ကိုအရေးယူဖို့ လုပ်နေသဖြင့် ယခုကဲ့သို့ ပုန်ကန်ရခြင်းဖြစ်ကြောင်း၊ လုပ်သာလုပ်ရသော်လည်း စိတ်မကောင်းကြောင်း ပြောကြားသည်။ ကိုညိုဟိန်းကလည်း ယခုအခါမှ ဒီမိုကရေစီ စစ်စစ်ရရှိကြောင်း၊ 'ဝ' တပ်ရင်းမှူးများသည် ဆွေးနွေးစရာရှိလျှင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြကြောင်း၊ ပန်ဆန်းတွင် ညတိုင်းအစည်းအဝေးတွေ ရှိကြောင်း၊ ဗကပကို ယခုကဲ့သို့ ပြန်ခေါ်ကြခြင်းမှာလည်း အားလုံးစည်းဝေးဆုံးဖြတ်ပြီး ခေါ်ကြခြင်းဖြစ်ကြောင်းများ ရှင်းပြခဲ့လေသည်။

ထိုဆွေးနွေးပွဲကြောင့် ကျနော်တို့လည်း စိတ်တွေပေါ့ပါးနေကြသည်။ ဗကပ အတွက် ရပ်စရာနေရာကလေးတခုရနိုင်ရန် မျှော်လင့်ချက်တခု ရသွားသဖြင့် အားရှိလာကြသည်။ သို့သော် ထိုအတိုင်းဖြစ်လာမလာ စိတ်လေးနေကြသည်။ ဧပြီလ ၁၇–ရက် ပုန်ကန်မှုအပြီး လေးငါးရက်လောက်တုန်းကလည်း ထိုမျှော်လင့်ချက်မျိုး ရရှိခဲ့ဖူးလေသည်။ ယခင်က ၈၁၅ ဆိုသည့် မဲခေါင်တိုင်းဒေသရှိ ဦးစိုင်းလင်းကလည်း

သူတို့ဒေသတွင်လာနေရန် သဘောတူခဲ့ဖူးသည်။ သို့သော် မကြာခင် ကိုးကန့်နှင့် ဆက်သွယ်၍ သူတို့လည်း လမ်းခွဲသွားကြသည်။ ၈၁၅ သို့ပြောင်းရွှေ့ရန် ပြင်ဆင်နေကြသော ကျနော်တို့အားလုံး မျှော်လင့်ချက်တွေ ပြိုပျက်ခဲ့ရသည်။ ပန်ဆန်းဆွေးနွေးပွဲကို မေလ ၂၆ ရက်တွင် ပြုလုပ်မည်ဟု သတင်းများ ရရှိခဲ့ပါသည်။ သို့သော် မကြာခင်မှာပဲ ထိုဆွေးနွေးပွဲ ပြုလုပ်စရာမရှိတော့ကြောင်း 'ဝ' ဖက်မှ အကြောင်းကြားလာပါတော့သည်။

တကယ်တော့ သူတို့နှင့် ကျနော်တို့သည် နှစ်ပေါင်း ၂၀ လောက် တယောက်ပခုံး တယောက်ဖက်ပြီး ပျော်စရာရှိလည်း အတူတူ၊ ဝမ်းနည်းစရာရှိလည်း အတူတူ နေခဲ့ကြသူများဖြစ်ကြသည်။ ယခုလို ခွဲကြပြီဆိုတော့လည်း တဦးနှင့်တဦး သံယောဇဉ် တိခနဲဖြတ်ဖို့မလွယ်။ ပုန်ကန်ပြီးနောက်ပိုင်းမှာကို တချို့တပ်ရင်းမှူး၊ တပ်ခွဲမှူးများက ခင်ဗျားတို့ ပြန်လာခဲ့ပါဟု တွေ့တိုင်းပြောနေကြဆဲဖြစ်သည်။

တဆင့်ကြားသိရသလောက်ဆိုလျှင် 'ဝ' ခေါင်းဆောင် ဦးကျော်ညီလိုင်သည် န၀တ ထောက်လှမ်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့်နှင့် ဆွေးနွေးကြသည်။ ဦးခင်ညွန့်က ကိုးကန့်နှင့် မိုင်းလားအဖွဲ့များကို တပ်အင်အား ၁၀၀၀ အထိသာ ခွင့်ပြုသော်လည်း 'ဝ' အဖွဲ့ကို ၁၅၀၀ ထားခွင့်ပေးမည်။ နယ်ခြားစောင့်ရဲအဖွဲ့အဖြစ် ပြန်လည်ဖွဲ့စည်းပြီး ငွေကြေးနှင့်ဆန်များ ထောက်ပံ့မည်ဟု ကမ်းလှမ်းသည်။ ဦးကျော်ညီလိုင်ကတော့ 'ဝ' တွေကို ပြည်နယ်ပေးရန် တောင်းဆိုသည်။ အပြန်အလှန်စေ့စပ်ကြတော့ 'ဝ' များကို ရှိရင်းစွဲအတိုင်း နယ်မြေ၊ တပ်၊ ပါတီများ ထားရှိခွင့်ပေးမည်။ 'ဝ' ဖက်မှ ဗကပ နှင့် လုံးဝအဆက်ဖြတ်ရမည်။ မြန်မာဟူသမျှ မောင်းထုတ်ရမည်ဖြစ်လေသည်။ သို့ဖြင့် ကျနော်တို့နှင့် လုံးဝအဆက်ဖြတ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ ထိုသဘောတူညီချက်သည် ဗကပ အဖွဲ့များအပေါ်တွင် သက်ရောက်ရုံမဟုတ် 'ဝ' နှင့်ပူးပေါင်း၍ ပန်ဆန်းတွင်ကျန်ခဲ့သော၊ မြို့ပေါ်မှလာသော မြန်မာပညာတတ် တစုကိုလည်း ရိုက်ခတ်လေသည်။ သူတို့ကိုလည်း နှစ်ဝက်ခန့် ပန်ဆန်းတွင်ထားရှိပြီး 'ဝ' ဒေသမှ မောင်းထုတ်လေတော့သည်။

❐



# (၃) ၁၉၈၉ ခွဲထွက်မှု၏ နောက်ခံအကြောင်းရင်းများ

ဘာတေးလ်လစ်တ်နာ၏ နေထွက်ချိန် နေဝင်ချိန်စာအုပ်တွင် ဤအတွက် နောက်ခံအကြောင်းရင်းနှစ်ခု ဖော်ပြထားပါသည်။ ယင်းတို့မှာ–

(၁) ဗကပ သို့ တရုတ်မှပေးသောအကူအညီများကို ၁၉၇၉ နောက်ပိုင်း သိသိသာသာ လျှော့ချလိုက်ခြင်း။

(၂) 'ဝ' တပ်ဖွဲ့အတွင်း အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာခြင်းတို့ ဖြစ်သည်။

ပထမ အကြောင်းရင်းကိုဖော်ပြရာ၌–
ဗကပ သည်ပုံမှန်ကူညီမှု လျော့နည်းသွားသည့် အခြေအနေတွင် အချင်းချင်း ပဋိပက္ခဖြစ်စေမည့် ဘိန်းလုပ်ငန်းကို စတင်လုပ်ကိုင်လာပုံကို ဖော်ပြထားသည်။ ဗကပ သည် ၁၉၇၀ ပြည့်လွန်ကာလများအတွင်း ဘတ်ဂျက်အသုံးစရိတ်မှာ တနှစ် ကျပ်ငွေ ၅၆ သန်းရှိလေသည်။ ယင်းအသုံးစရိတ်ကို ကုန်သွယ်ရေးမှ ၆၇%၊ ဗဟိုမှ ၂၅%၊ ဒေသန္တရမှ ၄%၊ စစ်ဖက်မှ ထည့်ဝင်ငွေ ၁% ရှိသည်။ ၁၉၈၀ ခုများတွင် တရုတ်ဖက်မှ တံခါးဖွင့်ဝါဒကြောင့် ကုန်သွယ်ရေး မှောင်ခိုဂိတ်များမှ ကုန်သွယ်ခွန်များပိုရရှိသည်။ တဖက်တွင် တရုတ်ဖက်မှ ထောက်ပံ့မှုများ လျှော့ချလာတော့သည်။ ဤတွင် တပ်ဖွဲ့များအကြား မိမိတပ်အတွက် ထောက်ပံ့ရန်ဟု အကြောင်းပြချက်ဖြင့် ဘိန်းရောင်းဝယ်မှု၊ ဘိန်းစိုက်ပျိုးမှုများ လုပ်ကိုင်လာကြသည်။ ဘိန်းဖြူချက်စက်ရုံများပင်

ထူထောင်လာကြသည်။ ဗကပခေါင်းဆောင်များကတော့ မိမိတို့ဝါဒရေးရာနှင့် မကိုက်ညီသဖြင့် ထိုဘိန်းလုပ်ငန်းများကို ဆန့်ကျင်ကြသည်။ နောက်ဆုံးတွင် ဘိန်းလုပ်ငန်း လုပ်သူနှင့် ဘိန်းဆန့်ကျင်သူအကြား ပဋိပက္ခကြီးထွားလာပြီး ဤကဲ့သို့ ပုန်ကန်မှုများ ပေါ်ထွက်လာခဲ့သည် ဟု ဘာတေးလ်လစ်တ်နာက ဆိုပါသည်။

ထိုစာအုပ်ထဲတွင် ဘိန်းလုပ်ငန်းကို ဗဟိုမှပါဝင်ပတ်သက်ရန် ဗကပ ခေါင်းဆောင်တဦးက ဖိအားပေးခဲ့ကြောင်း၊ ထိုခေါင်းဆောင်ကို ဗကပ အဘိုးကြီးများက မလွန်ဆန်နိုင်ကြောင်း၊ ယင်းခေါင်းဆောင်မှာ ဗိုလ်တိုက်အောင်ပင် ဖြစ်ကြောင်း ရေးသားထားလေသည်။ ဗိုလ်တိုက်အောင်သည် ရွှေတြိဂံ မူးယစ်ဆေး ကုန်သွယ်မှုလောကသို့ ဗကပ၏ဩဇာကိုချဲ့ထွင်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည် ဟုလည်း ရေးခဲ့ပါသည်။ ကျနော်မှတ်မိသလောက်ဆိုလျှင် ၁၉၇၉ ပန်ဆန်း ဗဟိုကော်မတီအစည်းအဝေး ပြီးဆုံးသည်နှင့် ခေါင်းဆောင်များအကြား တာဝန်ခွဲဝေကြရာတွင် ဗိုလ်တိုက်အောင်သည် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြီးနှင့်အတူ ရှမ်းပြည်အလယ်ပိုင်းသို့ဆင်း၍ အလယ်ပိုင်းဗျူရိုတပ်မှူးအဖြစ် ထမ်းဆောင်ရသည်။ ၁၉၈၀ ခုများကစပြီး သံလွင်အနောက်ဖက်သို့ ဆင်းသွားပြီဖြစ်၍ ပန်ဆန်းတွင်မရှိ။ ၁၉၈၃ မှ ပြန်လာပါသည်။ ပြန်လာသည်မှာလည်း အခြားကြောင့်မဟုတ်၊ လေဖြတ်သွားသောကြောင့်ဖြစ်သည်။ ဆေးကုကြသော်လည်း ပြန်၍ကောင်းမလာ တော့ချေ။ ရွှေတြိဂံတွင် ဘိန်းဩဇာတိုးချဲ့ဖို့နေနေသာသာ အိပ်ရာမှပင် မထနိုင်တော့ပါ။

ဒုတိယအကြောင်းရင်းဖြစ်သည့် ‘ဝ’ တပ်ဖွဲ့များအကြား အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာခြင်းအကြောင်းကို ဘာတေးလ်လစ်တ်နာက ၁၉၈၆ ခု NDF မဒတ အဖွဲ့ကြီး ပန်ဆန်းသို့ ရောက်လာခြင်းနှင့် ဆက်စပ်ထားလေသည်။ မဒတ အဖွဲ့သည် KIA ၏ ဖိတ်ကြားချက်ဖြင့် ထိုင်းနယ်စပ်မှ KIA ဌာနချုပ်ရှိရာ တရုတ်နယ်စပ်သို့ ခုနစ်လကြာ ခရီးနှင်ခဲ့ကြသည်။ ပါဂျောင်တွင် အစည်းအဝေးကြီးပြုလုပ်ပြီး အဖွဲ့ဝင် ကိုးဖွဲ့မှ ပူးတွဲကြေညာချက်တခု ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် “မိမိတို့သည် ခွဲထွက်ရေးကို ထာဝရစွန့်လွှတ်မည်ဖြစ်ကြောင်း၊ ဗမာနိုင်ငံတွင်လည်း ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တရပ် ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း” များပါရှိလေသည်။





မဒတ အဖွဲ့သည် ပါဂျောင်မှအပြန်တွင် ဗကပ အရှေ့မြောက်ဒေသမှ ဖြတ်၍ပြန်သည်။ ပန်ဆန်းတွင်လည်း ဗကပနှင့် မဒတ အချိန်အတော်ကြာ ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲ၏ရလဒ်မှာ ဘုံရန်သူစစ်အစိုးရကို အတူလက်တွဲ တိုက်ခိုက်ရေး စစ်ရေးသဘောတူညီချက်ဖြစ်သည်။ ဘာတေးလ်လစ်တ်နာက ယင်းသဘောတူညီချက်ကို “ကမ်ပူးချားတွင် ဗီယက်နမ် ဆန့်ကျင်ရေး ညွန့်ပေါင်းပုံစံ တပ်ပေါင်းစု” နှင့် တူသည်ဟုဆိုပါသည်။ သို့သော် ထိုသဘောတူညီချက်မှာ–

“အံ့ဩစရာကောင်းလောက်အောင် ဘာတခုမှ လက်တွေ့ဖြစ်မလာခဲ့။ အဓိကအကြောင်းမှာ မဒတတွင် ဒုတိယ အင်အားအကြီးဆုံး KNU မှ လက်မခံသောကြောင့်ဖြစ်သည်။ ကွန်မြူနစ်ကို တသမတ်တည်း ဆန့်ကျင်လာသော အင်အားစုက မည်သည့်အခြေအနေတွင်မဆို KNU သည် ဗကပနှင့် လက်မတွဲနိုင်ဟု အကြောက်အကန်ဆိုလေသည်။ မဒတ နှင့် ဗကပ သဘောတူညီချက် မရရှိသော်လည်း မဒတအဖွဲ့ဝင်ဖြစ်သော WNO ‘ဝ အမျိုးသားအဖွဲ့’ မှ ကိုယ်စားလှယ် လူငယ်လေး ‘ခွန်အိုက်’ ကို ဗကပ ‘ဝ’ တပ်ဖွဲ့မှ အလွန်လေးစားအားကျကြလေသည်။ ခွန်အိုက် ကြောင့် ‘ဝ’ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားသွားကြသည်” ဟု ဘာတေးလ်လစ်တ်နာက ရေးသည်။

ထိုသို့ ‘ဝ’ အမျိုးသားရေးစိတ်များနိုးကြားလာချိန်တွင် ၁၉၈၇– စီစီဝမ် တောင်ကုန်းများတိုက်ပွဲကြီး ပေါ်ထွက်လာပြီး ဗကပမြောက်ပိုင်းဗျူရို နယ်မြေအချို့ လက်လွှတ်လိုက်ရခြင်းနှင့် တိုက်ဆိုင်ခဲ့လေသည်။ ထိုတိုက်ပွဲကြောင့် ဗကပ ၏ သိက္ခာများကျဆင်းသွားသလို တိုက်ပွဲအတွင်းများပြားသော အကျအဆုံးကြောင့် ‘ဝ’ များအတွင်း စိတ်ဓာတ်ကျဆင်းမှုများ ပေါ်ထွက်လာသည်။ ‘လူလှိုင်းလုံး စစ်ဆင်ရေး’ ကြောင့် တိုက်ပွဲတပွဲ အနည်းဆုံး လူ ၂၀၀ ခန့် စတေးခဲ့ရသဖြင့် တပ်သားထုအကြား မကျေနပ်ကြ ဟူ၍လည်း ရေးပါသည်။ ဤအကြောင်းနောက်ပိုင်းတွင် ဆွေးနွေးပါမည်။

လောလောဆယ် ဤခေါင်းစဉ်နှင့် ဆက်နွှယ်နေသော မာတင်စမစ်၏ ‘တိုင်းရင်းသားလူမျိုးစု နိုင်ငံရေး’ စာအုပ်ထဲမှ အကြောင်းအရာတချို့ကို ထုတ်နုတ်ပြောပြလိုပါသည်။

မာတင်စမစ်၏ အမြင်မှာလည်း ဘာတေးလ်လစ်တ်နာ၏ အမြင်နှင့် သိပ်မကွာလှပါ။ ၁၉၈၉ ခွဲထွက်ခြင်းနှင့် ပတ်သက်သော နောက်ခံအကြောင်းရင်းကို–

(၁) တရုတ်၏ မူဝါဒ အပြောင်းအလဲ
(၂) တိုင်းရင်းသားလူမျိုးစုများ၏ အခန်းကဏ္ဍ ကြီးထွားလာခြင်းများကြောင့် ဟု ဖော်ပြထားပါသည်။

ထိုစာအုပ်တွင်–

ဗကပ သည် ၁၉၇၀ တပိုက်တွင် တရုတ်အကူအညီကို အလုံးအရင်းရရှိခဲ့ရာက ၁၉၈၀ ခုနှစ် များတွင်တော့ အကူအညီအများကြီး လျော့ပါးသွားသည်။ တရုတ်၏ အဓိကရည်မှန်းချက်မှာ "ပစ္စည်းမဲ့ နိုင်ငံတကာဝါဒ" အတွက်မဟုတ်၊ မိမိတိုင်းပြည်၏ နယ်နိမိတ်လုံခြုံရေးအတွက်ဖြစ်သည်။ ၁၉၇၀ ခုနှစ်များကာလသည် နယ်နိမိတ်လုံခြုံရေးနှင့် ပါတီချင်းဆက်ဆံရေးအကြား မည်သည့်ပဋိပက္ခမှ မဖြစ်ပေါ်သေးသည့်ကာလဖြစ်သည်။ ၁၉၈၀ ခုများ ရောက်သောအခါ တရုတ်တို့သည် ယခင်မူဝါဒကို စွန့်၍ ဗမာအစိုးရနှင့် အစိုးရချင်း ဆက်ဆံရေးအဖြစ် ပြန်လည်ဆက်ဆံရုံမက ထိုဆက်ဆံရေးကို တိုးမြှင့်လာကြသည်။ ၁၉၈၅ ခုတွင် တရုတ်သို့ အလည်အပတ်ခရီး ရောက်ရှိလာသော ဗမာသမ္မတ ဦးနေဝင်းကို တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်ကိုယ်တိုင် မိတ်ဆွေရင်းသဖွယ် ကြိုဆိုလေသည်။ ဗမာ ကုန်သွယ်ရေးဝန်ကြီးသည် ခွန်မင်းနှင့် ပေကျင်းမြို့များကို ရောက်လာသည်။ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးကလည်း ရန်ကုန်ကို ရောက်လာသည်။ တရုတ်၏မူဝါဒသည် တရုတ်ဗမာ နယ်စပ်ကြီးတလျှောက်တွင် ကုန်သွယ်ရေး တံခါးဂိတ်များ ဖွင့်လှစ်ရေးဖြစ်လာလေသည်။

ပွဲဦးထွက် ရောင်းဝယ်မှုများကတော့ ဗမာဖက်မှ ပြောင်းဖူးစေ့တန်ချိန် ၁၅၀၀ ဖြစ်ပြီး တရုတ်ဖက်မှ နို့မှုန့်များ၊ သွားတိုက်ဆေးများဖြစ်သည်။ မကြာမီ နယ်စပ်ဂိတ်ပေါက်ပေါင်း ၇၀ ကျော်ထွက်ပေါ်လာသည်။ နယ်စပ်ဂိတ် မြို့ကလေးများတွင် နေ့ချင်းညချင်း ဟိုတယ်တွေ၊ ကုန်ပစ္စည်းသိုလှောင်ရုံတွေ၊ ဘဏ်တိုက်တွေ ပေါ်ထွက်လာသည်။ ၁၉၈၇ တရုတ်ဗမာလမ်းမကြီးရှိရာ ပန်ဆိုင်းမြို့ကို မြန်မာစစ်တပ်မှ သိမ်းပိုက်သောအခါတွင်တော့ တရုတ်ဖက်မှ မည်သည့် တုန်လှုပ်မှုမှမပြ။ ကျေနပ်နေပုံပင် ပေါ်သည်။ ယင်းနှစ်အတွင်း





ဗမာတရုတ်ကုန်သွယ်မှု အလျင်အမြန်တိုးလာသည်။ ယူနန်ပြည်နယ် ပို့ကုန်ကော်ပိုရေးရှင်း၏ ၁၉၈၇ စာရင်းအရ ပို့ကုန်ပစ္စည်း အမျိုးအစားပေါင်း နှစ်ထောင်ကျော်ရှိသည်။ ဗမာဘက်မှ သွင်းသော ပစ္စည်းမှာလည်း သစ်လုံးများ၊ ကျောက်စိမ်းများ၊ ဓာတ်သတ္တုများမှနေပြီး ဆန်စပါးနှင့် လယ်ယာသီးနှံထွက်ကုန်များ အထိပါဝင်သည်။ ၁၉၈၈ တွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ သန်း ၁၅၀၀ အထိ တဟုန်ထိုး ကြီးထွားသွားလေသည်။

တရုတ်၏ ကုန်သွယ်ရေးထိုးစစ်ကြီးက တရုတ်ဗမာနယ်စပ် တခုတည်း ရိုက်ခတ်သည်မဟုတ် ထိုင်းဗမာ နယ်စပ်ကိုလည်း ရိုက်ခတ်လေသည်။ ထိုင်းအတွက် ဗမာနိုင်ငံမှာလည်း သူ့ပို့ကုန်တင်သွင်းရာ ဈေးကွက်ကြီး ဖြစ်သည်။ ၁၉၈၈ စက်တင်ဘာတွင် ဗိုလ်ချုပ်ကြီးစောမောင် အာဏာသိမ်းသောအခါ ဗမာအစိုးရကို ပထမဆုံး အသိအမှတ်ပြုသူမှာ ထိုင်းအစိုးရဖြစ်သည်။ ထိုင်းအစိုးရသည် အမြတ်အစွန်း တနင့်တပိုး ရနေသော ဗမာမှောင်ခိုဈေးကွက်ကြီးကို တရုတ်က သိမ်းပိုက်နေခြင်းအပေါ် ငုတ်တုတ် ထိုင်ကြည့်နေ၍မဖြစ်။ တရုတ်နှင့်အပြိုင် ဤဈေးကွက်ကို ရယူရမည်။ ဗိုလ်ချုပ်ကြီးစောမောင်ကလည်း ထိုင်း၏ကျေးဇူးကို သိတတ်ပါသည်။ ထိုင်းအစိုးရကို သစ်လုပ်ငန်း၊ ငါးလုပ်ငန်း လုပ်ပိုင်ခွင့်များ ရက်ရက်ရောရော ပေးခဲ့သည်။ နှစ်နိုင်ငံ တရားဝင် ကုန်သွယ်မှု လမ်းပေါက်တွေကိုလည်း ဖွင့်ကြသည်။ ယင်း၏ အကျိုးဆက်မှာ နယ်စပ်ဂိတ်ဝင်ငွေကို အခြေပြုနေသော KNU ၏ ဝင်ငွေကျဆင်းသွားခြင်းဖြစ်သည်။ ၁၉၈၈ နောက်ပိုင်း ရရှိသော နယ်စပ်ဂိတ်ဝင်ငွေသည် ၁၉၈၄ ခု ဝင်ငွေ၏ တဝက်ပင် မရှိချင်တော့။

မာတင်စမစ်၏အမြင်အရ–

တရုတ်၏ မူဝါဒအပြောင်းအလဲသည် ကုန်သွယ်မှုကိစ္စတင်မကဘဲ လူမျိုးစုဆိုင်ရာ မူဝါဒအထိရောက်ရှိလာသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီ CPC သည် နယ်စပ်တလျှောက်ရှိ လူမျိုးစုများနှင့် ဆက်ဆံရာတွင် ယခင်က ဗကပမှတဆင့်သာ ဆက်ဆံခဲ့သည်။ ယခုအခါ ကုန်သွယ်မှု လိုအပ်ချက်အရ ကချင်များ၊ ရှမ်းများ၊ 'ဝ' များ၊ အခါများ၊ လားဟူများနှင့် တိုက်ရိုက်ဆက်ဆံဖို့ လိုပြီဟု သုံးသပ်ကြသည်။ သို့ဖြင့် တရုတ်မူဝါဒတွင် တိုင်းရင်းသားလူမျိုးစုများလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာကြလေသည်။

ထိုသို့ မူဝါဒပြောင်းလဲလိုက်သည်နှင့် ယူနန်ပြည်နယ်တွင် KIO ကေဒါများအတွက် ဆေးကျောင်းပေါ်လာသည်။ NDF အဖွဲ့ရောက်လာတော့ တရုတ်အရာရှိများသည် KIO, NDF ခေါင်းဆောင်များနှင့် ဆွေးနွေးကြသည်။ နယ်စပ်ရှိ လူမျိုးစုများနှင့် ဗမာအစိုးရအကြား အငြင်းပွားလျှင် ဖြစ်စေ၊ လူမျိုးစုနှင့် ဗကပ အကြား အငြင်းပွားလျှင် ဖြစ်စေ တရုတ်က ကြားလူအဖြစ် ဝင်ရောက်စေ့စပ်ပေးသည်။ ၁၉၈၉ ခု ဧပြီလ ၁၇–ရက် ဗကပ ဗဟိုဌာနချုပ်ကို 'ဝ' များက သိမ်းပိုက်ချိန်တွင် CPC မှ စကားတခွန်းမှပင် မဟ၊ တိတ်ဆိတ်စွာ လက်ပိုက်ကြည့်နေခဲ့သည်။

၁၉၈၉ ခွဲထွက်ခြင်း၏ နောက်ခံ အကြောင်းအရင်း ဒုတိယအချက်ကို မဒတ NDF တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားရေးဝါဒ အသာစီးရ သွားခြင်းကြောင့်ဟု မာတင်စမစ်ကယူဆသည်။ NDF တွင် နယ်မြေကြီး သုံးခု ပိုင်းခြားထားပြီး မြောက်ပိုင်းနယ်မြေတွင်ရှိသော KIO နှင့် SSPP တို့ အနေဖြင့် ဗကပနှင့် ဆက်ဆံလျက်ရှိသည်။ အလယ်ပိုင်းနယ်မြေရှိ ပအိုဝ် PNO နှင့် ကရင်နီ KNPP တို့ ကတော့ ဗကပနှင့် မကြာခဏ ပဋိပက္ခရှိတတ်သည်။ NDF ၏ အဓိက အင်အားစုများမှာ KNU အခြေစိုက်ရာ တောင်ပိုင်းနယ်မြေတွင်ရှိသည်။

၁၉၈၀ ခုနှစ်များအတွင်း NDF သည် တဖြည်းဖြည်း ပြန်လည် အားကောင်းလာလေသည်။ NDF ၏ စစ်ဒေသကြီး သုံးခုကိုလည်း အင်အားတောင့်တင်းအောင် လုပ်လာသည်။ ထိုအချိန်တွင် ဗကပ၏ တတိယအကြိမ် ပါတီကွန်ဂရက်မှ လူမျိုးစုများဆိုင်ရာ ယခင်တရားသေများကို စွန့်ပယ်ပြီး ဘုံရန်သူစစ်အစိုးရကို ဦးတည်ဆန့်ကျင်ရေးလမ်းစဉ်ကို ချမှတ်လေသည်။ ယင်းလမ်းစဉ်အရ NDF နှင့်လည်း အတူလက်တွဲလုပ်ဆောင်ရန် လမ်းပွင့်သွားလေသည်။ သို့သော် NDF ထဲတွင် ပအိုဝ်၊ ကရင်နီ စသောအဖွဲ့များပါရှိနေပြီး ဗကပနှင့်အတူ လက်တွဲနေကြသော ရလလဖ၊ ကလလတ စသော အဖွဲ့များနှင့် မကြာခဏ အချင်းပွားလေ့ရှိနေလေသည်။ ဗကပမှ မူဝါဒပြောင်းလဲသွားသဖြင့် ထိုအဖွဲ့များမှာ အကျပ်အတည်း ကြုံတွေ့ရသော်လည်း ရေရှည်တွင် မဟာမိတ်များဖြစ်လာကြသည်။ ဗကပ ၏ လမ်းစဉ်သစ်ကြောင့် ဗကပ ပြည်သူ့တပ်မတော် PA တွင်းရှိ လူမျိုးစုများသည် NDF အဖွဲ့ဝင် အခြားလူမျိုးစုများနှင့် ထိတွေ့ဆက်ဆံမှု ပို၍များပြားလာပြီး ဗကပ တပ်ဖွဲ့များအတွင်းသို့ NDF မှ အမျိုးသားရေးဝါဒများလည်း မပြတ် ထိုးဖောက်လာလေတော့သည်။





ဗကပ ပြည်သူ့တပ်မတော်လူမျိုးစုများအကြား အမျိုးသားရေးဝါဒ ထိုးဖောက်ရာတွင် NDF တဖက်တည်းမှတော့ မဟုတ်။ ယခင် ကာကွယ်ရေး အဖွဲ့ဟောင်းများကလည်း ထိုးဖောက်စည်းရုံးနေကြလေသည်။ ကိုးကန့်ကာကွယ်ရေးဟောင်း ဘိန်းဘုရင် လောစစ်ဟန်ဆိုလျှင် ၁၉၈၀ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှလွတ်သည်နှင့် မတ်လ ၂၀ ရက်တွင် ကိုးကန့်ကို ရောက်လာခဲ့သည်။ ကိုးကန့်ကို ရောက်သည်နှင့် ယခင်က ကမ္ဘာ့ရန် ဖြစ်ခဲ့သော ဖုန် မိသားစုနှင့် တွေ့ဆုံညှိနှိုင်းလေသည်။

မာတင်စမစ်၏ စာအုပ်ထဲတွင်–

> NDF သည် မဟာဆန်ခေါင်းဆောင်သော WNO အဖွဲ့နှင့် မိုးဟိန်း၏ TRC အဖွဲ့များကို အသုံးပြု၍ ဗကပ 'ဝ' တပ်ဖွဲ့များကို ထိုးဖောက်စည်းရုံးရန် ကြိုးစားခဲ့သေးသည်ဟု ဆိုပါသည်။ ၁၉၈၇ ခုနှစ်တွင် ထိုင်းနယ်စပ် ဒွိုင်အန်းခန်း စခန်းတွင် 'ဝ' တပ်သား ၅၀၀ ကို KNU မှ အထူးသင်တန်းများ လေ့ကျင့်သင်ပေးခဲ့ပြီး တရုတ်နယ်စပ်ရှိ 'ဝ' မျိုးနွယ်များကို လျှို့ဝှက်ထိုးဖောက်စည်းရုံးရန် ထိုသင်တန်းသားများကို စေလွှတ်မည်ဖြစ်သည်။ KNU ၏ အိုင်မက်မှာ တရုတ်နယ်စပ်တလျှောက် ခြေကုပ်ယူထားသော ဗကပကို ဖြိုဖျက်ပစ်ရေးဖြစ်လေသည်။ သို့သော် KNU စစ်ဦးစီးဌာနမှ ယင်းသို့ ပြုမူခြင်းအားဖြင့် နှစ်ဖက်စလုံး အကျိုးမရှိကြောင်း သဘောပေါက်လာပြီး ထိုအစီအစဉ်ကို ရပ်ပစ်ခဲ့သည်ဟုသိရသည်။ ထိုအချိန်က မြန်မာစစ်တပ်မှလည်း KNU နှင့် KIO တို့ကို ပြင်းထန်သော ထိုးစစ်များဆင်လာချိန်ဖြစ်၍ အချင်းချင်းတိုက်နေ၍ မဖြစ်ကြောင်း သိရှိလာခြင်းဖြစ်သည်။ (ထိုစာအုပ် စာမျက်နှာ ၃၇၆)

၁၉၈၉ မတ်လ ကိုးကန့် အရေးအခင်းပေါ်လာတော့ ဗကပနှင့် ကိုးကန့်ကို ပြန်လည်စေ့စပ်ပေးရန် NDF မှ ကြိုးစားသေးသည်။ ၁၉၈၉ ဧပြီလ 'ဝ' များ ပုန်ကန်ပြီးနောက် ဆက်တိုက်လိုလိုပင် မိုင်းလားဒေသ၊ ၇၆၈ ရှမ်းဒေသများလည်း ခွဲထွက်ကုန်ကြသည်။ ထိုသတင်းများကိုကြားသောအခါ NDF ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ပန်ဆန်းသို့ အမြန်စေလွှတ်၍ NDF ထဲဝင်ရောက်ရန် ဆွေးနွေးကြလေသည်။ NDF နှင့်အတူ မဟာဆန်၏ WNO အဖွဲ့လည်း ရောက်လာသည်။ သို့သော်သူတို့ အမျိုးသားရေးစိတ် သွတ်သွင်းပေးခဲ့သော၊ ပုန်ကန်သော 'ဝ' အဖွဲ့သည် သူတို့နှင့် လက်မတွဲဘဲ စစ်အစိုးရနှင့်လက်တွဲသွားကြသည်။

ထို 'ဝ' အဖွဲ့သည် ကိုယ့်လူမျိုး ကွက်ကွက်ကလေးကိုကြည့်ရာတွင် NDF အဖွဲ့ဝင်များထက် နာတဖျား သာသွားလေသည်။

❐



# (၄) ၁၉၈၉ ခွဲထွက်မှု၏ လတ်တလော အကြောင်းရင်းများ

ဘာတေးလ်လစ်တ်နာ၏ နေထွက်ချိန် နေဝင်ချိန် စာအုပ်တွင် လတ်တလော အကြောင်းရင်းများကို လက်လှမ်းမီသမျှ ဖော်ပြခဲ့သည်။ ယင်းတို့ကို ရွေးထုတ် ဖော်ပြရလျှင်

(၁) လက်နက်ခဲယမ်းမှ စ၍ ထောက်ပံ့ရေးရှားပါးကျပ်တည်းခြင်း၊

(၂) ဗကပ တတိယ ကွန်ဂရက်မှ လုပ်ဟန်ပြုပြင်ရေး လှုပ်ရှားမှုဖြင့် အရေးယူမှုများပြုလုပ်ရန် ပြင်ဆင်လာခြင်း၊

(၃) 'ဝ' အမျိုးသားများအကြား အမျိုးသားရေးဝါဒ မြင့်မားလာခြင်း၊

(၄) ဗကပ၏ အရှေ့မြောက်ဒေသ မြေယာလမ်းစဉ် အကောင်အထည် မပေါ်သဖြင့် ထောက်ခံသူမရှိခြင်း၊

(၅) စစ်ပွဲများတွင် အကျအဆုံးများသဖြင့် ဗကပ၏ ရေရှည်စစ်ကို 'ဝ' တပ်များ မယုံကြည်တော့ခြင်း၊

(၆) တရုတ်ပြည်မှ နောက်ပိုင်း ကာလများတွင် ဗကပ လူဟောင်းများကို တရုတ်ပြည်၌ အနားယူရန် မကြာခဏဖိတ်ခေါ်ရာက ၁၉၈၉ တွင် ဗကပ လူကြီးများကို ဖိတ်ခေါ်သည့်သတင်း ပေါက်ကြားသွားသဖြင့် တရုတ်တို့၏ မူရင်းသဘောထားကို သိရှိလာကာ ပုန်ကန်ဖို့ စဉ်းစားလာခြင်း၊

သူစုဆောင်းထားသော အချက်အလက်တချို့မှာ လတ်တလော အကြောင်းရင်းဟု ယူဆရန် ခက်ခဲသော်လည်း တချို့အချက်များကိုတော့ လတ်တလော အကြောင်းထဲတွင် ထည့်နိုင်ပါသည်။

ဤနေရာတွင် ဧပြီလ ၁၈ ရက် 'ဝ' အသံလွှင့်ချက်ကို ပြန်ကြည့်ဖို့ လိုပါလိမ့်မည်။ ထိုအသံလွှင့်ချက်တွင် "၁၉၇၉ မတိုင်မီက အခြေအနေကောင်းခဲ့ပါတယ်" ဆိုသည့် ဝါကျနှင့် "ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ ရန်သူကို ဗလာချည် အိုင်ဒီအိုလိုဂျီဆိုတာနဲ့ ဘယ်လိုလုပ် အနိုင်ယူမှာလဲ" ဆိုသည့် ဝါကျတို့မှာ ပုန်ကန်မှုဖြစ်ပေါ်ရန် လက်ငင်းအကြောင်းရင်းများအတွက် သဲလွန်စဖြစ်နိုင်ပါသည်။ ဤဝါကျများအရ ၁၉၇၉ မတိုင်မီကကဲ့သို့ လက်နက်ခဲယမ်းနှင့် အကူအညီမျိုး ယနေ့ မရှိတော့ကြောင်း၊ မိမိတွင် လက်နက်ခဲယမ်း မတောင့်တင်းဘဲ ခေတ်မီလက်နက် တပ်ဆင်ထားသော ရန်သူကို ဆက်လက်တိုက်ခိုက်ရန် မဖြစ်နိုင်တော့ကြောင်း အတိအလင်း ထုတ်ဖော်ပြောလိုက်ခြင်း ဖြစ်လေသည်။ ဗလာချည် အိုင်ဒီအိုလိုဂျီ ဆိုသည်မှာလည်း ၁၉၈၈ အရေးအခင်း လူထုအုံကြွမှုကြီးအတွက် အထောက်အကူပြုရေး၊ တပြည်လုံး ဒီမိုကရေစီရေးအတွက် မိမိတို့မှ တတပ်တအား ပါဝင်ရေးလုပ်ငန်းကို ဆိုလိုဟန်ရှိလေသည်။ အမှန်တော့ နှစ်ပေါင်း ၂၀ အတွေ့အကြုံအရ အင်အားကြီးသောရန်သူကို တလျှောက်လုံး ရင်ဆိုင်လာကြသူများဖြစ်သဖြင့် ဤပြဿနာသည် လက်နက်ပြဿနာမဟုတ်၊ တကယ်တိုက်မည်ဆိုလျှင် လက်နက်တွေ ရှိနေသေးသည်။ တကယ့်ပြဿနာမှာ တော်လှန်စစ်ပွဲ ရှည်ကြာလာခြင်းကို ငြီးငွေ့လာခြင်းလည်း ဖြစ်နိုင်ပါသည်။ တနည်းအားဖြင့် ဗကပ ဆက်လျှောက်လိုသော တပြည်လုံးရှိ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီး လွတ်မြောက်ရေးလမ်းနှင့် 'ဝ' တို့၏ စစ်ဆက်မတိုက်ရေးလမ်း နှစ်ခုအကြားမှ ဤပုန်ကန်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အိုင်ဒီအိုလိုဂျီကို အပြစ်ဖို့ပြီး လက်တွေ့တွင် ပုန်ကန်ပြီးသည်နှင့် စစ်အစိုးရဘက် ပူးပေါင်းသွားကြခြင်းဖြစ်သည်။

လတ်တလော အကြောင်းရင်းများကို ပိုမိုထောင့်စုံစေရန် ဤနေရာတွင် မာတင်စမစ်၏ "တိုင်းရင်းသားလူမျိုးစု နိုင်ငံရေး အပိုင်း ၂၊ အခန်း ၁၆ ပါ 'ဝ' အမျိုးသားရေး လှုပ်ရှားမှုအကြောင်း" ကို ထုတ်နုတ်ကိုးကားပါမည်။

ပလောင် အပါအဝင် 'ဝ' မျိုးနွယ် နှစ်သန်းခန့်သည် ဗမာနိုင်ငံ ရှမ်းပြည်နယ်တွင်လည်းကောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင်





လည်းကောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် လည်းကောင်း ပျံ့နှံ့လျက်ရှိသည်။ ယူနန်ပြည်နယ်တွင် သုံးသိန်းကျော်ရှိသော်လည်း ထိုင်းတွင်မူ ရာဂဏန်းမျှသာရှိသည်။ 'ဝ' လူမျိုးများသည် တောင်ပေါ်ဒေသတွင် အခြားတောင်တန်းသားများကဲ့သို့ပင် ဆွေမျိုးစု သားချင်းအုပ်စုအလိုက် စုဝေးနေထိုင်ကြပြီး အုပ်စုတစုလျှင် ရာချီပြီးရှိကြသည်။ ထိုအုပ်စုများသည် အချင်းချင်း တိုက်ခိုက်လိုက်၊ မဟာမိတ်ပြုလိုက် ရှိကြပြီး တည်တံ့သော မဟာမိတ်ကို မထားကြချေ။

၁၉၅၉ ခုနှစ် ရှမ်းပုန်ကန်မှုတွေ ထွက်ပေါ်ချိန်တွင် ယခင်အစိုးရ UMP တပ်ကြပ်ဟောင်း 'ဝ' လူမျိုး ဘိုမောင်နှင့် ရှမ်းသူပုန်များ တန့်ယန်းမြို့ကို တပတ်ကျော် စီးနင်းသိမ်းပိုက်ခဲ့ဖူးသည်။ ဗြိတိသျှ အုပ်ချုပ်ရေးအရာရှိများ၏ မှတ်တမ်းများတွင် 'ဝ' လူမျိုးများကို စစ်စိတ်ပြင်းထန်သူများ၊ ခေါင်းဖြတ် နတ်တင်တတ်သူများ၊ ယဉ်ကျေးမှုနှင့် ဝေးကွာသူများအဖြစ် ရေးသားခဲ့ကြသည်။ ထိုဒေသတွင် စော်ဘွားများ၊ မြို့စားများဖြင့် အုပ်ချုပ်စေသော်လည်း ဗြိတိသျှ ခေတ်တလျှောက်လုံး အမှောင်ဖုံးနေသည့် ဒေသ ဖြစ်လေသည်။

၁၉၄၉ ခု တရုတ်ပြည်တွင် ကွန်မြူနစ်များ အာဏာရလာသောအခါ ထွက်ပြေးလာသော KMT ကူမင်တန်တပ်များသည် 'ဝ'နယ်တွင် အခြေပြုပြီး တရုတ်ပြည်ဘက်သို့ မကြာခဏ နှောင့်ယှက်ကြလေသည်။ တရုတ်ပြည်မှလည်း KMT ကို တိုက်ခိုက်ရန် 'ဝ' နယ်ထဲသို့ မကြာခဏ ဝင်ကြသည်။ ၁၉၅၇–၅၈ ခုများတွင် မြန်မာအစိုးရမှ တရုတ်ဖြူ KMT များကို ထိုးစစ်ဆင် မောင်းထုတ်ခြင်းများပြု၍ KMT များ အားနည်းသွားသော်လည်း ၁၉၆၀ ခုများတွင် ဗိုလ်ချုပ် မာကျင်းကိုး၏ အမှတ် (၁) ယူနန်တပ်ဖွဲ့အောက်ရှိ KMT ထောက်လှမ်းရေး နှစ်ရာ သုံးရာ ခန့်နှင့် ဗိုလ်ချုပ် ထွမ်ရှီးဝင်၏ အမှတ် (၅) တပ်မတော် တပ်ဖွဲ့များဤဒေသတွင် ပြန်၍လှုပ်ရှားနေဆဲ ဖြစ်လေသည်။

'ဝ' ဒေသကြီးသည် အစိုးရတပ်မှ ဖွဲ့ပေးထားသော ကာကွယ်ရေး အဖွဲ့များအတွက် တပ်သားစုဆောင်းရာ ဌာနကြီးဖြစ်သလို KMTများ အတွက်လည်း တပ်သားစုဆောင်းရာ ဒေသကြီးဖြစ်သည်။ ဗင်နွန်း (ယင်းဖန်) စော်ဘွား၏ သားတဦးဖြစ်သော မဟာဆန်သည် ၁၉၆၉ တွင် မိမိ အဖွဲ့ဝင် ၈၅၀ နှင့်အတူ တန့်ယန်းသို့ သွား၍ အစိုးရထံဝင်ရောက်ပြီး ကာကွယ်ရေးအဖွဲ့ဖွဲ့ကာ 'ဝ' များကို ထပ်မံစုဆောင်းခဲ့လေသည်။ ဤဒေသတွင် စော်ဘွားများ၊

ကာကွယ်ရေးများ၊ KMT များအပြင် အခြားအဖွဲ့လည်းရှိသေးသည်။ ယင်းတို့မှာ KMT နှင့် စော်ဘွားများကို ဆန့်ကျင်နေသည့် ဒေသပြောက်ကျားအဖွဲ့လေးများဖြစ်ပြီး တရုတ် PLA တပ်မှ ကျောထောက်နောက်ခံ ပေးထားလေသည်။ ထိုပြောက်ကျားတပ်များအနက် ကျောက်ညီလိုင်နှင့် ပေါက်ယိုချမ်းတို့ကဲ့သို့ ဒေသခံအကြီးအကဲများ၏ တပ်ဖွဲ့များလည်း ပါဝင်ကြသည်။

ဤနေရာတွင် မာတင်စမစ်၏ စာအုပ်တွင်မပါဝင်သော စာရင်းတခုအရ 'ဝ' နယ်ရှိ စော်ဘွားနှင့် မြို့စားလက်ရုံး တပ်တခုလျှင် အင်အားလေးငါးရာထက်မနည်းရှိပြီး အဖွဲ့လည်း လေးငါးဖွဲ့ပင် ရှိလေသည်။ ယင်းတို့အနက် ပန်ဝင် ကာကွယ်ရေး ဦးစောလှ အဖွဲ့၊ ဖောင်ဟင်းကာကွယ်ရေး ဦးကျောက်တဲ အဖွဲ့၊ ရောင်ပရေ ကာကွယ်ရေး အိုက်ရှောက်ဆွဲ အဖွဲ့၊ ဗင်ငင်း ကာကွယ်ရေး မဟာဆန်အဖွဲ့တို့မှာ အဖွဲ့ကြီးများဖြစ်လေသည်။ ကာကွယ်ရေးနှင့် KMT တို့ကိုဆန့်ကျင်သော ပြောက်ကျားအဖွဲ့များမှာ ၁၉၆၀ ခုများ နှောင်းပိုင်းတွင် အများအပြားပေါ်လာသည်။ ယင်းတို့အနက် ပေါက်ယိုချမ်း၏ ခွင်းမာ ပြောက်ကျား(၁၉၆၆)၊ အိုက်ခိန်း အိုက်ခရုံး၏ အိုက်ချိန်ပြောက်ကျား (၁၉၆၇)၊ လူရှင်းကော်၏ ဟိုစွမ်ပြောက်ကျား (၁၉၆၈)၊ ကျောက်ညီလိုင်၏ ပန်ဝိုင်ပြောက်ကျား(၁၉၆၉) တို့ ဖြစ်ကြလေသည်။ အခြား ပြောက်ကျား ငါးဖွဲ့ ခြောက်ဖွဲ့ခန့်လည်း အနီးတဝိုက်တွင် ရှိပါသေးသည်။

'ဝ' နယ် မိုင်းမော တြိဂံဒေသသည် မူလက တရုတ်ပြည်ဘက်မှ ဖြစ်သလို ဗမာပြည်ဘက်မှ ပန်ဟုတ် ပန်လောင်တို့မှာလည်း ၁၉၆၀ ခုနှစ် နယ်နိမိတ် သတ်မှတ်မှုအရ ဗမာပြည်ဖက်ရောက်သူရောက်၊ တရုတ် ပြည်ဖက် ရောက်သူရောက် ဖြစ်နေကြသည်။ တချို့လည်း နိုင်ငံနှစ်ခုကိုခွပြီး နေကြသူများဖြစ်သည်။ လူငယ်လူရွယ် အတော်များများမှာလည်း တရုတ်ပြည်ဖက်တွင် ကျောင်းနေဖူးကြသည်။ တရုတ်ပြည် လွတ်မြောက်လာတော့ သူတို့လည်း ဆိုရှယ်လစ်ဝါဒအကြောင်း သိလာကြသည်။ တရုတ်ပြည်တွင် ယဉ်ကျေးမှု တော်လှန်ရေးကြီးပေါ်ထွက်လာတော့ သူတို့လည်း တော်လှန်ရေး အသိမြင့်မားလာပြီး ဗမာပြည်တော်လှန်ရေးထဲ ဆင်နွှဲလိုစိတ်တွေ ပေါ်ထွက် လာကြသည်။ သို့ဖြင့် သူတို့ဒေသသို့ ဗကပရောက်လာသောအခါ ဗကပကို ယုံကြည်မှုအပြည့်ဖြင့် ထောက်ခံခဲ့ကြလေသည်။ တရုတ်တို့မှလည်း ယဉ်ကျေးမှု တော်လှန်ရေးအရှိန်ကြောင့် သူကျောထောက်နောက်ခံပြုထားသော ပြောက်ကျား အဖွဲ့များကို ဗကပထံ အားတက်သရော လွှဲပေးလေတော့သည်။





ထိုအချိန်တွင် ဗမာအစိုးရသည် သူ့ကာကွယ်ရေးအဖွဲ့များကို မနိုင်တော့သဖြင့် ဖျက်သိမ်းသည့်အထဲ ပါသွားသည်။ 'ဝ' နယ် ကာကွယ်ရေးအဖွဲ့များမှာလည်း အဖျက်သိမ်းခံရပြီးနောက် SSPP ရှမ်းအဖွဲ့နှင့် ထိုင်းနယ်စပ်များသို့ ရောက်ရှိသွားကြသည်။ မဟာဆန်ကတော့ ၁၉၇၆ တွင် WNA 'ဝ'အမျိုးသားအဖွဲ့ကို ထိုင်းနယ်စပ်တွင် ဖွဲ့စည်းပြီး SSPP, NDF စသည်တို့နှင့် ဆက်သွယ်ထားကာ အခွင့်သင့်လျှင် သူ့ဇာတိ 'ဝ' နယ်ကို ပြန်လည်သိမ်းပိုက်ရန် ပြင်ဆင်နေခဲ့သည်။

သို့သော် ၁၉၇၈ ခုတွင် ဗကပ နှင့် မဟာမိတ်ဖြစ်သွားသော SSPP က WNA ကို အဆက်ဖြတ်လေသည်။ SSPP အကူမရတော့သဖြင့် WNA မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားပြီး အချို့လည်းလက်နက်ချသည်။ အချို့လည်း SSPP ထဲ ခိုလှုံသည်။ မဟာဆန်ကိုယ်တိုင်မှာမူ မိုးဟိန်းခေါ် ကုန်းကျန်း၏ SURA အဖွဲ့ထဲ ရောက်ရှိသွားသည်။ နောက်ထပ် 'ဝ ' ကာကွယ်ရေးအဖွဲ့တဖွဲ့ဖြစ်သည့် အိုက်ရှောက်ဆွဲအဖွဲ့သည် ကာကွယ်ရေးအဖွဲ့ကို အစိုးရမှ ဖျက်သည်နှင့် သူ့အင်အားများကိုခေါ်၍ ထိုင်းနယ်စပ် KMT တို့၏ ပန်တော်စခန်းသို့ ခိုဝင်လေသည်။ ၁၉၈၀ တဝိုက် ကျိုင်းတုံခွင်သို့ ဗကပ တပ်များချဲ့ထွင်လာချိန်တွင် ထိုဒေသရှိ 'ဝ' စစ်ပြေးများ ထိုင်းနယ်စပ်သို့ ရောက်လာသဖြင့် မဟာဆန်နှင့် အိုက်ရှောက်ဆွဲ တို့အတွက် တပ်သားသစ်အများအပြား ထပ်မံရရှိသွားလေသည်။

၁၉၈၂ တွင်တော့ မဟာဆန်သည် နားဝီးစော်ဘွား ခွန်လူမဟာ၊ လီယိစိန်၊ ကန်ရှားတို့နှင့် ပူးပေါင်း၍ အင်အား ၅၀၀ ဖြင့် WNA ကို ထူထောင်လိုက်လေသည်။ WNA ပထမဆုံး ရင်ဆိုင်ရသူမှာ ခွန်ဆာ၏ SUA လွယ်မော်အဖွဲ့ ဖြစ်လေသည်။ SUA သည် တခါတရံ မိုးဟိန်း၏ TRA နှင့် မဟာမိတ်ဖွဲ့သည်ကလွဲ၍ ကျန်အဖွဲ့များကို အပြင်းအထန် တိုက်နေသူဖြစ်သည်။ SUA သည် ထိုင်းနယ်စပ်တလျှောက်ရှိ SSPP, LNUP တို့၏ ဒွိုင်လန်း၊ မိုင်းမယ် စသည့် ခြေကုပ်စခန်းများကို တခုပြီးတခု သိမ်းပိုက်လျက်ရှိသည်။ တဖက်တွင် သူ့လက်အောက်တွင် ဝင်ရောက်လာသော အိုက်ရှောက်ဆွဲ 'ဝ' အဖွဲ့ဖြင့် စင်ပြိုင် WNC ကိုထူထောင်ပြီး လက်နက်ကုန်ကူး၊ ဘိန်းကုန်ကူးခြင်းများ တိုးချဲ့နေလေသည်။ SUA နှင့် WNA တို့၏ တိုက်ပွဲများမှာ ပြင်းထန်လှသည်။ ဒုက္ခသည်များ ထောင်ချီ၍ ထွက်ပြေးနေရသည်။ NDF မှနေ၍ WNA ကို လက်နက် ရိက္ခာမှအစ စိတ်ဓာတ်ရေးရာအထိ ကူညီအားပေးခဲ့သည့်အတွက် ဒွိုင်လန်းစခန်းများကို WNA က ပြန်လည်သိမ်းယူနိုင်ခဲ့လေသည်။

ချုပ်ရလျှင် ၁၉၈၉ ခုနှစ် ဗကပ မှ ခွဲထွက်ချိန်တွင် 'ဝ' တို့တွင် အဖွဲ့အစည်း ငါးဖွဲ့ လောက်ရှိနေသည်။ ဗကပ ပြည်သူ့တပ်မတော် PA ဟောင်း 'ဝ' အဖွဲ့၊ KMT ပူးတွဲ 'ဝ' အဖွဲ့၊ TRC တွင်းရှိ 'ဝ' အဖွဲ့၊ NDF တွင်ပါဝင်သော WNA အဖွဲ့၊ အစိုးရဘက်သား 'ဝ' အဖွဲ့ စသည်ဖြင့် အဖွဲ့ပေါင်းစုံ ဖြစ်နေသည်။ ၁၉၈၉ ခွဲထွက်ချိန်တွင် အမြတ်ရလိုက်သောအဖွဲ့မှာ SUA ရောက် အိုက်ရှောက်ဆွဲ၏ WNC အဖွဲ့ဖြစ်သည်။ WNC သည် SSPP, KIO တို့ အကူအညီဖြင့် ဒွိုင်အန်ခန်း တောင်ကုန်းတပိုက် ခြေကုပ်ရရှိသွားပြီး သူ့ထံသို့ ဗကပ တပ်မဟာ (၆) မှ 'ဝ' တပ်သား ရာပေါင်းများစွာ ပူးပေါင်းသွားလေသည်။ အိုက်ရှောက်ဆွဲသည် ထိုမျှနှင့် တင်းတိမ်ခြင်းမရှိဘဲ တရုတ်နယ်စပ်သို့ 'ဝ' တပ်သားသစ်များ ထပ်မံစုဆောင်းခဲ့ပြန်သည်။ ဗကပကို ပုန်ကန်သော ကျောက်ညီလိုင်သည် စတင်ခါစကာလ၌ Burma Democracy Solidarity Army ဟု အမည်မှည့်ခေါ် ထားသော်လည်း အိုက်ရှောက်ဆွဲ၏ WNC နှင့် ပူးပေါင်းလိုက်ပြီး အမျိုးသားရေး လက္ခဏာဆောင်သော "ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်" UWSA ကို ဖွဲ့စည်းလိုက်လေသည်။

ဘာတေးလ်လစ်တ်နာ၏ နေဝင်ချိန် နေထွက်ချိန် စာအုပ် စာမျက်နှာ ၉၁ တွင်–

"ဗကပ အနေနှင့် အရှေ့မြောက်ဒေသတွင် မြေယာပြုပြင်ရေးကို ဘယ်သောအခါကမှ လက်တွေ့ အကောင်အထည်မဖော်ခဲ့ပါ။ ၁၉၅၀ ပြည့်လွန်နှစ်များ အစောပိုင်းကာလက မြေပြန့်ဒေသတွင် လက်တွေ့ ဆောင်ရွက်ခဲ့သော လူထုထောက်ခံမှု တစုံတရာရရှိခဲ့သည့် လယ်ယာမြေ ဝေခြမ်းရေးပေါ်လစီမှာ အရှေ့မြောက် ကွန်မြူနစ်များအတွက် မကြားဖူးသော ဒဏ္ဍာရီပင် .."

ဟု ရေးသားခဲ့ပြီး မြေယာပြုပြင်ရေး မလုပ်သဖြင့် လူထုအတွက် ကွန်မြူနစ် အိုင်ဒီအိုလိုဂျီမှာ အနှစ်မပါ ဗလာသက်သက် ဖြစ်နေကြောင်း သုံးသပ်ခဲ့လေသည်။

ဤအချက်ကိုကြည့်လျှင် ဘာတေးလ်လစ်တ်နာသည် ဗကပ အရှေ့မြောက် ဒေသကို ကိုးကြောင်းကိုးကျင်း လှည့်ပတ်ခဲ့သော်လည်း ထိုဒေသ၊ အထူးသဖြင့် 'ဝ' ဒေသကြီး၏ လူမှုစီးပွား Social Economic အဆင့်အတန်းကို မျက်စိလျှမ်း သွားခဲ့လေပြီ။ တနှစ်လျှင် စားနပ်ရိက္ခာ သုံးလစာမျှသာရှိပြီး အထွက်ညံ့ဖျင်းသော တောင်ယာများတွင် ထပ်တလဲလဲ စိုက်ပျိုးနေကြပုံတွေကို သူမြင်တွေ့ခဲ့ပုံ မရချေ။ သဘာဝကပ်ဘေး မကြာခဏကျတတ်သော၊ ပဒေသရာဇ် ခေတ်ဦးကာလ





ထုတ်လုပ်ရေးနည်းစနစ်သာ ကျင့်သုံးသော၊ သားချင်းဆွေမျိုးစု ဆက်ဆံရေးသာ ကြီးစိုးသော ဤဒေသတွင် မြေယာဝေခြမ်းရေး မလုပ်ရကောင်းသလားဟု ဘာတေးလ်လစ်တ်နာက အပြစ်တင်ခဲ့လေသည်။

'ဝ' နယ်သည် ၁၉၆၂ ခုအထိ စော်ဘွားများ အုပ်ချုပ်မှုအောက်တွင် ရှိနေပြီး ထိုစော်ဘွားမှာလည်း တရုတ်ဖြူ KMT နှင့် ပေါင်း၍ 'ဝ' နယ်ကို မူးယစ်ဆေး ဝဲဩဃကြီးထဲ နစ်မြှုပ်ထားကြသည်။ ထိုပဒေသရာဇ် အုပ်စိုးမှုကြောင့် အုပ်စုချင်းတိုက်ပွဲများ၊ နယ်မြေလုပွဲများ၊ တဗိုလ်တမင်းနှိပ်စက်မှုများ အဆက်မပြတ်ဖြစ်ပေါ်နေပြီး ခေါင်းဖြတ် နတ်တင်သည့် ဓလေ့ဆိုးကြောင့် မြေယာထုတ်လုပ်မှုလည်း တိုးတက်မလာချေ။ မိုင်းမောဒေသတွင် ကောင်းဆွမ်း အုပ်စုနှင့် ပန်ခေါ် အုပ်စုတိုက်ကြသည်။ အိုက်ချိန်ဒေသ၌ အိုက်ချိန်အုပ်စုနှင့် ဆုံရမန်အုပ်စု စစ်ခင်းကြသည်။ ဇောင်ဟင်း ဇောင်ဖားဒေသ၊ ဝမ်လင်းဒေသ၊ ဗင်ငင်းဒေသတို့တွင်လည်း အုပ်စုမျိုးစုံ စစ်ခင်းခဲ့ကြသည်။ ရွာမှ ခပ်လှမ်းလှမ်းသို့ပင် မထွက်ဝံ့အောင် ဖြစ်နေသည့် ကာလဖြစ်သည်။

'ဝ' လူမျိုးတို့သည် တောတွင်းအရိုင်းခေတ်လို အမဲလိုက်ခြင်း၊ သစ်သီး သစ်ဥရှာဖွေခြင်းဘဝမှ တောင်ယာစိုက်ခြင်းဘဝကို ကူးပြောင်းနေဆဲ ဖြစ်သည်။ အချို့မြေပြန့်ဒေသ မြေဩဇာကောင်းသည့် ဒေသများတွင် ရှမ်း၊ ပလောင်များနှင့်အတူ ရေသွင်းလယ်စိုက်ပျိုးရေးများ ပြုလုပ်ခါစ ကာလသာဖြစ်ပါသည်။ ဤနေရာတွင် ဗကပတို့ ပထမဆုံးလုပ်ကြသည်မှာ ပဒေသရာဇ်စော်ဘွား အုပ်ချုပ်ရေးကြီးကို ဖြိုချပြီး အုပ်စုချင်းကွဲပြားမှုများကို စေ့စပ် ညှိနှိုင်းပေးခြင်းဖြစ်သည်။ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးဖြစ်သည်။ ကြွက်ကပ်ကဲ့သို့ အငတ်ဘေးနှင့် ရင်ဆိုင်ရသူများကို စားနပ်ရိက္ခာ ရှာဖွေဖြည့်ဆည်းရေး ဖြစ်သည်။ ယင်းပေါ်လစီမှာလည်း အမှားအယွင်းကင်းလှသည်မဟုတ်။ တချို့ဒေသများတွင် အခြေအနေနှင့် မကိုက်ညီဘဲ သမဝါယမများဖွဲ့စည်းသည့် အမှားများ ပြုခဲ့ကြသည်။ သဘာဝကပ်ဘေး ဆိုက်ရောက်လာသောကြောင့် တခြားသီးနှံ မစိုက်တော့ဘဲ ဘိန်းကို ပြန်စိုက်ခြင်းများကိုလည်း ကြုံကြရသည်။

ဘာတေးလ်လစ်တ်နာ၏ စာအုပ်တွင် ၁၉၈၉ ပုန်ကန်မှု ဖြစ်စေသော လတ်တလော အကြောင်းရင်းများထဲတွင် စစ်ပွဲများ၌ အကျအဆုံးများသောကြောင့် ဗကပ၏ ရေရှည်စစ်ပွဲကို ယုံကြည်မှုမဲ့လာခြင်းဆိုသော အချက်ကိုလည်း တွေ့ရှိရသည်။ ထိုစာအုပ် စာမျက်နှာ ၈၅ တွင်–

"၁၉၈၆ ခုနှစ်က ကောက်ယူခဲ့သောဗကပ စာရင်းဇယားများအရ 'ဝ' တောင်တန်းပေါ်ရှိ လူဦးရေစုစုပေါင်းမှာ ၂၆၃၀၂၉ ဖြစ်ပြီး ယင်းအနက် ၁၂၂၃၉၉ ဦးမှာ ယောကျ်ား၊ ၁၄၀၆၃၀ မှာ မိန်းမဖြစ်သဖြင့် ယောကျ်ားဦးရေ ၁၈၂၃၁ ဦး လျော့နည်းနေသည်။"

ဟုဖော်ပြထားပြီး ထိုသို့လျော့နည်းရခြင်းမှာ စစ်ပွဲတွင် ကျဆုံးကုန် သောကြောင့်ဟု ခပ်လွယ်လွယ် ကောက်ချက်ချထားလေသည်။ သူ့စကားအတိုင်း ဆိုပါလျှင်–

"ဗကပသည် နယ်မြေတခုကို တိုက်တော့မည်ဆိုလျှင် တရုတ် နည်းဗျူဟာ လူလှိုင်းစစ်ဆင်ရေးကို အတုခိုး အသုံးပြုကြသည်သာဖြစ်သည်။ အကျိုးဆက်ကား လူဦးရေကျဲပါးသော 'ဝ' တောင်တန်းထက်တွင် ယောကျ်ားသားများမှာ အသက်မသေလျှင်သော်မှ ခြေပြတ်လက်ပြတ်၊ ဒုက္ခိတ ဖြစ်ကုန်တော့သည်။ ဗကပကို တရုတ်ဘက်မှ အကူအညီ ဖြတ်လိုက်သောအခါ ၁၉၇၇ တုန်းက တပ်အင်အား ၂၃၀၀၀ ရှိရာမှ ၁၉၈၇ တွင် တပ်အင်အား တသောင်းခန့်နှင့် ပြည်သူ့စစ် ငါးထောင်ခန့်သာ ကျန်တော့သည်"

ဟု ပါရှိလေသည်။ သူ့စာအုပ်ထဲတွင် 'ဝ'တောင်တန်း လူဦးရေစာရင်းထဲတွင် ပြည်သူ့တပ်မတော် (PA) တပ်ထဲတွင်ရှိနေသော လူဦးရေကို ထည့်သွင်း တွက်ချက်ခြင်း ရှိမရှိ ဖော်ပြမထားပါ။

မည်သို့ပင်ဆိုစေ 'ဝ'ဒေသသည် ယခင်ကတည်းက အုပ်စုချင်းစစ်ပွဲများ၊ နယ်မြေလုပွဲများ၊ ခေါင်းဖြတ် နတ်တင်ရန် တိုက်ခိုက်မှုများ တင်းကျမ်းပြည့်နေသည့် ဒေသကြီးဖြစ်ပြီး ရောဂါဘယလည်း အလွန်ထူပြောလေသည်။ တီဘီရောဂါ၊ ငှက်ဖျားရောဂါများကြောင့် သက်တမ်းစေ့နေဖို့ ခက်ခဲလှသည်။ သဘာဝကပ်ဘေး၊ ကြွက်ကပ်ဘေးများ ရင်ဆိုင်ရခြင်းနှင့် တောထဲတွင် သစ်ဥသစ်ဖုရှာဖွေရင်း ဝက်ဝံများ၊ ကျားသစ်များ၏ ရန်ကြောင့်လည်းသေဆုံးကြရသည်။ ကာကွယ်ရေးများ၊ KMT များကလည်း တိုက်ခိုက်ရေးကျွမ်းကျင်သော 'ဝ'များကိုပင် တပ်သားသစ်ဆွဲကြသည်။ ဤကာလကြီးအတွင်း 'ဝ' ယောကျ်ားဦးရေ မည်မျှလျော့သွားသည်ကို မည်သူမှ မသိနိုင်။ 'ဝ' ဒေသတွင် ဗကပများရောက်လာပြီးနောက် ဤသို့ သေကျေရခြင်းများ လျော့ကျသွားစေသည်မှာ အမှန်ပင်ဖြစ်သည်။ 'ဝ' ဒေသသို့ အခြားအင်အားစုများလည်း ရောက်မလာနိုင်တော့ပေ။

ဤနေရာတွင် တရုတ်နည်းဗျူဟာ လူလှိုင်းလုံးစစ်ဆင်ရေးဆိုသည့် မဆလ သတင်းစာများတွင် ပါလေ့ရှိသော ဒဏ္ဍာရီကို ဘာတေးလ်လစ်တ်နာ အစိမ်းလိုက်





မျိုချမိပုံရလေသည်။ ၁၉၇၅–၇၆ မှ ၁၉၈၅–၈၆ ဆယ်နှစ်တာကာလအတွင်း အစိုးရနှင့် ဗကပ အကြား တိုက်ပွဲကြီးပေါင်း ၁၄ ပွဲ ၁၅ ပွဲမျှ တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲအပြင်းထန်ဆုံးကာလဟု မှတ်ယူနိုင်ပါသည်။ အစိုးရမှ ထုတ်ပြန်သော တိုက်ပွဲအလိုက် နှစ်ဖက်အကျအဆုံးစာရင်းကိုပဲ တင်ပြချင်ပါသည်။ တပ်မတော်သမိုင်း ဆဋ္ဌမတွဲမှ စုစည်း ဖော်ပြထားပါသည်။

| စဉ် | ခုနှစ် | စစ်ဌာနချုပ်နယ်မြေ တိုက်ပွဲနေရာ | အစိုးရတပ် | | | ဗကပ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျ | ဒဏ် | ပျောက် | ကျ | ဒဏ် | ဖမ်းမိ |
| ၁ | ၁၉၇၅ | ရမခ– မူဆယ်၊ နမ့်ဖက်ကာ၊ နမ့်လင်းတောင်ကုန်း | ၁၅၆ | ၄၆၀ | | ၁၆၃ | | ၇၁ |
| ၂ | ၁၉၇၆ | ရပခ– မိုးညှင်း၊ လွယ်မျက်ပုတ်၊ လွယ်လုံကြော | ၃၄ | ၁၂၁ | | ၁၈၂ | ၁၄၀ | |
| ၃ | ၁၉၇၇ | ရမခ–ပန်ကောက်မြို့ရှေ့ | ၁၂၆ | ၂၃၇ | | ၅၀၀ | | |
| ၄ | ၁၉၇၇ | ရပခ–မိုင်းယန်း၊ မိုင်းလွေ့ | ၂ | | | ၉ | | |
| ၅ | ၁၉၇၈ | ရမခ–ဟိုပန်၊ ဖျင်းဟော်၊ တာတီလင် | ၆၇ | ၁၀ | ၆၉ | ၁၀၀ | | |
| ၆ | ၁၉၇၈ | ရမခ–နောင်လိုင်၊ ပါဖန် | ၄ | | | ၇၀ | | |
| ၇ | ၁၉၇၉ | ရပခ–မိုင်းခတ်၊ ဖာပွန်ကြော | ၂၀ | ၈၀ | | ၄၉ | ၉၀ | |
| ၈ | ၁၉၇၉ | ရမခ–ရပခ ပင်းရန်အောင် စစ်ဆင်ရေး (၆၉ ပွဲ) | ၂၀၇ | ၆၄၅ | | ၄၁၁ | | ၁၂ |
| ၉ | ၁၉၈၀ | ရမခ– ပင်းရန်အောင် စစ်ဆင်ရေး၊ မန်းခွး မန်ခါ | ၃၃ | ၃၉ | ၁၄၉ | ၁၀၀ | | |
| ၁၀ | ၁၉၈၀ | ရမခ– မိုင်းယောင်း | ၆၈ | ၇၂ | | ၉၁ | ၁၁၅ | |
| ၁၁ | ၁၉၈၀ | ရပခ– ကော်ဟိုလွယ် | ၁၆ | | | ၂၇ | | |
| ၁၂ | ၁၉၈၁ | ရပခ–ထင်းရှူးတောင် | ၁၀ | | | ၄၄ | | |
| ၁၃ | ၁၉၈၃ | ရမခ–လွယ်ပန်လုံ | ၁၂၄ | ၄၄၇ | | ၃၁၇ | | ၉၅ |
| ၁၄ | ၁၉၈၆ | ရမခ–စီစီဝပ် တာပန် | ၉၅ | ၆၈၉ | | ၆၁၇ | | ၁၇၂ |
| ၁၅ | ၁၉၈၈ | ရပခ– မိုင်းယန်း | ၅၁ | ၁၂၄ | | ၂၀၂ | | ၁ |
| | | စုစုပေါင်း | ၁၀၁၃ | | | ၂၈၉၃ | | |

အထက်ပါ တိုက်ပွဲ ၁၅ ပွဲ မှာ ဗကပနှင့် တိုက်ခဲ့ရသော အကြီးမားဆုံး တိုက်ပွဲများဖြစ်ပြီး တရုတ်ပြည်မှ စစ်ရေးအကူအညီတွေ ရယူနေစဉ် ကာလတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုတိုက်ပွဲတိုင်းတွင် ‘ဝ’ တပ်ဖွဲ့အားလုံး ပါဝင်သည်မဟုတ်ပါ။ ကချင်၊ ရှမ်း၊ ကိုးကန့်၊ ပလောင်၊ အခါ စသည့် တပ်ဖွဲ့များလည်း ပါဝင်နေပါသည်။ ဤစာရင်းကိုကြည့်လျှင် တိုက်ပွဲတိုင်းတွင် ဗကပဘက်မှ အကျအရှုံး ပိုများနေသည်မှာ အံ့သြစရာကောင်းနေသည်။ ဗကပ အကျအရှုံးများတွင် ၂၀၀၊ ၃၀၀၊ ၄၀၀ စသဖြင့် ခန့်မှန်းထည့်သွင်းချက်များလည်း ပါဝင်နေသည်။ ပန်ကော်ခြူးရွှေ တိုက်ပွဲတွင် မြေမြှုပ်ထားသော အလောင်း ၃၇၀ ကျော်ကိုရသည်ဟုလည်း ဆိုသည်။ ဗကပများ ကစဉ့်ကလျားဆုတ်ပြေးသည် ဟုလည်းဆိုသည်။ ထွက်ပြေးသူများက ရာချီသော အလောင်းများကို မြှုပ်နိုင်ပါမည်လားဟု မေးစရာပင်။ အစိုးရတပ်၏ အကျအရှုံးစာရင်းတွင် ကျဆုံးသူထက် ဒဏ်ရာရသူက နှစ်ဆ သုံးဆ ပိုများနေသည်ကို တွေ့နိုင်ပါသည်။ ထိုဒဏ်ရာရသူ အများစုမှာ ဆေးရုံတွင် သေဆုံးစာရင်းအဖြစ် ပြောင်းကြရမည့် ကျဆုံးသူများဖြစ်လေသည်။ ပျောက်ဆုံးစာရင်းမှာမူ ဗကပ အဖမ်းခံရသူများဖြစ်လေသည်။

ဤစာရင်းကိုတင်ပြနေခြင်းမှာ အစိုးရထုတ်ပြန်သော စာရင်းများအရပင် စုစုပေါင်း ဗကပ ကျဆုံးသူဦးရေမှာ သုံးထောင်ပင်မပြည့်ကြောင်း သိစေလို၍ဖြစ်သည်။ ကျနော်ကြားဖူးသလောက်ဆိုရင် ဗကပဘက်မှ ရာချီကျဆုံးသည့် အဖြစ်မျိုးမရှိ။ မိုင်းယန်းတိုက်ပွဲတွင် လေယာဉ်ဖြင့် ဗုံးကြဲလိုက်သဖြင့် ဗကပ ၁၀၀ လောက် တချီတည်းကျဆုံးသည်ဟူသော အစိုးရထုတ်ပြန်ချက်မျိုးပင် ရှိခဲ့သည်။ ထို ၁၀၀ မှာလည်း ၈၀ လောက်က အစရှာမရအောင် တစစီဖြစ်သွားသည်ဟု ဆိုပြန်ပါသည်။ စစ်ပွဲတပွဲတွင် ကိုယ့်ကို လေယာဉ်ဖြင့်တိုက်နေမှန်း သိလျက်နှင့် ဗုံးတလုံးစာ လူ ၁၀၀ စုဝေးပေးခဲ့ပါမည်လော။ စစ်နှင့်မဆိုင်သော အရပ်သားများအပေါ် ဗုံးသွားကြဲလျှင်တောင် တချီတည်း ထိုမျှလောက် သေ၊ မသေ စဉ်းစားစရာ ကောင်းလှသည်။

ဤမျှရှည်ရှည်ဝေးဝေး ပြောနေရခြင်းမှာ ဘာတေးလ်လစ်တ်နာက ‘ဝ’နယ်ရှိ လူဦးရေစာရင်းတွင် ယောကျ်ား ၁၈၂၃၁ ယောက်လျော့နည်းနေရခြင်းမှာ ဗကပ၏ “လူလိုင်းလုံး စစ်ဆင်ရေး” ကြောင့်ဟု ကောက်ချက်ချနေသောကြောင့်ဖြစ်သည်။ စစ်ပွဲတွင် ဤမျှကျဆုံးရသည်ဟုကြားရလျှင် စစ်ရည်ဝပြီး သတ္တိရှိကြသော ‘ဝ’ တပ်ဖွဲ့က မည်သို့ ပြောကြမည်မသိ။ ဗကပသည် တပ်စခန်းများ၊ မြေနေရာများကို





မလွဲသာမှ တိုက်ယူသည်။ အဓိကနည်းဗျူဟာမှာ လူချေမှုန်းရေးဖြစ်သည်။ ရန်သူထက်သာလွန်သော အင်အားကိုစုစည်း၍ ရန်သူသက်ရှိအင်အားကို ချေမှုန်းခြင်းဖြစ်သည်။ အစိုးရမှ ဝါဒဖြန့်သလို ပန်ကော်ခြူးရွှေတွင် ကျည်တတောင့် ဗကပ တယောက်နှုန်းဖြင့် အသေခံရန် လိုင်းလုံးလို တက်လာခြင်းမျိုးနှင့် ခွဲခြားဖို့ လိုလိမ့်မည်။

ထို့ကြောင့် လိုင်းလုံးစစ်ဆင်ရေးကြောင့် ‘ဝ’ များ အသေအပျောက်များလှသဖြင့် ပုန်ကန်ကြခြင်းဖြစ်သည်ဟူသော အချက်မှာ ယုတ္တိမတန်လှချေ။ နှစ်ပေါင်း ၂၀ လောက် စစ်ပွဲတွေရင်ဆိုင်နေရသဖြင့် တပ်သားအများစုမှာ စစ်ပန်းကုန်သလို စစ်ကို ငြီးငွေ့လာကြသည်ဟု ပြောသည်ကမှ ယုတ္တိတန်ဦးမည်။ ‘ဝ’ အသံလွှင့်ချက်တွင် ပါရှိသော “၁၉၇၉ မတိုင်မီက ကောင်းခဲ့ပါတယ်” ဆိုသည်ကိုထည့်စဉ်းစားဖို့လို လိမ့်မည်။

ဘာတေးလ်လစ်တ်နာ ရွေးချယ်သော လတ်တလော အကြောင်းရင်းများတွင် ၁၉၈၅ ခု ဗကပ တတိယအကြိမ်ကွန်ကရက်မှ ဆုံးဖြတ်လိုက်သော လုပ်ဟန်ပြုပြင်ရေးကိစ္စကို ထည့်သွင်းထားလေသည်။ သူ့စာအုပ် အခန်း (၃) တွင်–

“ထိုလုပ်ဟန်ပြုပြင်ရေးလှုပ်ရှားမှု စာတမ်းတွင် ဘိန်းဖြူ နှစ်ကီလိုအထက် လက်ဝယ်တွေ့ရှိသူကို သေဒဏ်ပေးဖို့ပင် ပါဝင်လေသည်။ ယင်းလှုပ်ရှားမှုကြောင့် စာမတတ်ပေမတတ် အောက်ခြေရဲဘော်များအပေါ် သက်ရောက်မှု မရှိလှသော်လည်း နယ်မြေအလိုက် စစ်ဘုရင်ဆန်ဆန် ပြုမူနေကြသော ဒေသခံတပ်မှူးများနှင့် ဗကပအကြား စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်စေခဲ့သည်” ဟု ရေးသားထားပါသည်။

‘ဝ’ အဖွဲ့ခွဲထွက်အပြီး မေလတွင် ပန်ဆန်းဂိုဒေါင်သစ်၌ ပြုလုပ်သော ဗကပနှင့် အကြိုတွေ့ဆုံဆွေးနွေးတုန်းက ‘ဝ’ ကိုယ်စားလှယ်အဖွဲ့ဝင် ဦးဒါရှိုးဂန် ပြောကြားသောစကားတွင်လည်း ထိုလုပ်ဟန်ပြုပြင်ရေးအကြောင်း ပါဝင်သည်ကို ထောက်လျှင် လတ်တလော မကျေမနပ်ဖြစ်စေသည့် အချက်တခုဟု သတ်မှတ်နိုင်လေသည်။ ၁၉၈၇ တွင် ထုတ်ပြန်သော လုပ်ဟန်ပြုပြင်ရေး ညွှန်ကြားချက်မှာ မှားယွင်းသည့် အတွေးအခေါ်နှင့် လုပ်ဟန်များကို မိမိကိုယ်ကိုဝေဖန်ရေးဖြင့် အစချီရန်ဖြစ်သည်။ ပါတီဝင် အဆင့်ဆင့်ကို သက်ဆိုင်ရာပါတီ ကော်မတီအဆင့်ဆင့်က ကြီးကြပ်၍ ထိုကော်မတီများကိုလည်း တဆင့်မြင့်သော

ကော်မတီအသီးသီးက ကြီးကြပ်ရမည် ဖြစ်သည်။ ထိုညွှန်ကြားချက်တွင် ဘိန်းဖြူနှစ်ကီလိုအထက် လက်ဝယ်တွေ့သူကို သေဒဏ်အပြစ်ပေးမည်ဟု မပါရှိ။ ပါတီအဖွဲ့အစည်း တခုသည် သူ့ပါတီဝင်ကို အပြင်းထန်ဆုံးအရေးယူနိုင်သည်မှာ ပါတီမှထုတ်ပယ်ပစ်ခြင်းသာ ဖြစ်သည်။ တရုတ်ပြည်တွင်းတွင်တော့ တရားဥပဒေအရ ဘိန်းဖြူမည်မျှ လက်ဝယ်တွေ့လျှင် သေဒဏ်ပေးမည်ဟု ပြဋ္ဌာန်းချက်များရှိပါသည်။ တရုတ်တရားဥပဒေနှင့် ဗကပ လုပ်ဟန်ပြုပြင်ရေး ရောထွေးသွားဟန် ရှိလေသည်။

လတ်တလော အကြောင်းရင်းများကိုရှာဖွေရာ၌ ဘာတေးလ်လစ်တ်နာသည် အဖြစ်နိုင်ဆုံး လတ်တလော အကြောင်းရင်းတခု ကျန်သွားခဲ့လေသည်။ ယင်းသည် ၁၉၈၈ ခု ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့် ဆက်နွယ်နေပါသည်။

၁၉၈၈ ခု စက်တင်ဘာ ၁၈ ရက် ဗိုလ်ချုပ်ကြီးစောမောင်၏ စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်တွင် စစ်တပ်မှ သပိတ်စခန်းများကို ရက်ရက်စက်စက် ဖြိုခွဲပြီး ဆန္ဒပြသူ သူ ၃၀၀၀ ကျော်ကို ပစ်သတ်လိုက်လေသည်။ ထိုအခါ ဆန္ဒပြမှုတွင်ပါဝင်သော ကျောင်းသားနှင့် အရပ်သားလူငယ်လူရွယ်များ သောင်းနှင့်ချီ၍ လက်နက်ကိုင် သူပုန်များရှိရာ တောင်ပေါ်ဒေသနယ်စပ် စခန်းအသီးသီးသို့ ထွက်ပြေး ရောက်ရှိလာခဲ့ကြသည်။ ထိုသို့ သွားရောက်ကြသူအများစုမှာ နယ်စပ်သူပုန် တို့ထံမှ စစ်ပညာများသင်ယူ၍ လက်နက်များထမ်းကာ မိမိတို့ မြေပြန့်ဒေသများတွင် စစ်တပ်ကို ပြန်လည်တိုက်ခိုက်ရန် ရည်ရွယ်ကြသူများဖြစ်သည်။ မြေပြန့်မှ ကျန်ရစ်နေသူများကလည်း နယ်စပ်သို့သွားသည်။ မိမိတို့ ရဲဘော်များ ပြန်ရောက်လာပါက အခြေခံစခန်းဖွင့်၍ လှုပ်ရှားရန် ပြင်ဆင်ခဲ့ကြလေသည်။

ထိုစဉ်က ထွက်ပေါ်နေသော သတင်းများကလည်း အားတက်စရာကောင်းလှသည်။ မြို့ကလာမည့် ကျောင်းသားများအတွက် ထိုင်းနယ်စပ်တွင် လက်နက် ဂိုဒေါင်အပြည့်စောင့်နေသည်၊ အမေရိကန်ကလည်း လက်နက်နှင့် စစ်ပစ္စည်းများ လှူဒါန်းရန်အသင့်ရှိသည်၊ အိန္ဒိယနယ်စပ်တွင်လည်း တပ်မဟာနှစ်ခုစာ လက်နက်တွေအသင့်ဖြစ်နေသည်၊ တချို့တဝက်မှာ ချင်းတွင်းမြစ်ဘေး၌ပင် ပို့ထားသည် စသည့်သတင်းတွေ အပြည့်ကြားရသည်။ ဗိုလ်ခင်ညွန့်၏ သတင်းစာရှင်းလင်းပွဲများတွင်လည်း ဤအကြောင်း ရိပ်ဖမ်းသံဖမ်း ထည့်ပြောပေးသည်။ လက်တွေ့တွင်မူ ကြားသိထားသောသတင်းနှင့် တက်တက်စင်အောင်ကွာလှသည်။ ယခုတလော ပြန်လည်ရေးသားကြသော ထိုင်းနယ်စပ်ပြန် ကျောင်းသားများ၏ စာအုပ်များကို ဖတ်ကြည့်စေလိုသည်။ ဟိုရောက်သွားသော





ကျောင်းသားများမှာ ဈေးတန်းထဲတွင် ဈေးသူဈေးသားများက လှူဒါန်းသောထမင်းကို စားကြရသည်။ စခန်းထူထောင်ကြ၊ စစ်ရေး လေ့ကျင့်ကြပုံကလည်း ချို့တဲ့လှသည်။ သစ်ဝါးဖြင့်ပြုလုပ်သော သေနတ်တုများဖြင့် လေ့ကျင့်ကြရသည်။ အမေရိကန်လွှတ်တော်အထိ အကူအညီ သွားတောင်းသူမှာလည်း လက်ဗလာဖြင့် ပြန်လာရသည်။ သို့ဖြင့် ရည်မှန်းချက် ပျက်ပြားကာ အိမ်သို့ပြန်လာသူ ထောင်ချီရှိလေသည်။

မာတင်စမစ်၏ 'တိုင်းရင်းသားလူမျိုးစု နိုင်ငံရေး' စာအုပ်ထဲတွင်တော့–

> သပိတ်စခန်းများဖြိုခွင်းခံရအပြီး တောထဲသို့ လူတသောင်းလောက်ရောက်သွားသည်။ ယင်းအနက် ၅၀၀၀ ခန့်မှာ KNU, ၂၀၀၀ ခန့်မှာ KIO, ၁၃၀၀ ခန့်မှာ NMSP သို့ ရောက်သွားပြီး၊ ဗကပ ထံ ရောက်လာသူမှာ ရာဂဏန်းမျှသာရှိသည်။'

ဟု ရေးသားပါသည်။ တနင်္သာရီတိုင်းတွင် တောခိုကြသူများကလည်း အရင်ဆုံး ဗကပထံ ရောက်ရှိသော်လည်း ဗကပနှင့် မပူးပေါင်းဘဲ KNU၊ ကရင်နီ၊ အိုဝ် အဖွဲ့များသို့ သွားရောက်ခဲ့ကြကြောင်း ရေးသားသည်။ သူ့စာအုပ်ထဲတွင် တောထဲရောက်သွားသော ကျောင်းသားလူငယ်များ မျှော်လင့်သလိုဖြစ်မလာပုံနှင့် အကွဲကွဲအပြားပြား ဖြစ်သွားပုံများကို ရေးမထားခဲ့ပေ။

ထိုသတင်းများစတင်ရရှိသည်နှင့် ပန်ဆန်းတွင် အရေးပေါ် နိုင်ငံရေး ဦးဆောင်အဖွဲ့ အစည်းအဝေးတခု လုပ်လေသည်။ မြို့ပေါ်မှနေ၍ စစ်သင်တန်းနှင့် လက်နက်များ ရယူလိုသူများအတွက် ဗကပမှ မည်သို့ထောက်ကူနိုင်မည်ကို ဆွေးနွေးကြခြင်း ဖြစ်သည်။ ဗကပမှနေ၍ ရှမ်းပြည်အစပ်သို့ဆင်းကာ ထိုကျောင်းသားများကို စစ်လေ့ကျင့်ပေးခြင်းပြုရန်နှင့် မြို့မှ အလွယ်တကူ လာယူနိုင်မည့် နေရာများအထိသွား၍ လက်နက်များသို လှောင်ပေးရန် သဘောတူခဲ့ကြသည်။ ရှစ်လေးလုံးအရေးတော်ပုံ တက်ကြွသူများအတွက် လက်နက်ငယ် တသောင်းလောက် တပ်ဆင်နိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

PB ဆုံးဖြတ်ချက်ကို ဆွေးနွေးရန် ပန်ဆန်းတွင် ဗဟိုကော်မတီ အရေးပေါ် အစည်းအဝေး ကျင်းပလေသည်။ ထိုအစည်းအဝေးတွင် ဗဟိုကော်မတီဝင် တဦး နှစ်ဦးမှလွဲ၍ အားလုံးက သဘောတူကြလေသည်။ ဗဟိုကော်မတီ တဦးကတော့ ဗကပတွင် ပြည်သူ့တပ်မတော် (PA) ရှိပြီးဖြစ်သဖြင့် ဒီမိုကရေစီကျောင်းသားတပ် ထပ်ဖွဲ့လျှင် အကျိုးထက် အဆိုးကပိုတတ်ကြောင်း ကချင်ပုံပြင်တခု ဥပမာပေး၍

ကန့်ကွက်ခဲ့သည်။ အရှေ့မြောက်ပိုင်း စစ်ဒေသတွင် လက်နက်များ ပြန့်ကျဲနေသဖြင့် ထိုအထဲမှ တချို့ကို ပြန်လည်စုစည်းပြီး မြို့ပေါ်မှ လာသူများကို တပ်ဆင်ခြင်းကို အချို့ ဗဟိုကော်မတီများက သဘောမတူသော်လည်း မကန့်ကွက်ကြချေ။ နှစ်ပေါင်း ၂၀ လောက် သွေးနှင့် ရင်းနှီးခဲ့သော ဤဒေသရှိ လက်နက်များကို သူတို့ပဲရသင့်သည်ဟု တွက်ခဲ့ကြလေသည်။ ယခုဤအထဲမှ တသောင်းလောက်ကို အခြားသူထံပေးတော့မည်။ ထို လက်နက်များ အပါခံ၍မဖြစ်ဟုလည်း ကြိတ်၍ တိုင်ပင်ကြလေသည်။ သို့ဖြင့် လက်နက် တသောင်းကိစ္စသည် 'ဝ' တပ်ဖွဲ့ပုန်ကန်ရန် လတ်တလော အကြောင်းရင်းတခု ဖြစ်လာခဲ့သည်။

နောက်ထပ် လတ်တလောအကြောင်းရင်းတခုလည်း ရှိပါသေးသည်။ ယင်းမှာ ၁၉၈၉ မတ်လ ၁၂ ရက် ကိုးကန့်အရေးအခင်းဖြစ်လေသည်။ ဖုန်ကျားရှင်၊ ဖုန်ကျားဖု ခေါင်းဆောင်သော ကိုးကန့်နှင့် 'ဝ'တပ်တချို့သည် ဗကပ မြောက်ပိုင်း ဗျူရိုဌာနချုပ် မုံးကိုးကို သိမ်းပိုက်၍ ဗကပများကို မောင်းထုတ်ခဲ့လေသည်။ မာတင်စမစ်၏ စာအုပ်ထဲတွင်–

> ၁၉၈၀ ခုနှစ်တွေကတည်းက ကိုးကန့်များခွဲထွက်လိုကြောင်း KIO တို့ သိရှိခဲ့သည်။ ထိုသို့ခွဲထွက်ရန် စောလွန်းသေးကြောင်း KIO မှ အကြံပေးခဲ့သည်ဟု ဆိုပါသည်။ ယခင် ကိုးကန့်ကာကွယ်ရေးခေါင်းဆောင် ဘိန်းဘုရင် လောစစ်ဟန်တလည်း ၁၉၈၀ ထောင်မှလွတ်လာကတည်းက ကိုးကန့်ကို စည်းရုံးနေလေသည်။ ဗကပ ဗဟိုမှ ထိုသတင်းများကို ရရှိသော်လည်း ခပ်ပေ့ါပေ့ါပင် သဘောထားခဲ့သည်ဟု ရေးသားထားပါသည်။

ကိုးကန့်အရေးအခင်း ပေါ်လာတော့ ပန်ဆန်းတွင် ဗဟိုကော်မတီအရေးပေါ် အစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် အမြင်နှစ်မျိုး ပေါ်ထွက်လာသည်။ ပထမအမြင်မှာ ကိုးကန့်နှင့် ညှိနှိုင်းစေ့စပ်ရင်း အောက်ပိုင်းသို့ ထွက်ခွာရန် စီစဉ်ထားသောတပ်များကို ဆက်လက် ထွက်ခွာနိုင်အောင် ပြုလုပ်ရေးဖြစ်ပြီး ဒုတိယအမြင်မှာ ကိုးကန့်ကို စစ်အင်အားသုံး၍ တိုက်ခိုက်ပစ်ရေး ဖြစ်လေသည်။ ထိုအမြင်နှစ်ခုကို အချိန်အတော်ကြာ ဆွေးနွေးခဲ့ကြပြီး နောက်ဆုံးတွင် မည်သည့်ဆုံးဖြတ်ချက်ကျသွားသည်ဟု မကြားရဘဲ 'ဝ' ခေါင်းဆောင် ကျောက်ညီလိုင်နှင့် ပေါက်ယိုချန်းတို့ မုံးကိုးသို့ ရုတ်တရက် ခရီးထွက်သွားသည်ဟုသာ သိကြရလေသည်။





ကိုးကန့်ကိစ္စ လိပ်ခဲတည်းလည်း ဖြစ်နေစဉ်အတွင်း 'ဝ' နယ်ရှိ တပ်မဟာအသီးသီးမှ သူတို့အားလုံး ဗဟိုနှင့်အတူရပ်တည်မည်။ ဗဟိုကို ဝိုင်းရံမည်ဟူသော ကြေးနန်းများ ဝင်ရောက်လာလေသည်။ ထိုကြေးနန်းများကြောင့်လည်းကောင်း၊ ကျောက်ညီလိုင်နှင့် ပေါက်ယိုချန်းတို့ မုံးကိုးတွင် ကိုးကန့်နှင့် ဆွေးနွေးနေပြီဆိုသည့် သတင်းများကြောင့်လည်းကောင်း စိတ်သက်သာရရနေစဉ် ဧပြီ ၁၇–ရက် 'ဝ' တပ်ဖွဲ့များပုန်ကန်မှု ဖြစ်ပေါ်လာခဲ့သည်။ ပုန်ကန်သော 'ဝ' ခေါင်းဆောင်တို့၏ ထုတ်ပြန်ချက်အရ ဗကပသည် ကိုးကန့်ကို စစ်အင်အားဖြင့်နှိမ်နင်းရန် မိမိတို့ကိုခိုင်းစေခဲ့ကြောင်း၊ မိမိတို့သည် လူမျိုးစုအချင်းချင်း မတိုက်ခိုက်လိုသဖြင့် ဗကပ ကို ပုန်ကန်ရခြင်းဖြစ်သည်ဟု ပြောကြလေသည်။ ထို့ကြောင့် ကိုးကန့်အရေးအခင်းကိုလည်း လတ်တလော အကြောင်းရင်းတွင် ထည့်နိုင်ပါသည်။

၁၉၈၉ ပုန်ကန်မှုသည် ၁၉၆၈ ခုနှစ်ရောက်မှ ပထမဆုံး ဆက်သွယ်မိကြသော တရုတ်နယ်စပ်လူမျိုးစု ပြောက်ကျားအဖွဲ့များနှင့် ဗကပ အကြား မမျှော်လင့်သော တွေ့ဆုံပူးပေါင်းခြင်းဖြစ်သလို အချိန်တန်၍ ကိုယ့်အကြောင်းနှင့်ကိုယ် လမ်းခွဲကြခြင်းလည်း ဖြစ်ပါသည်။ ဗကပ အတွက် ၁၉၄၈ ခု စတင်ပုန်ကန်ချိန်က ပဲခူးရိုးမအစပ်ဒေသ၊ တနင်္သာရီ၊ ရခိုင်ရိုးမနှင့် မြစ်ဝကျွန်းပေါ်ဒေသ စသည်တို့တွင် ကရင်၊ ရခိုင်၊ ရှမ်း၊ ချင်း စသည့် တိုင်းရင်းသားများအကြား လှည့်လည်ခဲ့ဖူးသော်လည်း တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်တို့လို ဒေသမျိုးနှင့် တခါမျှ မဆက်ဆံခဲ့ဖူးချေ။ ရောက်မည့် ရောက်တော့လည်း စီးပွားရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးမှုအလွန်နောက်ကျပြီး KMT နှင့် မူးယစ်ဆေးတို့ လွှမ်းမိုးရာ ဒေသကြီး ဖြစ်နေသည်။

တဖက်တွင် ၁၉၆၇ တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းများနောက်ပိုင်း ဗမာအစိုးရကို တရုတ်ဖက်မှ လက်တုံ့ပြန်ချင်နေပြီး ယဉ်ကျေးမှု တော်လှန်ရေးကြီး ဖြစ်ပေါ်နေချိန်၊ အရှေ့တောင်အာရှတွင် အမေရိကန် ကျောထောက်နောက်ခံဖြင့် တရုတ်ဆန့်ကျင်ရေးများ ဖြစ်ပေါ်နေချိန်တွင် ဗကပ များကို စစ်ရေး၊ နိုင်ငံရေး ပံ့အောကူညီဖို့ ဖြစ်လာခဲ့လေသည်။ သို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) မှ ကျောထောက်နောက်ခံပြုထားသော နယ်စပ်တိုင်းရင်းသား ပြောက်ကျားများနှင့် ဗကပ တို့ တွဲဖက်မိကြပြီး NEC ဆိုသည့် အရှေ့မြောက် အခြေခံဒေသကြီး အလျှင်အမြန် ပေါ်ထွက်လာခြင်းဖြစ်သည်။ 'ဝ' အသံလွှင့်ချက်တွင် ပါဝင်သော '၁၉၇၉ ခု မတိုင်မီက ကောင်းခဲ့ပါတယ်' ဟူသော

တက်ကြွတော်လှန်သော အခြေအနေတရပ် တကယ်ပင် ပေါ်ထွက်ခဲ့လေသည်။ ဗကပ၏ အကြီးဆုံးချို့ယွင်းချက်မှာ ထိုနယ်စွန်နယ်ဖျား ဒေသများမှ မြေပြန့်ဒေသ အခြေခံကောင်းများသို့ အချိန်လှ၍ ပြန်လာရမည့်အစား စစ်အစိုးရ၏ နယ်စပ်တလျှောက် ခြံခတ်ပိတ်ဆို့ခြင်းကို နှစ်ပေါင်း ၂၀ လောက်ခံနေခဲ့ကြခြင်း ဖြစ်လေသည်။ ဤချို့ယွင်းချက်မှာ ဆန္ဒပိုင်းရော ရုပ်ပိုင်းရော ပါဝင်နေလေရာ ထိုနှစ်ပိုင်းစလုံးကို သေချာသုံးသပ်၍ သင်ခန်းစာများထုတ်ယူနိုင်မှ သမိုင်းတာဝန် ကျေပြွန်လိမ့်မည်။

❒



# (၅) ၁၉၈၉ လွန် အခြေအနေ

လူဦးရေ နှစ်သောင်းမျှရှိသော ပန်ဆန်းမှာ စတုရန်းကီလိုမီတာ တသောင်းငါးထောင် ကျယ်ဝန်းသော ဗမာနိုင်ငံ အရှေ့မြောက်ဒေသ၏ တရားမဝင် မြို့တော်ဟုဆိုရပေမည်။ ဤဒေသကြီးကို ညီညွတ်သော 'ဝ'ပြည်နယ်တပ်မတော် UWSA က ထိန်းချုပ်ထားသည်။ ပန်ဆန်းကိုမိုးနေသော တောင်ကုန်းတခုပေါ်တွင် ကျဆုံးသွားသော ဗကပ ရဲဘော်များအတွက် အထိမ်းအမှတ် တနေရာရှိသည်။ ယခု ဤနေရာနှင့် ဘေးချင်းကပ်လျက်တွင် Golden Baby Disco ဆိုသော အဆောက်အအုံသစ်ကြီး ရောက်နေသည်။ အပေါ်ထပ်တွင် Night Club ဖွင့်ထားပြီး မှန်ချပ်များအပြည့်ကာထားသော အဆောက်အအုံဖြစ်သည်။ ယင်းနှင့် မျက်နှာချင်းဆိုင် မလှမ်းမကမ်းနေရာတွင် UWSA ပိုင်ဆိုင်သော "ယင်းယွမ် ဖျော်ဖြေရေး ကော်ပိုရေးရှင်းမှ ဖွင့်ထားသော Casino လောင်းကစားရုံကြီးရှိလေသည်။"

ပန်ဆန်းတွင် ရုပ်ရှင်ရုံတရုံ၊ နေ့ဈေးတဈေး၊ ကားပြိုင်ကွင်းတကွင်း၊ ရိုလာစကိတ်ကွင်းတကွင်း ရှိပါသေးသည်။ လမ်းပေါ်တွင် ကားသစ်များ မောင်းနှင်နေပြီး 'ဝ' ရဲတပ်ဖွဲ့မှ ပတ္တရောင်ယာဉ်များကိုလည်း မကြာခဏတွေ့ရသည်။ ဗမာအစိုးရ၏ အလံဆို၍ အစိုးရဆေးပေးခန်းတွင်သာ တွေ့ရသည်။ ကျန်ရုံး အဆောက်အအုံ အားလုံးတွင် UWSA တပ်အလံနှင့် အပြာအနီနောက်ခံတွင် ကြယ်တပွင့် နေတစင်းပါရှိသော လုံတံနှင့်ဓားလွှတ်ကို ကြက်ခြေခတ် ထည့်သွင်းထားသည်။ 'ဝ' ပြည်နယ်အလံများ တလူလူလွင့်နေလေသည်။ တရုတ်ပြည်ဖက်မှ UWSA ကိုလိုလားထောက်ခံနေပုံကိုလည်း အထင်အရှား တွေ့နေရသည်။ အထင်ရှားဆုံး သာဓကမှာ ၂၀၀၇ ခုနှစ် နိုဝင်ဘာတွင် အခမ်းအနားနှင့်ဖွင့်လှစ်လိုက်သော ကွန်ကရီဖြင့်

ပြုလုပ်သည့် နမ့်ခ တံတားသစ်ကြီးပင်ဖြစ်သည်။ တံတားကြီးဖွင့်ပြီးနောက်တွင် ယာဉ်အသွားအလာ ပြတ်သည်ဟူ၍မရှိ။ တရုတ်အရာရှိ၊ 'ဝ'အရာရှိများ သွားချည် ပြန်ချည်။

တရုတ် နှင့် 'ဝ' ဆက်ဆံရေးမှာ စင်းလုံးချောပြေပြစ်လှသည်တော့ မဟုတ်။ တရုတ်ပြည်ထဲသို့ မူးယစ်ဆေးဝါးတင်သွင်းမှု များပြားလွန်း၍ တရုတ်ဖက်မှ အမျက်သိုလျက်ရှိသည်။ ၁၉၈ဝ ခုများတုန်းက ဘိန်းဖြူကို တရုတ်များ မကြားဖူးသလောက် ရှိခဲ့သည်။ ၁၉၉၅ တွင် ဘိန်းဖြူ ၂.၃၇၆ တန် တရုတ်ပြည်ထဲတွင် ဖမ်းမိသည်။ ၁၉၉၆ တွင် ၄.၃၄၇ တန် ဖမ်းမိလာပြီး ၂ဝဝ၁ တွင်ကား ၁၃.၂ တန် အထိပင် အဖမ်းစံချိန်တင်သွားခဲ့သည်။ ယခုအခါ ဘိန်းဖြူသာမက 'မက်တာဖက်တမင်း' စိတ်ကြွဆေးတွေ အထိ ဖမ်းမိနေလေပြီ။

"သို့သော် မူးယစ်ဆေးကိစ္စမှာ တရုတ်တို့အတွက် ဒုတိယတန်းကိစ္စ၊ သာမညကိစ္စသာဖြစ်ပါသည်။ တရုတ်ပြည်တွင် ၁၉၄၉ ကွန်မြူနစ်များ အာဏာရလာပြီးကတည်းက မည်သည့် ခေါင်းဆောင်တက်တက် တရုတ်တို့၏ မဟာဗျူဟာဆိုင်ရာ ပထမတန်းကိစ္စသည် နိုင်ငံရေးနှင့် စီးပွားရေးကိစ္စသာ ဖြစ်ပါသည်။ ကွယ်လွန်သူ ဗကပ ဥက္ကဋ္ဌကြီး သခင်ဗသိန်းတင်သာ ယနေ့ပန်ဆန်းတွင် ဖြစ်ပျက်နေပုံများကို မြင်တွေ့ပြီး ယနေ့တရုတ်ပြည် လျောက်လှမ်းနေသော အရင်းရှင်လမ်းကြောင်းကို တွေ့ရှိမည်ဆိုပါက မြေကြီးထဲမှ ခုန်ထွက်လာကာ ဒေါသတွေ တန့်နုံ့ ဖြစ်ပေလိမ့်မည်"

ဟု ဘာတေးလ်လစ်တ်နာက သူ့စာအုပ် ဒုတိယအကြိမ်နိဒါန်းတွင် ဖော်ပြထားပါသည်။

၁၉၈၉ ဗကပမှ ခွဲထွက်ပြီးနောက်ပိုင်း ယခင်ပြည်သူ့တပ်မတော် PA မှ ဂိုဏ်းအုပ်စုကြီး ငါးခု ထွက်ပေါ်လာသည်ဟု မာတင်စမစ်က ရေးလေသည်။

(၁) MNDAA မြန်မာ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်။
ဖုန်ကျားရှင် ဦးဆောင်သော ကိုးကန့်နှင့် 'ဝ'အချို့ပါဝင်သော အင်အား ၂ဝဝဝ တပ်ဖွဲ့။

(၂) BDSP မြန်မာ ဒီမိုကရေစီ သွေးစည်းခိုင်မာရေးပါတီ – နောင်တွင် UWSA ညီညွတ်သော 'ဝ' ပြည်နယ်တပ်မတော်။ ကျောက်ညီလိုင်၊ ပေါက်ယိုချန်၊ ဇော်မိုင်၊ လီဇစ်ရှု ဦးဆောင်သော အင်အား ၁၂ဝဝဝ တပ်ဖွဲ့။

(၃) NSH နွံစစ်ဟန် ရဲရင့်သောစစ်သည်များ။





စိုင်းနွံပန်း၊ ခွန်မြင့် ဦးဆောင်သော ယခင် ၇၆၈ ရှမ်းတပ်မဟာ အင်အား ၁ဝဝဝ တပ်ဖွဲ့။

(၄) NDA ရှမ်းပြည် အရှေ့ပိုင်း အမျိုးသားဒီမိုကရေစီတပ်မတော်။
စိုင်းလင်း(ခေါ်) လီမင်ရှင်း ဦးဆောင်သော ယခင် ၈၁၅ အခါ – ရှမ်းအင်အား ၁၂ဝဝ တပ်ဖွဲ့။

(၅) NDA (K) ဒီမိုကရေစီသစ် တပ်မတော် (ကချင်)။
ဇခုံတိန့်ယင်းနှင့် လယောက်ဇယ်လွန်း ဦးဆောင်သော ပန်ဝါ ဒေသ၊ ယခင် ၁ဝ၁– အင်အား ၇ဝဝ တပ်ဖွဲ့။

တို့ ဖြစ်ကြသည်။

ခွဲထွက်ပြီးနောက်ပိုင်း ထိုအဖွဲ့ ငါးဖွဲ့သည် တသမတ်တည်းရပ်တည်ကြသည် မဟုတ်။ အထူးသဖြင့် အင်အားသေးငယ်သော အဖွဲ့များမှာ မတည်မငြိမ် အလွန်ဖြစ်ခဲ့ကြသည်။ တပ်ဖွဲ့တွင်း ဂိုဏ်းအုပ်စုတိုက်ပွဲ ပထမဆုံးထွက်ပေါ်သည်မှာ နွံစစ်ဟန် ရှမ်းအဖွဲ့ခေါ် ယခင် ၇၆၈ တပ်မဟာဖြစ်လေသည်။ ခွဲထွက်ပြီး တလမကြာမီမှာပင် လက်ထောက် တပ်မဟာမှူးဖြစ်သူ ရှမ်း–ဝလေကပြား စောခွန်ဆာခေါ် မိုက်ကယ်ဒေးဗစ် အရင်ဆုံး လုပ်ကြံခံရသည်။ စိုင်းနွံပန်းလည်း မကြာမီမှာ ကွယ်လွန်ပြန်သည်။ အလုပ်ကြံခံရသလိုလို မိမိကိုယ်ကို သေကြောင်းကြံသလိုလို သတင်းများထွက်လာသည်။ ထိုတပ်ကို မိုင်းလားရှိ လီမင်ရှင်းမှ လွှဲပြောင်းယူလေသည်။ သို့သော် သိပ်မကြာခင်မှာပင် ထိုတပ်ကို 'ဝ' အဖွဲ့က လွှဲပြောင်းရယူသွားသည်။

ဂိုဏ်းအုပ်စု ပဋိပက္ခများ ထွက်ပေါ်လာသည့် ဒုတိယတပ်ဖွဲ့မှာ MNDAA ကိုးကန့်အဖွဲ့ဖြစ်သည်။ ဖုန်ကျားရှင်သည် အစိုးရတပ်နှင့် ပူးပေါင်းကာ ကွတ်ခိုင်ဒေသ KIA ကို ထိုးစစ်ဆင်ရင်း အကျအဆုံးများပြားနေချိန်တွင် ကိုးကန့်ရှိ ယခင် စော်ဘွားမျိုးနွယ် ယန် မိသားစုမှ အာဏာသိမ်းလိုက်လေသည်။ ထိုအခါ ဖုန်မိသားစုမှာ ထွက်ပြေးရပြီးနောက်လိုက်များနှင့်အတူ အစိုးရ၏ လက်အောက်တွင် ခိုဝင်ကြသည်။ ကွတ်ခိုင်ဒေသရှိ ကိုးကန့်အဖွဲ့မှ တပ်များမှာ အကွဲကွဲဖြစ်ပြီး အချို့လည်း KIA ဘက်သို့ ရောက်ရှိသွားကြသည်။ ဖုန်မိသားစုသည် အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီးနောက် လောစစ်ဟန်၊ လောစစ်မင်းတို့နှင့်အတူ ကိုးကန့်များကို ဘိန်းဖြူနှင့် အရက်ချက်လုပ်ခွင့်များ အစိုးရမှပေးအပ်ခဲ့သဖြင့် ဘိန်းဖြူများကို လားရှိုး၊ မန္တလေး၊ ရန်ကုန်အထိ တံခါးမရှိ၊ ဓားမရှိ ပို့ဆောင်ကာ ချမ်းသာကုန်ကြသည်။

ထိုအခြေအနေမှာ သိပ်မကြာလှ။ ယန်မိသားစုက ကိုးကန့်တွင် အာဏာသိမ်းကြသည့်အခါ မုံးကိုး၊ ဖောင်းဆိုင်ဒေသရှိ ကချင်၊ ရှမ်း၊ ပလောင် နယ်ခံများကလည်း ကိုယ့်ဒေသကို ပြန်၍သိမ်းကြလေသည်။ ထိုအခြေအနေမှာလည်း သိပ်မကြာချေ။ ကိုးကန့်တွင် ဖုန်မိသားစုက ယန်မိသားစုထံမှ ထပ်ဆင့် အာဏာသိမ်းကြပြန်သည်။ မုံးကိုးတွင်မူ ဒေသခံ ကချင်၊ ရှမ်း၊ ပလောင် အဖွဲ့နှင့် လက်ကျန် 'ဝ' တပ်မဟာအကြား ပဋိပက္ခ ဖြစ်နေကြသည်။ နှစ်ဦးစလုံးမှ လားရှိုးထောက်လှမ်းရေးသို့ အပြိုင်အဆိုင်ဆက်သွယ်ပြီး တိုက်ခိုက်ဖို့ တာစူနေကြောင်း သတင်းပို့ကြသည်။ ထိုသို့ ဆက်သွယ်ပြီး မကြာခင်မှာ 'ဝ' တပ်မဟာ အာဏာသိမ်းလိုက်သည်။ ထိုအချိန်တွင် ရမခ တိုင်းဌာနချုပ်က နှစ်ဖက်စလုံးကို သီးခြားစီတွေ့ဆုံဖို့ ချိန်းဆိုလိုက်သည်။ ရမခ တပ်များက ဆွေးနွေးရန်လာသော 'ဝ' တပ်အင်အား ၁၀၀ ကျော်ကို တချီတည်းအပြတ်ရှင်းပစ်သလို ကချင်၊ ရှမ်းအဖွဲ့ခေါင်းဆောင်များကိုလည်း ဖမ်း၍ထောင်ချပစ်လိုက်သည်။ ထိုသို့ နှစ်ဖက်စလုံးကို ချေမှုန်းပြီးနောက် မုံးကိုးဒေသကို အစိုးရမှထိမ်းချုပ်လိုက်လေသည်။ ကိုးကန့်အကွဲအပြဲသည် ထိုမျှနှင့် ရပ်မနေသေး ၂၁ ရာစုတွင်းထိ သယ်ဆောင်လာကာ နောက်ဆုံးတွင် ဖုန်မိသားစုကို လက်အောက်ငယ်သားတဦးက တိုက်ခိုက်ပြီး ဒေသတခုလုံး အစိုးရ လက်အောက်ရောက်မှ နားအေးသွားတော့သည်။

အလားတူပင် NDA(K) ပန်ဝါ ဒေသတွင်လည်း ဂိုဏ်းအုပ်စုတိုက်ပွဲများ မကြာခဏဖြစ်ကြသည်။ ထိုဒေသမှာ KIO၊ အစိုးရ၊ တရုတ် သုံးပွင့်ဆိုင်အကြားတွင် ရှိနေသဖြင့် ပဋိပက္ခကလည်း ရှုပ်ထွေးသည်။ ယင်းအင်အားစုသည် ၁၉၉၀ ခုနှစ်များအလယ်လောက်အထိ ညီညီညွတ်ညွတ်ရှိသော်လည်း စီးပွားရေးအာဏာ၊ ဘဏ္ဍာရေးအာဏာများကို အဝေမတည့်ဖြစ်ရာမှ အုပ်စုနှစ်စု ပေါ်ထွက်လာသည်။ သို့ဖြင့် ဒုတိယခေါင်းဆောင် ဇယ်လွန်းဦးစီး၍ ပန်ဝါတွင် ဇခုံတိန့်ယင်း မရှိခိုက် အာဏာသိမ်းယူလိုက်သည်။ သို့သော် မကြာမီမှာပင် ဇခုံတိန့်ယင်းမှ အင်အားစု၍ အာဏာပြန်သိမ်းလေသည်။

KIA နှင့် အစိုးရကြား ၁၇ နှစ်ကြာ အပစ်အခတ် ရပ်စဲထားရာမှ တိုက်ပွဲများပြန်လည် ဖြစ်ပွားလာသောအခါ ပန်ဝါဒေသတွင်လည်း တိုက်ပွဲများ ပြန်ပေါ်လာပြန်သည်။ အာဏာသိမ်းမှုတွင် ရှုံးနိမ့်ခဲ့သောအင်အားစုက KIA နှင့်အတူ ပန်ဝါအနီးတပိုက်ကို တိုက်ခိုက်ကြပြန်သည်။ ဇခုံတိန့်ယင်းမှလည်း အစိုးရ၏ ရဟတ်ယာဉ်များနှင့် ခြေလျင်တပ်များအကူယူ၍ ပြန်လည်တိုက်ခိုက်လေသည်။





၂၀၀၈ အခြေခံဥပဒေကို ပြဋ္ဌာန်းလိုက်သည့်အခါ NDA(K) သည် အစောဆုံး နယ်ခြားစောင့်တပ် BGF ဖြစ်လာလေသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင်မူ ဇခုံတိန့်ယင်းသည် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ကျောထောက်နောက်ခံဖြင့် တသီးပုဂ္ဂလ လွှတ်တော်အမတ် ဖြစ်သွားလေသည်။

ဗကပမှ ခွဲထွက်အပြီး ယခင် ပြည်သူ့တပ်မတော် PA အင်အားစုများ၏ ကွဲကြပြဲကြပုံကို ကြည့်ရုံဖြင့် တိုင်းရင်းသားလူမျိုးစု အင်အားများ မည်မျှအထိ ချည့်နဲ့သွားသည်ကို ခန့်မှန်းနိုင်ပါသည်။ ဤအကွဲအပြဲပြဿနာမှာ ဗကပ တပ်ဖွဲ့ဝင်ဟောင်းများတင်မဟုတ်၊ အခြားသော တိုင်းရင်းသားလူမျိုးစု အဖွဲ့များတွင်လည်း မတိမ်းမယိမ်းဖြစ်နေသည်။ အနှစ် ၂၀ ကာလအတွင်း KNU အင်အားတချို့ ပဲ့ထွက်သလို KIA အင်အားတချို့လည်းပဲ့ထွက်သည်။ ရလလဖ ဆိုလျှင် နှစ်ခြမ်း သုံးခြမ်းဖြစ်ကုန်ပြီး အစိုးရထံ ခိုဝင်သူက ခိုဝင်သည်။ ပလောင်အဖွဲ့ကတော့ လုံးဝဖျက်သိမ်းလိုက်ရပြီး မကြာခင်ကမှ အသစ်ထပ်ဖွဲ့ကြရသည်။ ၁၉၈၉ နောက်ပိုင်း နှစ်ပေါင်း ၂၀ ကာလကို နိဂုံးချုပ်နိုင်လျှင် တိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးတွင် ဘာတွေလိုအပ်သည်၊ ဘာတွေ လုပ်သင့်သည်များကို လည်းကောင်း၊ ပြန့်ကျဲနေသော အင်အားကို မည်သည့် အခြေခံပေါ်မှ စုစည်းသင့်သည်များကိုလည်းကောင်း ရှာဖွေ လေ့လာနိုင်မည်ဟု ထင်ပါသည်။

❐

# (၆) အပြောင်းအလဲမြန်ပြီး အလွန်ရှုပ်ထွေးသော သူပုန်အုပ်စုမျိုးစုံအကြောင်း တစေ့တစောင်း

မာတင်စမစ်၏ 'တိုင်းရင်းသားလူမျိုးစု နိုင်ငံရေး' စာအုပ် အခန်း ၂၊ စာမျက်နှာ ၂၈ တွင် အောက်ပါအတိုင်းရေးသားထားပါသည်။

"၁၉၈၉ ဗကပအတွင်းပုန်ကန်မှုသည် ဗမာပြည် လွတ်လပ်ရေးရရှိအပြီး ၄၀ နှစ်အကြာနှင့် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းအပြီး ၂၇ နှစ်အကြာတွင် ဖြစ်ပွားခြင်း ဖြစ်ပြီး ထိုအချိန်အထိ သူပုန်မျိုးစုံ၏ ပုန်ကန်မှုမှာ လျော့ပါးခြင်းမရှိ၊ အရှိန်ကောင်းနေကြဆဲ ဖြစ်သည်။ ထိုကာလက အင်အားကြီးမားသော ဗကပ နှင့် KNU တို့တွင် ကျယ်ပြောသော လွတ်မြောက်ဒေသများ ကိုယ်စီရှိသလို မဟာမိတ်အင်အားစုအသီးသီး ရှိကြသည်။ ထိုကာလတွင် အင်အား ရှစ်ထောင် တသောင်းရှိသည့် အဖွဲ့ကြီးမှနေ၍ အင်အားသုံးလေးဆယ်မျှသာရှိသော အဖွဲ့ငယ်အထိ သူပုန်အဖွဲ့ပေါင်း ၂၅ ဖွဲ့လောက် အစိုးရကို ပုန်ကန်နေခဲ့ကြသည်။"

"ဗမာပြည်သည် လွတ်လပ်ရေးနှင့်အတူ သူပုန်ထမှုလည်း ယှဉ်တွဲလာခဲ့သည့် နိုင်ငံဖြစ်သည်။ သူပုန်များသည် နိုင်ငံရေး၊ လူမျိုးရေး မကျေနပ်မှု အမျိုးမျိုးဖြင့် ဗဟိုအစိုးရကို နှစ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြသည်။ ယုတ်စွအဆုံး လွတ်လပ်ပြီးစ ပထမဆုံးဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဦးနုနှင့် နိုင်ငံရေး ခေါင်းဆောင်များပင်လျှင် ၁၉၆၀ ခုများ နှောင်းပိုင်းတွင် အစိုးရကို လက်နက်ကိုင် ပုန်ကန်ခဲ့ဖူးလေသည်။ ချုပ်၍ ဆိုရလျှင် ဗမာပြည်လူမျိုးစု ဒေသအများစုတွင် သူပုန်အသီးသီးရှိနေခြင်းကို၌က ဒေသန္တရ ထူးခြားချက် ဖြစ်နေသလို





ရှိနေလေသည်။ လက်နက်ကိုင်တိုက်ပွဲမှာလည်း ဘဝ နေနည်းထိုင်နည်းတခု ဖြစ်နေလေတော့သည်။"

"ပန်းစကြာမှန်ပြောင်းထဲမှ ရောင်စုံမှန်စပန်းပွင့်များကဲ့သို့ အပြောင်းအလဲမြန်ပြီး အလွန်ရှုပ်ထွေးလှသော သူပုန်မျိုးစုံ အကြောင်းရှင်းပြရခြင်းလောက် လက်ပေါက်ကပ်သောကိစ္စ ရှိမည်မထင်ပါ။ ဗမာပြည်အကြောင်းလေ့လာ ရေးသားသူအများစုကြီးက သူပုန်ထခြင်းကို နှစ်မျိုး နှစ်စား ခွဲလေ့ရှိသည်။ ဗကပ အဓိကပါဝင်သော နိုင်ငံရေးအရသူပုန်နှင့် တိုင်းရင်းသားမျိုးစုံ၏ လူမျိုးရေးအရသူပုန်ဟူ၍ ခွဲခြားလေ့ရှိသည်။ ထိုသို့ ခွဲခြားခြင်းကို အဓိပ္ပာယ်ပို၍ ရှုပ်ထွေးစေသည့် ခွဲခြားခြင်းဟု ကျနော်မြင်သည်။ နှစ်ပေါင်း ၄၀ ကာလ လက်နက်ကိုင် ပဋိပက္ခကြီးထဲတွင် ထိုသူပုန်အမျိုးအစား နှစ်ခုမှာ တခုချင်းသီးခြားစီ ကွဲနေခြင်းမရှိပဲ ဆုံမှတ်အများအပြားတွင် အပြန်အလှန် ဆုံတွေ့နေကြသလို တချို့ အမှတ်စက်များ၌ အပြန်အလှန် ဖြတ်ကူးနေကြသည်ကို တွေ့နေရသောကြောင့် ဖြစ်ပါသည်။"

"ပထမအချက်ကို ထုတ်ပြရလျှင် တိုင်းရင်းသားလူမျိုးစု တပ်ပေါင်းစုအနေဖြင့် ခွဲထွက်ရေး ရည်ရွယ်ချက်ကို ချမှတ်ထားသော်လည်း လူမျိုးစု အဖွဲ့များအကြားတွင် နိုင်ငံရေးအရ ကွဲပြားမှု၊ အချေအတင် ငြင်းခုံမှုများ ရှိနေပြီး ကွန်မြူနစ်ဆန့်ကျင်သူနှင့် ကွန်မြူနစ်လိုလားသူ ဆိုပြီး နှစ်မျိုးကွဲနေတတ်လေသည်။ ကွန်မြူနစ်ကို မတိုက်သော လူမျိုးစုက ကွန်မြူနစ်နှင့် မဟာမိတ်ဖွဲ့လေ့ရှိသည်။ ဗကပ နှင့် မဟာမိတ်ဖွဲ့သော လူမျိုးစု တပ်ပေါင်းစုများမှာလည်း မော်စီတုန်း၏ တပ်ပေါင်းစု မဟာဗျူဟာများကိုပဲ ကျင့်သုံးကြသည်။ ယင်းတပ်ပေါင်းစုများသည် လက်ရှိတော်လှန်စိတ် အပြင်းထန်ဆုံးအုပ်စုများတွင် သော့ချက်နေရာတွင် ရှိကြလေသည်။ ထိုတပ်ပေါင်းစုမျိုး မအောင်မြင်လျှင်တော့ စစ်အင်အားတောင့်တင်း နေသည့်တိုင် ဗဟိုအစိုးရကို ဖြိုလှဲနိုင်ခြင်းမရှိဘဲ ရေရှည်လုပ်ကိုင်နိုင်စွမ်း ကျဆင်းသွားတတ်လေသည်။"

"ဒုတိယအချက်မှာ လူမျိုးစုခေါင်းဆောင်များမှ ဗကပအား မြန်မာ အမျိုးသားရေးဝါဒကို ပုံစံတမျိုးဖြင့် ကိုယ်စားပြုသူများအဖြစ် ယူဆနေကြခြင်း ဖြစ်သည်။ ရန်ကုန်တွင် မြန်မာအစိုးရတခု ဖြုတ်ချပြီးနောက် အစိုးရတက်လျှင်လည်း မြန်မာအစိုးရသာဖြစ်မည်ဟု ယူဆနေကြသည်။

ထိုအမြင်မှာ လူမျိုးရေးသက်သက် ရှုထောင့်ဖြစ်၍ ပြည့်စုံမှုမရှိပါ။ ဗကပကို ပြည်လုံးဆိုင်ရာ ရှုထောင့်ကိုယ်စားပြု လုပ်ကိုင်နေသည်များ တွေ့နေရသောကြောင့် ဖြစ်သည်။ ဗကပသည် ဝါရင့်တက်ကြွသော နိုင်ငံရေးပါတီဖြစ်ရုံသာမက ဗမာပြည်တွင်အုပ်စိုးခဲ့သော ဖဆပလနှင့် မဆလပါတီတို့ထက် တော်လှန်ရေးဆိုင်ရာ တရားဝင် အသိအမှတ်ပြုခံရသည့် ပါတီဖြစ်သည်။"

"၁၉၈၉ ခု ဗကပ တွင်းပုန်ကန်မှု ထွက်ပေါ်လာသောအခါ ဗမာ့အရေး လေ့လာသူတွေ ပိုင်းခြားကြသော နိုင်ငံရေးပုန်ကန်မှုနှင့် လူမျိုးရေးပုန်ကန်မှု ပြဿနာမှ ပို၍ ရှုပ်ထွေးလာတော့သည်။ ဗကပ အတွင်း မြန်မာလူမျိုး လွှမ်းမိုးသော ခေါင်းဆောင်ပိုင်းနှင့် 'ဝ' နှင့် 'အခါ' လွှမ်းမိုးသော အင်အား ၁၅၀၀၀ ပြည်သူ့တပ်မတော် PA တို့၏ ပဋိပက္ခမှာ အထွတ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။ ဗကပတွင်း ပုန်ကန်မှုများထွက်ပေါ်ပြီးနောက် အရှေ့မြောက်ဒေသတွင် ဗကပ မရှိတော့သည့်တိုင် ဗကပ၏ သူပုန်ထခြင်း လုပ်ငန်းကြီးကတော့ လူနည်းစု တိုင်းရင်းသားများ၏ တိုက်ပွဲနှင့် ခွဲမရအောင် တုပ်နှောင်ထားဆဲဖြစ်သည်။ ၁၉၉၀ ခု ရွေးကောက်ပွဲကြီးနောက်ပိုင်းတွင် NLD ပါတီမှ အရွေးခံ လွှတ်တော်အမတ်များ အရှေ့ဘက်တောင်တန်းရှိ NDF တပ်ပေါင်းစုထံသို့ တဖွဲဖွဲ ရောက်ရှိလာကြသောအခါ လူမျိုးရေး ပုန်ကန်မှု နှင့် နိုင်ငံရေးပုန်ကန်မှုဟူသည့် စက်ပိုင်းပတ်အသစ်တခု ထပ်မံ ထွက်ပေါ်လာလေသည်။"

ဟု ရေးသားထားလေသည်။

တိုင်းရင်းသားလူမျိုးစု သူပုန်ပေါင်းစုံအရေးကို ပန်းစကြာမှန်ပြောင်းထဲမှ ရောင်စုံမှန်စပန်းပွင့်တွေလို ကြိုက်သလို တွဲစပ်ပြီး အပြောင်းအလဲမြန်ဆန်လှသည်ဟု မာတင်စမစ် ပုံနှိုင်းပြောခဲ့ခြင်းမှာ အမှန်ပင်ဖြစ်ပါသည်။ ဤနေရာတွင် နိုင်ငံရေးသိပ္ပံပညာရှင် အင်ဒရူးဟေးဝုဒ်က Nationalism အမျိုးသားရေးဝါဒတွင် ဆန့်ကျင်ဖက်ဖြစ်နေသော အမြင် နှစ်မျိုးရှိကြောင်း ရှင်းပြခဲ့ဖူးသည်။ ယင်းတို့မှာ–

(၁) အမျိုးသားဆိုသည်မှာ ယဉ်ကျေးမှုဆိုင်ရာ လူအစုအဝေး အဝန်းအဝိုင်း ဖြစ်သည်။ ထို့ကြောင့် အမျိုးသားရေးဝါဒမှာ တိုင်းရင်းသား လူမျိုးအလိုက် နှောင်ဖွဲ့မှု သစ္စာရှိမှုများ၏ အခန်းကဏ္ဍသာ အရေးကြီးသည်။





(၂) အမျိုးသားဆိုသည်မှာ နိုင်ငံရေးဆိုင်ရာ လူအစု အဝေး အဝန်းအဝိုင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူပြည်သားတို့ စောင့်သိ ရှိသေထိုက်သည့် သစ္စာတရားများနှင့် ပြည်သူပြည်သားအကြား နှောင်ဖွဲ့မှုကို အဓိကထားရမည်။

ဤနေရာတွင် ပထမအမြင်တွင်ပါဝင်သော ethnic ခေါ် တိုင်းရင်းသား လူမျိုးစုနှင့် nation ဆိုသည်မှာ အမျိုးသားနိုင်ငံသဘောဆောင်ပြီး နိုင်ငံရေးအရ အမှီခိုကင်းမှု၊ နိုင်ငံတော်တရပ်အဖြစ် ရပ်တည်လိုမှု စသည်တို့ကို ရရှိရေးအတွက် နိုင်ငံရေးဆိုင်ရာ စုပေါင်းလိုအင်ဆန္ဒမျိုးရှိလေသည်။ ethnic လူမျိုးစုမှာမူ မိမိအဝန်းအဝိုင်း၏ အစဉ်အလာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဂုဏ်ယူစိတ် ထိန်းသိမ်းကာကွယ်လိုစိတ်များ အပြည့်အဝရှိသော်လည်း nation မှာကဲ့သို့ နိုင်ငံရေးဆိုင်ရာ စုပေါင်းလိုအင်ဆန္ဒရည်မှန်းချက် မရှိချေ... ဟု ထိုပညာရှင်ကြီးက ရှင်းပြခဲ့လေသည်။

ထို့ကြောင့် စီးပွားရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ပုံ တပြေးညီတည်းမရှိသော ဗမာနိုင်ငံ တိုင်းရင်းသားလူမျိုးများ အကြားတွင် အထက်ပါ အမျိုးသားဝါဒ အမြင်အမျိုးမျိုး ရောယှက်နေပြီး ethnic group ပိုဆန်လေလေ တပြည်လုံးအရေးကို ဦးစားမပေးလေလေ ဖြစ်နေလေတော့သည်။

ပန်းစကြာမှန်ပြောင်းထဲမှ ပန်းပွင့်များကဲ့သို့ အပြောင်းအလဲမြန်သော တွဲစပ်ပုံမျိုးစုံကို မာတင်စမစ်က ရှမ်းပြည်နယ်ရှိ ရှမ်းလူမျိုးစု သူပုန်များဖြင့် ဥပမာပေးခဲ့သည်။ ရှမ်းလူမျိုးများ၏ မကျေနပ်ချက်ကို ပင်လုံစာချုပ်ကာလမှ စတင် ခြေရာကောက်နိုင်သလို ၁၉၄၉ ခု ကရင်သူပုန်များ တောင်ကြီးမြို့ကို သိမ်းပိုက်စဉ် ရှမ်းစော်ဘွားများ၏ လှုပ်ရှားမှုများမှလည်း စတင်ခြေရာကောက်နိုင်ပါသည်။ ၁၉၅၉ ခု ရှမ်းစော်ဘွားများ အာဏာစွန့်ခြင်းနှင့် ၁၉၆၁ ခုနှစ် တောင်ကြီးမြို့ ဖက်ဒရယ် လှုပ်ရှားမှုကြီးများနှင့်လည်း ဆက်စပ်မြစ်ဖျားခံနိုင်ပါသည်။

၁၉၅၈ ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမှ စတင်လိုက်သော NSH နုံစစ်ဟန် (ရဲရင့်သော လူငယ်များအဖွဲ့) ပေါ်ထွက်လာခဲ့သည်မှာပင် နှစ်ပေါင်း ၅၅ နှစ်ရှိလေပြီ။ ထိုကာလအတွင်း ရှမ်းလူမျိုးစု သူပုန်အဖွဲ့ပေါင်းစုံမှာ မျက်စိလည်စရာပင် ကောင်းလှသည်။ NSH အဖွဲ့၏ ပထမဆုံးပွဲဦးထွက်တိုက်ပွဲမှာ ပုံပါကျင် တိုက်ပွဲဖြစ်သည်။ တက္ကသိုလ်ရောက် ရှမ်းကျောင်းသားများဖြင့် စတင်ခဲ့သော NSH မှာ ရှမ်းတော်လှန်ရေးစတင်ပြီး နှစ်နှစ်လောက်အတွင်း ထောက်ခံသူများပြားသဖြင့်

အင်အား ၂၀၀၀ လောက်အထိရှိလာခဲ့သည်။ ထိုသို့ အရှိန်ကောင်းနေစဉ်မှာ NSH မှ အဖွဲ့သုံးဖွဲ့ကွဲထွက်ခဲ့သည်။ ပထမအဖွဲ့မှာ လက်ရှိခေါင်းဆောင် စိုင်းနွဲ့၏ အဖွဲ့ဖြစ်သည်။ ဒုတိယအဖွဲ့မှာ စိုင်းနွဲ့အပေါ် အယုံအကြည်မရှိ၍ ခွဲထွက်သော တက္ကသိုလ်ကျောင်းသား အများစုပါဝင်သော အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့သည် SSIA ခေါ် ရှမ်းပြည်လွတ်လပ်ရေး တပ်မတော် သို့မဟုတ် "လွတ်လျောက်ဆောက် အဖွဲ့" ထူထောင်ပြီး ထိုင်းနယ်စပ်မှနေ၍ ရှမ်းပြည်မြောက်ပိုင်းသို့ ပြောင်းရွှေ့ အခြေစိုက်လေသည်။ တတိယအဖွဲ့မှာ ပူကျယ်ပန်ခေါင်းဆောင်သော SNA ဖြစ်ပြီး စိုင်းနွဲ့ထံခွင့်ပန်ပြီး ကျိုင်းတုံအရှေ့ပိုင်းသို့ ရွှေ့ပြောင်းသည့် အုပ်စုဖြစ်လေသည်။

၁၉၆၄ ခုတွင်တော့ SSIA လွတ်လျောက်ဆောက် အဖွဲ့သည် SSA "တတ်စစ်စင်တိုင်း" ရှမ်းပြည်တပ်မတော်အဖြစ် အမည်ပြောင်းပြီး ၁၉၇၁ ခုနှစ် ထိုတပ်ကို နိုင်ငံရေးအရ ဦးဆောင်မှုပေးရန် SSPP ရှမ်းပြည်တိုးတက်ရေးပါတီကို ထူထောင်လိုက်လေသည်။ ထိုအချိန်တွင် SSA တွင် တပ်မဟာလေးခုစာအင်အား ရှိနေလေပြီ။ SSA သည် ၁၉၆၈ ခု ကတည်းကပင် အနောက်နိုင်ငံ၏ ဘက်တော်သား အဖြစ်လည်းကောင်း ကွန်မြူနစ်ဆန့်ကျင်ရေးအဖြစ် လည်းကောင်း မူဝါဒကို စွဲကိုင်လာခဲ့သည်။ "မော်စီတုန်းသည် တရုတ်နယ်စပ်တလျှောက်ရှိ လူမျိုးစုများကို ဝါးမျိုကျွန်ပြုဖို့ ကြိုးစားလျက်ရှိသည်။ မကြာမီ ဤဒေသထဲတွင် တရုတ်နှင့် ဗကပကတဖက်၊ နေဝင်းတော်လှန်ရေးကောင်စီကတဖက် ပဋိပက္ခကြီး ပေါ်ထွက်လာတော့မည်" ဟု SSA ပြန်တမ်းတခု ထွက်ပေါ်လာသည်။ ၁၉၇၃ ခုတွင် ခွန်ကြာနုခေါင်းဆောင်သော SSA က ထိုင်းအစိုးရထံ ပန်ကြားလွှာတစောင်ကို ပေးပို့လေသည်။ ထိုပန်ကြားလွှာတွင် ရှမ်းပြည်အတွင်း ဗကပ၏အင်အား တနေ့တခြား ကြီးမားလာသဖြင့် အစိုးရနှင့် SSA အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ အမြန်ဆုံးပြုလုပ်ရန် ထိုင်းဝန်ကြီးချုပ်မှ ဗိုလ်ချုပ်ကြီး နေဝင်းကို တိုက်တွန်းပေးပါရန် ခွန်ကြာနုက ပန်ကြားထားလေသည်။

ရှမ်းပြည်တွင် နွံစစ်ဟန်ထက်စောသော အခြားရှမ်းလက်နက်ကိုင် အဖွဲ့တခု ရှိသေးသည်။ ယင်းမှာ မိုးဟိန်းခေါ် ကုန်းကျွန်းခေါင်းဆောင်သော SURA ရှမ်းပြည် ညီညွတ်သော တော်လှန်ရေးတပ်မတော်ဖြစ်သည်။ မိုးဟိန်း၏ တော်လှန်ရေးခရီးမှာ အကွေ့အကောက်များလှသည်။ ဗုဒ္ဓဘာသာကို အလွန်ကိုင်းရှိုင်းသော မိုးဟိန်းသည် ၁၉၅၉ ကတည်းက ရှမ်းပြည် အလယ်ပိုင်းကို တက်လာသော ဗကပကိုသဘောကျပြီး ကွန်မြူနစ် လုပ်လေသည်။ နောက်တော့ ကွန်မြူနစ်များ၏ မြေယာတော်လှန်ရေးကို





သဘောမကျသဖြင့် ရှမ်းပြည် ကွန်မြူနစ်ပါတီဆိုပြီး သီးခြားထူထောင်သည်။ ၁၉၅၈ ခု လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေးကာလမှာတော့ သူ့တပ်ဖွဲ့ဝင် ၄၀၀ နှင့်အတူ သီပေါတွင် လက်နက်ချသည်။ နွံစစ်ဟန်အဖွဲ့ပေါ်လာတော့ တောပြန်ခိုကာ နွံစစ်ဟန်ထဲ ဝင်ပြန်သည်။ ထိုင်းနယ်စပ်တွင် တနှစ်ကျော်နေထိုင်ရာမှ လဲချားဒေသသို့ ပြန်လာကာ ခွန်ကြာနုနှင့်အတူတွဲ၍ SNUF ရှမ်းအမျိုးသားတပ်ပေါင်းစုကို ထူထောင်ကြသည်။ ၁၉၆၄ ခုနှစ်တွင် ရှမ်းပညာတတ်လူငယ်များနှင့် လမ်းခွဲလိုက်ပြီး SURA ထူထောင်၍ KMT ဗိုလ်ချုပ် လီဝင်ဟွမ်၏ CIA ကျောထောက်နောက်ခံ ထောက်လှမ်းရေးအဖွဲ့နှင့် လက်တွဲလိုက်လေသည်။

SURA မိုးဟိန်းသည် ကွန်မြူနစ်ဆန့်ကျင်ရေးကို အပြင်းထန်ဆုံးပြုလုပ်သူ ဖြစ်လာသည်။ SSA ကိုပင် မကြာခဏ တိုက်ခိုက်နေခဲ့သည်။ ထိုင်းနယ်စပ် မှောင်ခိုမြို့ကလေးဖြစ်သည့် ပိန်းလွှမ်းသည် သူ့နိဗ္ဗာန်ဘုံ ဖြစ်သည်။ ထိုနိဗ္ဗာန် ဘုံတွင် နောက်ထပ်ဗိုလ်ချုပ်လီ၏တပ်သားများ ရောက်လာတော့ပို၍ စည်ကားသွားသည်။ ဗိုလ်ချုပ်လီသည် မူလက ထိုင်းနိုင်ငံဘက်တွင် ပေါ်ပေါ်ထင်ထင် အခြေစိုက်ခဲ့သော်လည်း ထိုင်းဖက်မှ လက်မခံတော့သဖြင့် ပိန်းလွှမ်းသို့ ရောက်လာခြင်းဖြစ်သည်။ ထိုင်းဖက်ခြမ်းရှိ ထိုင်းကွန်မြူနစ်တပ် များနှင့်လည်း မကြာခဏတိုက်နေရသဖြင့် ရွှေ့ပြောင်းလာရခြင်းဖြစ်သည်။ ထိုကာလ ထိုင်းသတင်းစာများက "SURA, KMT, Thai Army တို့ သုံးဦးသည် မကြေညာဘဲ အတူပေါင်းသင်းနေထိုင်သော အကြင်လင်မယားများဖြစ်ကြသည်" ဟုပင် ရေးသားကြလေသည်။

ရှမ်းပြည်နယ်တွင်းရှိ နောက်ထပ်လက်နက်ကိုင် အဖွဲ့မှာ SUA ခေါ် ခွန်ဆာ၏ လွယ်မော် အဖွဲ့ဖြစ်လေသည်။ ခွန်ဆာ၏လွယ်မော်အဖွဲ့သည် စစ်အစိုးရမှ ဗကပကိုတိုက်ရာတွင် အသုံးပြုခဲ့ပြီး ၁၉၆၇ တွင် ကာကွယ်ရေးအဖွဲ့များကို ဖျက်သိမ်းလိုက်သည်။ ထိုသို့ ဖျက်သိမ်းလိုက်သဖြင့် ထိုင်းနယ်စပ်သို့ ပြောင်းရွှေ့ကာ SUA အဖြစ်ဖွဲ့ကာ နာမည်ကျော်ဘိန်းစစ်ပွဲကြီးကို ဆင်နွှဲလေတော့သည်။ ထိုအဖွဲ့သည် ကွန်မြူနစ်ဆန့်ကျင်ရာတွင် မိုးဟိန်းထက်ပင် ပြင်းထန်လေသည်။ SUA ၏ မူလအမည်မှာ ASUA ဖြစ်သည်။ အဓိပ္ပာယ်မှာ ဆိုရှယ်လစ်ဆန့်ကျင်ရေး ညီညွတ်သော တပ်မတော်ဖြစ်သည်။ အစိုးရကာကွယ်ရေးခေါင်းဆောင် နှစ်ကြိမ်လုပ်ခဲ့ဖူးပြီး တကြိမ် အဖမ်းဆီးခံရကာ ရုပ်ရှင်ဆန်ဆန် ဓားစာခံလဲလှယ်ပြီး လွတ်မြောက်လာသော ခွန်ဆာကို ကွက်ကျော်မြင်သူ၊ အခွင့်ကောင်းအမိအရ အသုံးပြုရဲသူအဖြစ် နာမည်ကျော်ပါသည်။

မိုးဟိန်းခေါ် ကုန်းကျန်းသည် ၁၉၈၄ တွင် သူနှင့် ၁၅ နှစ်ကြာ မဟာမိတ်ပြုခဲ့သော KMT နှင့် လမ်းခွဲလေသည်။ KMT မှာလည်း ထိုင်းအစိုးရမှ ဖိအားပေါင်းစုံ အပေးခံနေရချိန်ဖြစ်ပြီး ခွန်ဆာနှင့်လည်း မပြတ်တိုက်နေရသည်။ မိုးဟိန်းသည် SSPP မှ ခွဲထွက်လာသော အုပ်စုတစုကို ဦးဆောင်၍ TRC ထိုင်းလင်း တော်လှန်ရေးကောင်စီကို ထူထောင်လိုက်သည်။ ထိုအချိန်တွင် ခွန်ဆာသည် ရပခတိုင်းမှူး ဗိုလ်မှူးချုပ်အေးစံနှင့် တွေ့ဆုံဆွေးနွေးပြီး ထိုင်းနယ်စပ်တလျှောက် အစိုးရ၏ စစ်ဆင်ရေးကို လက်သိပ်ထိုး ထောက်ခံလိုက်လေသည်။ ယင်းစစ်ဆင်ရေးကြောင့် ခွန်ဆာ၏ SUA သည် ဝိန်းလွှမ်းတပိုက်ကို ရရှိသွားသည်။ ခြေလွတ်လက်လွတ်ဖြစ်သွားသော မိုးဟိန်း၏ TRC သည် SUA နှင့် ပူးပေါင်းလိုက်လေသည်။ ခွန်ဆာသည် TRC-SUA ပူးပေါင်းအဖွဲ့တွင် မိုးဟိန်းကို သမ္မတအဖြစ်တင်မြှောက်ထားသော်လည်း တကယ့် အာဏာကိုမူ သူလက်ထဲ၌သာ ထားရှိခဲ့သည်။ ခွန်ဆာ၏ မုံ့ထိုင်းမှာ ကြာလေ အင်အားကြီးထွားလေဖြစ်လာသည်။

မုံ့ထိုင်းတပ်၏ ဘိန်းလုပ်ငန်းသည် အရှေ့တောင်အာရှ၌သာမက ကမ္ဘာမှာလည်း နာမည်ပျက်လှသည်။ ရှမ်းပြည်မှထွက်သော ဘိန်းပမာဏ၏ သုံးပုံနှစ်ပုံ၊ သို့မဟုတ် ဘိန်းတန်ချိန်တထောင်ကျော်ကို မုံ့ထိုင်းတပ်မှ ဖြန့်ချိနေခြင်းဖြစ်သည်။ ဘိန်းမှရရှိသော ဝင်ငွေက အဆမတန်များပြားလှသဖြင့် ခွန်ဆာ၏ SUA မှာ ခေတ်မီလက်နက် အတောင့်တင်းဆုံးတပ်ဖြစ်လာသည်။ SAM လေယာဉ်ပစ်လောင်ချာများကိုပင် တပ်ဆင်ထားနိုင်လေသည်။ ခွန်ဆာ၏ ကွန်မြူနစ်ဆန့်ကျင်ရေး စိတ်ဓာတ်မည်မျှအထိ ပြင်းထန်သနည်းဆိုလျှင် SSPP ရှမ်းအဖွဲ့ကိုပင် ကွန်မြူနစ်တွေဟု စွပ်စွဲနေခဲ့သည်။ သူ့ရုံးခန်းထဲတွင် ထိုင်းဘုရင်နှင့် မိဖုရားဓာတ်ပုံကြီးများကို တခမ်းတနားချိတ်ဆွဲထားပြီး လူဦးရေ ရှစ်သန်းရှိသော ရှမ်းလူမျိုးသည် ဗမာပြည်မှခွဲထွက်ပြီး ညီနောင်တော်စပ်သော ထိုင်းများနှင့် ပူးပေါင်းရမည်ဟု တဖွဖွဟောပြောနေလေ့ရှိသည်။ နောက်ဆုံးတွင် အားလုံးသိကြသည့်အတိုင်း ဗမာစစ်အစိုးရထံ လက်နက်ချ ပူးပေါင်းလိုက်သည်။

ဤနေရာတွင် SSPP အကြောင်းကို ဆက်မရေးတော့ဘဲ ဗကပနှင့် ဆက်ဆံရာတွင် SSPP နှင့်အတူ KNUP ဒေါန အဖွဲ့လည်းပါဝင်နေသဖြင့် ယင်းဒေါနအဖွဲ့ အကြောင်းကို အရင်ဆုံးရေးသားလိုပါသည်။ မာတင်စမစ်၏ စာအုပ်ထဲတွင်တော့ နိုင်ငံရေးရော လူမျိုးရေးရော ထူးခြားလှသည်။ ဒေါန ကရင်ကိုယ်စားလှယ်အဖွဲ့အကြောင်း စာမျက်နှာ ငါးမျက်နှာကျော်





ထည့်သွင်းထားလေသည်။ ဗကပ များ၏ NEC အရှေ့မြောက်ပိုင်းသို့ ပထမဆုံး ရောက်ရှိသွားသော ကရင်အဖွဲ့ဟု ဆိုရပါမည်။

ဗမာ့သမိုင်းတွင် လွတ်လပ်ရေးမရခင်ကတည်းက ကရင်အမျိုးသား အစည်းအရုံး KNU သည် သီးခြားကရင်ပြည်နယ်ကို အစဉ်တစိုက် တောင်းဆိုလာသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး ၁၉၄၇ အခြေခံဥပဒေကို လုံးဝလက်ခံခြင်း မရှိကြပေ။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်လည်း KNU သည် ဝန်ကြီးချုပ် ဦးနုထံ စာရေး၍ ကရင်ပြည်နယ် တောင်းဆိုခြင်းမျိုးမှနေပြီး လူထုသိန်းချီ ပါဝင်သော ဆန္ဒပြပွဲကြီးတွေ ပြုလုပ်၍လည်း ကရင်ပြည်နယ်ရရှိရေးများ တောင်းဆိုနေကြဆဲ ဖြစ်ပါသည်။ ဖဆပလအစိုးရက တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းသဖြင့် သွားရောက်တွေ့ဆုံတော့လည်း ကွဲလွဲမှုမှာ ပို၍ကြီးထွားလာခဲ့သည်။ ဗကပ၊ ပြည်သူ့ရဲဘော် (PVO) စသည်တို့ လက်နက်ကိုင် ပုန်ကန်ကြသောအခါ ဝန်ကြီးချုပ်ဦးနုက ကချင်နှင့် ကရင်စစ်တပ်များကို စေလွှတ်နှိမ်နင်းစေသဖြင့် ကရင်မြန်မာ လူမျိုးရေးတင်းမာမှုများ ပို၍ကြီးထွားလာခဲ့သည်။ မြစ်ဝကျွန်းပေါ်တွင် ကရင်ရွာများ၊ ကရင်ရပ်ကွက်များကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် KNDO များ လက်နက်စုဆောင်းခြင်း တပ်ဆပ်ခြင်းများ ပြုလာကြသည်ကိုလည်း ဦးနုမှ သဘောတူ ခွင့်ပြုထားခဲ့သည်။

KNDO များ၏ ပုန်ကန်မှုမှာ ဗကပ ကဲ့သို့ တနေ့တည်း တပြိုင်တည်း မဟုတ်၊ ဟိုနေရာနည်းနည်း၊ ဒီနေရာနည်းနည်းစတင်ရင်း ပုန်ကန်မှုကြီး ဖြစ်သွားခြင်းဖြစ်သည်။ ပထမတော့ မိမိတို့ကရင်လူမျိုးများကို ကာကွယ်ဖို့ မြို့ရွာတချို့ကို KNDO မှ သိမ်းပိုက်ကြသည်။ နောက်တော့ စစ်ဦးစီးချုပ်တွေ၊ စစ်ဗိုလ်တွေ ပေါ်လာသည်။ မန်းဘဇံက စစ်ဦးချုပ်၊ မြစ်ဝကျွန်းပေါ်ဇုန်၌ စောဟန်တာသာမွေး၊ အရှေ့ပိုင်းဇုန်တွင် စောစံကေး စသဖြင့် တာဝန်ခွဲဝေ ကြသည်။ ဦးနုအစိုးရက KNDO များ လက်နက်ကိုင်လာကြသည်ကို ခွင့်ပြုရုံမက ဗကပများသိမ်းပိုက်ထားသော တွံတေးတူးမြောင်းကိုပင် KNDO များကို အကူအညီတောင်း၍ သိမ်းယူနိုင်ခဲ့လေသည်။ ထိုအတူ ဗကပ၏ အခြေခံနယ်မြေဖြစ်သော ပျဉ်းမနားတပိုက်ကို တိုက်ခိုက်ရသည်မှာ ကရင် သနက (၁) တပ်ရင်းနှင့် ကချင် သနက (၁) တပ်ရင်းများဖြစ်ကြသည်။ ထိုတပ်များက ဗကပ စခန်းများကို ဒလကြမ်းတိုက်ခိုက်ရုံမက ရွာများကို မီးတင်ရှို့ပြီး ရက်ရက်စက်စက် အမှုန့်ခြေခဲ့ကြသည်။

၁၉၄၉ ဇန်နဝါရီလတွင်တော့ KNDO များသည် တောင်ငူနှင့် အင်းစိန်မြို့များကို တဆင့်တိုးသိမ်းပိုက်လိုက်လေသည်။ ကာကွယ်ရေးဦးစီးချုပ် ကရင်အမျိုးသား စမစ်ဒွန်းကို ဖြုတ်လိုက်ကြပြီး ကရင်တပ်ရင်း၊ ကချင်တပ်ရင်းများလည်း KNDO နှင့်ပူးပေါင်းလိုက်ကြသည်။ အင်းစိန်ကို ၁၁၂ ရက်ကြာ သိမ်းထားချိန်သည် ရန်ကုန်အစိုးရကို အနီးကပ်ဆုံးနေရာမှ ကာလကြာရှည်စွာ ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် မြို့ငယ်မြို့လတ် အများအပြားမှလည်း သူပုန်မျိုးစုံမှ သိမ်းပိုက်ထားသဖြင့် ဦးနုအစိုးရမှာ ရန်သူဝိုင်းဝိုင်းလည်နေခဲ့သည်။ သို့သော် အင်းစိန်တိုက်ပွဲ နောက်ပိုင်း တနှစ်လောက်အကြာတွင် သူပုန်များ မြို့အသီးသီးမှ ဆုတ်ခွာ၍ ကျေးလက်နှင့် ရိုးမတောင်များသို့ ရောက်ကုန်ကြလေသည်။

၁၉၅၃ ဇန်နဝါရီလတွင် ဝါးခယ်မမြို့နယ် ပရိုက်သောင်တန်းကျေးရွာအနီး၌ KNU ကွန်ဖရင့်ကို ပြုလုပ်ကြသည်။ ထိုကွန်ဖရင့်ကို ဝိန့်ထောင်ကွန်ဖရင့်ဟုလည်း ခေါ်သည်။ ယခင်နှစ်က တပြည်လုံးရှိ မိမိအင်အားများကို ပြန်လည်ဖွဲ့စည်းထားသော KNU သည် ဝိန့်ထောင် ကွန်ဖရင့်တွင် ကရင်တော်လှန်ရေး ဒုတိယလမ်းစဉ်ကို ချမှတ်ကြသည်။ ဒုတိယလမ်းစဉ်ကို အကောင်အထည်ဖော်မည့် ပါတီ၊ တပ်၊ တပ်ပေါင်းစုကိုလည်း ထူထောင်ခဲ့ကြသည်။ ယင်းတပ်ပေါင်းစုသည် မဒညတ ဟူသော အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု ဖြစ်ပြီးတော့တွင်း လက်ဝဲအင်အားစုများဖြင့် ၁၉၅၉ ခုတွင် တရားဝင်ဖွဲ့စည်းနိုင်ခဲ့လေသည်။ ဤဒုတိယ လမ်းစဉ်ကို စစ်တောင်းမြစ် အရှေ့ဖက်နှင့် သံလွင်မြစ်ဝှမ်းဒေသ၊ တနည်းအားဖြင့် အရှေ့ကော်သူးလေဇုန်မြေရှိ KNDO များက လက်မခံကြဘဲ ကိုယ့်နယ်မြေနှင့်ကိုယ် သီးခြားလမ်းစဉ်များဖြင့် ရပ်တည်လာခဲ့လေသည်။ KNUP ကတော့ ဒုတိယလမ်းစဉ်အတိုင်း မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမများတွင် ၁၉၆၀၊ ၁၉၇၀ ခုများအထိ ဆက်လက်ရပ်တည်ရင်း အစိုးရ၏ ဖြတ်လေးဖြတ် စစ်ဆင်ရေးကြောင့် အခြေခံဒေသများ တစတစ လျော့ပါးလာလေသည်။

၁၉၇၁ နှစ်ကုန်ပိုင်း တွင် KNUP မှ ဒေါ်န အဖွဲ့ကို ရှမ်းပြည် အရှေ့မြောက်သို့ စေလွှတ်သည်။ KNUP နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် စကောလယ်တော ခေါင်းဆောင်သော ကိုယ်စားလှယ် ၃၇ ဦးပါ ဒေါ်နအဖွဲ့သည် တောင်ငူအရှေ့ခြမ်းမှ စတင်ထွက်ခွာပြီး ရှမ်းပြည်ကို ဖြတ်သန်းကြရာ နှစ်နှစ်နီးပါး အကြာမှ ဗကပဌာနချုပ်ပန်ဆန်းသို့ ရောက်လေသည်။ ဒေါ်နအဖွဲ့နှင့်အတူ SSPP





ဗဟိုကော်မတီဝင် ဆေထင်ခေါင်းဆောင်သော ရှမ်းကိုယ်စားလှယ်အဖွဲ့တဖွဲ့လည်း လိုက်ပါလာသည်။ ပန်ဆန်းတွင် ဗကပနှင့် KNUP-SSPP ကိုယ်စားလှယ်များ အချိန်အတော်ကြာဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးပြီးနောက် ဗကပမှ သင်တန်းများစီစဉ်ပေးမည်ဟု ကမ်းလှမ်းသောအခါ နိုင်ငံရေးသင်တန်းမှလွဲ၍ စစ်ရေးသင်တန်း၊ ဆေးပညာသင်တန်းများကို တက်ရောက်ခဲ့ကြသည်။

မာတင်စမစ် စာအုပ် စာမျက်နှာ ၃၂၇ တွင် ဒေါ်နအဖွဲ့၏ အခြေအနေ တချို့ကို အောက်ပါအတိုင်းရေးသားထားသည်။

"ထိုအဖွဲ့သည် မကြာခင်မှာပင် မူလရည်မှန်းချက်ဖြစ်သော တရုတ်ပြည်သို့သွား၍ တရုတ်ပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရေးအစီအစဉ် အကောင်အထည်ပေါ်လာလေသည်။ စကောလယ်တော၏ ပြန်ပြောင်းပြောပြချက်အရ ဒေါ်နအဖွဲ့ကို CPC ဥက္ကဋ္ဌ မော်စီတုန်းနှင့် ဗဟိုကော်မတီများက လက်ခံတွေ့ဆုံမည်ဟု မျှော်လင့်ထားသော်လည်း ထိုအတိုင်းဖြစ်မလာခဲ့"

ဟုဆိုပါသည်။

သူတို့ကိုယ်စားလှယ်အဖွဲ့ကို မဲခေါင်မြစ်ဘေးရှိ စီးမောင်ဆိုသော တိုင်းမြို့ကြီးတမြို့သို့ ခေါ်သွားကာ တိုင်းကော်မတီ ခုနစ်ဦးနှင့် တွေ့ဆုံစေလေသည်။ ထိုကော်မတီ၏ ခေါင်းဆောင်မှာ တရုတ်တော်လှန်ရေးကာလ ခရီးရှည်ချီတက်ပွဲတွင် ပါဝင်ခဲ့ဖူးသော ဝါရင့်တပ်နီဟောင်း ဗိုလ်မှူးကြီးခွမ်းဖြစ်လေသည်။

စီးမောင် တိုင်းကော်မတီ၏ ဆွေးနွေးပုံမှာ ညင်သာသည်၊ ပျော့ပြောင်းမှုရှိသည်။ သူတို့ကြုံတွေ့ခဲ့ရသော စစ်ရေးနိုင်ငံရေးအတွေ့အကြုံများကို ပြန်ပြောပြပြီး ကရင်နှင့် ရှမ်းကိုယ်စားလှယ်များအား ထိုအတွေ့အကြုံများမှာ နှိုင်းယှဉ်စဉ်းစားဖို့သာ ဖြစ်ကြောင်း၊ ပုံတူကူးဖို့မဟုတ်ကြောင်း၊ မိမိအတွက် အသုံးတည့်မှသာ အသုံးပြုရန် ဖြစ်ကြောင်းများကို စကားပလ္လင်ခံပြီး အချိန်အတော်ကြာ ရှင်းလင်းပြောပြကြခြင်း ဖြစ်သည်။ တရုတ်ဖက်နှင့် ကရင်ရှမ်းကိုယ်စားလှယ်အဖွဲ့ အကြား အများဆုံးဆွေးနွေးရသည့် ပြဿနာမှာ ဗကပကို ဗမာပြည်၏ တခုတည်းသော စစ်မှန်သည့် အလုပ်သမားပါတီ ဟုတ်မဟုတ်ဆိုသည့် ခေါင်းစဉ် ဖြစ်လေသည်။ တရုတ်များကတော့ နိုင်ငံတခုတည်းတွင် အလုပ်သမားပါတီ နှစ်ခုရှိခြင်းအားဖြင့် ကောင်းကျိုးထက် ဆိုးကျိုးပိုဖြစ်စေကြောင်း၊ ခင်ဗျားတို့ (KNUP နှင့် SSPP) အနေနဲ့

တိုးတက်သောပါတီ၊ မာ့က်စ်၊ လီနင် လေ့လာသောပါတီအဖြစ် ခံယူမည်ဆိုက ခံယူနိုင်ကြောင်း နားချခဲ့ကြလေသည်။

CPC တရုတ်ပါတီ၏ အတွေ့အကြုံတွေကလည်း ရှပ်ထွေးတွေ့ကောက် လှသည်။ တရုတ်တော်လှန်ရေးလက်တွေ့ အတွေ့အကြုံအရ တော်လှန်ရေးတရပ်တွင် အလုပ်သမားလူတန်းစားပါတီ၏ ခေါင်းဆောင်မှု မရှိလျှင် မအောင်မြင်နိုင်ဟူသောအသိကို မည်သို့ရရှိလာကြောင်း ရှည်ရှည်ဝေးဝေး ရှင်းပြကြမည်။ ချုပ်လိုက်လျှင် CPC သည် ဗမာပြည်တွင် တခုတည်းသော အလုပ်သမားပါတီအဖြစ် ဗကပ CPB ကိုသာလျှင် တရားဝင် အသိအမှတ်ပြုထားသည်။ ယခု ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် လိုအပ်သော အကူအညီများရှိပါက ဗကပမှတဆင့် တောင်းခံနိုင်သည်ဟု အတိအလင်း ပြောပြလေသည်။ ဆွေးနွေးပွဲပြီးသောအခါ သူတို့ ကိုယ်စားလှယ်များကို ယူနန်ပြည်နယ် ရှမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဖြစ်သော "စစ်ဆောင်ပါနာ့" ဒေသကို လှည့်လည်ပြသကြသလို ခွန်မင်းမြို့ တိုင်းရင်းသား တက္ကသိုလ်ကြီးကိုလည်း ခေါ်သွားခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့သည် တရုတ်ပြည်ရှိ တိုင်းရင်းသားလူမျိုးစုများ ဘဝအခြေအနေ တိုးတက်မြင့်မားနေပုံများကိုတော့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေသည်။

ဗကပ၏ ထိုကာလ တိုင်းရင်းသားရေးရာမူဝါဒမှာ တရုတ် CPC ၏ အတွေ့အကြုံများကို အခြေပြုထားခဲ့ကြောင်း ထင်ရှားနေလေသည်။ ဆွေးနွေးပွဲထဲတွင် ကရင်လူမျိုးများအနေဖြင့် ကရင်ကိစ္စ ကွက်ကွက်ကလေးကို မကြည့်ဘဲ တနိုင်ငံလုံးအရေးကိုစဉ်းစားရန် ထပ်တလဲလဲ တိုက်တွန်းခဲ့ကြသည်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး PDR အောင်မြင်မှသာ မိမိတို့လိုချင်သော နိုင်ငံတော်ပုံသဏ္ဍာန်ကို ဆွေးနွေးသတ်မှတ်သင့်သည်ဟုလည်း ရှင်းပြကြသည်။ တဖက်တွင် ဗကပ ခေါင်းဆောင်များသည် တရုတ်များ ကျင့်သုံးသော လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံကို သဘောကျနေကြလေသည်။

ဒေါ်နအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော စကောလယ်တောကတော့ ဗကပကို ဗမာပြည်၏ တခုတည်းသော ပစ္စည်းမဲ့ပါတီအဖြစ် အသိအမှတ်မပြုသလို တော်လှန်ရေးတွင် ဗကပက ခေါင်းဆောင်ရမည်ဆိုသည်ကိုလည်း လက်မခံချေ။ ထို့ကြောင့် KNUP ဆင်နွှဲနေသည်မှာ ဗကပပြောသော PDR မဟုတ်၊ အမျိုးသားဒီမိုကရေစီတော်လှန်ရေး NDR ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုတခုစီအတွင်း လူတန်းစားအမြင်ဖြင့် ဗကပမှ ချဉ်းကပ်ခြင်းကို လက်မခံနိုင်ချေ။





ဤနေရာတွင် ဗကပ၏ national အဓိပ္ပာယ်ဖွင့်ပုံနှင့် စကောလယ်တော်၏ national အဓိပ္ပာယ်ဖွင့်ပုံ တူသလိုနှင့် ကွာခြားနေသည်ကို သတိပြုသင့်သည်။ national မှာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးဟု ယူဆနိုင်သလို မိမိအမျိုးသား မိမိလူမျိုးအရေးဟုလည်း အဓိပ္ပာယ် ကောက်ယူ၍ရလေသည်။ ထို့ကြောင့် ဗကပတို့၏ national democratic တော်လှန်ရေးသည် နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ်ဆန့်ကျင်ရေး ဖြစ်သဖြင့် တိုင်းရင်းသားအဖွဲ့များ၏ ကောက်ယူပုံနှင့် ကွဲလွဲလေသည်။

စကောလယ်တော၏ ပြောကြားချက်အရ သူပဲခူးရိုးမတွင်ရှိနေစဉ် ၁၉၇၁ နှစ်ဆန်းပိုင်း၌ KNUP နှင့် ဗကပခေါင်းဆောင်များပါဝင်သော မဒညတ တပ်ပေါင်းစု အစည်းအဝေးတခု ပြုလုပ်ခဲ့သည်။ ထိုကာလတုန်းက ဗကပဥက္ကဋ္ဌ သခင်ဇင်သည် PDR ဟု မသုံးနှုန်းဘဲ NDR ဟု သုံးနှုန်းခဲ့သည်။ ထို့ပြင် ဘုံရန်သူ စစ်အာဏာရှင် နေဝင်းအစိုးရ ဖြုတ်ချသည်။ NDR အောင်မြင်လျှင် တန်းတူမှုကို အခြေခံ၍ ပြည်ထောင်စုသစ်တခု ထူထောင်မည်။ ထိုပြည်ထောင်စုသစ်သည် တရုတ်နှင့်လည်းမတူ ရုရှနှင့်လည်းမတူကြောင်း ပြောကြားခဲ့လေသည်။ ထိုအစည်းအဝေးတွင် သခင်ဇင်က မဒညတ သဘောတူညီချက် သုံးချက်ကိုလည်း လက်ခံခဲ့လေသည်။ ယင်းတို့မှာ–

(၁) မြန်မာလူမျိုးသည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်းစသည့် အခြားပြည်ထောင်စုသားများနည်းတူ ပြည်နယ်တခုသာ ဖြစ်ရမည်၊
(၂) ဗမာ့ဆိုရှယ်လစ်သမ္မတ ပြည်ထောင်စုသစ်ကို တိုင်းရင်းသားများ၏ ဆန္ဒအလျောက် ပါဝင်သော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။
(၃) ပြည်ထောင်စုသစ်တွင် ဗဟိုပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများဆိုသည့် အစိုးရနှစ်မျိုးရှိရမည်၊ တို့ဖြစ်လေသည်။

စကောလယ်တော၏ အဆိုအရ ပန်ဆန်းမှ ဗကပ ခေါင်းဆောင်တို့သည် သခင်ဇင်၏ သဘောထားကို လက်မခံဘဲ တရုတ်ပုံစံ လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများကိုသာ လက်ခံကြသည်ဟု သိရသည်။

တိုတိုဆိုရသော် ဒေါ်နအဖွဲ့၏ ခရီးစဉ်မှာ မအောင်မြင်ဟုဆိုရမည်။ ဗကပ နှင့် KNUP အကြား သဘောတရားရေးရာ ငြင်းခုံခြင်းသာ အဖတ်တင်ကျန်ရစ်သည်။ တော်လှန်ရေးလက်နက်ကိုင် အဖွဲ့နှစ်ခုအကြား လက်တွဲတိုက်ပွဲဝင်ခြင်းမျိုး ပေါ်ထွက်ရမည့်အစား စကားများရန်ပွားခြင်းသာ အဖတ်တင်လေသည်။

လက်တွေ့ဘဝတွင်မူ ဤနှစ်ဖွဲ့ ငြင်းခုံနေကြစဉ်အတွင်း ပဲခူးရိုးမနှင့် မြစ်ဝကျွန်းပေါ်တို့တွင် အစိုးရတပ်မှ အင်အားအလုံးအရင်းဖြင့် ဖြတ်လေးဖြတ်စစ်ဆင်ရေးတွေ လုပ်နေလေသည်။ စကောလယ်တော၏ ဒေါနမှ အဖွဲ့သည် ၁၉၇၁ နှစ်ကုန်တွင် တောင်ငူအရှေ့ခြမ်းမှ စတင်ထွက်ခွာသွားပြီး ၁၉၇၅ နှစ်လယ်တွင် တောင်ငူကို စီးမိုးမြင်နေရသော တောင်တန်းပေါ်သို့ ပြန်ရောက်လာသည်။ ပဲခူးရိုးမမှာ သူထွက်သွားစဉ်ကာလနှင့် မတူတော့၊ ရန်သူ့လက်သို့ လုံးဝကျရောက်သွားပြီ။ ဗကပ ဥက္ကဋ္ဌသခင်ဇင်နှင့် သခင်ချစ်လည်း ပဲခူးရိုးမတွင် ကျဆုံးသွားကြပြီ။ KNUP ခေါင်းဆောင်ကြီးတချို့လည်း ကျဆုံးသွားကြပြီ။ ကျန် KNUP များမှာလည်း သံလွင်မြစ်ဝှမ်း ကော်သူးလေ အရှေ့ခြမ်း KNU အခြေခံစခန်းများသို့ သွားရောက်ကာ စောဘိုမြ၏ စည်းကမ်းသတ်မှတ်ချက်နှင့် ကြပ်မတ်မှုများအောက် ရောက်ရှိသွားကြလေသည်။

ဒေါနအဖွဲ့၏ အပြန်ခရီးမှာလည်း တကွေ့တပတ်ကြီးဖြစ်သည်။ ရှမ်းနယ်မြေ ပအို့ဝ်နယ်မြေ ကရင်နီနယ်မြေများကို ဖြတ်သန်းရင်း ရှမ်းအဖွဲ့အစည်းပေါင်းစုံ၊ ပအို့ဝ် အဖွဲ့အစည်းပေါင်းစုံ၊ ကရင်နီ အဖွဲ့အစည်းပေါင်းစုံနှင့် တွေ့ဆုံဆွေးနွေးခဲ့ရသည်။ သူရှင်းပြချက်ကြောင့် ကျန်တိုင်းရင်းသား အဖွဲ့အစည်း အများအပြားသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စွဲစွဲမြဲမြဲ တောင်းဆိုလာကြသည်ဟု ဆိုပါသည်။ စကောလယ်တော ကိုယ်တိုင်က မာ့က်စ်ဝါဒကျမ်းများကို ကျေညက်ခဲ့သူဖြစ်သဖြင့် ကွန်မြူနစ်တို့၏ ခြေလှမ်းများကိုလည်း သတိပေးနိုင်ခဲ့သည် ဟုဆိုသည်။ "အခု ဗကပလုပ်နေတဲ့နည်းလမ်းကတော့ မော်စီတုန်းရဲ့ 'တိုးတက်သူကို သိမ်းသွင်း၊ အလယ်အလတ်ကို ကြားထား၊ ခေါင်းမာတဲ့သူကိုတိုက်' ဆိုတဲ့ နည်းလမ်းပဲ။ ဗကပတွေက ဒီနည်းဗျူဟာကို တိုင်းရင်းသားလူမျိုးစုတွေအပေါ် ကျင့်သုံးနေတယ်" ဟုပြောပြလေသည်။

ဗကပများကတော့ လီနင်၏ အမျိုးသားရေးမူ နှစ်ခုကို သူတို့ ဘယ်တော့မှ လက်မလွှတ်ဟု ဆိုကြလေသည်။ လီနင်၏ မူ နှစ်ခုမှာ (၁) အမျိုးသားတန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးမူ (နောင်အခါ ခွဲထွက်ခွင့်ကိုလည်း ထည့်ခဲ့သည်)။ (၂) အမျိုးသားချင်းသွေးစည်းညီညွတ်မှုကို ပျက်ပြားစေသည့် ဓနရှင်လူမျိုးရေးဝါဒကို အစဉ်တစိုက် ဆန့်ကျင်သည့်မူ တို့ဖြစ်လေသည်။ ထို့ကြောင့် နံပတ် (၁) မူအရ တိုင်းရင်းသားအသီးသီး၏ စစ်အစိုးရဆန့်ကျင့်ရေး လက်နက်ကိုင်တိုက်ပွဲများကို အစွမ်းကုန် ကူညီအားပေးသည်။ ယင်းမှာ မည်သူကိုမဆို အားပေးခြင်းဖြစ်ပြီး





နိုင်ငံရေးအရ ကွဲပြားသည့် အဖွဲ့အစည်းများကိုပင်လျှင် စစ်အစိုးရကို ဆန့်ကျင်နေသ၍ ကူညီအားပေးခဲ့သည်။ ထိုအဖွဲ့အစည်းများမှ တပြည်လုံးအရေး ပါဝင်လက်တွဲပြီး ဘုံရန်သူကိုဆန့်ကျင်သည့် တပ်ပေါင်းစုဖွဲ့လာလျှင်တော့ အကောင်းဆုံးဖြစ်သည်။ နံပတ် (၂) မူအရ တိုင်းပြည် အစိပ်စိပ်အမွှာမွှာပြိုကွဲအောင် လုပ်ခြင်းကို ဆန့်ကျင်သည်။ မြန်မာလူမျိုးကြီးဝါဒအပါအဝင် ကျဉ်းမြောင်းသော ဓနရှင်လူမျိုးရေးအမြင်များကို ဆန့်ကျင်လေသည်။ ဤအချက်ကို နားမလည်သော စကောလယ်တောကမူ ဗကပသည် လူမျိုးစုများကို ဖြိုခွဲ၍ ကိုယ့်ဘက်ပါအောင် စည်းရုံးနေသည်ဟု စွပ်စွဲခဲ့လေသည်။

ယခု SSPP အကြောင်းပြန်ဆက်ပါမည်။ ဒေါနအဖွဲ့နှင့် အတူလိုက်ပါလာသော SSPP အဖွဲ့သည် အပြန်ခရီးတွင် AK 47 မောင်းပြန်သေနတ်အသစ်များသာမက လောင်ချာများ၊ စိန်ပြောင်းများ၊ နောက်ပွင့် ရိုင်ဖယ်များကို သယ်နိုင်သမျှ သယ်လာသည်။ မြေမြှုပ်ဗုံးများ၊ လက်ပစ်ဗုံးများအပြင် ကျည်ဆန်လည်း သုံးသောင်းလောက် ပါလာသည်။ ၁၉၇၄ မေလတွင်တော့ ထိုအဖွဲ့ ပန်ဆန်းသို့ ပြန်ရောက်လာသည်။ ယခုအခေါက်တွင်လည်း ဆေထင်ပဲ ခေါင်းဆောင်လာသည်။ ပန်ဆန်းတွင် တစ်နှစ်ခွဲကြာမျှ နေထိုင်သွားလေသည်။ ပြန်ခါနီးတွင် ဗကပ နှင့် SSPP သဘောတူစာချုပ်တခု ချုပ်ဆိုခဲ့ကြသည်။ စစ်ရေးအရ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ဖြစ်သည်။ ဤစာချုပ်သည် ပန်ဟုန်းစခန်းတွင် ကျန်ခဲ့သော ဥက္ကဋ္ဌခွန်ကြာနုက ပန်ဆန်းသို့ ဆေထင် မသွားခင်ကတည်းက အပြင်းအထန် ကန့်ကွက်သည့်ကြားမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုစဉ်က ဒုဥက္ကဋ္ဌ ချောင်စန်းညောင်ရွှေ၏ ရှမ်းကိုယ်စားလှယ်အဖွဲ့သည် KNU နှင့် NDF ဖွဲ့စည်းရေးအတွက် မိုင် ၃၀၀ ကျော်ဝေးသော တောင်ပိုင်းဒေသတွင် ရောက်ရှိနေလေသည်။ ထိုစာချုပ် ထွက်ပေါ်လာခြင်းမှာ SSPP ၏ ပကတိအနေအထားနှင့် တိုက်ရိုက် သက်ဆိုင်လျက်ရှိသည်။ SSPP ဌာနချုပ်သည် သူတို့ အဓိကအားကိုးချင်သော NDF တောင်ပိုင်းနှင့် မိုင် ၃၀၀ လောက်ဝေးသော်လည်း ဗကပ၏ပန်ဆန်းမှာ သူတို့နှင့်အလွန်နီးသည်။ ဗကပသည် သူတို့ကို လက်နက်ခဲယမ်းထောက်ပံ့နေသလို ဗကပအခြေခံဒေသသည် SSPP ၏ အနားယူစရာနေရာ၊ ထိုးစစ်ရှောင်ရာနေရာ၊ မိသားစုများ လုံခြုံစွာ နေထိုင်စရာနေရာဖြစ်နေသည်။ ဗကပ နှင့် မဆက်ဆံချင်၍မဖြစ်။

၁၉၇၅ တွင် SSPP သည် ထိုင်းနယ်စပ်ကို ပြန်လည်ခြေကုပ်ယူဖို့ ပြင်ဆင်ခဲ့သည်။ ထိုဒေသရှိ ကိုးကန့် ကာကွယ်ရေးအဖွဲ့ ဟောင်အဖွဲ့ များ၏ ခြေကုပ်စခန်းများကိုသိမ်းယူပြီး ဘိန်းရောင်းဝယ်မှုများတွင် ပါဝင်ပတ်သက်လာကြသည်။ နောက်ဆက်တွဲအဖြစ် ဘဏ္ဍာရေး အရှုပ်အရှင်းများဖြစ်ပေါ်လာပြီး ပါတီတွင်းမကျေနပ်မှုတွေ ပေါ်လာကြသည်။ ၁၉၇၆ ခု SSPP ဗဟိုကော်မတီ အစည်းအဝေးတွင် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ နှစ်ဦးစလုံးကို ရာထူးမှဖယ်ရှားပြီး စိုင်းအောင်မြင့် (ခွန်အုန်းဘောင်)၊ စိုင်းလွှင်မောင်းနှင့် ဆေထင်တို့ ခေါင်းဆောင်များ ဖြစ်လာကြသည်။ သို့ဖြင့် ဗကပနှင့် SSPP အကြား စစ်ရေးသဘောတူညီချက်အဆင့်မှ နိုင်ငံရေးသဘောတူညီမှုများ အဆင့်ထိ တက်လှမ်းလာကြသည်။ ၁၉၇၇ ခုနှစ်တွင် ဗကပ ပြည်သူ့အသံမှနေ၍ ဗကပ နှင့် SSPP တပ်ပေါင်းစုဖွဲ့စည်းကြောင်း ကြေညာချက်ထုတ်လွှင့်လေသည်။ ထိုကြေညာချက်တွင် SSPP ကို မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် လမ်းညွှန်မှုကို ခံယူသောပါတီ၊ တော်လှန်သော အမျိုးသားရေးပါတီအဖြစ် ခေါ်ဝေါ်လိုက်ပြီး ဗကပနှင့်အတူ ကွန်မြူနစ်လောကအထိ ချီတက်မည်ဟုလည်း ကြေညာထားလေသည်။

ထိုတပ်ပေါင်းစုဖွဲ့စည်းကြောင်း ကြေညာချက်ကြောင့် မူလကတည်းက ဘဏ္ဍာရေး ပြဿနာ၊ ရာထူးတာဝန် ပြဿနာများ ရှိနေသည့် SSPP ပါတီတွင်းတွင် ကျန်ခေါင်းဆောင်များနှင့် အငြင်းပွားမှုများ ပေါ်ထွက်လာလေသည်။ အထူးသဖြင့် တောင်ပိုင်းတွင်ကျန်နေသော ခေါင်းဆောင်များက ဤစာချုပ်ကို လက်မခံကြ။ ထိုအတောအတွင်း စစ်ရေးတိုက်ပွဲများကလည်း ပြင်းထန်နေသည်။ မြောက်ပိုင်းတွင်ရှိသော SSPP ယာယီဥက္ကဋ္ဌ စိုင်းအောင်မြင့်မှာ သီပေါ အနောက်ဘက် မိုင်သုံးဆယ်အကွာ တိုက်ပွဲတပွဲတွင် ကျဆုံးသွားလေသည်။ ထိုနှစ်ထဲမှာပင် စစ်ဦးစီးချုပ် စိုင်းလွှင်မောင်းနှင့် လက်ထောက် ဗိုလ်ပန်းအောင်တို့သည် မြောက်ပိုင်းမှာ မနေတော့ဘဲ ထိုင်းနယ်စပ်သို့ အင်အား ၇၀၀ ဖြင့် ပြောင်းရွှေ့လာကြကာ အနောက်နိုင်ငံများနှင့် ဆက်ဆံရေး ဂိတ်ပေါက်သစ်တခု ဖွင့်ရန်ကြိုးပမ်းကြလေသည်။

၁၉၈၁ ခုနှစ်အတွင်း ထိုင်းနယ်စပ် မိုင်းမယ်အနီးတွင် SSPP ဒုတိယကွန်ဂရက်ကို နှစ်လကြာ ကျင်းပကြလေသည်။ ထိုကွန်ဂရက်မှ နေ၍ SSPP နှင့် ဗကပ၏ ၁၉၇၅ စစ်ရေး သဘောတူညီချက်ကို ပယ်ဖျက်လိုက်ပြီး NDF နှင့်ပို၍ ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေသည်။ SSPP လမ်းစဉ်ကိုလည်း အမျိုးသားဒီမိုကရေစီ





တော်လှန်ရေးလမ်းစဉ်ဟု ပြောင်းလဲလိုက်သလို ဗဟိုကော်မတီသစ်ကိုလည်း ရွေးကောက်လိုက်လေသည်။ ထိုကွန်ဂရက်ပြီးသောအခါ မြောက်ပိုင်းကို အခြေပြုကြသော SSPP ခေါင်းဆောင်များဖြစ်သည့် နော်မိန်း၊ စိုင်းလိတ်နှင့် စစ်ဦးစီးချုပ်အသစ် စဝ်ဆေနွန်တို့အဖွဲ့သည် မြောက်ပိုင်းသို့ အမြန်ပြန်လာ၍ ဗကပနှင့် ပြန်လည်ဆက်သွယ်ကြလေသည်။

SSPP ၏ လက်တွေ့အခက်အခဲသည် လက်နက်ခဲယမ်း အခက်အခဲ ဖြစ်သည်။ သူတို့လက်တွင်းတွင် ရှိနေသော လက်နက် ၈၀%မှာ တရုတ်လုပ်လက်နက်များ ဖြစ်သည်။ ထိုလက်နက်များအတွက် ဗကပ ထံမှ ကျည်ဆန်များမရလျှင် မဖြစ်ချေ။ ပန်ဆန်းသို့ စိုင်းလိတ်ခေါင်းဆောင်သော SSPP ရောက်သောအခါ ဗကပထံမှ အတွေးအခေါ်မလိုချင်၊ လက်နက်ခဲယမ်းကိုပဲ လိုချင်ကြောင်း အတိအလင်းပြောဆို တောင်းခံကြသည်။ ဗကပမှလည်း သူတို့ တောင်းဆိုသည့်အတိုင်း လိုက်လျောခဲ့သည်ဟု ဆိုပါသည်။ သို့သော် SSPP တွင် တောင်ပိုင်းနှင့်မြောက်ပိုင်း နှစ်ခြမ်းကွဲမှုက ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဆယ်စုနှစ်တခုပင် ရှည်ကြာလာလေသည်။ ထို နှစ်ဖွဲ့အနက် တောင်ပိုင်းအဖွဲ့မှာ တည်ငြိမ်မှု အလွန်နည်းပါးသည်။

တောင်ပိုင်းအဖွဲ့သည် ထိုင်းနယ်စပ် မိုင်းမယ်တောင်ကြားတွင် အခြေစိုက်ပြီး 'ဝ'၊ ပအိုဝ်၊ လားဟူ၊ NDF တို့ဖြင့် မဟာမိတ်ဖွဲ့ထားလေသည်။ ထိုနေရာကို ထိုင်းစစ်တပ်မှလည်း မကြာခဏ ဖိအားပေးနေသလို ခွန်ဆာကလည်း ဒလစပ် တိုက်ခိုက်လျက်ရှိသည်။ ခွန်ဆာ၏ SUA သေနတ်သမားများ လက်ချက်ဖြင့် SSPP ခေါင်းဆောင်တချို့ပင် ချောင်းမြောင်းသတ်ဖြတ် ခံလိုက်ရသည်။ SSPP ခေါင်းဆောင်များဖြစ်ကြသော စိုင်းလွှင်မိန်းနှင့် ခွမ်းမုန်းတို့မှာ မိုးဟိန်း၏ TRC သို့ ဝင်ရောက်သွားကြသည်။ ဆေလင်းကတော့ အစိုးရထံလက်နက်ချလေသည်။ ထိုင်းနယ်စပ်၌ ရှမ်းလူမျိုးအချင်းချင်း တိုက်ခိုက်သတ်ဖြတ်နေကြချိန်တွင် အခြား အဖွဲ့တဖွဲ့ဖြစ်သော KMT တရုတ်ဖြူစခန်းများကို ထိုင်းအစိုးရက ဖျက်သိမ်းခိုင်းသည်။ ထိုအဖွဲ့တွင် ဘိန်းရောင်းဝယ်မှုဖြင့် နာမည်ပျက်နေပြီး ထိုင်းနယ်ဘက်ခြမ်းရှိ စခန်း ၃၃ ခုတွင် အင်အား ၁၅၀၀၀ ခန့်ပင်ရှိလေသည်။ ထိုစဉ်က မိုးဟိန်းအဖွဲ့နှင့် KMT မဟာမိတ်ဖွဲ့ထားချိန်ဖြစ်သဖြင့် KMT နည်းတူ မိုးဟိန်းလည်း အထိနာသွားလေသည်။ ဤအခြေအနေတွင် အမြတ်ထွက်သွားသူမှာ ခွန်ဆာဖြစ်လေသည်။ ခွန်ဆာက ရှမ်းလူမျိုးများ စည်းလုံးညီညွတ်ရမည်။ မြန်မာနီ၊ မြန်မာနက် အားလုံးကို တိုက်ခိုက်ရမည်ဟု ကြွေးကြော်ရင်း အင်အားကြီးမား လာတော့သည်။

မာတင်စမစ်၏ တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးစာအုပ်ပါ သူပုန်မျိုးစုံ၏ ပန်းစကြာမှန်ပြောင်းထဲတွင် ကချင်ဒေသနှင့် မြောက်ပိုင်းရှမ်းပြည် လူမျိုးစု သူပုန်များအကြောင်းလည်း ပါဝင်သည်။ ၁၉၆၈ မုံးကိုးဒေသ အစိုးရ စစ်စခန်းများကို စတင်တိုက်ခိုက်ပြီး ဗကပများ၏ အရှေ့မြောက် စစ်ဒေသကို စတင်ဖွင့်လှစ်လိုက်ချိန်၌ တရုတ်မြန်မာလမ်းမကြီးအနီးရှိ ထိုဒေသမှာ KIA များမှ သူတို့ထိမ်းချုပ်ရာဒေသဟု သတ်မှတ်ထားသော ဒေသဖြစ်နေသည်။ ဗကပသည် ထိုဒေသကို မလွှဲမရှောင်သာဝင်ရောက်ဖို့ ဖြစ်လာသောအခါ KIA ခေါင်းဆောင်များနှင့် ဦးစွာဆွေးနွေးကြလေသည်။ ထိုကာလက ဗကပဖက်တွင် ယခင် ကချင်လက်နက်ကိုင် ခေါင်းဆောင်ဟောင်း နော်ဆိုင်းပါဝင်သလို KIA ဖက်တွင်လည်း ဇော်တူး၊ ဇော်ဆိုင်း၊ ဇော်တန် စသည့် ညီအစ်ကိုများရှိနေကြသည်။ ဇော်ညီအစ်ကိုတို့အနက် အစ်ကိုဖြစ်သူ ဇော်ဆိုင်းသည် ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး လက်နက်အကူရရှိရေး လုံးပမ်းနေ၍ ဆွေးနွေးပွဲတွင် ဇော်တူးမှ ဦးဆောင် ဆွေးနွေးရလေသည်။

နှစ်ဖက်ဆွေးနွေးပွဲမှာ အဆင်ပြေလေသည်။ ဇော်တူးအနေဖြင့် လက်နက် ခဲယမ်းအကူ ချက်ချင်းရရှိမည် ဖြစ်သဖြင့် စစ်ရေးသဘောတူညီချက်ကို သဘောမတူနိုင်စရာ မရှိဟုယူဆသည်။ သို့ဖြင့် စာချုပ်ချုပ်ပြီးသည်နှင့် လက်နက်များထမ်း၍ ပြန်လာကြသည်။ သူတို့နှင့်အတူ မော်စီတုန်း၏ စစ်ရေးသဘောတရား စာအုပ်များ၊ ဩဝါဒစာအုပ်များလည်း သယ်လာကြသည်။ ဤသဘောတူညီချက်ကို ထိုင်းနိုင်ငံရောက် ဇော်ဆိုင်းမှ သဘောမတူချေ။ KIA အနေဖြင့် ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်မှသာ အနောက်နိုင်ငံများမှ အကူအညီတွေ ပေးကြမည်ဟု ယူဆနေလေသည်။ ထိုင်းသို့ ရောက်ရှိနေသည်မှာလည်း ထိုအကူအညီများရရှိမည်ဟု ယုံကြည်ပြီးရောက်နေခြင်းဖြစ်သည်။ သို့ဖြင့် အရှေ့မြောက်ဒေသရှိ ဇော်တူးထံသို့ "လက်နက်နီတွေကို မယူနဲ့" ဟု ညွှန်ကြားကာ စာချုပ်ကို တဖက်သတ်ဖျက်သိမ်းလေသည်။ ဇော်တူးကတော့ မော်၏ စာအုပ်နီများကိုလွှင့်ပစ်ပြီး လက်နက်များကိုတော့ ယူထားလိုက်သည်။ သို့ဖြင့် ရှစ်နှစ်ကြာ အကျိုးမဲ့တိုက်ခိုက်မှုများ KIA နှင့် ဗကပ အကြား ဖြစ်ပွားလာတော့သည်။

အရှေ့မြောက်ဒေသ လူမျိုးစုသူပုန် ပန်းစကြာမှန်ပြောင်းကတော့ ရှမ်းပြည်တောင်ပိုင်း ထိုင်းနယ်စပ်၌ ပုံစံအမျိုးမျိုး တွဲစပ်ခြင်းနှင့်တော့မတူ။ ဤဒေသ၏ ပန်းစကြာတွဲစပ်ပုံမှာ KIA, ဗကပနှင့် မြန်မာစစ်တပ်အကြား ပုံစံမျိုးစုံတွဲစပ်ခြင်း၊





ပြိုကွဲခြင်းများ ဖြစ်လေသည်။ တွဲစပ်ပုံဆိုသည်ထက် KIA ကို မဟာမိတ်အဖြစ် အရဆွဲရန် ဗကပ နှင့် မြန်မာစစ်တပ်တို့ အပြိုင်အဆိုင် သိမ်းသွင်းကြသည်ဟု ဗို၍ဆိုနိုင်သည်။ KIA ကလည်း ဤအနေအထားကို ကောင်းကောင်း အသုံးချခဲ့လေသည်။ ၁၉၆၈ နောက်ပိုင်းတွင် KIA နှင့် မြန်မာစစ်တပ်အကြား အောက်ခြေပိုင်း အပစ်အခတ်ရပ်စဲမှု အကြိမ်များစွာ ရှိခဲ့သလို တိုင်းမှူးအဆင့် သဘောတူညီချက်များလည်း အကြိမ်များစွာ ရှိခဲ့လေသည်။တဖက်တွင် ဗကပနှင့် KIA အကြား မဟာမိတ်ဖွဲ့မှု နှစ်ကြိမ်ပြုလုပ်လေရာ ပထမအကြိမ်မှာ အချိန်တိုတောင်းသလောက် ဒုတိယအကြိမ်မှာ အတွင်းပိုင်း ပဋိပက္ခ တစုံတရာရှိသော်လည်း ရှည်ကြာစွာ တည်တံ့သည်ဟု ဆိုနိုင်သည်။

ပထမ သဘောတူညီချက် ပျက်ပြားပြီးနောက် ရှစ်နှစ်ကြာ ဗကပနှင့် တိုက်ခိုက်နေစဉ်အတွင်း တိုက်ပွဲအရှိန် အလွန်မြင့်သော ကာလတခုတွင် KIA သည် အစိုးရနှင့် အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်တခု ရအောင်ယူခဲ့လေသည်။ ယင်းအပစ်ရပ်ကာလမှာ သုံးလခွဲအထိ ကြာမြင့်သဖြင့် သူ့အတွက် အသက်ရှူပေါက် ကောင်းကောင်းရခဲ့လေသည်။ ထိုအပစ်ရပ်ကာလအတွင်း KIO နှင့် ရမခတိုင်းမှူး ဗိုလ်မှူးကြီးအေးကိုမှ KIA နှင့် မြန်မာစစ်တပ်လက်တွဲ၍ ဗကပကို အတူတိုက်ခိုက်ရန် တိုက်တွန်းခဲ့သည်ဟု သိရသည်။ KIA ဘက်မှလည်း ထိုသို့ပူးတွဲတိုက်ခိုက်ရန် အဆင်သင့်ရှိကြောင်း၊ သို့သော် KIA ကို အစိုးရမှ လက်နက်ရိက္ခာများ ထောက်ပံ့ရမည်ဟု တောင်းဆိုခဲ့လေသည်။ ဤသည်ကို ရမခတိုင်းမှူးမှ သဘောမတူသဖြင့် သဘောတူညီချက်မရဘဲ အပစ်အခတ်ရပ်စဲရေးလည်း ပျက်ပြားခဲ့လေသည်။

သို့ဖြင့် ရှမ်းပြည်မြောက်ပိုင်းတွင် သုံးပွင့်ဆိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပြီး ၁၉၇၅ မတ်လ တိုက်ပွဲတခု ဗကပနှင့် ဖြစ်ပွားစဉ် KIA ခေါင်းဆောင်တဦးဖြစ်သူ ဇော်တန် ကျဆုံးသွားလေသည်။ ထိုအခါ လက်တုံ့ပြန်ရန်အတွက် ကချင်ဒေသမှ အင်အား ၁၀၀၀ ခန့်ကို ရှမ်းပြည်မြောက်ပိုင်းသို့ သွင်းယူလာကာ ဗကပ ချေမှုန်းရေး "ကြောင်နက်မုန်တိုင်း စစ်ဆင်ရေး" ကို KIA မှ ပြုလုပ်လေတော့သည်။ ယင်းစစ်ဆင်ရေးကို ဦးစီးသူမှာ ကျဆုံးသူဇော်တန်နေရာကို ပူပူနွေးနွေး တက်လာသော စစ်ဦးစီးချုပ်အသစ် ဇော်မိုင်ဖြစ်ပြီး KIA အင်အားသာမက မဟာမိတ်ဖြစ်သော ပလောင် PSLO နှင့် ရခိုင် AIO တပ်တို့ကိုပါ သုံးခဲ့လေသည်။ ယင်းစစ်ဆင်ရေးတွင် ဗကပ ၄၀၀ ကျော်ကို သုတ်သင်ခဲ့သည်ဟု KIA ကဆိုပါသည်။ ထိုဒေသရှိ ဗကပ ၂၀၂ တပ်ဖွဲ့၏ အင်အားစုစုပေါင်းပင် ၂၀၀ မရှိသဖြင့် အရပ်သားမည်မျှထိခိုက်မည်ကို

မှန်းဆနိုင်ပါသည်။ ၁၉၇၅ သည် KIA အတွက် ကြီးမားသောအပြောင်းအလဲများ ဖြစ်ပေါ်စေသည့် နှစ်ဖြစ်လေသည်။ ၁၉၇၅ ဩဂုတ်လ ထိုင်းနိုင်ငံထဲတွင် KIO ထိပ်ဆုံးခေါင်းဆောင် ဇော်ဆိုင်းနှင့် ဖုန်ရွှေဇော်ဆိုင်းတို့ကို လက်အောက်ငယ်သားတစုက လုပ်ကြံ သတ်ဖြတ်လိုက်လေသည်။ လုပ်ကြံသူ ဆိုင်းတူး၏ အဆိုအရ KIO ခေါင်းဆောင်များသည် ကျောက်စိမ်းများကို ရောင်းချရရှိသော ငွေများကို လက်နက်ခဲယမ်းများ မဝယ်ယူဘဲ မိမိကိုယ်ကျိုးအတွက်သာ သုံးစွဲနေကြသောကြောင့် ယခုလိုပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့သော် ဆိုင်းတူး၏ အာဏာသိမ်းပွဲမှာ ကြာကြာမခံ၊ တန်ပြန် အာဏာသိမ်းပွဲတခု ပေါ်လာပြီး ဆိုင်းတူးကို အစိုးရ သူလျှိုအဖြစ်စွပ်စွဲ၍ သတ်ဖြတ်ပစ်လေသည်။

၁၉၇၆ ခုတွင် KIO ခေါင်းဆောင်သစ်များဖြစ်သော ဘရန်ဆိုင်းနှင့် ဇော်မိုင်းတို့သည် ဗကပ နှင့် တရုတ်နယ်စပ် မုံးကိုးတွင် တွေ့ဆုံဆွေးနွေးကြသည်။ ဇူလိုင်လတွင် တန်းတူမှုကိုအခြေခံသော စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည်။ ထိုသဘောတူညီချက်ထဲတွင် KIO နှင့် ဗကပသည် ရန်သူကြီးသုံးဦးကို ကိုယ်စားပြုသည့် နေဝင်းစစ်အာဏာရှင် အစိုးရကို တိုက်ခိုက်သွားရန်နှင့် ကမ္ဘာ့အင်အားလွန် နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော ဆိုဗီယက်နှင့် အမေရိကန် ဗိုလ်နှစ်ဗိုလ်ကို ဆန့်ကျင်ရာတွင် တရုတ်နှင့်အတူ ရပ်တည်ကြမည်ဟုလည်း ဖော်ပြခဲ့ကြသည်။ ဗကပနှင့် KIO နှစ်ဖက်စလုံးသည် ဤဆွေးနွေးပွဲတွင် ဝါဒရေးရာထက် လက်တွေ့အကျိုးထွက်ပေါ်ရေး Pragma ကို ပို၍ ဦးစားပေးခဲ့ကြသည်ကို တွေ့နိုင်သည်။ ဤဆွေးနွေးပွဲတွင် ဗကပဘက်မှ သူတို့၏ နိုင်ငံရေးအရ ဦးဆောင်မှုအခန်းကို မဖော်ထုတ်သလို KIO မှလည်း တရုတ်ပြည်၏ရန်၊ ကွန်မြူနစ်ဝါဒ၏ရန်များအကြောင်း မပြောခဲ့ကြပေ။ တဦးနှင့် တဦး လိုက်လျောမှုတွေ ပို၍ပြခဲ့ကြသည်။ ဤသဘောတူညီချက်ရလဒ်မှာ ၁၉၇၇ နှင့် ၁၉၇၉ အတွင်း မြစ်ကြီးနားဗန်းမော် လမ်းမကြီးတလျှောက် အစိုးရနှင့် KIA အကြား တိုက်ပွဲများတချိမ်းချိမ်းထွက်ပေါ်လာသလို KIA ဒေသကိုလည်း စစ်ကိုင်းတိုင်း နာဂတောင်တန်းအထိ ဖြန့်ကျက်လာလေသည်။ ထိုကာလအတွင်း KIA အင်အားလည်း ၈၀၀၀ ကျော်အထိ တိုးပွားလာလေသည်။

မာတင်စမစ်၏ စာအုပ်၌ KIA သည်အတိတ်က အမှားများမှ တူးခါးသော သင်ခန်းစာကို ရယူခဲ့ကြပြီး ယခုအခါ အလွန်အကျွံ တုံ့ပြန်ပြုမူခြင်းများ မပြုမိရန် သတိထားနေကြသည်ဟု သုံးသပ်ထားလေသည်။ ၁၉၆၄ တပိုက် KIA ပေါ်ဦးစ





ကာလများကဆိုလျှင် KIA သည် ရက်ဒီကယ် အစွန်းရောက်လုပ်ရပ်များကိုပင် လုပ်ခဲ့ဖူးသည်။ တောင်တန်းဒေသများတွင် ဂွန်ဆာဟုခေါ်သော မိရိုးဖလာ ဒူဝါအကြီးအကဲများကို ဖိတ်ပင်၍ ဂွမ်လောင်(ခေါ်) ဒီမိုကရေစီစနစ်ဖြင့် အစားထိုးရန် ကြိုးပမ်းခဲ့ဖူးသည်။ အမှန်တော့ ကချင်အမျိုးသားရေးလှုပ်ရှားမှုသည် ဆွေမျိုးသားချင်း သစ္စာရှိမှုကို အခြေပြုရမည်။ သစ္စာရှိသော ဆွေမျိုးသားချင်းစနစ်ကို သိပ်သည်းစွာ မှီခိုမှသာ စစ်ပွဲများကို ကျော်ဖြတ်နိုင်မည်ဟု KIO ခေါင်းဆောင်များက မကြာခဏ ပြောကြသည်။

NDF တပ်ပေါင်းစုတွင် KNU နှင့် KIO တို့သည် ပါတီကြီးများဖြစ်ပြီး ယင်းတို့ တဦးချင်းပတ်ပတ်လည်တွင် ပါတီငယ်ကလေးများကို ခိုလှုံခွင့် ပေးထားကြလေသည်။ KIO ၏ပတ်လည်တွင် ပလောင် PSLO၊ ရခိုင် AIO တိုင်းရင်းသားအဖွဲ့များအပြင် အိန္ဒိယခွဲထွက်ရေး သူပုန်အဖွဲ့များဖြစ်သော မဏိပူရ MNF ၊ အာသံသူပုန်၊ နာဂသူပုန်များကိုလည်း ခိုလှုံခွင့် ပေးထားလေသည်။ KIO ၏ ပင်ကိုယ်လက္ခဏာမှာ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဗကပ ဆန့်ကျင်ရေးဖြစ်သည်။ KIO သည် ကမ္ဘာလုံးဆိုင်ရာ ခရစ်ယန်အသင်းတော် လက်အောက်ခံဖြစ်သလို KIO ဥက္ကဋ္ဌ ဘရန်ဆိုင်းသည် ကမ္ဘာ့ကွန်မြူနစ်ဆန့်ကျင်ရေး လူငယ်အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ သို့သော် ဗကပနှင့် သဘောတူစာချုပ် ချုပ်ပြီးနောက်တွင် KIO ဌာနချုပ်တွင် ဗကပ ကိုယ်စားလှယ်အဖွဲ့ကို အခြားအဖွဲ့များနည်းတူ လက်ခံထားရှိခဲ့လေသည်။ ယင်းအတွက်ကြောင့်ပင် KIO ဥက္ကဋ္ဌ၏ အနောက်တိုင်း အကူအညီရှာဖွေရေးခရီးစဉ်တွင် အင်္ဂလန်ကသာ ဝင်ခွင့်ပေးပြီး အမေရိကန်က လုံးဝ ဝင်ခွင့်မပေးခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ KIO နှင့် အခြား NDF လူမျိုးစုသူပုန်များနှင့် ခြားနားချက်ဖြစ်သည်ဟု မာတင်စမစ်က ဆိုပါသည်။

ဘာတေးလ်လစ်တ်နာ၏ နေထွက်ချိန် နေဝင်ချိန်စာအုပ် စာမျက်နှာ ၇၆–၇၇ တို့တွင်–

> အစိုးရမှ ၁၉၈၀ ပြည့်နှစ်တွင် တပြည်လုံးရှိ လက်နက်ကိုင် အင်အားစုများသို့ ရည်ညွှန်းသောအထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်တရပ် မမျှော်လင့်ဘဲ ထုတ်ပြန် ခဲ့သော်လည်း တောတွင်းအင်အားစုများ၏ တုံ့ပြန်မှုမှာ မပြောပလောက်ကြောင်း ရေးသားထားသည်။ အစိုးရ၏ ထုတ်ပြန်ချက်အရ အိမ်ပြန်ရောက်သူ ၂၂၅၇ ဦးရှိကြောင်း၊ ယင်းအနက် အများစုမှာ ဘိန်းဘုရင်

> လောစစ်ဟန်၏ နောက်လိုက်များ၊ ဦးနု၏ ပြည်ချစ်ပါတီ အဖွဲ့သားများနှင့် ဗကပ အနောက်မြောက်ဒေသမှ ဗိုလ်သက်ထွန်း အဖွဲ့များသာဖြစ်ကြသည်။

ဟု ဆိုပါသည်။

အရှေ့မြောက်ဒေသနှင့် ကချင်ဒေသရှိ ဗကပနှင့် KIA တို့က လွတ်ငြိမ်းချမ်းသာခွင့်ကို လက်မခံကြသော်လည်း အစိုးရနှင့် ဆွေးနွေးပွဲများ လုပ်ခဲ့ကြသည်။

အစိုးရနှင့် KIA ဆွေးနွေးပွဲများမှာ ၁၉၈၀ ဩဂုတ်မှ ၁၉၈၁ မေလ အထိ ကြာမြင့်ပြီး မြစ်ကြီးနားနှင့် ရန်ကုန်တို့တွင် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ထိုဆွေးနွေးပွဲတွင် KIO ခေါင်းဆောင် ဘရန်ဆိုင်းက "အစိုးရကသာ ကချင်ပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် အာမခံချက်များပေးလျှင် မိမိတို့အနေနှင့် လက်နက်စွန့်လွှတ်ရန် ဆန္ဒရှိကြောင်း၊ မိမိတို့သည် ခွဲထွက်ရေးကို မတောင်းဆိုပါကြောင်း" များ အတိအလင်း ကြေညာခဲ့ပါသည်။ သို့သော် အစိုးရဘက်မှ ထိုကမ်းလှမ်းချက်ကို မလိုက်လျောဘဲ 'ပြန်လည် ထူထောင်ရေး' သက်သက်ကိုပဲ ပြန်လည်ကမ်းလှမ်းခဲ့လေသည်။

အစိုးရနှင့် ဗကပ ဆွေးနွေးပွဲမှာလည်း KIO ဆွေးနွေးပွဲလိုပင် ခရီးမရောက်ချေ။ ၁၉၈၁ မေလတွင် ဆွေးနွေးကြရာ ဗကပဖက်မှ သခင်ဖေတင့်နှင့် ရဲဘော်ရဲထွန်း၊ ရဲဘော်ဖရန့်ဂန်ဒီးတို့ ပါဝင်ပြီး အစိုးရဖက်မှ မဆလ ပါတီမှ ဒုဗိုလ်ချုပ်ကြီးအေးကိုနှင့် အတွင်းရေးမှူး ဦးသန်းလှိုင်တို့ပါလေသည်။ ဤနေရာတွင် ဘာတေးလ်လစ်တ်နာ စာအုပ်၌ဆွေးနွေးပွဲမှာ တရက်ကြာသည်ဟု ဖော်ပြထားသော်လည်း ထိုဆွေးနွေးပွဲမှာ ၁၉၈၀ စက်တင်ဘာလ (လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကျော်လွန်ချိန်) မှ နေ၍ ၁၉၈၁ မေလအကြား အဆင့်ဆင့် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအဆင့်များတွင် စာဆက်သွယ်ခြင်း၊ ဦးနေဝင်းနှင့် သခင်ဗသိန်းတင် တွေ့ဆုံခြင်းများ ပြုကြလေသည်။ ဦးနေဝင်းဘက်မှ ငြိမ်းချမ်းရေးကိစ္စကို အခြေခံဥပဒေဘောင်ထဲမှသာ လုပ်နိုင်ကြောင်း၊ ထို့ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်သာ ပေးနိုင်ကြောင်းနှင့် နိုင်ငံ့ဂုဏ်ရည်ကိစ္စများ ပြောပြခဲ့လေသည်။ ထိုဆွေးနွေးပွဲများတွင် ဗကပသည် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ လက်နက်မချရေး ဘောင်အတွင်းက နည်းလမ်းရှာ ညှိနှိုင်းကြဖို့တင်ပြရင်း ပါတီ၊ တပ်၊ အခြေခံဒေသ ဆက်လက်တည်ရှိဖို့ လိုအပ်ကြောင်းများ တင်ပြခဲ့ကြသည်။ အစိုးရဘက်မှ အခြေခံဥပဒေပုဒ်မ ၁၁ နှင့် ၁၉၆၄ အမျိုးသားစည်းလုံးရေးဥပဒေများအရ ဗမာပြည်မှာ မဆလပါတီ တပါတီတည်းသာ ရှိခွင့်ရှိကြောင်း၊ ဗကပ တင်ပြနေသော ပါတီစုံစနစ်သည် ကမ္ဘာ့အတွေ့အကြုံအရ





ဆိုးကျိုးများသာ ဖြစ်စေကြောင်းများ ပြောဆိုပြီး ဗကပ တင်ပြချက်များကို ပယ်ချခဲ့သည်။ ထိုဆွေးနွေးပွဲမှာပင် ဗကပက ဒုတိယအကြိမ် ကမ်းလှမ်းချက်အသစ်ကို ထပ်မံတင်ပြပါသေးသည်။ ယင်းတို့မှာ တခုတည်းသော အစိုးရအောက်မှ ဗကပ အခြေခံဒေသတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသအဖြစ် အသိအမှတ်ပြုရေး၊ တခုတည်းသော အစိုးရအောက်မှာရှိသော ဗကပပါတီ ကိုယ်စားလှယ်ပါဝင်မည့် တခုတည်းသော နိုင်ငံတော်ကာကွယ်ရေး ကောင်စီအောက်မှ ပြည်သူ့တပ်မတော် PA ပါဝင်ရေး၊ ဗကပ ပါတီဆက်လက်တည်ရှိခွင့် ရရှိရေးတို့ ဖြစ်လေသည်။ ဤကမ်းလှမ်းချက်များကို ပယ်ချပြီး တဖက်သတ် ဖျက်သိမ်းလိုက်ခြင်းဖြစ်လေသည်။

မာတင်စမစ်၏ စာအုပ်တွင်တော့ အစိုးရနှင့် ပြည်တွင်းစစ်ရပ်စဲရေး ဆွေးနွေးပွဲများပျက်ပြားပြီး နောက်ပိုင်း ၁၉၈၁ ဇူလိုင်လတွင် ဗကပဥက္ကဋ္ဌ သခင်ဗသိန်းတင်နှင့် KIO ဥက္ကဋ္ဌ ဘရန်ဆိုင်းတို့တွေ့ဆုံပြီး အစိုးရနှင့် ဆွေးနွေးပွဲ ပျက်ပြားခြင်းကို သုံးသပ်ကာ ဆွေးနွေးပွဲမှတ်တမ်းများကို အပြန်အလှန် နှိုင်းယှဉ်ကြည့်ခဲ့ကြသည်ဟု ရေးသားထားသည်။ နောက်ဆုံးတွင် "အမျိုးသားသွေးစည်းညီညွတ်ရေး ပျက်ပြားခြင်း" အတွက် တာဝန်ရှိသူမှာ မိမိတို့မဟုတ်ဘဲ မဆလအစိုးရသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဘုံရန်သူကို လက်တွဲတိုက်မည့် ပို၍ကြီးမားသော လက်နက်ကိုင် တပ်ပေါင်းစုကို တိုးချဲ့မှသာ စစ်အစိုးရကို အနိုင်တိုက်နိုင်မည်ဖြစ်ကြောင်း နှစ်ပါတီ ပူးတွဲကြေညာချက်ထွက်ပေါ်လာလေသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြားသွားခြင်းသည် မဆလ တပါတီတည်းသာ တည်ရှိခွင့်ပြုသော အခြေခံဥပဒေကို အသေဖက်တွယ်ထားခြင်းကြောင့် ဖြစ်ကြောင်းရှင်းပြလျှင် ယနေ့လို ပါတီစုံစနစ် အားကောင်းလာသော ကာလမျိုးဆက်များ အံ့သြကြပေမည်။ ထိုအခြေခံဥပဒေကြောင့် အစိုးရနှင့် ကျန်လက်နက်ကိုင်များအကြား ပြည်တွင်းစစ်ရပ်စဲရန် ငြိမ်းချမ်းရေးအခွင့်အလမ်းတခု လက်လွှတ် ဆုံးရှုံးသွားရခြင်းမှာလည်း မယုံနိုင်စရာ ကောင်းလှသည်။ ၁၉၈၀–၈၁ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် တပြည်ထောင်စနစ်၊ တပါတီစနစ်၊ တပ်မတော်စနစ်တို့ကို အပွန်းအပဲ့မခံခြင်းမှလွဲ၍ အခြားလိုက်လျောမှုများကို အစိုးရမှ ရက်ရက်ရောရော ပေးခဲ့သည်။ KIO ခေါင်းဆောင်များကို ကချင်ပြည်နယ် ပြည်သူ့ကောင်စီများတွင် နေရာပေးမည်။ တောခိုကျောင်းသားများကို တောမခိုမီက ရှိခဲ့သော အတန်းပညာအဆင့်၏ နှစ်ဆင့်တိုး၍ အောင်စာရင်းထုတ်ပေးမည်။

KIA တပ်ကို ဖျက်သိမ်းမည်ဖြစ်သော်လည်း လက်နက်အသစ်များ တပ်ဆင်၍ လုံထိန်းအဖွဲ့အဖြစ် ဖွဲ့ပေးမည်။ ကံကောင်းထောက်မစွာ အစိုးရနှင့် ဆွေးနွေးပွဲ ပျက်ပြားပြီး KIO သည် ၁၉၉ဝ ကာလအထိ ပါတီ၊ တပ်၊ နယ်မြေ ဆက်လက်ကျန်ရှိပြီး အဆင့်နေရာတခုကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်လေသည်။ ထိုစဉ်က ဗကပမှလည်း ဆွေးနွေးပွဲပျက်သွားသော KIO ဘက်မှ ဆက်လက် ရပ်တည်နေခဲ့လေသည်။

မာတင်စမစ်၏စာအုပ်ဖြစ်စေ၊ ဘာတေးလ်လစ်တ်နာ၏ စာအုပ်ဖြစ်စေ အချက်အလက် အများစုမှာ ၁၉၈၉–၉ဝ ကာလမှ အချက်အလက်များသာ ဖြစ်နေသည်။ ထိုစဉ်က တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများအပြောင်းအလဲကို ကြည့်ပြီး ပန်းစကြာမှန်ပြောင်းနှင့် တူသည်ဟု မာတင်စမစ်က ရေးသားခဲ့လေသည်။ ထိုပန်းစကြာမှန်ပြောင်းမှာ ယနေ့ကာလတွင် ပို၍တောင် ပြောင်းလဲမှု ရှုပ်ထွေးမြန်ဆန်နေလေပြီ။

ယခုအခါတွင် ပြည်တွင်းအခြေအနေများ ပြောင်းလဲသလို ပြည်ပ အခြေအနေများလည်း လျှင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။ လက်နက်ကိုင် တိုက်ပွဲစည်းဝိုင်းအတွင်းတွင် တရားခံဟု လက်ညှိုးထိုးပြစရာ မြန်မာနီ မရှိခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော် ကြာပြီဖြစ်သော်လည်း အကွဲအပြဲများက ဒလစပ်ရှိနေလေသည်။ ယခင်ကလို တရုတ်နယ်စပ်တွင် မြန်မာနီနှင့် ချုပ်ဆိုသော စာချုပ်များကို ထိုင်းနယ်စပ်မှနေ၍ အမေရိကန်အကြိုက် တဖက်သတ် ဆုတ်ဖြဲပစ်စရာလည်း မရှိတော့ချေ။ ယခုအခါ အနီလှိုင်းတားဆီးရေး နေရာတွင် အရင်းရှင်ကုမ္ပဏီချင်း စားကျက်လုမှုက အစားထိုးသွားလေပြီ။ ယခင်က တိုင်းရင်းသားလူမျိုးစုများကို တော်လှန်ရေးဖက်နှင့် အစိုးရဖက်တို့မှ အပြိုင်ဆွဲခဲ့ကြသော်လည်း ယခုအခါ သူတို့ မုန်းတီးလှသော မြန်မာလူမျိုးကြီး အစိုးရ ဆွဲသည့်ဖက်သို့ တိမ်းညွတ်နေကြလေပြီ။ ၁၉၈၉ နောက်ပိုင်းနှစ်ပေါင်း ၂ဝ၊ ၂၅ နှစ် အခြေအနေများကို ဘာတေးလ်လစ်တ်နာနှင့် မာတင်စမစ်တို့ နောက်ဆက်တွဲ စာအုပ်များရေးဖို့ အချိန်တန်နေလေပြီ။

❒



# (၇) လက်ဝဲညီညွတ်ရေးနှင့် ပြည်တွင်းစစ်

"အောင်ဆန်းနှင့် AFO ဖတပလ အတွက် ပို၍လက်တွေ့ အခွင့်အလမ်း သာစေမည့် နိုင်ငံရေး အနာဂတ်ကို ၁၉၄၅ မေလလောက်ကပင် စတင် အဆုံးအဖြတ်ပေးခဲ့လေသည်"

(ဗြိတိသျှ သမိုင်း ပညာရှင် ဟယူးတင်ကာ)

ဗမာ့နိုင်ငံရေးကို ဒုတိယကမ္ဘာစစ်မပြီးခင် ဂျပန်ကို တိုက်ထုတ်နေဆဲ ကာလမှာပင် အလှည့်အပြောင်းအဖြစ် အဆုံးအဖြတ်ပေးခဲ့သော ဖြစ်ရပ်များ ပေါ်ထွက်ခဲ့သည်ဟု မာတင်စမစ်က ရေးသားခဲ့ပါသည်။

၁၉၄၅ ခု မေလတွင် ဗြိတိသျှ အမှတ် ၄ တပ်မတော်မှူး ဒုဗိုလ်ချုပ်ကြီး စလင်းက–

"ဆိုးဝါးသည့်ဘက်တွင် ဂျပန်များထက် နည်းနည်းသာလျော့မည်၊ ကျွန်ုပ်တို့သည်လည်း သိပ်မထူးလှဟု ထိုမြန်မာလူငယ် (ဗိုလ်ချုပ်အောင်ဆန်း) က ယူဆပုံရသည်ဟု ကျွန်ုပ်ထင်ပါသည်။ သူ၏ တကယ့်ရည်မှန်းချက်မှာ ဤနိုင်ငံထဲမှ ပြည်ပအုပ်စိုးသူမှန်သမျှ ထွက်သွားရေးနှင့် ဗမာအစိုးရတခု တည်ထောင်ရေးပဲ ဖြစ်သည်"

ဟု ရေးသားခဲ့ပါသည်။

၁၉၄၅ ခု မေလမှာပင် ဗမာပြည်အတွက် နောက်ထပ် အရေးကြီးသော ဖြစ်ရပ်တခု ပေါ်ထွက်ခဲ့ပါသည်။ မေလ ၁၇ ရက်နေ့တွင် ဗမာပြည် အုပ်ချုပ်ရေး စက္ကူဖြူစာတမ်းကို ဗြိတိသျှ၏ တရားဝင်မူဝါဒအဖြစ် ထုတ်ပြန်လိုက်ခြင်းဖြစ်ပါသည်။ ထိုစက္ကူဖြူ စာတမ်းအရ ဗမာပြည်သည်နောက် ခြောက်နှစ်အကြာတွင် ဒိုမီနီယံ အုပ်ချုပ်ရေးရမည်။ ဗြိတိသျှ ဓနသဟာယဝင် အဖြစ်ရရှိမည်။ ဗမာပြည်ကို

ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးမည်ဖြစ်သော်လည်း တောင်တန်းဒေသများ ပါဝင်ဦးမည်မဟုတ်၊ ထိုနယ်ခြားဒေသများနှင့် ဗမာပြည် အခြားဒေသများ ရောနှောပေါင်းစပ်ရန် လိုက်ဖက်သည့် ပုံသဏ္ဌာန်တခု ဖော်ဆောင်ဖို့ စောင့်ရမည်။ ထိုပုံသဏ္ဌာန်ကို နယ်ခြားဒေသနေထိုင်သူများက လိုလားလက်ခံကြောင်း ထင်ရှားစွာ ပြသရမည်။ ကြားကာလအတွင်း နယ်ခြားဒေသကို ဗြိတိသျှအစိုးရ၏ လက်အောက်တွင် ထားရှိမည် စသဖြင့် စည်းကမ်းကန့်သတ်မှုမျိုးစုံ ပါဝင်သော စာတမ်း ဖြစ်လေသည်။

စက္ကူဖြူစာတမ်းကို အကောင်အထည်ဖော်မည့်သူမှာ စစ်မဖြစ်ခင်က ဘုရင်ခံဟောင်း ဒေါ်မန်စမစ်ဖြစ်ပါသည်။ ဒေါ်မန်စမစ်သည် ဗမာပြည်ကို ဂျပန်တွေဝင်တော့ မေမြို့၊ မြစ်ကြီးနားတို့မှ တဆင့် အိန္ဒိယတွင် စစ်ပြေးအစိုးရအဖြစ် ရုံးစိုက်နေခဲ့ပြီး စစ်ပြီးမှ ဗမာပြည်တွင် ပြန်လာခြင်းဖြစ်သည်။ သူသည် စစ်ကာလ ဗမာပြည်အုပ်ချုပ်ရေးမှာ စစ်အုပ်ချုပ်ရေးဖြစ်နေသဖြင့် ယင်းစစ်အုပ်ချုပ်ရေးမှ နေ၍ သူ၏ အရပ်သားအုပ်ချုပ်ရေးကို အမြန် လွှဲပြောင်းချင်နေလေသည်။ စက္ကူဖြူစာတမ်းပါ ဗမာပြည် ပြန်လည်ထူထောင်ရေးအတွက် သူစိတ်တိုင်းကျ ရွေးချယ်ထားသော ဗျူရိုကရက်အရာရှိများ၊ စီးပွားရေး ကော်ပိုရေးရှင်းများ၊ ဘုတ်အဖွဲ့များ ကလည်း အသင့်ရှိနေသည်။ ဗျူရိုကရေစီ ယန္တရားကိုလည်း အသင့်ပြင်ထားပြီးဖြစ်သည်။ ဆာပေါ်ထွန်းလို၊ ဂဠုန်ဦးစောလို ပူးပေါင်းရန် အသင့်ရှိနေသော လက်ကိုင်တုတ်များလည်း အများအပြား စောင့်နေကြပြီ ဖြစ်သည်။ ထို့အပြင် သူ့တွင် ဖတပလထဲမှ ဖမ်းရမည့်သူစာရင်း တခုကလည်း အသင့်ရှိနေသည်။ ထိုစာရင်းတွင် စစ်အတွင်း သထုံမြို့နယ်မှ မွတ်စလင်ရွာသူကြီးတဦးကို သေဒဏ်ပေးမှုအတွက် ရုံးတင်စစ်ဆေး အပြစ်ပေးရမည့် အောင်ဆန်းဆိုသူလည်း ရှေ့ဆုံးမှပါလေသည်။ ထိုစဉ်က ဗမာပြည် ကက်စ်ဘီအုပ်ချုပ်ရေး အကြီးအကဲအဖြစ် မောင့်ဘက်တန်က တာဝန်ပေးခဲ့သော ဗိုလ်ချုပ်ပီးယားကဲ့သို့ ပုဂ္ဂိုလ်များကလည်း ဗမာတို့ကို ဂျပန်နှင့် ပူးပေါင်းခဲ့သော သစ္စာဖောက်များအဖြစ် မှတ်ယူထားသဖြင့် ဖဆပလ အဖွဲ့ဝင်များကို အရေးယူရန်လည်း လွယ်ကူနေလေသည်။

ထို ၁၉၄၅ ခု မေလတွင် ပို၍ပို၍ အရေးကြီးသောအဖြစ်အပျက်တခုလည်း ထပ်မံဖြစ်ပေါ်ပါသေးသည်။ ယင်းမှာ အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစုကြီး၏ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်မှ ဖတပလ အဖွဲ့ကြီးကို စစ်ရေးအရ ထောက်ခံရန်နှင့် လက်နက်တပ်ဆင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။ ဗြိတိသျှများအနေနှင့် ဂျပန်နှင့် အပြင်းအထန်တိုက်နေသော ဖတပလကို





လက်နက်ထောက်ကူခြင်း ယခင်ကမပြုခဲ့ဖူးချေ။ တောင်ပေါ်ဒေသ ကရင်ပြောက်ကျားများကိုသာ လက်နက်အလုံးအရင်း ထောက်ပံ့လာခဲ့ကြသည်။ ယခု ဖတပလကို လက်နက်တွေ ကူတော့မည်။ တဖက်က ကြည့်လျှင် မောင့်ဘက်တန်သည် ဖတပလကို တရားဝင် အသိအမှတ်ပြုလိုက်ခြင်းဖြစ်ပြီး ဒေါ်မန်စမစ်က ရာဇဝတ်မှုနှင့် ဖမ်းရန်ပြင်နေသူများကို အထွေထွေ လွတ်ငြိမ်းခွင့် ပေးလိုက်သည်ဟုလည်း မှတ်ယူနိုင်ပါသည်။

အမှန်တော့ အရှေ့တောင်အာရှအား ဂျပန်တို့သိမ်းပိုက်ထားသည့် ကာလအတွင်း ထိုနိုင်ငံများတွင် လွတ်လပ်ရေးလှုပ်ရှားမှုများ ကြိုးပမ်းရာတွင် ပြင်းထန်သော နိုင်ငံရေးအပြောင်းအလဲနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ အဆင့်ထိ တိုးတက်မလာရေးနှင့် လူမှုရေး နိုင်ငံရေး တိုးတက်မှုများကို ဟန့်တားထားရေးဆိုသည့် နည်းဗျူဟာကို စောစွာကတည်းကပင် ဗြိတိသျှတို့ ကျင့်သုံးခဲ့ကြလေသည်။ မောင့်ဘက်တန်ကိုယ်တိုင် သူ့စစ်နယ်ကြီးအတွင်း ဒီရေအလား တလိမ့်လိမ့်တက်လာသော အမျိုးသားရေး စိတ်ဓာတ်များကို တွေ့မြင်နေလေသည်။ ထိုအရှိန်နှင့်ဆိုလျှင် ဗြိတိသျှကိုလိုနီများကို မရှောင်မလွှဲသာ လွတ်လပ်ရေးများ ပေးရတော့မည်ကိုလည်း တွက်ဆမိနေလေသည်။ ထို့သို့ လွတ်လပ်ရေးပေးရမည်ဆိုလျှင် မိမိတို့နှင့် ထိပ်တိုက်ဆန့်ကျင်ခြင်းကို မရောက်ရှိအောင် တတ်နိုင်သမျှ တည့်မတ်ပေးသွားသင့်သည်ဟုလည်း ယူဆလေသည်။ သို့ဖြင့် ဘုရင်ခံဒေါ်မန်စမစ်နှင့် ဆန့်ကျင်၍ ဖတပလကို ထောက်ကူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၁၉၄၅ ခု ဇွန်လတွင်တော့ မောင့်ဘက်တန်သည် ထိုခေတ် ထိပ်ဆုံးခေါင်းဆောင် သုံးဦးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း နှင့် အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းတို့နှင့် တွေ့ဆုံလေသည်။ တွေ့ဆုံရာတွင် မောင့်ဘက်တန်က ဗမာပြည်လွတ်လပ်ရေးကို သုံးနှစ်နှင့် ခြောက်လအတွင်း ရရှိစေမည်ဟု အာမခံသည်။ ထို့ကြောင့် လက်ရှိ ဗမာအမျိုးသားတပ်မတော် BNA ကို ဖျက်သိမ်း၍ ထပ်မံအသစ်ဖွဲ့စည်းမည့် ဗမာ့တပ်မတော်ထဲသို့ မည်သို့ ထည့်သွင်းမည်ကို အကြမ်းဖျဉ်း ရှင်းပြသည်။ ဤတွေ့ဆုံမှု၏ ရလဒ်မှာ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့တွင် စက်တင်ဘာလ၌ ကွန်ဖရင့် မွေးဖွားလာခြင်း ဖြစ်သည်။

ကန္ဒီကွန်ဖရင့် ကျင်းပနေချိန်အထိ ဘုရင်ခံ ဒေါ်မန်စမစ်သည် ဖဆပလကို အသိအမှတ်ပြုရန် ငြင်းဆန်နေဆဲ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံ ဆွေးနွေးရန် လည်း ငြင်းဆန်နေဆဲ ဖြစ်လေသည်။ ထိုကွန်ဖရင့်ကာလမှာပင် ဗိုလ်ချုပ်အောင်ဆန်း၏ အနာဂတ် နိုင်ငံရေးလည်း ရှင်းလင်းလာသည်။ ဗြိတိသျှမှ ကမ်းလှမ်းသော အဆင့်မြင့် စစ်ရာထူးကို ငြင်းပယ်ပြီး တပ်မှထွက်ကာ နိုင်ငံရေးလုပ်မည်ဟု ကြေညာလိုက်လေသည်။ မောင့်ဘက်တန်၏ စစ်တုရင် ရွှေ့ကွက်သည် သူကိုယ်တိုင် မျှော်လင့်မထားသော အဆုံးအဖြတ် အလှည့်အပြောင်း တခု ဖြစ်သွားလေသည်။ ဤရွှေ့ကွက်ကြောင့် ဖဆပလ၏ နိုင်ငံရေးခေါင်းဆောင် အဖြစ်ဝင်လာသော ဗိုလ်ချုပ်အောင်ဆန်းကို ဗကပနှင့် ဝေးရာဘက်သို့ တွန်းပို့ပေးလိုက်သလို ဗိုလ်ချုပ်အောင်ဆန်းအတွက် စစ်ပြီးခေတ် အင်အားကြီးမားနေသော ဗကပကို စိန်ခေါ်နိုင်ရန် တောင့်တင်းသော ကျောထောက်နောက်ခံများ ဖန်ဆင်းပေးလိုက်သလို ဖြစ်သွားတော့သည်။ (စာမျက်နှာ ၆၆)

ဟု မာတင်စမစ်က ရေးသားခဲ့သည်။

မာတင်စမစ်၏ အမြင်အရ ဗမာပြည်သည် အင်ဒိုချိုင်းနားနှင့် မတူချေ။ ဗီယက်နမ်တွင် အမျိုးသားခေါင်းဆောင် ဟိုချီမင်းသည် ကွန်မြူနစ်တဦးဖြစ်နေသဖြင့် ပြင်သစ်ကိုလိုနီဘဝမှ လွတ်လပ်လာသော ဗီယက်နမ်ကို ကွန်မြူနစ်ပါတီမှ ထိန်းချုပ်ထားနိုင်ခြင်းဖြစ်သည်။ ဗမာနိုင်ငံတွင် ထိုသို့မဟုတ်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗကပနှင့် အလွန်ရင်နှီးပြီး လက်ဝဲဘက်သို့ တိမ်းညွှတ်သော်လည်း အမျိုးသားရေးဝါဒသမား တဦးသာ ဖြစ်လေသည်။ စစ်ပြီးစ ဖဆပလ ၏ အရှိန်အဝါမှာ ၁၉၄၅ ဩဂုတ်လ ၁၉ ရက် (ဂျပန်လက်နက်ချအပြီး တပတ်အကြာ)တွင် ပြုလုပ်သော နေသူရိန် အစည်းအဝေးကြီးတွင် အထွတ်အထိပ် ရောက်လာခဲ့သည်။ ထိုအချိန်က ဗကပသည် ပါတီကို တရားဝင်ထူထောင်ပြီး ဒုတိယကွန်ဂရက် ကျင်းပပြီးစဖြစ်သည်။ ဗကပ မှ ဆုံးဖြတ်လိုက်သော လေဘာပါတီနှင့်စေ့စပ်ပြီး လွတ်လပ်ရေးရယူရန် လမ်းစဉ်ကလည်း ဖဆပလ လက်ဝဲအင်အားစုထဲတွင် အတော်ဩဇာသက်ရောက်နေချိန် ဖြစ်သည်။ နေသူရိန်အစည်းအဝေးမှ တောင်းဆိုလိုက်သော စစ်အုပ်ချုပ်ရေး ရုပ်သိမ်းရေး၊ လွတ်လပ်ရေး ရရှိရေးနှင့် အမျိုးသားအစိုးရဖွဲ့စည်းရေး ကြွေးကြော်သံများက ဗမာပြည်အတွက် အရေးကြီးသော အလှည့်အပြောင်းများပင် ဖြစ်သည်။





၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သော လူထုသိန်းချီ တက်ရောက်သော ဖဆပလ အဖွဲ့ကြီးဦးဆောင်သည့် စတ္တုဖြူအုပ်ချုပ်ရေး ကန့်ကွက်ပွဲမှာလည်း ထိုအဖွဲ့ချုပ်ကြီးအတွင်း လက်ဝဲအင်အားစုများ ညီညွတ်ခြင်း၏ ရလဒ်ဖြစ်လေသည်။ လွန်ခဲ့သော သုံးလက စတင်ခဲ့သော ဘုရင်ခံဒေါ်မန်စမစ်၏ ကက်စတီအုပ်ချုပ်ရေးသည် စတ္တုဖြူအုပ်ချုပ်ရေးနှင့် ဆင်းမလားစီမံကိန်းများကို စတင်သည့် ဖွင့်ပွဲကြီးနှင့်တူနေသည်။ စစ်ကြီးအတွင်း ပျက်စီးခဲ့သော ဗြိတိသျှပိုင် ထုတ်ကုန်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများကို ပြန်လည်ထူထောင်ခြင်းနှင့် ဗြိတိသျှ ကုန်သည်ပွဲစားများကို ချေးငွေ ထုတ်ပေးခြင်းများနှင့် အလုပ်များနေသော ဒေါ်မန်စမစ်သည် အတိုင်ပင်ခံကောင်စီနှင့် အတိုင်ပင်ခံဥပဒေပြု လွှတ်တော်များကို ထူထောင်ရလေသည်။ ထိုသို့ ထူထောင်သောအခါ သူအသိမှတ်မပြုသော ဖဆပလကိုလည်း မလွှဲမရှောင်သာ ဖိတ်ကြားရလေသည်။ ဖဆပလမှလည်း ဘုရင်ခံကို တွေ့ဆုံကြလေသည်။ သို့သော် ဖဆပလက တင်သွင်းသော ဝန်ကြီးဦးရေ များပြားလွန်းသည်ဟူသော အကြောင်းပြချက်ဖြင့် ဆွေးနွေးပွဲ မအောင်မြင်ခဲ့ချေ။ ဘုရင်ခံက ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်၊ သခင်ထွန်းအုပ်၊ ဦးဘအုန်း၊ ဦးပု၊ သာယာဝတီမောင်မောင် စသူများဖြင့် ဘုရင်ခံအတိုင်ပင်ခံ ကောင်စီဖွဲ့လေသည်။ ထိုအချိန်တွင် တောနယ်များ၌ ဆင်းရဲငတ်ပြတ်မှုဒဏ်ကြောင့် အုံကြွမှုများ ပေါ်ထွက်နေသလို မြို့ပြအလုပ်သမား တိုက်ပွဲများလည်း ပေါ်ထွက်နေလေသည်။ ဖဆပလမှ စတ္တုဖြူအုပ်ချုပ်ရေး ကန့်ကွက်ဆန္ဒပြပွဲကြီး ပေါ်လာသောအခါ ဗမာနိုင်ငံမှ ဘုရင်ခံသာမက ဗြိတိန်မှ လေဘာအစိုးရလည်း တုန်လှုပ်သွားခဲ့လေသည်။

၁၉၄၆ စက်တင်ဘာ အထွေထွေသပိတ်ကြီးသည်ကား ဖဆပလတွင်း လက်ဝဲညီညွတ်မှုအင်အားဖြင့် ပြုလုပ်ခဲ့သော နောက်ဆုံးအင်အားပြပွဲကြီးဟု ခေါ်ရပေမည်။ ထိုသပိတ်ကြီးတွင် ကိုလိုနီအစိုးရ၏ လက်ရုံးတဆူဖြစ်သော ပုလိပ်အဖွဲ့ကြီးမှ အင်အား ၃၀၀၀ ကျော်လည်းပါဝင် သပိတ်မှောက်ကြသဖြင့် မကြုံစဖူး ထူးခြားနေသည်။ အစိုးရ စာရေးစာချီများ၊ ရေနံအလုပ်သမား၊ မီးရထားအလုပ်သမား၊ ဆိပ်ကမ်း အလုပ်သမားများ၏ သပိတ်များ တပြည်လုံးအနှံ့ ထွက်ပေါ်လာသဖြင့် အသစ်စက်စက် ရောက်ရှိလာသော ဘုရင်ခံ ဆာဟူးဘတ်ရန့်က သူရောက်လာခြင်းမှာ ကတ္တီပါအိတ်စွပ်ထားသော သံလက်သီးကို ဖော့ယမ်းထားသော စစ်သားတဦး၏ လာခြင်းမဟုတ်ကြောင်း ရှင်းပြကာ ဖဆပလအဖွဲ့ကြီးနှင့် အပေးအယူလုပ် ဖြေရှင်းလေတော့သည်။ ဆာဟူးဘတ်ရန့်၏

ဘုရင်ခံအတိုင်ပင်ခံအဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဒုဥက္ကဋ္ဌဖြစ်ရုံမက ကာကွယ်ရေးနှင့် နိုင်ငံခြားရေးတာဝန်များကိုပါ ပေးအပ်ခြင်း ခံရလေသည်။ တဖက်တွင် ထိုအတိုင်ပင်ခံအဖွဲ့တွင် ဖဆပလကို ဆန့်ကျင်နေသော ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့ကို ထည့်လေသည်။ ဘုရင်ခံနှင့် အပေးအယူ လက်ခံလိုက်ကြသော ဖဆပလသည် အထွေထွေသပိတ်ကြီးကို ပြန်လှန်ပေးရန်နှင့် စက္ကူဖြူအုပ်ချုပ်ရေးကို မူအားဖြင့် လက်ခံရန် သဘောတူလက်ခံလိုက်ကြလေသည်။ တပြည်လုံး သပိတ်ပြန်လှန်ရန် အောက်တိုဘာလတွင် ဖဆပလမှ ဆုံးဖြတ်လိုက်သောအခါ ဖဆပလနှင့် ဗကပအကြား သဘောထားကွဲမှုပို၍ ပေါ်လွင် လာလေတော့သည်။

မာတင်စမစ်၏ စာအုပ်တွင် ထိုကာလကို ဗိုလ်ချုပ်အောင်ဆန်း၏ ဩဇာ အထွတ်အထိပ် ရောက်သည့်ကာလဟု ရေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ထဲတွင် ဗကပ မပါဝင်တော့သော ဖဆပလအဖွဲ့ကြီးရှိသည်။ ဆိုရှယ်လစ် ပါတီကြီးရှိသည်။ BNA တပ်မတော်ဖွဲ့စည်းရာတွင် မပါဝင်တော့သည့် အင်အား တသိန်းကို ပြန်လည် စုစည်းထားသည့် ပြည်သူ့ရဲဘော် PVO အဖွဲ့ကြီးလည်းရှိသည်။ တဖက်တွင် ဘုရင်ခံ အတိုင်ပင်ခံအမှုဆောင်ကောင်စီ ဒုဥက္ကဋ္ဌရာထူးသည် ဝန်ကြီးချုပ်ရာထူးနှင့် မခြားသလို သူသည် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး နှင့် အလားတူသော တာဝန်များကို ထမ်းဆောင်နေရသည်။ ထိုကာလ ကက်စ်ဘီဗြိတိသျှ အစိုးရနှင့် ဗြိတိသျှအရင်းရှင်များကို ဆန့်ကျင်သူများအား နှိမ်နင်းရမည့် အလုပ်သည် သူ့အလုပ်ဖြစ်လာလေတော့သည်။

၁၉၄၅ ခုတွင် လက်ဝဲအင်အားစုများ၊ မျိုးချစ်အင်အားစုများဖြင့် စည်းလုံးညီညွတ်ခဲ့သော ဖဆပလ အဖွဲ့ကြီးတွင် လက်ဝဲညီညွတ်ရေးကြောင့် အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကြီးများ ပြုလုပ်နိုင်စွမ်းရှိခဲ့သည်။ ၁၉၄၆ နှစ်လည်ပိုင်းတွင်မူ ထိုအခြေအနေမှာ တခြားစီဖြစ်သွားလေသည်။ ဖဆပလ ကြီးအတွင်း ဗကပနှင့် အမျိုးသားရေးဝါဒီ အကြားသဘောကွဲလွဲမှုတွေ များလာပြီး ဗကပ အင်အားစုနေရာတွင် ဆိုရှယ်လစ်ပါတီက တစတစ အစားထိုး ဝင်ရောက်လာသည်။ လက်ဝဲအင်အားစု ပြိုကွဲလာသောအခါ ဦးတင်ထွတ်၊ ဦးဘဖေ၊ ပျော်ဘွယ်ဦးမြ စသူတို့ကလည်း ဗမာနိုင်ငံကို ဗြိတိသျှ ဓနသဟာယ အုပ်စုအတွင်း ဆက်လက်နေထိုင်ရန် ပြောင်ပြောင်တင်းတင်း ရပ်ခံလာကြသည်။ ယခင်က ဗြိတိသျှကို ကွန်မြူနစ်နှင့်အတူ လက်တွဲဆန့်ကျင်ခဲ့ကြသော ဆိုရှယ်လစ် အင်အားစုမှာလည်း ဗကပကို ထုတ်ပယ်ပြီးနောက်ပိုင်းတွင် လက်ယာ အင်အားစုနောက်သို့





တဖြည်းဖြည်း လိုက်ပါသွားလေသည်။ ဖဆပလမှ ဗကပ ကို ထုတ်ပယ်ခြင်းမှာ ၁၉၄၆ စက်တင်ဘာ သပိတ်နှင့် ဆက်စပ်နေသည်။ စက်တင်ဘာလ ဘုရင်ခံနှင့် ဖဆပလအကြား ညှိနှိုင်းမှုရလဒ်အဖြစ် ဖဆပလမှ သပိတ်တွေ ပြန်လှန်ဖို့ ဆုံးဖြတ်သော်လည်း ဗကပက ကန့်ကွက်လေသည်။ ကန့်ကွက်ရုံမက ဗကပ ဦးဆောင်ထားသော ABTUC အလုပ်သမားသမဂ္ဂ ကွန်ဂရက်မှ သပိတ်ကြီးတခုကို အသစ်ဆင်နွှဲလိုက်လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အောက်တိုဘာ ၁၂ တွင် ဗကပဝန်ကြီးကို ဖယ်ရှားရန် ဖဆပလ အမှုဆောင်ကောင်စီမှ ဆုံးဖြတ်လိုက်သည်။ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြုလုပ်သော ဖဆပလ ထိပ်ဆုံးအာဏာပိုင် ဦးစီးအဖွဲ့ အစည်းအဝေးတွင် ဗကပနှင့် ကျန်အဖွဲ့များအကြား သဘောထားကွဲမှုများ ထွက်ပေါ်လာပြီး အပြန်အလှန်စွပ်စွဲပြီး သခင်သန်းထွန်းနှင့် ဗကပ ကိုယ်စားလှယ်အဖွဲ့ ထိုအစည်းအဝေးမှ ထွက်ခွာသွားကြသည်။ ထို့နောက် ဗကပ အားထုတ်ပယ်ရန် ဦးနုက အဆိုတင်သွင်းပြီး ဖဆပလအဖွဲ့ကြီးမှ အတည်ပြုလိုက်ကြလေသည်။

ဤနေရာတွင် ဘာတေားလ်လစ်တ်နာ၏ နေထွက်ချိန် နေဝင်ချိန် စာအုပ် စာမျက်နှာ ၃၆ တွင် ထိုကာလဖြစ်ရပ်တချို့၌ အချက်အလက်လွဲမှားနေသည်ကို တွေ့ရသည်။

> "ကွန်မြူနစ်ပါတီ သမိုင်းအကျဉ်းတွင် ဖော်ပြခဲ့သော "စစ်ပြီးခေတ်၏ အကြီးကျယ်ဆုံး အထွေထွေ သပိတ်ကြီး" ဆိုသည်ကို ဆင်နွှဲခဲ့သည်မှာ ဤကာလအတွင်း ၁၉၄၆ ဩဂုတ်လတွင်ဖြစ်သည်။ (လွတ်လပ်သော သမိုင်းပညာရှင်များကမူ ဤအရေးအခင်းကို အကြီးကျယ်ဆုံးဟု မသတ်မှတ်ကြပါ။ ရမည်းသင်းနှင့် တောင်ငူခရိုင်တွင် ပေါ်ထွက်ခဲ့သော သာမန်အုံကြွမှုများ အဖြစ်သာ ဖော်ပြကြပါသည်။)"

ဟု ရေးသားထားရာ ၁၉၄၆ စက်တင်ဘာ အထွေထွေသပိတ်ကြီးကို ရမည်းသင်း၊ တောင်ငူ သာမန်အုံကြွမှုနှင့် လွဲမှားသွားသည်မှာ ထင်ရှားနေသည်။ စစ်ပြီးခေတ် အကြီးကျယ်ဆုံး အထွေထွေသပိတ်ကြီးမှာ ပုလိပ်များ၊ စာရေးစာချီများ၊ အလုပ်သမားများ နှင့် ကျောင်းသားများပါဝင်သော စက်တင်ဘာ အထွေထွေ သပိတ်ကြီးသာဖြစ်ပါသည်။ ဩဂုတ်လသပိတ်ဟု မကြားဖူးချေ။

ဗကပကို ဖဆပလမှ ထုတ်ပယ်ပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ မတိုင်မီကာလတွင် ဗကပဘက်မှရော ဗိုလ်ချုပ်အောင်ဆန်းဘက်မှပါ

လက်ဝဲညီညွတ်ရေး ပြန်လည်တည်ဆောက်လိုသော အရိပ်အယောင်များ ပြလာကြလေသည်။ မာတင်စမစ် စာအုပ် စာမျက်နှာ ၇၀ တွင်–

"ဗကပသည် ၁၉၄၈ မတ်လပုန်ကန်မှုပေါ်ထွက်ချိန်အထိ ဖဆပလ ကွန်မြူနစ် ညီညွတ်ရေးကို အခြေခံသော ဒီမိုကရေစီ တပ်ပေါင်းစုသစ်တခု ထူထောင်ရေး မဟာဗျူဟာကို ဗဟိုပြုခဲ့ကြသည်။ ထိုတပ်ပေါင်းစုသစ်တွင် ဓနရှင် ခေါင်းဆောင်မှုနှင့် လက်တွဲခြင်းမရှိစေရ။ ဗကပ၏ ဝါဒဖြန့်ချိရေး အမိက ဦးတည်ထားသူများမှာလည်း ဖဆပလ အမှုဆောင်ထဲမှ ဓနရှင်နှင့် ပူးပေါင်းလက်တွဲသူများ ဖြစ်လေသည်။ လက်ျာသမားများဖြစ်သော ဦးဘဖေ နှင့် ဦးတင်ထွတ် တို့ကိုလည်း ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။

"၁၉၄၇ ဧပြီ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ပြီးဆုံးသောအခါ လက်ယာပါတီများနှင့် လက်ယာအမတ်များ အင်ကြီးအားကြီး ထွက်ပေါ်လာခြင်းအပေါ် သခင်အောင်ဆန်းလည်း စိုးရိမ်မှု ဖြစ်ပေါ်ပုံရလေသည်။ ရွေးကောက်ပွဲမတိုင်မီ ဗကပနှင့်တွေ့ဆုံ၍ အမတ်လောင်းနေရာများ ခွဲဝေရန် ဆွေးနွေးခြင်းများပြုသော်လည်း ဖဆပလမှ အမတ်အများဆုံးရရှိကာ ဦးတင်ထွတ်တို့ ဦးဘဖေတို့လည်း ဖဆပလ အမတ်များဖြစ်လာကြလေသည်။ မတ်လ ၈ ရက်ဖြူးတွင် ပြုလုပ်သော တောင်သူလယ်သမား သမဂ္ဂညီလာခံတွင် သခင်သန်းထွန်းမှ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဆင်နွှဲရန်၊ ထိုသို့ တိုက်ခိုက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် လူထုကြီးနှင့် ပြန်လည်လက်တွဲရန် တိုက်တွန်းခဲ့လေသည်။ သို့သော် ၁၉၄၇ ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများကို ထိတ်လန့်တုန်လှုပ်ဖွယ် လုပ်ကြံသတ်ဖြတ်လိုက်ခြင်းကြောင့် ဗကပကို ပြင်းထန်စွာ ခါရမ်းပစ်လိုက်သလို ဖြစ်သွားစေသည်။ အထူးသဖြင့် ဤကိစ္စကြောင့် သခင်သန်းထွန်းလည်း တုန်လှုပ်ခြောက်ခြားသွားလေသည်။ မျက်မြင် သက်သေတဦး အဆိုအရ သခင်သန်းထွန်းသည် ရန်ကုန်ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံး အတင်းဝင်ရောက်၍ ဖန်ခွက်များကို ရိုက်ခွဲသွားလေသည်"

ဟု မာတင်စမစ်ကရေးလေသည်။ ထို့နောက်–

"ဗကပအနေဖြင့် ဤလုပ်ကြံမှုကို နယ်ချဲ့၏ အကြံအစည် တခုအဖြစ် ယုံကြည်ထားလေသည်။ ဤအချက်ကို ပို၍ခိုင်မာစေရန် နှစ်လ သုံးလ အကြာတွင် ဗကပ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် တဦးဖြစ်သော ဘတင်၏





စကားတခွန်း ထွက်ပေါ်လာသည်။ ယင်းမှာ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ–ဗကပ တပ်ပေါင်းစုသစ်တရပ် ဖွဲ့စည်းရေးအတွက် ဗကပနှင့် ဆွေးနွေးနေကြဆဲ ကာလတွင် ယခုကဲ့သို့ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည် ဟူသော စကားပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ကလည်း အလုပ်ကြံမခံရမီ ခြောက်ရက်အလို ဇန္နဝါရီလ ပန်းခြံလူထု အစည်းအဝေးတွင် "ကွန်မြူနစ်အစိုးရ လက်အောက်မှာ ဖြစ်ဖြစ်၊ ဆိုရှယ်လစ်အစိုးရ လက်အောက်မှာ ဖြစ်ဖြစ် တတိုင်းပြည်လုံး စည်းလုံးကြဖို့နှင့် စည်းကမ်းရှိကြဖို့ တိုက်တွန်းသွားလေသည်"

ဟုလည်း ရေးထားပါသည်။

သူ့အဆိုအရ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ပြီး ခြောက်လလောက်ရှိသော ကာလအတွင်း ဗကပ၏ လမ်းစဉ်မှာ ဖဆပလ နှင့် ကွန်မြူနစ် ညီညွတ်ရေးပဲ ဖြစ်သည်။ ထိုကာလအတွင်း ဦးနုနှင့် တွေ့ဆုံစေ့စပ်ရေးများ လုပ်ရင်း တချို့အလုပ်တွေ လစ်ဟင်းနေခဲ့သည်။ ဗကပ၏ ဇူလိုင် ၃၀ ရက် အစည်းအဝေးမှ–

"ယာယီအစိုးရကို စစ်မှန်တဲ့ ယာယီအစိုးရအဖြစ် ပြောင်းလဲရေး ကြွေးကြော်သံသစ်ကို ထုတ်ပြန်ထားပြီး ထိုယာယီအစိုးရတွင် ဗကပကို ပြန်လည်ထည့်သွင်းရန်လည်း မျှော်လင့်ကြပုံ ရလေသည်။" သို့သော် ထိုအချိန်တွင် ဘုရင်ခံက ဦးနုကို ဗိုလ်ချုပ်အောင်ဆန်းနေရာတွင် ဆက်ခံရန် ရွေးချယ်ပြီးသား ဖြစ်နေလေပြီ"

ဟု ရေးခဲ့ပါသည်။

ဤနေရာတွင် ခေတ်သစ် ဗမာ့နိုင်ငံရေးသမိုင်းကို ပြန်ပြောင်းကြည့်ရှုဖို့ အနည်းငယ်လိုအပ်လိမ့်မည်။ ၁၉၂၀ ခု ကျောင်းသားသပိတ်ကြီးမှ စတင်သော ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် ဝံသာနု အမျိုးသားရေး လှုပ်ရှားမှုများကို ထွက်ပေါ်စေခဲ့သလို ဆရာစံ တောင်သူလယ်သမား လှုပ်ရှားမှုများကို ထွက်ပေါ်စေခဲ့သည်။ ယင်းနောက်တွင်တော့ တို့ဗမာအစည်းအရုံးနှင့် အလုပ်သမား၊ ကျောင်းသား လှုပ်ရှားမှုများ ဒီလှိုင်းသစ်တခု ထွက်ပေါ်လာသောအခါ အမျိုးသားလှုပ်ရှားမှုမှာ အသွင်အပြင် ပြောင်းလဲသွားလေသည်။ တို့ဗမာအစည်းအရုံးကြောင့် လူငယ်လူရွယ် သခင်များသည် ဆိုရှယ်လစ်ဝါဒနှင့် လက်ဝဲဖက်သို့ တိမ်းညွတ်လာကြပြီး အားကောင်းသည့် လက်ဝဲ ညီညွတ်ရေးကြီး ပေါ်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ ထိုလက်ဝဲညီညွတ်ရေး အခြေခံကြောင့်

၁၃၀၀ ပြည့် အရေးတော်ပုံကြီး ဆင်နွှဲခဲ့သလို ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီး ဆင်နွှဲခဲ့ကြလေသည်။ ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန် ဗမာ့လွတ်လပ်ရေး နောက်ဆုံးအဆင့် တိုက်ပွဲမှာလည်း ထိုညီညွတ်ရေးကြီးကြောင့် ဗြိတိသျှအစိုးရမှ တခုပြီးတခု အလျှော့ပေးရခြင်း ဖြစ်လေသည်။ သို့သော် ထိုတိုက်ပွဲ နောက်ဆုံးအဆင့်တွင်တော့ ထိုညီညွတ်ရေးပြိုကွဲခဲ့ရပြီး ပြန်လည် အဖတ်ဆယ်ရန် ကြိုးစားသည်များမှာလည်း ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခြင်းနှင့်အတူ သဲထဲရေသွန် ဖြစ်ရလေသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာတော့ လက်ဝဲညီညွတ်ရေး အမျိုးမျိုး ပေါ်ခဲ့လေသည်။ ဦးသိန်းဖေမြင့်၏ လက်ဝဲညီညွတ်ရေး၊ ဦးနု၏ "နုမူ ၁၅ ချက်" ညီညွတ်ရေး၊ ပြည်သူ့ရဲဘော်၏ "ရဲဘော်မူ" လက်ဝဲညီညွတ်ရေး၊ ဖဆပလ နှင့် ဗကပ အပြန်အလှန်ပေးစာများစတဲ့ မူအမျိုးမျိုး ထွက်ပေါ်ခဲ့ဖူးလေသည်။ တချို့မူတွေဆိုရင် ကွန်မြူနစ်ဆန့်ကျင်ရေးသမား ဗိုလ်ချုပ်နေဝင်းကို လက်ဝဲသမားအဖြစ် လက်ဝဲညီညွတ်ရေး အဖွဲ့ခေါင်းဆောင် တင်သည်အထိ ပြုလုပ်ကြသည်။ ပြည်သူ့ရဲဘော်ကဲ့သို့ နှစ်ဖက်မျှမျှတတ ဖြစ်စေလိုသည့် ညီညွတ်ရေးမူကိုတော့ ဖဆပလမှ ပယ်ချခဲ့ကြသည်။ အာဏာရ ဖဆပလ တွင်းမှာပင် ဆိုရှယ်လစ်အုပ်စုက ပြည်သူ့ရဲဘော်နှင့် ညီညွတ်ရေးမရတော့သလို ဆိုရှယ်လစ်အုပ်စုထဲမှ လက်ယာသမားများကလည်း လက်ဝဲအုပ်စုနှင့် ညီညွတ်ရေး မရနိုင်တော့သည်အထိ အခြေအနေ ဆိုးရွားသွားလေသည်။

ဒုတိယကမ္ဘာစစ် အစောပိုင်းကာလ ဗမာ့နိုင်ငံရေးလှုပ်ရှားမှုကို ဘာတေးလ်လစ်တ်နာ၏ သုံးသပ်ပုံတခုကို တင်ပြလိုပါသေးသည်။ သူ့စာအုပ် စာမျက်နှာ ၂၆ ၌–

"သို့တစေ ယခုအခါတွင်ကား အဆိုပါ အပြိုင်အဆိုင် အဖွဲ့အစည်းများမှာ တူရာတူရာ စုစည်းပြီး အဓိက အင်အားစုကြီး နှစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွက်လာပြီ ဖြစ်ပါသည်။ တဖက်တွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်ကာ လက်ဝဲလိုလားသည့် တို့ဗမာအစည်းအရုံးနှင့် ရဲဘော်သုံးကျိပ်ဝင် အများစုရှိသည်။ တဖက်တွင်မူ ဝင်ရိုးတန်းနိုင်ငံများကို လိုလားသည့် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ ဦးဆောင်သည့် အုပ်စုတို့ ဖြစ်ပါသည်။ သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ) နှင့် အခြားထင်ရှားသော သခင်အများစုမှာ သခင်ကိုယ်တော်မှိုင်းဂိုဏ်းမှ ဖြစ်သည်။ နောင် စစ်အာဏာရှင် ဖြစ်လာမည့်





ရဲဘော်သုံးကျိပ်ဝင် သခင်ရှုမောင် (ဗိုလ်နေဝင်း) သည်ကား သခင်ဗစိန်ဂိုဏ်းမှ ထင်ရှားသောအဖွဲ့ဝင်တဦး ဖြစ်ပါသည်"

ဟု ပါရှိလေသည်။

ဤစာပိုဒ်တွင် အချက် နှစ်ချက်ကို တွေ့နိုင်သည်။ ပထမ အချက်မှာ ထိုအချိန်၌ အဓိကအင်အားစုကြီး နှစ်ခုပဲရှိသည်။ ဒုတိယအချက်မှာ ထို နှစ်အုပ်စုအနက် ပထမအုပ်စုက လက်ဝဲလိုလားပြီး ဒုတိယ အုပ်စုက ဝင်ရိုးတန်း နိုင်ငံများကို လိုလားသည်။ ဤအတိုင်းဆိုလျှင် ပထမ အုပ်စုမှ လူငယ်များ အဘယ်ကြောင့် ဂျပန်ကို စစ်ပညာသင်ကြားရန် လျှို့ဝှက်ထွက်ခွာရသနည်းဟု မေးစရာ ရှိနေလေသည်။

ထိုစာပိုဒ်မှာ ဖြစ်ရပ်နှစ်ခု သိသာစွာ ရောထွေးနေလေသည်။ တို့ဗမာ အစည်းအရုံးတွင် သခင်ကိုယ်တော်မှိုင်း အုပ်စုနှင့် သခင်ဗစိန်၊ သခင်ထွန်းအုပ်စု ဂိုဏ်းတို့ ကွဲပြားခဲ့ကြသည်မှာ ယခု ရည်ညွှန်းသည့် ကာလထက် အများကြီး စောပါသည်။ စကွဲကြသူများမှာ သခင်ကိုယ်တော်မှိုင်း မဟုတ်ဘဲ သခင်သိန်းမောင်နှင့် ဖြစ်ပါသည်။ ကွဲရသည့် အကြောင်းအရာမှာလည်း ဂျပန်လိုလားခြင်း၊ မလိုလားခြင်းနှင့် မသက်ဆိုင်ပါ။ ၁၉၃၈ ခု မတ်လ စတုတ္ထပတ်တွင် ပြည်မြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး တတိယအကြိမ်ညီလာခံတွင် ဓနရှင် ဆန့်ကျင်ရေး ဆင်းရဲသားဘက်မှ ရပ်တည်ရေး လုပ်ငန်းစဉ်ကို မကြိုက်သဖြင့် သခင်သိန်းမောင်၏ လူများစုနှင့် သခင်ဗစိန်တို့၏ လူနည်းစု ကွဲကြခြင်းဖြစ်ပါသည်။ ထိုညီလာခံမှစ၍ တို့ဗမာအစည်းအရုံးသည် လက်ဝဲလမ်းစဉ်နှင့် တူတံဇဉ် တံဆိပ်ပါသော အလံများ စတင်ကိုင်စွဲခဲ့ခြင်း ဖြစ်လေသည်။

ဗမာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းတွင် ဝင်ရိုးတန်း(ဖက်ဆစ်) နိုင်ငံများလိုလားသော အုပ်စုဟူ၍ သီးသန့်အုပ်စုအဖြစ် အင်အားစုကြီး မရှိခဲ့ချေ။ ၁၉၃၀ ခုနှစ် ဆရာစံ တောင်သူလယ်သမား သူပုန်ကြီးကို အင်္ဂလိပ်မှ ရက်ရက်စက်စက် နှိမ်နင်းလိုက်သောအခါ နိုင်ငံရေးအင်အားစုများထဲ၌ အင်္ဂလိပ်ကို လက်နက်ဖြင့် ပြန်တိုက်မှရမည်။ ပြင်ပမှ အကူအညီရှာရမည် ဟူသော တွေးခေါ်မှုတွေ ထွက်ပေါ်ခဲ့ပြီး ပြည်ပအကူအညီရရန် နည်းမျိုးစုံ စဉ်းစားခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ တို့ဗမာ အစည်းအရုံး လက်ဝဲဂိုဏ်းကဆိုလျှင် တရုတ်ကွန်မြူနစ်များနှင့် ဆက်သွယ်ရန် နည်းမျိုးစုံ ကြိုးစားခဲ့လေသည်။ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ ပြည်ပခရီး ဦးတည်ချက်မှာ တရုတ်ပြည် ကွန်မြူနစ်ပါတီဖြစ်ပြီး ကံအားလျော်စွာ အမွိုင်သို့ ရောက်ရှိကာ ဂျပန်သို့ ခေါ်ဆောင်ခြင်းကို ခံခဲ့ရခြင်း ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီး စတင်သည့်အခါတွင် တို့ဗမာ အစည်းအရုံး လက်ဝဲဂိုဏ်းနှင့် ဒေါက်တာဘမော် ဆင်းရဲသားပါတီတို့ လက်တွဲ၍ Freedom Block ခေါ် လွတ်လပ်ရေး ထွက်ရပ်ဂိုဏ်းကြီးကို ဖွဲ့စည်း၍ အင်္ဂလိပ်အခက်၊ ဗမာ့အချက် ကြွေးကြော်သံဖြင့် လွတ်လပ်ရေး ကြိုးပမ်းခဲ့ကြစဉ်မှာလည်း ပြည်ပအကူကို နည်းမျိုးစုံ စဉ်းစားကြလေသည်။ ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်တို့က ဂျပန်နှင့် အဆက်အသွယ်ရှာသလို ဒီးဒုတ်ဦးဘချိုကလည်း တရုတ်ချန်ကေရှိတ်နှင့် ဆက်သွယ်ရန် ကြိုးပမ်းသည်။ ဗကပ ခေါင်းဆောင်များကလည်း တရုတ်ကွန်မြူနစ်ပါတီ၊ အိန္ဒိယကွန်မြူနစ်များသာမက အင်္ဂလိပ်ကိုလည်း မဟာမိတ်ပြုရန် ကမ်းလှမ်းသည်။ သခင်ဗစိန်တို့ကလည်း ဂျပန်နှင့် အဆက်အသွယ်ရရန် ကြိုးစားသည်။ ထိုစဉ်က ဗြိတိသျှ အစိုးရ၏ နန်းရင်းဝန် လုပ်နေသော ဂဠုန်ဦးစောကလည်း ဂျပန်နှင့်ဆက်၍ လျှော့နှစ်ဖက်နင်းဖို့ လုပ်လေသည်။

ထွက်ရပ်ဂိုဏ်းကြီးထဲမှ ဂျပန်နှင့် အဆက်အသွယ်ရရှိသည့် အုပ်စုမှာ နှစ်စုဖြစ်သည်။ ပထမအုပ်စုမှာ ဒေါက်တာဘမော်နှင့် ဒေါက်တာသိမ်းမောင်တို့ အုပ်စုဖြစ်ပြီး ထိုအုပ်စုမှနေ၍ အမွိုင်သို့ရောက်နေသော သခင်အောင်ဆန်းတို့ကိုဆက်သွယ်ရန် ဂျပန်ကို အကြောင်းကြားခြင်းဖြစ်သည်။ ဒုတိယ အုပ်စုကတော့ ပြည်သူ့အရေးတော်ပုံပါတီ PRP ဖြစ်လေသည်။ သခင်အောင်ဆန်း ဘက်သားအများစုနှင့် သခင်ဗစိန်ဘက်သား အနည်းစုပါသော ရဲဘော်သုံးကျိပ် ဂျပန်တွင် စစ်သင်တန်းတက်နေချိန်တွင် PRP အား လက်နက်အမြောက်အမြား ကူညီမည်ဆိုသောကတိကို ဂျပန်များထံမှ ရရှိထားလေသည်။ ထိုစဉ်က ဗကပနှင့် ကင်းကွာနေသော သခင်သိန်းဖေကို ကိုကျော်ငြိမ်းက PRP တွင် ဝင်ရောက်လုပ်ကိုင်ရန် ခေါ်ဆောင်ပြီး အထက်ဗမာပြည်သို့ စေလွှတ်၍ စည်းရုံးရေး ဆင်းစေခဲ့သည်။ ထိုကာလအတွင်း ရေဦးမြို့အနီး မဟာမြိုင်တောစပ်၌ ဂျပန်မှ ချပေးမည့် လက်နက်များကို သခင်သိန်းဖေတို့အဖွဲ့မှ သွားစောင့်သော်လည်း ဘာလေယာဉ်မှ မလာကြောင်း ရေးသားခဲ့ဖူးလေသည်။ သူ့ဒေသတင်မကာ PRP အား လေယာဉ်ဖြင့် လက်နက်များလာချမည်ဆိုသော နေရာ ရှစ်နေရာစလုံး ဘာမှမရကြောင်း ရေးပါသည်။ ဂျပန်သည် ဗမာ့လွတ်လပ်ရေး လှုပ်ရှားမှု အင်အားစုကို ကတိသုံးခု ပေးခဲ့သည်။ (၁) လွတ်လပ်ရေးပေးမည်။ (၂) လက်နက်ကူညီမည်။ (၃) ဂျပန်စစ်တပ်များ ဗမာပြည်ထဲသို့မဝင်ပါ ဆိုသော ကတိများဖြစ်ပြီး ထိုကတိများကို ယုံကြည်၍





ပူးပေါင်းခဲ့ကြ ခြင်းဖြစ်လေသည်။ တကယ့် လက်တွေ့တွင် ထိုကတိသုံးခုစလုံးကို ဖောက်ဖျက်သွားလေသည်။

ဤအခြေအနေကို နားမလည်လျှင် ဂျပန်တပ်နှင့်အတူ ချီတက်လာသော BIA ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို ကြိုဆိုခဲ့ကြခြင်းကို နားလည်မည် မဟုတ်ချေ။ ဂျပန်ကပေးသော အတုအယောင် လွတ်လပ်ရေးတွင် ဗမာ့ထွက်ရပ်ဂိုဏ်းဝင်များ အစိုးရဖွဲ့ကြသည်ကိုလည်း နားလည်မည် မဟုတ်ချေ။ ဂျပန်ခေတ် အစိုးရဝန်ကြီးအဖွဲ့ကို အကာအကွယ်ယူ၍ ဂျပန်ဆန့်ကျင်ရေး လျှို့ဝှက်လှုပ်ရှားမှုများ လုပ်ကိုင်ခဲ့ကြသည်ကို နားလည်နိုင်မည်မဟုတ်ပေ။ ဤသို့ ဂျပန်ခေတ် BIA နှင့် အဓိပတိ ဒေါက်တာဘမော် ဝန်ကြီးအဖွဲ့တွင် လျှို့ဝှက်လုပ်ကိုင်ရင်း အိန္ဒိယရောက် ကိုသိန်းဖေမှတဆင့် မဟာမိတ်များနှင့် အဆက်အသွယ်ယူခြင်း၊ လုံးဝမြေအောက်လျှိုးနေသော ဗကပ သခင်စိုးနှင့် ဖတပလ ဖွဲ့ခြင်းများမှာ ရှုပ်ထွေးသော တော်လှန်ရေးဖြစ်စဉ်များ ဖြစ်လေသည်။ ထို့ကြောင့် ဂျပန်လိုလားသော ဂိုဏ်း၊ ဂျပန်မလိုလားသောဂိုဏ်းဟု ခပ်လွယ်လွယ်သတ်မှတ် ခွဲခြားရန် မသင့်ချေ။

ဘာတေးလ်လစ်တ်နာ၏ စာအုပ် စာမျက်နှာ ၂၈ နောက်ပိုင်းတွင် ဗကပမှ ထုတ်ဝေသော ပါတီသမိုင်းအကျဉ်းအပေါ် သူ၏အမြင်နှင့် သုံးသပ်ချက်များ ဖော်ပြခဲ့လေသည်။ ၁၉၃၉–၁၉၄၁ ဗကပ၏လုပ်ဆောင်ချက်၊ ၁၉၄၁–၁၉၄၅ ဗကပ၏ အခန်းကဏ္ဍများကို သုံးသပ်ရာတွင်–

> "ဗိုလ်ချုပ်အောင်ဆန်းနှင့် ကွန်မြူနစ် မဟုတ်သူများ ဂျပန်ရောက်နေချိန်တွင် မြန်မာ ကွန်မြူနစ်များ ပထမဆုံး အဆက်အသွယ်ယူကြသည့် အနောက်တိုင်းသား မဟာမိတ်မှာ ဗြိတိသျှဖြစ်သည်။ မလေးရှားမှ မလေးကွန်မြူနစ်များနည်းတူ ဗမာကွန်မြူနစ်များသည်လည်း ဂျပန် ဆန့်ကျင်ရေးအတွက် ဗြိတိသျှ ကိုလိုနီသမားများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။"

ဟု သုံးသပ်ထားလေသည်။

ဤသုံးသပ်ချက်တွင် ဗကပတွေ ဗြိတိသျှကို ပထမဆုံး အဆက်အသွယ် ယူသည်ဟု ပါရှိလေသည်။ အမှန်တော့ ကွန်မြူနစ်အချင်းချင်းဖြစ်သော တရုတ်ကွန်မြူနစ်နှင့် အရင်ဆုံးဆက်သွယ်ရန် အကြိမ်ကြိမ် ကြိုးစားကြခြင်းသာ ဖြစ်သည်။ သခင်ဗဟိန်းနှင့် ကိုဌေးမြိုင်(ဒဂုန်တာရာ) တို့ တရုတ်ပြည်သွားရန် ပထမဆုံး ကြိုးစားသည်။ ယင်းနောက် ရဲဘော်အေးငွေခေါ် သခင်ဇေယျကို သခင်ဗဟိန်းမှ ထပ်မံစေလွှတ်သည်။ ၁၉၄၀ ခုနှစ်တွင်သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့

ထပ်မံကြိုးစားခဲ့လေသည်။ ရဲဘော်အေးငွေ အကြောင်းကို သူ့စာအုပ်တွင်လည်း ရေးထားပါသည်။

ဗြိတိသျှနှင့် အဆက်အသွယ် ရရှိပုံမှာလည်း အဆင့်အမျိုးမျိုး ဖြတ်သန်းပြီး နောက်ပိုင်းမှသာ ရရှိခဲ့ခြင်းဖြစ်လေသည်။ မလေးရှား ကွန်မြူနစ်တွေနှင့် အတော်ကွာခြားပါသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်သောအခါ ဗြိတိသျှများ ပထမဆုံး ပြုလုပ်သည်မှာ ဗမာ့ထွက်ရပ်ဂိုဏ်း ထိပ်ပိုင်းခေါင်းဆောင် အများအပြားကို ထောင်ထဲဖမ်းထည့်ခြင်း အလုပ်ဖြစ်ပါသည်။ ထိပ်ဆုံးခေါင်းဆောင် ဒေါက်တာဗမော် အပါအဝင် သခင်စိုး၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ သခင်ကျော်စိန်၊ သခင်နု၊ သခင်မြသွင် စသည့်ခေါင်းဆောင်များ အင်းစိန်ထောင်ထဲ ရောက်ရှိသွားကြသည်။ သခင်စိုးမှ အင်းစိန်စစ်တမ်းဖြင့် ဖက်ဆစ်ဆန့်ကျင်ရေး မဟာမိတ်ဖွဲ့ရေး ကမ်းလှမ်းသည့်အခါ ထိုကမ်းလှမ်းချက်ကို အရေးမစိုက်သည့်အပြင် ခေါင်းဆောင်များကို မန္တလေးထောင်၊ မြင်းခြံထောင် များသို့ ပြောင်းရွှေ့ပြန်ပါသည်။

ဗြိတိသျှတွေ ဗမာပြည်က ဆုတ်ခွာချိန်မှာ KMT ဗိုလ်ချုပ် ပီအက်စ်ဝမ်းက မန္တလေးထောင်ထဲမှ သခင်နုတို့ကို ထုတ်ပေမယ့် ဂျပန်က သီပေါမြို့ကို ဖြတ်သိမ်းလိုက်သည့်အတွက် KMT ဆီမသွားနိုင်တော့ဘဲ ထောင်ထဲကို ပြန်အပို့ ခံရပြန်သည်။ အင်္ဂလိပ်များက မန္တလေးမှ ဆုတ်ခွာသွားစဉ် သခင်ခေါင်းဆောင်များကို ထောင်ထဲတွင် သော့ခတ်၍ အလုံပိတ် သွားကြခြင်းဖြစ်သည်။ ကံကောင်းထောက်မစွာ ဂျပန်လက်သို့ ကျရောက်လုဆဲဆဲတွင် ထောင်အာဏာပိုင်နှင့် အပေးအယူလုပ်၍ လွတ်လာကြခြင်းဖြစ်သည်။ ထောင်ကလွတ်လာသူများနှင့် PRP မှ သခင်သိန်းဖေ၊ ကိုကျော်ငြိမ်းတို့ ဆွေးနွေးတိုင်ပင်အပြီး ဂျပန်နှင့် မီးစင်ကြည့်ကမည့်အဖွဲ့၊ KMT နှင့် လိုက်မည့်အဖွဲ့ဟူ၍ တာဝန်ခွဲကြသည်။ သခင်စိုး၊ သခင်သိန်းဖေ၊ သခင်ကျော်စိန်၊ သခင်မြသွင်တို့သည် ရွှေဘိုအနီးတွင် KMT တပ်ကို မီသွားပြီး တရုတ်ပြည်သို့ ခရီးဆက်ရန် ကြိုးစားသည်။ ထိုအဖွဲ့၏ ရည်ရွယ်ချက်မှာ ဗမာပြည် ပြင်ပသို့ရောက်သည်နှင့် မဟာမိတ်ဗြိတိသျှ၊ အမေရိကန် နှင့်သာမက ရုရှနှင့်လည်း ဆက်မည်။ တရုတ်ကွန်မြူနစ်များနှင့်လည်း ဆက်ကြမည်ဖြစ်သည်။ သို့သော် မဲဇာအရောက်တွင် ဂျပန်တပ်မှ ရှေ့မှဖြတ်၍ ဗန်းမော်နှင့်မြစ်ကြီးနားတို့ကို သိမ်းလိုက်သဖြင့် KMT တပ်များ ခရီးလမ်းကြောင်း ပြောင်းသွားကာ သခင်သုံးဦးမှာလည်း တရုတ်တပ်၏ စကားပြန်ဘဝ ရောက်နေလေသည်။ ထိုတပ်မှ ထွက်ပြေးပြီးနောက် ဗမာပြည်အလယ်ပိုင်း ပြန်ရောက်ပြီးမှသာ အိန္ဒိယသို့ ရှိုင်မှတဆင့်





ထွက်ခွာရခြင်းဖြစ်လေသည်။ ဤမျှဆိုလျှင် မလေးရှားမှာလို ဗြိတိသျှကိုလိုနီသမားနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်း ဟုတ်မဟုတ် သိသာနေပါပြီ။ ဖက်ဆစ်တော်လှန်ရေးကြီး ဖြစ်လာချိန်မှာပင် ဗြိတိသျှများသည် ဗမာမျိုးချစ်များကို လက်နက် တပ်ဆင်ရန် စိတ်မကူးချေ။ နောက်ပိုင်းမှသာ သေနတ် ၃၀၀၀ ကို ခွေတ္တငှားရမ်းသည့် အနေဖြင့် ငှားရမ်းပေးခဲ့ခြင်း ဖြစ်လေသည်။

ဘာတေးလ်လစ်တ်နာ စာအုပ် စာမျက်နှာ ၃၃–၃၄ ဗကပ သမိုင်းအကျဉ်းချုပ် ၁၉၄၅–၁၉၄၈ အပေါ် သုံးသပ်ရာတွင်–

"၁၉၄၅ ဇူလိုင် ၂၀–၂၁ ရက်များက ရန်ကုန်မြို့မှာ ကျင်းပသော ဒုတိယ ကွန်ဂရက်တွင် ထိရောက်စွမ်းဆောင်သော ကွန်မြူနစ် အဖွဲ့အစည်းတရပ် ဖြစ်လာရန် ပါတီကို ပြန်လည် စည်းရုံးဖွဲ့စည်းခဲ့သည်။ ဤကွန်ဂရက်ကြီးတွင် ပါတီဝင် ၆၀၀၀ ကျော်ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်ပေါင်း ၁၂၀ ကျော် တက်ရောက်သည်။ ဗဟိုကော်မတီ ၂၁ ဦးကို ရွေးကောက်တင်မြှောက်သည်။ ကွန်ဂရက် သဘာပတိဖြစ်သူ သခင်သန်းထွန်းမှာ ပေါလစ်ဗျူရိုဖြစ်လာသည်။ ဂျပန်ခေတ်တလျှောက်လုံး မြေအောက်ပါတီကို ဦးဆောင်ခဲ့သူ သခင်စိုးမှာ လူမှုရေးပြစ်ချက် တခုကြောင့် ယာယီအားဖြင့် အရေးယူခံလိုက်ရသည်။ အိန္ဒိယမှ ပြန်မရောက်သေးသော ရဲဘော်သိန်းဖေမှာ အထွေထွေ အတွင်းရေးမှူးသစ်အဖြစ် ရွေးချယ်ခံရသည်။ ထိုစဉ်က ဗကပ၏ တရားဝင်လမ်းစဉ်မှာ ဆိုရှယ်လစ် စနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းရေးပင် ဖြစ်သည်။ နောင်တွင် ဘရောက်ဒါဝါဒ အဖြစ် တံဆိပ်ကပ်ခံရမည့် လမ်းစဉ်ဖြစ်သည်။"

"၁၉၄၆ ခု ဖေဖော်ဝါရီနှင့် မတ်လတွင် ဗကပအရေးပေါ် ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါ ဗဟိုကော်မတီ အစည်းအဝေးမှာပင် သခင်စိုးက ပါတီခေါင်းဆောင်မှုကို အပြင်းအထန် တိုက်ခိုက် ပါတော့သည်။ သခင်သန်းထွန်းနှင့် ရဲဘော်သိန်းဖေတို့ကို အချောင်သမားဝါဒ ရှေ့ဆောင်သူများ အဖြစ် စွပ်စွဲသည်။ ထိုအစည်းအဝေးမှာပင် သခင်စိုးအနေနှင့် သူ၏ ပြိုင်ဖက်နှစ်ဦးကို ပါတီခေါင်းဆောင်သူမှ ယာယီအားဖြင့် ဖယ်ရှားနိုင်ခဲ့ပါသည်။ ဤလစ်လပ်နေသော ဗဟိုကော်မတီထဲသို့ သူ့လက်ရင်းလူတွေ ထည့်ဖို့ကြိုးစားခဲ့သည်။ သို့တစေ ရက်အနည်းငယ်အကြာမှာပင် သခင်သန်းထွန်းနှင့် ရဲဘော်သိန်းဖေတို့ ပါတီခေါင်းဆောင်ထဲ ပြန်ရောက်လာရာ

သခင်စိုး၏ ကြိုးပမ်းမှုရလဒ် ပြောင်းပြန် ဖြစ်သွားရလေတော့သည်။ သခင်စိုးနှင့် ပင်ရင်းပါတီကြား ကွဲပြဲမှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ခဲ့ပြီဖြစ်ရာ ဘယ်လိုမှ ရှောင်လွှဲလို့ မရနိုင်တော့ပါချေ။ သဘောထားတင်းမာသော ကွန်မြူနစ်အချို့က သူကို ထောက်ခံခဲ့ကြသည်။ သူက သူကိုယ်ပိုင် ကွန်မြူနစ်ပါတီ (အလံနီ) ထူထောင်ကာ ဗြိတိသျှတို့ကို ပြောက်ကျားစစ်ပွဲ ဆင်နွှဲမည်ဆိုပြီး မြစ်ဝကျွန်းပေါ် ဒေသတွင် မြေလျှိုးသွားခဲ့သည်။”

ဗကပမှ အလံနီပါတီကွဲထွက်ပုံကို သူ့စာအုပ်တွင် အထက်ပါအတိုင်း သုံးသပ်ထားပုံမှာ ငြင်းပယ်စရာမရှိသော်လည်း တချို့ အသေးစိတ်များတွင် ကွာဟမှုတချို့ ရှိနေလေသည်။ ၁၉၄၆ ဖေဖော်ဝါရီ ဗဟိုကော်မတီ အစည်းအဝေးသည် ဒုတိယကွန်ဂရက်တွင် ချမှတ်ခဲ့သော ဘရောက်ဒါ ဝါဒလမ်းစဉ်ကို ပြင်ဆင်သည့်အစည်းအဝေး ဖြစ်သည်။ ထိုသို့ ပြင်ဆင်ရန် သခင်စိုး၏ ကြိုးပမ်းချက်သည် အဓိကအခန်းမှ ပါဝင်ပါသည်။ ထိုအစည်းအဝေးတွင် ဘရောက်ဒါဝါဒ အဘယ်ကြောင့် ပါတီတွင်းမှာ လွှမ်းမိုးရသနည်း ဆိုသည့် အချက်ကို ကောင်းစွာသင်ခန်းစာထုတ်မည့်အစား တဦးနှင့်တဦး တရားခံယိုးစွပ်ကြသည့် အမှားကြောင့် ပါတီစည်းလုံးညီညွတ်မှုကို များစွာထိခိုက်ရလေသည်။ ဤသည်မှာ နိုင်ငံရေးပိုင်းဖြစ်သည်။

စည်းရုံးရေးပိုင်းတွင်မူ သခင်စိုးသည် ပါတီတွင်းအနည်းစုက အများစုကို နာခံရေးမူကို ဖောက်ဖျက်သည့်အမှားကို ကျူးလွန်ခဲ့လေသည်။ သခင်စိုး၏ တောင်းဆိုချက်မှာ သုံးခုဖြစ်သည်။ (၁) သခင်သန်းထွန်းနှင့် သခင်သိန်းဖေကို ခေါင်းဆောင်နေရာများမှ ဖယ်ရှားရမည်။ (၂) မိမိကို ပါတီခေါင်းဆောင်နေရာ ပြန်ပေးရမည်။ (၃) နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါလစ်ဗြူရို)ကို မိမိစိတ်ကြိုက်ဖွဲ့စည်းခွင့် ပြုရမည် တို့ဖြစ်လေသည်။ ဤတွင် ဗဟိုကော်မတီမှ နံပါတ် (၂) အချက်ကို အားလုံးသဘောတူပြီး ကျန်နှစ်ချက်ကိုမူ မဲဖြင့်အဆုံးအဖြတ်ပြုကြသည်။ ထိုအချက်ကို ဗဟိုကော်မတီ ၁၉ ဦးက ပယ်ချပြီး ရှစ်ဦးသာထောက်ခံခဲ့သဖြင့် ရှုံးနိမ့်သွားခြင်း ဖြစ်သည်။ ယင်းကို မကျေနပ်သောကြောင့် သခင်စိုးအပါအဝင် ဗဟိုကော်မတီဝင် ရှစ်ဦးမှ အလံနီပါတီအဖြစ် ခွဲထွက်ခဲ့ကြခြင်း ဖြစ်လေသည်။ ဤခွဲထွက်မှုကြောင့် ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်သူများအကြား၊ ကွန်မြူနစ်များကို စာနာသူများအကြား ဝိဝါဒကွဲပြားမှုများ အတောမသတ်





ဖြစ်ပေါ်လာပြီး ဗမာ့နိုင်ငံရေးတွင် ကွန်မြူနစ်ပါတီ၏ဩဇာနှင့် အခန်းကဏ္ဍကို ကြီးမားစွာ ထိခိုက်ရလေသည်။

ဗကပတွင်း ညီညွတ်ရေးပျက်ပြားခြင်းသည် သူ့ပါတီတွင်းမှာပင် ရပ်မနေချေ။ ဖဆပလ ထဲတွင် လက်ဝဲအင်အားစုနှင့် လက်ယာအင်အားစု ဟူ၍ အင်အား ၂ စုရှိရာတွင် ဗကပတွင်း အကွဲအပြဲကြောင့် လက်ဝဲအင်အားစု၏ ညီညွတ်ရေးလည်း ထိခိုက်လာတော့သည်။ ယခင်က လက်ဝဲညီညွတ်ရေးမှ ရပ်ခံခဲ့သော ဗြိတိသျှအား ပြတ်ပြတ်သားသား ဆန့်ကျင်ရေး လမ်းစဉ်မှာလည်း ဗြိတိသျှနှင့် အပေးအယူလုပ် အလျှော့ပေးရေး လမ်းစဉ်အဖြစ် ရွေ့လျောလာတော့သည်။ ထိုအခါ ဖဆပလ အဖွဲ့ကြီးအတွင်း လမ်းစဉ်နှစ်ရပ် ပေါ်လာကာ ဗြိတိသျှကို ပြတ်ပြတ်သားသား ဆန့်ကျင်ရေး လမ်းစဉ်ကို ကိုယ်စားပြုသော ဗကပမှာ ဖဆပလမှပင် ထုတ်ပယ် ခံလိုက်ရတော့သည်။ ဗကပတွင်း ညီညွတ်ရေးပျက်ပြားခြင်း၊ ထိုမှတဆင့် လက်ဝဲညီညွတ်ရေး ပျက်ပြားခြင်းသည် ဗမာ့နိုင်ငံရေးအတွက် ကြီးမားသော ဆုံးရှုံးထိခိုက်မှုကြီးကို ဖြစ်ပေါ်စေပြီး နောင်အခါ ပြည်တွင်းစစ်မီးကြီးကိုပင် လက်ယာအင်အားစုများက ဖန်တီးလာကြတော့သည်။

အမှန်တော့ ယင်းညီညွတ်ရေးပျက်ပြားမှုသည် ကွန်မြူနစ်ပါတီတရပ် အဖြစ် ရင့်ကျက်မှုမပြည့်စုံသေးခြင်းကိုလည်း ဖော်ပြလေသည်။ ကမ္ဘာပေါ်ရှိ (ကွန်မြူနစ်ပါတီများသည် အလုပ်သမား လှုပ်ရှားမှုများမှ စတင်လာခြင်းဖြစ်သည်။) အလုပ်သမား လှုပ်ရှားမှုများထဲမှ ဆိုရှယ်လစ်ဝါဒ သက်ဝင်သူ အုပ်စုငယ်များ၊ တသီးပုဂ္ဂလများ ပေါ်ထွက်လာပြီး ယင်းအုပ်စုကလေးများ ပူးပေါင်းမိရာမှ ပါတီဟူ၍ မွေးဖွားလာခြင်းဖြစ်သည်။ ထို့ကြောင့် စတင်ထူထောင်စပါတီသည် သူ့အစု၊ ကိုယ့်အစုဟူသော အစုစိတ်ဓာတ်မျိုး အနည်းနှင့်အများ ရှိနေတတ်ပါသည်။ ထိုအခြေအနေမှ ပါတီစည်းကမ်း၊ ပါတီစည်းမျဉ်း၊ ပါတီတွင်း ဒီမိုကရေစီ၊ ပါတီတွင်းဘဝ၊ ပါတီကွန်ဂရက် စသည်တို့ဖြင့် ဂိုဏ်းအုပ်စုစိတ်ဓာတ်ကို ပါတီစိတ်ဓာတ်သို့ ပြောင်းလဲယူကြခြင်းဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်ထူထောင်သော အခါတွင်လည်း ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်သော အစုကလေးများကို ပူးပေါင်းကြရခြင်းဖြစ်လေသည်။ သခင်စိုးအစု၊ သခင်ဗဟိန်းအစု၊ သခင်အောင်ဆန်းနှင့် သခင်လှဖေအစု၊ ဂိုရှယ်နှင့် ဒေါက်တာနတ်အစု စသည်ဖြင့် ကိုယ့်အစုနှင့်ကိုယ်ရှိကြပြီး လျှို့ဝှက်ရေးစည်းကမ်းအရ အစုဝင်အချင်းချင်းပင် သိခွင့်မရခဲ့ကြချေ။ ဗကပသည် ဖွဲ့စည်းပြီးစ ထိုအခြေအနေမှာပင် ဂျပန်သိမ်းပိုက်မှုနှင့်တိုးကာ ဖက်ဆစ်ဂျပန်

တော်လှန်ရေးကို ဆင်နွှဲခဲ့ရလေသည်။ စစ်ပြီးခေတ် ပါတီကို စနစ်တကျထူထောင်ဖို့ ကြိုးပမ်းကြစဉ်မှာပင် သခင်စိုး၏ ဂိုဏ်းဂဏကြောင့် ပါတီညီညွတ်ရေး ထိခိုက်သွားခဲ့ရလေသည်။

❒



# (၈) ၁၉၄၈ မတ်လ ၂၈ ရက် မတိုင်မီ အခြေအနေများ

ဘာတေးလ်လစ်တ်နာ၏ စာအုပ်ပါ ဗကပသမိုင်းအကျဉ်းချုပ် ၁၉၄၅–၁၉၄၈ အပေါ် သုံးသပ်ချက်၌ ဗကပ လက်နက်ကိုင်တော်လှန်ရေးကို တွန်းဆော်သော လတ်တလောဖြစ်ရပ် သုံးခုကို ဖော်ပြထားပါသည်။ ယင်းတို့မှာ–

(၁) ဗကပသည် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုနှင့် ပို၍ပို၍ အဆက်အသွယ် ရလာခြင်း၊
(၂) ဂိုရှယ်စစ်တမ်း၊
(၃) ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအပြီး ဥပဒေတွင်းလှုပ်ရှားမှုကို အခြေပြုရန် မဖြစ်နိုင်ခြင်းတို့ ဖြစ်ပေသည်။

## (၁) ဗကပသည် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုနှင့် ပို၍ပို၍ အဆက်အသွယ် ရလာခြင်း၊

ပထမအချက်အရ ဗကပသည် နိုင်ငံတကာ့ကွန်မြူနစ် လှုပ်ရှားမှုနှင့်၊ အထူးသဖြင့် အိန္ဒိယကွန်မြူနစ်ပါတီ CPI နှင့် အဆက်အသွယ်များကို ပိုရရှိလာသဖြင့် မူလကိုင်စွဲသော ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေးလမ်းကြောင်းကို တစတစ စွန့်ခွာလာသည်။ ၁၉၄၇ တွင် ဗကပ ဗကပ ပေါလစ်ဗျူရို သခင်ဗသိန်းတင်နှင့် ရဲဘော်အောင်ကြီးတို့ လန်ဒန်တွင်ကျင်းပသော ဗြိတိသျှအင်ပါယာ ကွန်မြူနစ်ပါတီများ ကွန်ဖရင့်သို့ တက်ရောက်ကြသည်။ ထိုထက်ပို၍ အရေးကြီးသည်မှာ ၁၉၄၈ ခု ဖေဖော်ဝါရီလ ကာလကတ္တားတွင် ကျင်းပသော CPI ဒုတိယကွန်ဂရက်သို့ အဖွဲ့ဝင် ခြောက်ဦးပါ

ဗကပ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုကွန်ဂရက်တွင် တစုံတရာ သဘောထားပျော့ပြောင်းသော CPI အတွင်းရေးမှူး ပီစီဂျိုရှီ ပြုတ်သွားကာ သဘောထားတင်မာသူ၊ ပို၍ စစ်ဆန်သူ ဘီတီ ရာနန်ဒွေဗ် တက်လာခဲ့ပါသည်ဟု ရေးသားထားလေသည်။ CPI ဒုတိယကွန်ဂရက် ရာနန်ဒွေဗ် က "ဟိုက်ဒရာဘတ်ပြည်နယ် တေလန်ဂါနာတွင် ပေါ်ထွက်ခဲ့သော ကျေးလက်ပုန်ကန်မှု၊ တနည်းအားဖြင့် လယ်သမားထုကို အခြေခံသည့် တော်လှန်ရေးလမ်းကြောင်း အစီအရင်ခံစာကို တင်သွင်းခဲ့သည်ဟု ဆိုပါသည်။

၎င်းအပြင် ကာလကတ္တား လူငယ်ကွန်ဖရင့်ကြောင့် CPI နှင့် ဗကပတို့ ရယ်ဒီကယ်လမ်းကြောင်းပေါ် ရောက်စေခဲ့သည်ဟုလည်း ဘာတေးလ်လစ်တ်နာက ကောက်ချက်ချထားလေသည်။ ထိုကွန်ဖရင့်သို့ ဗမာနိုင်ငံမှ ဖဆပလ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။ ကွန်ဖရင့်အတွင်း လူငယ်ကွန်မြူနစ်များက မိမိတို့နိုင်ငံများမှ ခေါင်းဆောင်များမှာ နယ်ချဲ့သမားနှင့် ပေါင်းသွားပြီး အတုအယောင်လွတ်လပ်ရေးများ ရယူသွားပြီဟု စွပ်စွဲပြောဆိုကြရာ ဖဆပလနှင့် အိန္ဒိယကွန်ဂရက်ပါတီ ကိုယ်စားလှယ်များ သပိတ်မှောက်ထွက်သွားကြသည်။ အာရှကွန်မြူနစ်များ ပို၍ စစ်ဆန်လာသည့် ဖော်ပြချက်ဟု ယေဘုယျ ဆိုနိုင်ပါလိမ့်မည်။ ဤသို့ပြောင်းလဲမှုမှာ တချိန်တည်းလောက်တွင် ပြောဆိုခဲ့သော ဇဒါးနော့၏ ပိုလန်မိန့်ခွန်းကြောင့် မဟုတ်ဘဲ ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုတွန်းအားက ပို၍ အဓိကဖြစ်ဖွယ်ရှိပါသည် ဟူ၍လည်း မှတ်ချက်ချခဲ့သည်။

ဘာတေးလစ်တနာ၏ အမြင်အရ "ဇဒါးနော့လမ်းစဉ်ကြောင့် အရှေ့တောင်အာရှ ကွန်မြူနစ် လက်နက်ကိုင် တော်လှန်ပုန်ကန်မှုများ၏ အစပြုချက်ဟု ဆိုနိုင်လောက်အောင်ကား သက်သေအထောက်အထား မရှိ" ဟု ဖြင်လေသည်။ ဇဒါးနော့၏ ပိုလန်ကွန်မင်ဖောင် (ကွန်မြူနစ်သတင်းပြန်ကြားရေးဌာန) မိန့်ခွန်းမှာ စစ်ပြီးခေတ်တွင် အမေရိကန် ခေါင်းဆောင်သောဂိုဏ်းနှင့် ဆိုဗီယက်ယူနီယံ ခေါင်းဆောင်သောဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲထွက်လာကြောင်း၊ လွတ်မြောက်ရေး လှုပ်ရှားနေသူများအနေနှင့် ဒုတိယဂိုဏ်းနှင့် ပူးပေါင်းရမည်ဖြစ်ကြောင်း ဆော်ဩသည့် မိန့်ခွန်းသာ ဖြစ်သည်ဟု ယူဆလေသည်။ ဘာတေးလစ်တနာနှင့် တိုက်ရိုက်ပြောဆိုရာတွင် ဗကပ ဥက္ကဋ္ဌ သခင်ဗသိန်းတင်က "၁၉၄၈ မတ်လ ၂၈ ရက်နေ့က ချမှတ်ခဲ့သော လက်နက်ကိုင်တော်လှန်ရေး ဆုံးဖြတ်ချက်မှာ ဗကပ၏





ကိုယ်ပိုင်ဆုံးဖြတ်ချက်သာ ဖြစ်သည်။ ဗမာပြည်နှင့် တပြိုင်နက်ပေါ်ထွက်ခဲ့သော မလေးရှားနှင့် ဖိလစ်ပိုင် အုံကြွမှုများနှင့်ပင် အဆက်အစပ်မရှိ" ဟု အတိအလင်း ပြောခဲ့သည်ဟု ဆိုပါသည်။ သခင်ဗသိန်းတင်က ကာလကတ္တားအစည်းအဝေးများတွင် လက်နက်ကိုင် တော်လှန်ရေးအကြောင်း ဆွေးနွေးပင် မဆွေးနွေးခဲ့ကြပါဟု သူ့ကို ပြောခဲ့လေသည်။ အမှန်တော့ လူငယ်ကွန်ဖရင့်မှ ညွှန်ကြား၍ ကွန်မြူနစ်ပါတီများက လိုက်လုပ်ကြရသည်ဆိုသည်မှာလည်း ယုတ္တိမတန်ချေ။ လက်နက်ကိုင် တော်လှန်ရေးဆိုသည့် အလွန်အရေးကြီးသော ဆုံးဖြတ်ချက်ကို မိမိပါတီ ကွန်ဂရက်ကို လာတက်သူများရှေ့မှာ ဆုံးဖြတ်ခြင်းမှာလည်း ကိုယ့်ပါတီ အတွင်းရေးကို ထုတ်ပြောသည်နှင့် အတူတူဖြစ်သဖြင့် ယုတ္တိမရှိလှချေ။

ဤနေရာတွင် ကွန်မြူနစ်ပါတီတို့၏ အမြင့်ဆုံး လုပ်ငန်းစဉ်များ၊ ယေဘုယျ တရားများကြောင့် လက်ငင်းကာလ၌ ကွန်မြူနစ်များ လူတန်းစားမဲ့ ကွန်မြူနစ် လူ့အဖွဲ့အစည်း ထူထောင်နေကြပြီ။ ကွန်မြူနစ်စနစ် ဆိုရှယ်လစ်စနစ် ရရှိဖို့ အကြမ်းဖက်တော်လှန်ရေး လုပ်ကြတော့မည်ဟု ကောက်ချက်ချ၍ မရနိုင်ပါ။ ၁၇၈၉ ပြင်သစ်တော်လှန်ရေးကြီးအပါအဝင် နိုင်ငံအများအပြားတွင် ပဒေသရာဇ်မြေရှင်စနစ်ကို ဖြိုချသည့် ဓနရှင်တော်လှန်ရေး အများစုမှာ အကြမ်းဖက် တော်လှန်ရေးများသာ ဖြစ်လေသည်။ ဤသည်မှာ ယေဘုယျတရားသာ ဖြစ်သည်။ သို့သော် နိုင်ငံအသီးသီးတွင် လူမှုစီးပွားဖြစ်ပေါ်တိုးတက်ပုံ တပြေးညီတည်း မဟုတ်ချေ။ ထိုရုပ်ဘဝ အခြေအနေကို ထည့်သွင်းစဉ်းစားမှသာ လက်ငင်းတာဝန် အောင်မြင်မည်ဖြစ်သည်။ ယင်းကို အနိမ့်ဆုံးလုပ်ငန်းစဉ်များဟု ခေါ်ကြလေသည်။ ဗကပတို့၏ ထိုစဉ်က လက်ငင်းလုပ်ငန်းစဉ်မှာ ဖဆပလနှင့် ဗကပတို့ ညီညွတ်ရေးအားဖြင့် ဗြိတိသျှနယ်ချဲ့ကို ပြတ်ပြတ်သားသား ဆန့်ကျင်ရေးသာ ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် နှစ်ဝက်လုံးလုံး ထိုညီညွတ်ရေးကို ကြိုးစားနေခဲ့သည်မှာလည်း အထင်အရှားပင် ဖြစ်ပါသည်။

## (၂) ဂိုရှယ်စစ်တမ်း၊

ဂိုရှယ်စစ်တမ်းနှင့် ပတ်သက်၍ ဘာတေးလ်လစ်တ်နာ က "သို့နှင့်တိုင် ဆိုခဲ့ပါ ဂိုရှယ်စစ်တမ်းဆိုသည်နှင့် ပတ်သက်လျှင် ယနေ့ထက်တိုင် ရှင်းရှင်းလင်းလင်း မရှိသေးဟု ဆိုရပါလိမ့်မည်။ ဗကပ အနေနှင့် အဆိုပါ စာတမ်းကို ဘယ်တုန်းကမှ ပုံနှိပ်ထုတ်ဝေခြင်း မရှိခဲ့ဟုဆိုသည် (အင်္ဂလိပ်မူရင်းတွင်– 'ဆိုသည်' ဟု

အဓိပ္ပာယ် မရပါ။ 'မရှိခဲ့ချေ' ဟုသာ အဓိပ္ပာယ်ရပါသည်)။ ရန်ကုန်တွင် ဤစာတမ်းကို ဖြန့်ဝေခဲ့သည်မှာ အခြားလမ်းကြောင်းတခုမှ ဖြစ်သည်။ အထူးသဖြင့် မတ်လကတည်းက ပါတီနှင့်ကင်းကွာနေသော ဦးသိန်းဖေမြင့်မှ ဖြစ်နိုင်သည် စသည်ဖြင့် ဆိုပါသည်။ (အင်္ဂလိပ်မူရင်းတွင်– စာတမ်းကို ရန်ကုန်မြို့တွင်သာ ဖြန့်ဝေခြင်းဖြစ်ပြီး အခြားလမ်းကြောင်းတခုမှ ဖြစ်သည်။ ထိုလမ်းကြောင်းမှာ ဦးသိန်းဖေ ဖြစ်သည်ဟု လူပြောများပါသည်...ဟု အဓိပ္ပာယ်ရပါသည်) မည်သို့ပင်ဖြစ်စေ ရန်ကုန်ရှိအစိုးရအနေနှင့်မူ ဗကပ၏ ပေါ်လစီအပြောင်းအလဲကို တိုး၍တိုး၍ စိုးရိမ်မကင်းဖြစ်လာသည်မှာကား အမှန်ပင် ဖြစ်ပါသည်။ သို့နှင့်အမျှ မတ်လ ၂၇ နေ့ညမှာပင် လွတ်လပ်လာသော ဗမာနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းက ဗကပထိပ်တန်းခေါင်းဆောင်များကို ဖမ်းဆီးဖို့ အမိန့်ပေးလိုက်ပါတော့သည်" ဟု ရေးသားထားပါသည်။

ဤနေရာတွင် ထိုစာအုပ်ကို ဘာသာပြန်သော 'ကျော်ဝင်း'က–

"စာရေးသူ ဆက်စပ်စဉ်းစားရသလောက်ဆိုလျှင် ဂိုရှယ်စစ်တမ်းခေါ် အဆိုပါစာတမ်းမှာ အမှန်ပင် ရှိခဲ့ပါလိမ့်မည်။ သို့တစေ ဗကပ ဗဟိုကော်မတီထဲတွင် တရားဝင်ချပြရသေးသည်တော့ မဟုတ်တန်ရာ။ ပေါလစ်ဗျူရိုတွင်သာ ဆွေးနွေးနေကြဆဲ ဖြစ်မည်ထင်ပါသည်။ ပေါလစ်ဗျူရိုတွင် ကွဲလွဲနေကြသည်မှာလည်း ရုရှားလမ်းကြောင်းလော၊ တရုတ်လမ်းကြောင်းလော ဆိုသည့် နည်းဗျူဟာပိုင်းတွင်သာ ဖြစ်သည်။ စစ်တမ်းပါ ယေဘုယျလက်နက်ကိုင် တော်လှန်ရေးကိုမူ ဂိုရှယ်ရော၊ သခင်သန်းထွန်းတို့ပါ လက်ခံကြဟန် ရှိပါသည်။ သို့တိုင်အောင် ဗဟိုကော်မတီထဲတွင်မူ လက်နက်ကိုင်လမ်းစဉ်ကို လက်မခံကြသူ အတော်များများ ရှိနေသေး၍ ချမပြသေးခြင်း ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ ၁၉၄၈ မတ် ၂၈ အဖြစ်အပျက်မှာ ဗဟိုကော်မတီ ဆုံးဖြတ်ချက်ဖြင့် တရားဝင် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲသည့်သဘော မဖြစ်နိုင်ဟု သဘောရပါသည်"ဟု ထင်မြင်ချက်ပေးရာတွင် ကွယ်လွန်သူ ဆရာကြီး ဒဂုန်တာရာကိုပင် အားနာရကောင်းမှန်းမသိ သက်သေပြုထားသည်ကို တွေ့ရပေသည်။

ဘာသာပြန်ဆရာ၏အဆိုအရ ဂိုရှယ်စစ်တမ်းမှာ အမှန်ပင်ရှိပြီး ပေါလစ်ဗျူရိုထဲတွင်သာ ဆွေးနွေးနေကြဆဲ ဖြစ်မည်။ လက်နက်ကိုင်လမ်းစဉ်ကို





လက်မခံကြသူ အတော်များများရှိနေသေး၍ ဗဟိုကော်မတီထဲတွင် ထိုစာတမ်း ချမပြသေးဟု ရေးထားလေသည်။ ကျနော်ကြားဖူးသလောက်ဆိုရင် "မျက်မှောက်အခြေအနေနှင့် လုပ်ငန်းတာဝန်များ" ဆိုသည့် 'ဂိုရှယ်စစ်တမ်း'မှာ ၁၉၄၈ ဇန်နဝါရီအတွင်း ဂိုရှယ် အိန္ဒိယ CPI ကို ခေတ္တသွားခဲ့စဉ် CPI မှထုတ်ဝေသော ပြည်သူ့ခေတ် People Age ဂျာနယ်တွင် ရေးသူ ရဲဘော်ဗတင်အမည်နှင့် ထည့်သွင်းဖော်ပြခဲ့သော ဆောင်းပါးတပုဒ်သာ ဖြစ်သည်။ ဗကပ လုပ်ငန်းစဉ်ကို လက်ယာကျသည်ဟုဆိုကာ ဝေဖန်သော ဆောင်းပါးဖြစ်သည်။ ဘာသာပြန်ဆရာ ရေးသလို ပေါလစ်ဗျူရိုထဲတွင် ကြိတ်၍ဆွေးနွေးနေခြင်းမဟုတ်။ ပါတီလမ်းစဉ်ကို ပါတီပြင်ပဂျာနယ်တွင် ရေးသောကြောင့်ဂိုရှယ်ကို အကြီးအကျယ် ဝေဖန်ကြခြင်း ဖြစ်သည်။ သခင်သိန်းဖေလည်း ထိုလုပ်ဟန်အတိုင်း ပါတီလမ်းစဉ်ကို ပါတီပြင်ပ သတင်းစာမှ ဝေဖန်၍ အရေးယူခံခဲ့ရဖူးသည်။ ထိုဆောင်းပါးမှာ သူရေးသားခြင်း မဟုတ်ဘဲ CPI ခေါင်းဆောင်တဦးက သူ့အမည်ယူ၍ ရေးသားခြင်း ဖြစ်ကြောင်း ဂိုရှယ်က ဖြေရှင်းခဲ့သည်ဟု ကြားဖူးပါသည်။

ဘာသာပြန်ဆရာ၏ နောက် ယူဆချက်တခုမှာ ဗဟိုကော်မတီထဲတွင် လက်နက်ကိုင်လမ်းစဉ် လက်မခံသူ အတော်များများရှိပြီး ပေါလစ်ဗျူရို သခင်သန်းထွန်းနှင့် ဂိုရှယ်တို့မှာ ရုရှားလမ်းကြောင်း တရုတ်လမ်းကြောင်း နည်းဗျူဟာပိုင်း၌သာ ကွဲလွဲခြင်းဖြစ်ပြီး ယေဘုယျ လက်နက်ကိုင် တော်လှန်ရေးကိုတော့ နှစ်ဦးစလုံးမှ လက်ခံကြဟန် ရှိပါသည်ဟု ရေးပြန်ပါသည်။ သမိုင်းကြောင်းအရဆိုလျှင် ၁၉၄၆ ဖေဖော်ဝါရီလ အရေးပေါ် ဗဟိုကော်မတီ အစည်းအဝေးမှာမှာပင် ဗကပ ဗဟိုကော်မတီသည် ဘရောက်ဒါဝါဒ လမ်းစဉ်ကို စွန့်လွှတ်လိုက်ကြပြီ ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ဆိုရှယ်လစ် လမ်းကြောင်းကို ငြိမ်းချမ်းစွာ ကူးပြောင်းမည်ဆိုသည့် ဘရောက်ဒါလမ်းစဉ်ကို စွန့်ပယ်ပြီး လက်နက်ကိုင်တော်လှန်ရေးနဲ့သာ အာဏာသိမ်းနိုင်တယ်ဆိုပြီး ဆုံးဖြတ်ခဲ့ကြသည်။ ယင်းမှာ ဗဟိုကော်မတီ အများစုကြီး ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ဘရောက်ဒါလမ်းစဉ်ကို အိန္ဒိယ CPI မှာလည်း ကျင့်သုံးခဲ့သည့်အတွက် ထိုလမ်းစဉ်ကို CPI ကလည်း ပြင်ရလေသည်။ ထိုသို့ ပြင်သည့်အတွက် CPI သည် နေရူးအစိုးရကို လက်နက်ကိုင်တိုက်ဖို့ ပြင်နေသည်ဟု ယူဆလျှင် ငါးပါးမှောက်ပါလိမ့်မည်။ ကွန်မြူနစ်ပါတီများကိုင်စွဲသော ယေဘုယျတရားနှင့် အမြင့်ဆုံးလုပ်ငန်းစဉ်များကို လက်ငင်းတော်လှန်ရေးအဆင့်ရှိ လတ်တလော လုပ်ငန်းစဉ်များ၊ အနိမ့်ဆုံး လုပ်ငန်းစဉ်များနှင့် တမင်ရောထွေးပြီး

လူထုကြီးကို ယုံထင်ကြောင်ထင် ဖြစ်အောင်လုပ်နည်းမှာ ခနရှင်တို့၏ လုပ်နည်းလုပ်ဟန်သာ ဖြစ်လေသည်။ ထိုစဉ်က ဗကပ၏ အနိမ့်ဆုံး လုပ်ငန်းစဉ်မှာ ဗြိတိသျှနယ်ချဲ့ကို ပြတ်ပြတ်သားသား တိုက်ရေးနှင့် ဖဆပလတို့ကို ထိုတိုက်ပွဲထဲ ပြန်လည်ပါဝင်ရေးဖြစ်ကြောင်း အထက်တွင် ဖော်ပြထားပြီးဖြစ်၍ ထပ်မရေးတော့ပါ။

## (၃) ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲအပြီး ဥပဒေတွင်းလှုပ်ရှားမှုကို အခြေပြုရန် မဖြစ်နိုင်ခြင်း

၁၉၄၇ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ နောက်ပိုင်းတွင် ဗကပသည် ဥပဒေတွင်းလှုပ်ရှားမှုများထက် အခြားလှုပ်ရှားမှုများကို ပို၍ အားထားလာသည်ဟု ဘာတေးလ်လစ်တ်နာက ဆိုပါသည်။

"၁၉၄၇ ဧပြီလ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ဗကသက စိတ်မပါလက်မပါ သပိတ်မှောက်သည်။ အဖွဲ့အစည်းအဖြစ် ရွေးကောက်ပွဲတွင် ပါဝင်ခြင်း မပြုသော်လည်း (တသီးပုဂ္ဂလ) အမတ်လောင်းအဖြစ် ၂၈ ဦး ဝင်ရောက် အရွေးခံရာ ခုနစ်ဦး အရွေးချယ်ခံရလေသည်။ အမတ် ၂၅၅ နေရာအနက် ကျန် ၂၄၈ နေရာစလုံး ဖဆပလက သိမ်းပိုက်သွားတော့သည်။.... ပြောရလျှင် လွှတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတွင် ဖဆပလနှင့် ယှဉ်ပြိုင်ရေးမှာ မိမိတို့ပါတီအတွက် အခွင့်မသာကြောင်း သိမြင်သွားသည့်အတွက် ပါလီမန် လမ်းကြောင်းတွင် ပါဝင်ရန် ဗကပများ တုန့်ဆိုင်းသွားပုံရလေသည်"

ဤနေရာတွင် မာတင်စမစ်၏ "တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးစာအုပ်"တွင် ပါဝင်သော ထိုခေတ် ထိုအခြေအနေတချို့ကို ယှဉ်ထိုးစဉ်းစားနိုင်ရန် ဖော်ပြလိုပါသည်။

"ဗြိတိသျှတို့ ထွက်ခွာရန် ပြင်ဆင်နေသည့် အရိပ်လက္ခဏာများ အထင်အရှားတွေ့နေရချိန် ၁၉၄၇ အောက်တိုဘာတွင် ချုပ်ဆိုသော နု–အက်တလီ စာချုပ်နှင့် ဆက်နွယ်သော စစ်မှန်သော လွှတ်လပ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ချက် သတ်မှတ်ချက်များကို ဖောင်းပေး၍ ပြင်းပြင်းထန်ထန် ငြင်းခုံလာကြလေသည်။ အမှန်တော့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခြင်း ခံရပြီးချိန်မှစ၍ ၁၉၄၇ ဒုတိယနှစ်ဝက်ပိုင်းတခုလုံး ဗကပသည် ဖဆပလ ဥက္ကဋ္ဌ ဦးနုနှင့် စေ့စပ်ညှိနှိုင်းရန် ကြိုးစားနေခဲ့လေသည်။ ထိုသို့





စေ့စပ်နေစဉ် တဖက်တွင်လည်း ဗြိတိသျှတို့ တကယ်ဆုတ်ခွာ မဆုတ်ခွာ သံသယ ကြီးများစွာ ရှိနေကြသည်။ ထိုအချိန်က ဗြိတိသျှကို တိုက်လျှင် တိုက်ရနိုင်သည်ဟု အများအပြားခံစားနေကြဆဲ ဖြစ်သည်။ အကယ်၍ တိုက်ရမည်ဆိုလျှင် ဗကပ၊ ဖဆပလနှင့် အခြားမျိုးချစ်အင်အားစုအားလုံး လက်တွဲပြီးတိုက်နိုင်ရန် အပြင်းအထန်ကြိုးစားနေချိန်လည်း ဖြစ်လေသည်။ ထို့ကြောင့် နုအက်တလီ စာချုပ်တွင် ပါရှိသော လွှတ်လပ်ရေးကိုလည်း အတုအယောင် လွှတ်လပ်ရေးဟု ယူဆနေကြဆဲဖြစ်သည်။ ထိုစာချုပ်၏ နောက်ဆက်တွဲဖြစ်သည့် လက်ျာဖရီးမင်း ကာကွယ်ရေး စာချုပ်ကြောင့် အတုအယောင်လွှတ်လပ်ရေး ဆိုသည့်အမြင်မှာ ပို၍ ခိုင်မာသွားလေသည်။

၁၉၄၈ ဖေဖော်ဝါရီလတွင် ဗကပ ဦးဆောင်မှုနှင့် ABTUC အလုပ်သမားသမဂ္ဂကွန်ဂရက်ကြီး၏ သပိတ်ကြီး ပေါ်ထွက်လာသည်။ BOC အလုပ်သမားများ၊ ရောဝတီ မီးသင်္ဘောကုမ္ပဏီ သင်္ဘောကျင်း အလုပ်သမားများ၊ စတီးဘရားသား သစ်စက်အလုပ်သမားများနှင့် အခြား ရန်ကုန်မြို့ စက်ရုံအလုပ်ရုံ ဒါဇင်ပေါင်းများစွာမှ အလုပ်သမားများ ထိုသပိတ်ကြီးထဲ ပါဝင်ခဲ့ကြသည်။ မတ်လအလယ်ပိုင်းတွင်တော့ ပျဉ်းမနားမြို့တွင် ABPO တောင်သူလယ်သမားသမဂ္ဂကြီး ဦးဆောင်မှုဖြင့် လူ ၇၅၀၀၀ တက်သော လယ်သမား ညီလာခံကြီး ထွက်ပေါ်လာလေသည်။ ပျဉ်းမနားသည် ပြီးခဲ့သော ၁၉၄၇ မတ်လအတွင်းက ရဲနှင့် စစ်တပ် ပူးတွဲထားသော Operation Flash ဟု အမည်ဝှက် ပေးထားသော စစ်ဆင်ရေးဖြင့် လယ်သမားဆူပူမှုများနှင့် သူပုန်များကို ပြင်းပြင်းထန်ထန် နှိမ်နင်းထားသော နယ်မြေကြီး ဖြစ်လေသည်။

ထိုလှုပ်ရှားမှုများကြောင့် မတ်လ ၂၅ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုမှ သခင်သန်းထွန်းနှင့် ဗကပ ထိပ်တန်းခေါင်းဆောင်များကို ဖမ်းဆီးရန် အမိန့်ချလေသည်။ သို့သော် ဖဆပလအတွင်းရှိ ပြည်သူ့ရဲဘော် PVO များက ပြင်ထန်စွာ ကန့်ကွက်သဖြင့် ထိုနေ့က မဖမ်းဖြစ်ခဲ့ပေ။ ပြည်သူ့ရဲဘော်များမှာ လက်ဝဲညီညွတ်ရေး (ဗကပ၊ အလံနီ၊ ဆိုရှယ်လစ်) ရရန် ကြိုးပမ်းနေကြစဉ်ဖြစ်၍ ဦးနုသာ ဗကပများကို ဖမ်းလျှင် PVO လည်း ဖဆပလမှ နုတ်ထွက်မည်ဟု အကျပ်ကိုင်ကြသည်။ သို့သော် နှစ်ရက်အကြာတွင်တော့ ဗကပများကို တကယ်ပင် ဖမ်းဆီးလေတော့သည်။ ဗကပ တက်ကြွသူ ၃၅၀ လောက် ဖမ်းမိသော်လည်း သခင်သန်းထွန်းနှင့် ထိပ်ပိုင်းခေါင်းဆောင်များ

လွှတ်မြောက်သွားကြသည်။ နောက်ပိုင်းတွင် ဖြူးနှင့် ရမည်းသင်းအကြား ဗမာပြည် အလယ်ပိုင်းနှင့် မြင်းခြံ၊ ပဲခူး၊ ပုသိမ် စသည့်ဒေသများတွင် ဗကပပြောက်ကျားများ၏ လက်နက်ကိုင်တိုက်ပွဲများ ထွက်ပေါ်လာတော့သည်" ဟု ရေးသားခဲ့ပါသည်။

နု–အက်တလီစာချုပ်အရ ဗြိတိသျှအာဏာပိုင်များက ၁၈၂၅ မှ ၁၉၁၉ အကြား ချုပ်ဆိုခဲ့သော စာချုပ် ၆၀ နှင့် ၁၉၁၉ မှ ၁၉၃၇ အကြား ချုပ်ဆိုခဲ့သော စာချုပ် ၇၀ အပြင် ၁၉၃၇ နောက်ပိုင်း စာချုပ် ၁၇ ခုတို့ကို လွှတ်လပ်ရေးရရှိပြီး ဗမာအစိုးရက တာဝန်ယူရမည့်အပြင် ဗမာနိုင်ငံကို သိမ်းပိုက်ရာတွင် ဗြိတိသျှတို့ အသုံးပြုခဲ့သော ကြွေးမြီ ကျပ် ၃၅.၆ ကုဋေနှင့် အမေရိကန်ထံမှ ချေးယူငွေ ဒေါ်လာ ငါးသန်းတို့ကို ပေးဆပ်ရမည့်အပြင် အိန္ဒိယနှင့် ပူးတွဲထားစဉ် ကိုလိုနီဘဝရှိ အိန္ဒိယပင်စင်စားများကိုလည်း ကျပ် ခြောက်ဒသမကိုး ကုဋေ ပေးဆပ်ရမည် ဖြစ်သည်။ ကိုလိုနီခေတ် စာချုပ်အများစုကြီးမှာ ကိုလိုနီအစိုးရအကျိုးအတွက် ချုပ်ဆိုထားသော စာချုပ်များဖြစ်သဖြင့် ယင်းစာချုပ်များ၏ တုပ်နှောင်မှုကို ဗမာများအား ပုခုံးပြောင်းပေးလိုက်ခြင်းမှာ လိုလားအပ်သောအရာ မဟုတ်ချေ။

ပြည်သူလူထု မကျေမနပ်ဖြစ်နေသော စာချုပ်များတွင် ကာကွယ်ရေးအရ ဗြိတိသျှလောင်းရိပ်ထဲတွင် ရှိစေမည့် လက်ျာ–ဖရီးမင်း စာချုပ်အပြင် မြ–ခရွှန်ဘီ ဆိုသည့် ဘဏ္ဍာရေးစာချုပ်လည်း ပါဝင်သည်။ ထိုစာချုပ်အရ စစ်ပြီးခေတ် ဗြိတိသျှ ကုမ္ပဏီများ၏ လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန် ဗမာအစိုးရက ဗြိတိန်ထံမှ ရွှေဒင်္ဂါး ၁၈ သန်း ချေးယူရမည့် စာချုပ်ဖြစ်လေသည်။ စစ်ပြီးခေတ် ဗြိတိသျှကုမ္ပဏီကြီးများအကျိုးကို ဦးစားပေး၍ လုပ်ကိုင်လွန်းသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပင်လျှင် မကျေနပ်ကြောင်း ဖော်ပြခဲ့ဖူးလေသည်။ ၁၉၄၇ မေလ ၁ ရက် ဗြိတိသျှ ကုန်သည်ကြီးများအသင်းတွင် ပြောကြားသော မိန့်ခွန်း၌ ဗိုလ်ချုပ်အောင်ဆန်းက "ပရိုဂျက်လုပ်ငန်းများသည် တိုင်းရင်းသား လုပ်ငန်းများကို အသေသတ်နေပုံရကြောင်း၊ ထိုအမှုကို အစိုးရအနေနှင့် လက်ပိုက်ကြည့်မနေနိုင်ကြောင်း၊ ယခုအခါ အလုပ်သမားများ သပိတ်မှောက်လျက် ရှိပြီး ယင်းမှာ အရင်းရှင်စနစ်၏ ရလဒ်မျှသာ ဖြစ်ကြောင်း၊ အလုပ်သမားများ၏ တောင်းဆိုချက် အများအပြားမှာလည်း တရားမျှတကြောင်း..." စသဖြင့် မိန့်ကြားခဲ့လေသည်။ ယင်းမိန့်ခွန်းကြောင့် ကုန်သည်ကြီးများအသင်း ဗြိတိသျှ အာဏာပိုင်းဖြစ်သော ဆာအာသာဘာရုစ်နှင့် တင်းတင်းမာမာပင် ဖြစ်ခဲ့ရလေသည်။





အမှန်တော့ စစ်ပြီးခေတ် ဗမာပြည်ကို ပြန်လည်အုပ်စိုးသော ဗြိတိသျှအစိုးရသည် ဖြစ်နိုင်လျှင် စက္ကူဖြူစာတမ်း အုပ်ချုပ်ရေးအတိုင်း ဆက်လက် အုပ်စိုးသွားမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလတို့၏ တိုက်ပွဲကြောင့် ယင်းတို့ဘက်မှ ပြင်ဆင်လိုက်လျော့ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ လိုက်လျော့ရာတွင် ဖဆပလအတွင်းမှ လက်ယာဂိုဏ်းနှင့် အမျိုးသားမနေရှင်ဘက်သားများနှင့် အပေးအယူ လုပ်သည့်နည်းကို ဗို၍ပြုလုပ်ကြခြင်း ဖြစ်လေသည်။ နောက်ဆုံးတွင် ဖဆပလထဲမှ လက်ဝဲအင်အားစုဖြစ်သော ဗကပကို ထုတ်ပစ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို သုတ်သင်ရှင်းလင်းခြင်း ပြုနိုင်သောအခါ ဖဆပလသည် အသွေးအရောင် ပြောင်းလဲသွားလေပြီ။ ထိုအခါမှ ဗြိတိသျှသည် ဖဆပလ လက်ယာဂိုဏ်းလက်သို့ လွှတ်လပ်ရေး လွှဲအပ်လိုက်ခြင်း ဖြစ်သည်။ ဖဆပလ လက်ယာဂိုဏ်းမှလည်း ဗြိတိသျှများ မျှော်လင့်သလို ၎င်းတို့၏ အရင်းအနှီးများကို အစွမ်းကုန် ကာကွယ်ခဲ့ကြသလို အရင်ဗြိတိသျှ ဗျူရိုကရက်ကြီးများနှင့် လက်တွဲကာ ဗြိတိသျှများ လက်ဝါးကြီးအုပ်ထားခဲ့သော ပရိုဂျက်ဘုတ်အဖွဲ့ဝင်နေရာများ ကော်မတီနေရာများတွင် ဝင်ရောက်အခွင့်ထူးခံခဲ့ကြလေသည်။ SAMB, STB, RTB စသည့် နိုင်ငံတော် ဘုတ်အဖွဲ့များတွင် လက်ယာဆိုရှယ်လစ်များ အစားထိုးလာကြသည်။ ဖဆပလ အစိုးရသစ်မှ ကောက်ပဲသီးနှံရောင်းဝယ်ရေး ဘုတ်အဖွဲ့ဝင်များ လုပ်နေစဉ် မြန်မာ့ကျေးလက်တွင် စိုက်ပျိုးမြေများ စစ်ကြောင့် ပျက်စီးနေသလို ကျွဲနွားများလည်း ရှားပါးနေသည်။ ဆန်တန်ချိန် အထွက်ကလည်း စစ်မဖြစ်ခင်ကထက် တန်နှစ်သန်းခွဲ လျော့နည်းနေပြီး ငတ်မွတ်မှုဒဏ် ခံနေရလေသည်။ လယ်မဲ့ယာမဲ့များ၏ သီးစားခမပေးရေး၊ မြေရရှိရေး တိုက်ပွဲများ ကျေးလက်အနှံ့တွင် ပေါ်ထွက်နေလေသည်။ အချို့နေရာများတွင် လယ်သမားသူပုန်များပင် ပေါ်ထွက်နေကြသည်။

မာတင်စမစ်၏စာအုပ် စာမျက်နှာ ၁၀၆ တွင် ဦးနုနှင့် PVO တို့အကြား ဗကပ ခေါင်းဆောင်များ ဖမ်းဆီးရေးအတွက် အခြေအတင်ဖြစ်နေစဉ် "ဂျပန်တော်လှန်ရေးနေ့ အစည်းအဝေးကြီးတခုကို ဗန္ဓုလပန်းခြံတွင် ဗကပများက ပြုလုပ်လေရာ သခင်သန်းထွန်းက စစ်သွေးအကြွဆုံး မိန့်ခွန်းတခုကို ဟောပြောလေသည်။ နောင်အခါတွင် အစိုးရသတင်းစာများ ထပ်တလဲလဲ ရေးသားကြသည့် သူ့မိန့်ခွန်းမှာ "ဗားကရာချောက်ကို ဆိုရှယ်လစ်တွေနဲ့ ဗို့ပစ်မယ်" ဖြစ်လေသည်။ ထိုမိန့်ခွန်းကြောင့် ဗကပခေါင်းဆောင်များကို ဖမ်းဆီးရန် ဦးနုက အမိန့်ထပ်၍ ထုတ်လေတော့သည်" ဟု ရေးသားထားပါသည်။

ဤနေရာတွင် ဤမိန့်ခွန်းနှင့် ဆက်နွယ်နေသော ရန်ကုန်မြို့မှ ဖြစ်ရပ်တချို့ကို မမေ့ဖို့လိုပါလိမ့်မည်။ ယင်းမှာ ဖဆပလဝန်ကြီး သခင်တင် အကြောင်း သတင်းဖော်ပြကြသည့် သတင်းစာများကို ဆိုရှယ်လစ်များက လိုက်လံ ဖျက်ဆီးသည့်ကိစ္စ ဖြစ်လေသည်။ ထိုစဉ်က 'ပြည်သူ့ဟစ်တိုင် သတင်းစာ' ထုတ်ဝေသူဖြစ်သော ဂျာနယ်ကျော်မမလေးက ဤသို့ရေးခဲ့သည်။

"ထိုနေ့က တန်းစီလှည့်လည်သွားသော 'တောင်သူလယ်သမား' ဆိုသော လူအုပ်ကြီးကို (ကျွန်မ၏ သတင်းစာတိုက်ရှိရာ) လမ်း ၄၀ ပုံနှိပ်တိုက်ကြီးအား ရိုက်ချိုးဖျက်ဆီးရန် သွားနေကြသူများဟု မသိချေတကား။ ထိုလူအုပ်ကြီးသည် တတိုက်လုံးကို စိတ်ရှိသလို အားရပါးရ ရိုက်ချိုးဖျက်ဆီးသွားကြသည်။ ပုံနှိပ်စက် ငါးလုံးအထက်ပိုင်းကို ပုဆိန်နှင့် ထုရိုက်သွားကြ၍ စက်ကလေးနှစ်လုံးမှာ မရှုမလှ ကျိုးပဲ့ပျက်စီးသွားသည်။ အလယ်ထပ် စာစီခုံတန်းရှိ ခုံပေါင်း ၁၀၀ ကျော်တွင် ခဲစာလုံးအပြည့်ရှိလေရာ စတုံခုံကြီးပေါ်တွင် ခဲစာလုံးများကို သွန်ချ၍ တူနှင့်ပြားချပ်သွားအောင် တယောက်တလက် ပိုင်းထုကြရုံမက ခဲစာလုံးများကို မြောင်းထဲ ပစ်ချကြလေသည်.."

ဟု ရေးခဲ့လေသည်။ ထိုနေ့က ပြည်သူ့ဟစ်တိုင် သတင်းစာတိုက်ကိုသာမက ဒိုးဝေ သတင်းစာတိုက်၊ စီးပွားရေးသတင်း စာတိုက်များကိုလည်း "တောင်သူလယ်သမား" အမည်ခံ ဆိုရှယ်လစ်များက ဖျက်ဆီးခဲ့ကြသည်။ ခြောက်လုံးပြူးကို ခါးတွင်ထိုးထားသော ဆိုရှယ်လစ်ခေါင်းဆောင်တဦးကိုပင် အတိအကျ တွေ့မြင်ခဲ့ကြ ဖူးလေသည်။ ဆိုရှယ်လစ်များသည် ထိုသတင်းစာတိုက်များကို ဖျက်ဆီးပြီးနောက် ဗကပ၏ ကွန်မြူနစ်နေ့စဉ် သတင်းစာတိုက်ကိုလည်း ဖျက်ဆီးရန် ကြိုးစားနေကြသည့် သတင်းများ ထွက်ပေါ်နေလေသည်။ ထိုသတင်းများကြောင့် ဗကပခေါင်းဆောင် သခင်သန်းထွန်းက "လာရဲရင် လာကြည့်" ဟု စိန်ခေါ်လိုက်ခြင်း ဖြစ်လေသည်။ အမှန်တော့ "ဗားကရာချောက်" ကိစ္စကြောင့် ဖမ်းရသည် ဆိုသည်မှာ အကြောင်းပြချက် သက်သက်သာ ဖြစ်ပါသည်။

နိုင်ငံရေးသိပ္ပံပညာရှင် အများအပြား၏ အမြင်အရ ပြည်တွင်းပဋိပက္ခများ ပြည်တွင်းစစ်များဆီ တွန်းပို့သည့် နိုင်ငံတခု မတည်မငြိမ်ဖြစ်ခြင်းကို တိုင်းတာသော လက္ခဏာရပ်တချို့ ရှိလေသည်။ ထိုလက္ခဏာရပ်များသည် စစ်ပွဲများ၊ စီးပွားပျက်ကပ်များလို ကြီးမားသော အပြောင်းအလဲများကြောင့် အများဆုံး ဖြစ်ပေါ်လာတတ်သည်။ ယင်းလက္ခဏာရပ်များတွင်–





(၁) လက်နက်ခဲယမ်းများ အလွယ်တကူရရှိနေခြင်း၊
(၂) လူ၏ အသက်သည် ပရွက်ဆိတ်အသက်လောက်ပင် တန်ဖိုးမရှိတော့ခြင်း၊
(၃) စားဝတ်နေရေး ကျပ်တည်းပြီး ငတ်မွတ်ခေါင်းပါးမှုကပ်ဘေး သင့်နေခြင်း၊
(၄) လူအများအပြား အအုပ်အဖွဲ့လိုက် မိမိနေရင်းဒေသမှ ပြောင်းရွှေ့ကြရခြင်း၊
(၅) ရေရာသော အနာဂတ်ပျောက်ဆုံးသွားခြင်း၊
(၆) အုပ်ချုပ်မှုအာဏာ ပျက်ပြားပြိုကွဲခြင်း၊
(၇) တည်ဆဲအစိုးရနှင့် ပြည်လုံးဆိုင်ရာနိုင်ငံရေး ခေါင်းဆောင်များကို အကြည်ညိုမရှိဘဲ ယုံကြည်မှု မရှိတော့ခြင်း၊
(၈) ရယ်ဒီကယ် နိုင်ငံရေးအပြောင်းအလဲနှင့် လူထုလှုပ်ရှားမှုများဘက်ကို ရောက်စေသည့် နိုင်ငံရေးလေထု လွှမ်းမိုးခြင်း၊

စသည့် လက္ခဏာရပ်များ ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကို ရင်ဆိုင်ရပြီး စစ်တလင်း နှစ်ကြိမ်ဖြစ်ခဲ့ရသော ဗမာပြည်တွင် ပြည်တွင်းစစ်အလွယ်တကူဖြစ်စေမည့် အထက်ပါ ရုပ်ဘဝ လက္ခဏာများ အများအပြားရှိနေသည်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ချေ။ ဗမာပြည်မှာ စစ်ကျန်လက်နက်တွေ တောင်ပုံယာပုံ ရှိရုံမက စစ်ရေးအတွေ့အကြုံရှိသည့်၊ စစ်တိုက်တတ်သည့် စစ်သားဟောင်းတွေကို မြန်မာမာထဲမှာရော တိုင်းရင်းသားထဲမှာပါ ထောင်သောင်းချီရှိနေသည်။ စစ်တိုက်တတ်သူတွေ အပြင်မှာ ရှိရုံမက တရားဝင်တပ်မတော်ထဲမှာလည်း လက်ရှိအစိုးရကို မနှစ်သက်သည့် တပ်မှူးတပ်သားများလည်း ရှိနေသည်။ ကျေးလက် လယ်သမားများအကြားမှာလည်း သူပုန်ဆန်ဆန် ဓားပြဂိုဏ်းကြီးများ ရှိနေသည်။ ရခိုင်များ၊ ကရင်များတွင်လည်း လက်နက်ကိုင် ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားကြသည်။ ထိုအခြေအနေတွင် ဖက်ဆစ်တော်လှန်ရေးတုန်းက ရှောင်ပုန်းနေသူများက လွတ်လပ်ရေးခေတ်အစိုးရ ထိပ်ပိုင်းကို ရောက်နေရုံမက အကြမ်းဖက် ဖိနှိပ်မှုမျိုးစုံကိုလည်း လုပ်လာကြသည်။ ဤအခြေအနေတွင် ဗကပ တပါတီလုံးကို ဖမ်းပြီး ထောင်ထဲထည့်နိုင်လျှင်လည်း ပြည်တွင်းစစ်မဖြစ်နိုင်ဟု မည်သူမျှ အာမမခံနိုင်ချေ။

❐

# (၉) ပြည်တွင်းစစ် ကျယ်ကျယ်ပြန့်ပြန့် တောက်လောင်လာခြင်း

ဒုတိယကမ္ဘာစစ်ကြီးသည် ဖဆပလ၊ ဗကပ၊ ဗမာ့တပ်မတော်ကို ဖြစ်စေ၊ တိုင်းရင်းသား လူမျိုးစုများကိုဖြစ်စေ အလွန်ကြီးမားသော စစ်အတွေ့အကြုံများကို အမွေပေးခဲ့လေသည်။ ထိုအမွေကို ရရှိခဲ့ခြင်းကြောင့်လည်း ကိုယ့်ဒေသ ကိုယ့်လူထုကို မည်သို့စည်းရုံး မည်သို့ဦးဆောင်ရမည်၊ မည်သို့စစ်တိုက်ရမည်ဆိုသည့် ကိုယ်တွေ့ပညာရပ်ကို တတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဗမာ့မျိုးချစ်တပ်မတော်သည် ပဲခူးရိုးမနှင့် စစ်တောင်းမြစ်ဝှမ်း၌ ဂျပန် ၁၆၀၀၀ ကို ချေမှုန်းခဲ့သလို အရှေ့တောင် တောင်တန်းများပေါ်တွင် ကရင်ပြောက်ကျားများက ဂျပန် ၁၂၅၀၀ ကို ချေမှုန်းခဲ့သည်။ မဟာမိတ်စစ်ဌာနချုပ်မှ လက်နက် ၁၂၀၀၀ ကရင်ပြောက်ကျားများကို ထုတ်ပေးသလို ဗမာ့မျိုးချစ်တပ်မတော်ကိုလည်း လက်နက် ၃၀၀၀ ငှားရမ်းခဲ့သည်။ ထို ၃၀၀၀ ကို အင်္ဂလိပ်တပ်မှ ပြန်သိမ်းသော်လည်း အမေရိကန်တပ်၏ လက်နက်များ ရှိနေသလို အလွယ်တကူ ပြင်ဆင်အသုံးပြုနိုင်သော လက်နက်ဟောင်းများလည်း အနှံ့အပြားတွင် ရှိနေခဲ့သည်။ ယင်းတို့မှာ စစ်ကပေးသော စစ်အမွေ ဖြစ်လေသည်။

မာတင်စမစ်သည် ပြည်တွင်းစစ်တွင် ပါဝင်သော အခြားအင်အားစုကြီးဖြစ်သည့် တိုင်းရင်းသားလူမျိုးစုများအကြောင်းကို အကျယ်တဝင့် ရေးသားခဲ့ပါသည်။ ဤစာတမ်းတွင် တချို့ကိုသာ ကောက်နုတ်တင်ပြမည်ဖြစ်သဖြင့် လိုအပ်ချက်များ ရှိပါက ကြိုတင်တောင်းပန်အပ်ပါသည်။

မာတင်စမစ်၏ စာအုပ်တွင်–





"စစ်ပြီးချိန်၌ ဗြိတိသျှတို့သည် လွတ်လပ်ရေးတိုက်ပွဲ ဝင်နေသည့် ဖဆပလကို အရေးပေးဆက်ဆံခဲ့သော်လည်း ယင်းတို့အပေါ် တလျှောက်လုံး သစ္စာရှိလာသည့် တောင်တန်းဒေသ လူမျိုးစုများကိုမူ လျစ်လျူရှုခဲ့လေသည်။ ထိုတိုင်းရင်းသားများ လက်နက်စွဲကိုင် ပုန်ကန်ကြတော့မည်ဆိုသည့် သတိပေးချက်များ ရရှိကြသော်လည်း ခပ်ပေါ့ပေါ့သာ သဘောထားခဲ့ကြသည်။ တကယ်တန်းဆိုလျှင် ဗကပနှင့် ဖဆပလ ကွဲခြင်းဆိုသည့် မျိုးစေ့သည် အတော်စောစောကတည်းက သန္ဓေတည်ခဲ့ခြင်း ဖြစ်သလို တိုင်းရင်းသားလူမျိုးစုနှင့် ဖဆပလ အစိုးရ ကွဲကြခြင်းဆိုသည့် မျိုးစေ့သည်လည်း အစောကြီးကတည်းက တည်လာခြင်း ဖြစ်သည်"

ဟု ရေးသားထားပါသည်။

ကရင်နီတိုးတက်ရေးပါတီ သူပုန်ဌာနချုပ်တွင် ယခင်က သတ္တုဖြင့်လုပ်ထားသော မော်ကွန်းမှူပြားတခု ရှိခဲ့သည်။ ယင်းမှာ ဒုတိယ ကမ္ဘာစစ်တုန်းက ရောက်ရှိလာသော ဗြိတိသျှ Force 136 တပ်ဖွဲ့ အရာရှိများ၏ အထိမ်းအမှတ် မော်ကွန်းဖြစ်သည်။ ထိုအရာရှိများ ပေးခဲ့သောကတိကို ထိုမော်ကွန်းပြားကိုမြင်တိုင်း တောင်ပေါ်သားများ သတိရနေကြဆဲဖြစ်သည်။ ထိုအရာရှိများက "စစ်ကြီးပြီးသွားလျှင်လည်း ကရင်နှင့် ကရင်နီများကို ဆက်လက် ထောက်ခံနေမည်" ဟု ကတိများပေးခဲ့ကြသော်လည်း ယခုအခါ သူတို့ကို လှည့်၍ပင် မကြည့်တော့ဟု ပြောနေကြသည်။ စစ်ပြီး၍ ပြန်ဝင်လာသော ဗြိတိသျှများနှင့် အတူပါလာသည့် စက္ကူဖြူစာတမ်း၊ စက္ကူဖြူစာတမ်းများထဲတွင် တောင်တန်းဒေသများအတွက် ဘာမျှပါမလာချေ။ တောင်တန်းဒေသသားများ၊ အထူးသဖြင့် ကရင်လူမျိုးများသည် ဗမာပြည်ကို လွတ်လပ်ရေးပေးမည့် သတင်းများကို ကြားလာရချိန်တွင် ကရင်များအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တခုခု စီစဉ်ပေးကြမည်ဟု မျှော်လင့်ခဲ့ကြသည်။ လူမျိုးစုနှင့် ဗဟိုအစိုးရအကြား အကြိမ်ကြိမ် အငြင်းပွားနေရသည့် အရေးကြီးဆုံးပြဿနာသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြဿနာဖြစ်သည်။ ယင်းကိစ္စမှာ ဆွေးနွေးပွဲအကြိမ်ကြိမ် လုပ်နေသော်လည်း မပြီးပြတ်သေးချေ။

၁၉၄၅ ခု နိုဝင်ဘာ ၆ ရက်နေ့ ဗမာ့ခေတ်သတင်းစာတွင် စောဘဦးကြီး၊ စောသာဒင်၊ ဆရာသာထို စသည့် ကရင်ခေါင်းဆောင်ကြီးများ၏ ကြေညာချက် သတင်းတပုဒ် ပါရှိသည်။

"လူနည်းစုဖြစ်သော ကရင်လူမျိုးတို့သည် မိမိတို့ ဘာသာစကားနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်ပိုင်အုပ်ချုပ်ရေး အလိုရှိသည်။ နိုင်ငံအကျိုးကို ကိုယ်စီကိုယ်င သယ်ပိုးနိုင်သော ပြည်နယ်အသီးသီး ပါဝင်သည့် ပြည်ထောင်စုဗမာနိုင်ငံတော်အတွင်း မိမိတို့နေထိုင်လိုသည်။ ကရင်အမျိုးသားတို့၏ ကြီးပွားတိုးတက်ရေးကိုလိုလား၍ သဘောထား မျှမျှတတရှိသည့် မြန်မာတို့နှင့် ပေါင်းသင်းလုပ်ကိုင်လိုသည်..."

စသည်ဖြင့် ဖော်ပြထားပြီး နောက်ထပ် အရေးကြီးသော အချက်တခုဖြစ်သည့် ဓနသဟာယ ကိစ္စကိုလည်း ထုတ်ဖော်ခဲ့လေသည်။ ယင်းမှာ–

"အင်အားကြီးနိုင်ငံ နှစ်ခုအကြားတွင် ရောက်ရှိနေသော ဗမာနိုင်ငံသည် အင်အားကြီး မဟာမိတ်မရှိလျှင်၊ ကိုယ့်နိုင်ငံအင်အားကို တိုးတက်အောင် မစွမ်းဆောင်နိုင်လျှင် အိမ်နီးချင်းနိုင်ငံတခုခုက ဝါးမြိုခြင်းခံရနိုင်သည်။ ထို့ကြောင့် ဓနသဟာယအဖွဲ့တွင် နေထိုင်သင့်သည်"

ဟုဖော်ပြထားသည်။

ထိုသတင်းစာတွင် မပါဝင်သော အချက်တချို့ကို မာတင်စမစ်စာအုပ် ရေးထားသည်မှာ–

"ကရင်လူမျိုးစုအနေဖြင့် လူများစု မြန်မာလူမျိုး၏ ဝါးမြိုခြင်းခံရမည်ကို စိုးရိမ်နေကြောင်း ထင်ရှားလှသည်။ သူတို့ကို အင်အားတခုက အကာအကွယ်ပေးထားမှ ဝါးမြိုခြင်းရန်မှ ကင်းဝေးမည်ဟု ယုံကြည်နေကြသည်။ ထိုကာလ KCO ၏ ထုတ်ပြန်ချက်အရ ကရင်တို့၏ အမြင့်ဆုံး ပန်းတိုင်မှာ "ဒိုမီနီယံ ဖက်ဒရယ် ဗမာပြည်ထောင်စုနိုင်ငံ" ဖြစ်လေသည်။ ထိုဖက်ဒရယ်ပြည်ထောင်စုအတွင်း ကရင်များသည် မျှမျှတတ ချင့်ချင့်ချိန်ချိန်ရှိသည့် မြန်မာညီနောင်များနှင့် အတူနေထိုင်ရန် ဖြစ်သည်..."

ဟုရေးလေသည်။ ထိုဖက်ဒရယ် ပြည်ထောင်စုမှာလည်း ဗြိတိသျှ ဓနသဟာယ အကာအကွယ် အောက်တွင်ရှိရမည်။

၁၉၄၆ ဧပြီလ တောင်ငူတွင်ကျင်းပသော လူထုအစည်းအဝေးတွင် ကရင်ပြည်နယ် တောင်းဆိုရေးကို အဓိကထားရှိလာခဲ့သည်။ ထိုပြည်နယ်မှာလည်း မြန်မာကိုပေးသော နယ်ပယ်အကျယ်အဝန်းထက် မလျော့သော နယ်မြေ ရှိရမည်ဟု တောင်းဆိုလာကြသည်။ ဤသို့ တောင်းဆိုချက်များ ပြင်းထန်လာသော်လည်း ဗြိတိသျှအစိုးရသည် မည်သို့မျှ တုံ့ပြန်ခြင်းမရှိချေ။ ထိုအခါ ကရင်ရှေ့နေများပါဝင်သော





ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တဖွဲ့ ဗြိတိန်သို့ စေလွှတ်ကြပြန်သည်။ ထိုသို့ စေလွှတ်သော်လည်း ဗြိတိသျှတို့က အလေးအနက်မထားဘဲ နေခဲ့ပြန်သည်။ ဤအတောအတွင်း မြစ်ဝကျွန်းပေါ်ဒေသတွင် ကရင်–မြန်မာ လူမျိုးရေး ပဋိပက္ခမှာ ပို၍ သည်းထန်နေလေသည်။

ထိုအခြေအနေသည် ကရင်လူမျိုးတွင်သာမဟုတ်။ ကိုလိုနီခေတ် နိုင်ငံရေး အုံကြွမှုနှင့် ကင်းကွာနေသော ဗြိတိသျှ နယ်ခြားဒေသ အုပ်ချုပ်ရေးအောက် လုံးဝ ကျရောက်နေသည့် ရှမ်းနှင့် ကချင်တို့ကလည်း မည်သို့သော လွတ်လပ်ရေးနည်း ဆိုသည်ကို အာရုံစိုက်နေကြသည်။ ထိုလူမျိုးစုများကို ကိုယ်စားပြုသည့် စော်ဘွားနှင့် ဒူးဝါးများမှာ အများအားဖြင့် မိမိပိုင်နက်နယ်မြေနှင့် မိမိအာဏာကို မထိပါးရေးကို အဓိက အာရုံစိုက်ကြပြီး ယင်းတို့ဒေသများသို့ ဖဆပလ မြန်မာများ လာရောက်စည်းရုံးကြလျှင်ပင် အလွန်ပြုပြင်လေ့ရှိသည်။ ၁၉၄၆ ခု မြစ်ကြီးနား နှစ်သစ်ကူး မနောပွဲ ကျင်းပသောအခါ ကချင်များက ဘုရင်ခံဒေါ်မန်စမစ်ကို ဖိတ်ကြားသော်လည်း ဗိုလ်ချုပ်အောင်ဆန်း နှင့် ဖဆပလကို မဖိတ်ကြားချေ။ ၁၉၄၆ မတ်လတွင်ပြုလုပ်သော ပထမ ပင်လုံကွန်ဖရင့်တွင်လည်း ရှမ်းစော်ဘွားများသည် ကချင်၊ ကရင်၊ ချင်း ခေါင်းဆောင်များကိုသာ ဖိတ်ကြားခဲ့ကြသည်။ ထိုကွန်ဖရင့်တွင် ဖဆပလ ကိုယ်စားလှယ် ဦးနု တက်ရောက်ခဲ့သော်လည်း ဗြိတိသျှ ဒိုမီနီယံ အုပ်ချုပ်ရေးကောင်းကြောင်း ဟောကြားသော ဂျွန်ဦးစောလောက်ပင် ကြိုဆိုညွှတ်ခံခြင်း မရှိ။ ထိုကွန်ဖရင့်ကို ပေးပို့သော ဘုရင်ခံ၏ သဝဏ်လွှာမှာလည်း စက္ကူဖြူ အုပ်ချုပ်ရေးကို ရှင်းပြသည့် သဝဏ်လွှာသာဖြစ်သည်။ ချင်းကိုယ်စားလှယ်မှ မြန်မာများအပေါ် ဤမျှ မတင်းမာသင့်ကြောင်း အကြံပြုသော်လည်း ထိုကွန်ဖရင့် ကိုယ်စားလှယ်အများစုက ဦးနု၏ ဗြိတိသျှ သွေးခွဲရေးပေါ်လစီအပေါ် ဝေဖန်ချက်ကို ပြန်လှန်တိုက်ခိုက်မှုများကို အဓိကထားပြုလုပ်ခဲ့ကြသည်။ ထိုကွန်ဖရင့်ပြီးဆုံးချိန်တွင် အဖွဲ့တခုကိုတော့ ဖွဲ့ခဲ့ကြသည်။ ယင်းအဖွဲ့မှာ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက် ဥက္ကဋ္ဌလုပ်ပြီး ဂျွန်ဦးစော အတွင်းရေးမှူးလုပ်မည့် "ညီညွတ်သော ဗမာနိုင်ငံယဉ်ကျေးမှုအသင်း" သာဖြစ်ပါသည်။

ထိုကွန်ဖရင့်တွင် တင်းမာမှုတချို့ ပေါ်သော်လည်း ဖဆပလနှင့် တောင်တန်းဒေသ လူမျိုးများအကြား အပြန်အလှန်ဆက်သွယ်မှုကို လမ်းဖွင့်နိုင်ခဲ့လေသည်။ စော်ဘွားများနှင့် သဘောထားချင်း ကွဲပြားသော ရှမ်းလူထုကို အခြေပြုသည့် ရှမ်းအဖွဲ့တခုလည်း ပါဝင်လာသည်။ တောင်တန်းဒေသ လူမျိုးများနှင့် ဖဆပလအကြား

ကြားဝင်အောင်သွယ်သူများမှာ ကချင်ခေါင်းဆောင် ဆမားဒူးဝါး ဆင်ဝါးနော်၊ ချင်းခေါင်းဆောင် ဦးဝမ်သူးမောင်နှင့် ပအိုဝ် ခေါင်းဆောင် စဝ်ခွန်ကြည်တို့ ဖြစ်လေသည်။ ယင်းတို့၏ ကြိုးပမ်းချက်ကြောင့် ၁၉၄၇ ဖေဖော်ဝါရီ ဒုတိယ ပင်လုံညီလာခံတွင် ဗြိတိသျှ လက်အောက်မှ တိုင်းရင်းသားပေါင်းစုံ လက်တွဲပြီး လွတ်လပ်ရေး ရယူမည့် ပင်လုံစာချုပ်တွင် ဖဆပလနှင့် တိုင်းရင်းသားခေါင်းဆောင်များ လက်မှတ်ရေးထိုးနိုင်ခြင်း ဖြစ်သည်။

ဗမာပြည် တပြည်လုံးမှ စဏ္ဍုဖြူစာတမ်း အုပ်ချုပ်ရေးကို ဝိုင်းဝန်း ဆန့်ကျင်ကြသောကြောင့် ဘုရင်ခံ ဆာဟင်နရီနိုက်တို့ ဗြိတိန်သို့ ပြန်သွားရကြောင်း အထူးမရေးတော့ပါ။ ၁၉၄၆ ခု ဩဂုတ်လတွင် ဗြိတိသျှ ဘုရင်ခံသစ် ဆာဟူးဘတ်ရန့် ရောက်ရှိလာလေသည်။ သူရောက်ရှိပြီး မကြာမီမှာပင် "စဏ္ဍုဖြူစာတမ်းသည် ခေတ်နှင့်လျော်ညီခြင်း မရှိသော့ပါ" ဟု လန်ဒန်ကို ကြေးနန်းရိုက်လေသည်။ ထိုကာလ ဗြိတိန်နန်းရင်းဝန်ဖြစ်သော အက်တလီကလည်း နှစ်ကုန် ပါလီမန်အစည်းအဝေးတွင် "ဗမာပြည်၏ နိုင်ငံရေးတိုးတက်မှုမှာ အိန္ဒိယနှင့် ရင်ဘောင်တန်းလျက်ရှိသည်" ဟု ကြေညာလိုက်လေသည်။ ၁၉၄၇ ဇန်နဝါရီလတွင် လန်ဒန်ရှိ ဗမာပြည်ဆိုင်ရာ ရုံးအရာရှိ ပက်သ်ဝစ် လောရင့်ထံသို့ ဘုရင်ခံ ဆာဟူးဘတ်ရန့်က သူ၏ ချဉ်းကပ်နည်းသစ်ကို အောက်ပါအတိုင်း ကြေးနန်း ပေးပို့လိုက်သည်။

"ကျွန်ုပ်တို့သည် ဗမာပြည်တပြည်တည်း ရှိသည်ဟူသော အစချီချက်ကို အခြေခံရမည်။ ယခင်ရှိခဲ့သည့် ဗမာပြည် ဝန်ကြီးအဖွဲ့အပိုင်းနှင့် တောင်တန်းဒေသ အုပ်ချုပ်ရေးအပိုင်းတို့ကို တခုတည်းသော အရာအတွင်းရှိ အစိတ်အပိုင်းများ အဖြစ်မှတ်ယူရမည်။ ထို နှစ်ပိုင်းကို ယခင်ကလည်း တခုတည်း၊ နောက်တွင်လည်း တခုတည်းဟု မှတ်ယူရမည်။ ထိုအစချီချက်မှနေ၍ ကျွန်ုပ်တို့၏ အမြင့်ဆုံးရည်မှန်းချက်ဖြစ်သော တစည်းတလုံးတည်းသော ဗမာပြည် တပြည်ကို အဖြစ်နိုင်ဆုံး အတိုတောင်းဆုံး အချိန်အတွင်း ပေါ်ထွက်ရေး ရည်ရွယ်ချက်ကို အမြဲထားရှိရမည်။"

လန်ဒန်တွင် ဇန်နဝါရီ ၁၃ မှ ၂၇ အထိပြုလုပ်သော မြန်မာ့ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှ အစိုးရတို့၏ ဆွေးနွေးပွဲရလဒ်မှာ အောင်ဆန်း–အက်တလီ စာချုပ်ဖြစ်လေသည်။ ဗမာကိုယ်စားလှယ်အဖွဲ့တွင် ဖဆပလမှ နှစ်ဦး၊ အခြားပါတီမှ တဦး၊ တသီးပုဂ္ဂလ တဦး ဖြစ်သော်လည်း တိုင်းရင်းသား တဦးကိုမျှ ဖိတ်ကြားခြင်း မရှိချေ။ တောင်တန်းဒေသအရေးနှင့် တိုက်ရိုက်မသက်ဆိုင်သောကြောင့် ဟု





အကြောင်းပြချက်ဖြင့် ဘုရင်ခံက တိုင်းရင်းသားများကို ဖိတ်ကြားခြင်းကို သဘော မတူချေ။ ထိုဆွေးနွေးပွဲကို တောင်တန်း ဒေသများကလည်း မကျေနပ်ချေ။

"ပြည်မနှင့် တောင်တန်းဒေသ ပေါင်းမည် မပေါင်းမည်ကို တောင်တန်း သားများသာ ဆုံးဖြတ်သည်"

ဟု ရှမ်းပြည် ပဒေသရာဇ်ကောင်စီမှ တောင်တန်းဒေသ ညွှန်ကြားရေးဝန်ထံ ကြေးနန်းပို့ကြသည်။

အမှန်တော့ ဇန်နဝါရီ ၃၁ ရက်ရောက်မှ ထိုဆွေးနွေးပွဲ မအောင်မြင်လျှင် ပုန်ကန်တော့မည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ရာဇသံပေးထားပြီ ဟူသည့် သတင်းက လူတွေအကြားတွင် ပြန့်နေလေပြီ။ ထိုဆွေးနွေးပွဲ မအောင်လျှင် ဖဆပလ နှင့် ဗကပတို့ လက်တွဲ ပုန်ကန်ရန်လည်း အမှန်ပင် ပြင်ဆင်နေကြသည်။ ဗြိတိသျှ ထောက်လှမ်းရေးမှလည်း "ဗြိတိသျှအစိုးရ လက်နှေးနေလျှင် တတိုင်းပြည်လုံး ဗကပ လက်ထဲရောက်လိမ့်မည်" ဟု သတိပေးလာကြသည်။ သို့ဖြင့် ဆာဟူးဘတ်ရန့်က "ကျွန်ုပ်တို့ စီးရမည့် တကောင်တည်းသောမြင်းသည် ဖဆပလ သာဖြစ်သည်" ဟု ကြေးနန်းရိုက်လေသည်။ သို့ဖြင့် အချိန်အတိအကျ ဖော်ပြမထားသော်လည်း ဗမာပြည်အား လွတ်လပ်ရေးပေးရန် သဘောသွားတော့သည်။ ထိုစာချုပ်အရ ဖဆပလ လွှမ်းမိုးသော ဘုရင်ခံအမှုဆောင်ကောင်စီသည် လွတ်လပ်ရေးမရမီကာလ ကြားဖြတ်အစိုးရ တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်သည်။

လန်ဒန်ဆွေးနွေးပွဲတွင် တောင်တန်းဒေသ ကိစ္စလုံးဝ ချန်လှပ်ထားခြင်းတော့ မဟုတ်ချေ။ ထိုဆွေးနွေးပွဲတွင် ဗြိတိသျှအစိုးရဘက်မှ တောင်တန်းသားများထံ သူတို့ ပေးခဲ့သော ကတိစကားများရှိနေသေးကြောင်း ပြည်မ–တောင်တန်းပူးပေါင်းရေး ကိစ္စတွင် မြန်မာများနှင့် တောင်တန်းသားများအကြား သဘောထားချင်း၊ အမြင်ချင်း မနီးစပ်သေးဟု ယူဆကြောင်းများ တင်ပြကြလေသည်။ နောက်ပိုင်းတွင် ဗြိတိသျှ အစိုးရအနေဖြင့် ပင်လုံညီလာခံတွင် တောင်တန်းဒေသ ကိုယ်စားလှယ်များနှင့် မြန်မာခေါင်းဆောင်များ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးမည်ဟု သဘောတူသွားလေသည်။

ဒုတိယပင်လုံညီလာခံ အောင်မြင်စွာ ပြီးဆုံးသွားသောအခါ တောင်တန်း ခေါင်းဆောင်များကို ဖဆပလနှင့် သခင်အောင်ဆန်းမှ ချဉ်းကပ် စည်းရုံးနိုင်စွမ်း ရှိပါမည်လော ဆိုသည့် ဗြိတိသျှ အစိုးရ၏ သံသယများပျောက်ကွယ် သွားလေတော့သည်။ ပင်လုံညီလာခံတွင် ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း၏

"မြန်မာ တကျပ်ရရင် ခင်ဗျားတို့လည်း တကျပ်ရစေရမယ်" ဟူသော စကားကို တိုင်းရင်းသား လူမျိုးများ ယနေ့ထိပြန်လည် ပြောဆိုနေကြဆဲဖြစ်သည်။ တောင်တန်းသားများအပေါ် မညီမျှသော ဆက်ဆံရေးတွေ ပေါ်လာမလားဟူသော စိုးရိမ်စိတ်များလည်း လွှင့်ပြယ်လာကြလေသည်။ ထိုအခြေအနေကြောင့်ပင် ၁၉၄၇ အခြေခံဥပဒေ ဖြစ်ပေါ်လာရခြင်း ဖြစ်လေသည်။ ထိုညီလာခံ၏ အဓိက အားနည်းချက်မှာ တိုင်းရင်းသားအားလုံး စုံစုံညီညီ ပါဝင်တက်ရောက်ခြင်း မရှိခြင်း ဖြစ်လေသည်။ ယင်းကြောင့် ၁၉၄၇ အခြေခံဥပဒေတွင်လည်း ပါရှိသင့်ကြောင်းများ ပြည့်ပြည့်စုံစုံ မပါရှိနိုင်တော့ချေ။

ဂျိုးဇက် ဆီလ်ဗာစတိုင်း အဆိုအရ ၁၉၄၇ အခြေခံဥပဒေတွင် "ဖက်ဒရယ်" "ဖက်ဒရယ် စနစ်" စသည့် စကားလုံးများ မပါရှိစေကာမူ ဖက်ဒရယ်စနစ်ကို အဓိက ရည်မှန်းထားရှိကြောင်း ထင်ရှားသည်။ သို့သော် ထိုဥပဒေတွင် ကရင်ပြဿနာကို တိတိကျကျ ဖြေရှင်းမထားသည့် အပြင် ရခိုင်ပြဿနာကိုလည်း ဖြေရှင်းရန် ကြိုးစားထားခြင်း မရှိချေ။

ရခိုင်ဒေသတွင် ဦးအောင်ဇံဝေ ခေါင်းဆောင်သော ရခိုင်အမျိုးသား တွန်ဂရုတ် ANC ဦးစိန္တာ ခေါင်းဆောင်သော စစ်သွေးကြွ အမျိုးသားရေးအဖွဲ့နှင့် ဗြိတိသျှ ပါလီမန် အမတ်ဟောင်း ဆာပေါ်ထွန်း၊ ဦးကျော်မင်းတို့၏ အမျိုးသားအဖွဲ့များဟူ၍ သုံးဖွဲ့ရှိလေရာ ၁၉၄၆ ခုတွင် ANC သည် ဖဆပလနှင့် ပူးပေါင်းခဲ့လေသည်။ ၁၉၄၆ ဖဆပလ တွင်း လက်ဝဲညီညွတ်ရေး ပြိုကွဲသောအခါ ANC တွင်လည်း လက်ဝဲအုပ်စု အမျိုးမျိုး ထွက်ပေါ်လာလေသည်။ အုပ်စု အကူးအပြောင်းလည်း စုံလင်သည်။ ယခင် ဆိုရှယ်လစ် ပါတီမှ ဗုံပေါက် သာကျော်နှင့် ဦးညိုထွန်း တို့က ပြည်သူ့ရဲဘော် PVO လုပ်ကာ ဒေသန္တရ ကာကွယ်ရေး အဖွဲ့များ ဖွဲ့ကြသည်။ ဦးစိန္တာက အလံနီအဖြစ် ပြောင်းလဲသွားသည်။ တိုင်းပြု ပြည်ပြုလွှတ်တော် တသီးပုဂ္ဂအမတ် ဦးကျော်မြက ဗကာပ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၄၇ ဧပြီလ မြေပုံမြို့တွင် ရခိုင်တိုင်းလုံးဆိုင်ရာ ညီလာခံကျင်းပရာ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ပြီး ပရိသတ် ခြောက်သောင်း ရှိလေသည်။ ယင်းညီလာခံကို ဗုံပေါက်သာကျော်နှင့် ဦးစိန္တာတို့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ထိုညီလာခံမှ "ရခိုင်လက်ဝဲ ညီညွတ်ရေး တပ်ပေါင်းစုကြီး" ကို ဖွဲ့စည်းခဲ့လေသည်။

မြေပုံညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ပါတီမှ ဦးဘဆွေ တို့ တက်ရောက်ကြသော်လည်း ပရိသတ်မှ သောင်းသောင်းဖျဖျ ကြိုဆိုခြင်းမရှိ။





ဗြိတိသျှ ထောက်လှမ်းရေး အစီရင်ခံစာအရ "ပရိသတ်သည် ဗြိတိသျှ ဆန့်ကျင်ရေး ရွေးကောက်ပွဲ ဆန့်ကျင့်ရေး၊ စစ်တပ်နှင့် ရဲအဖွဲ့ ဆန့်ကျင်ရေး များကြွေးကြော်ကြသလို လန်ဒန်တွင် တိုင်းပြည်ကို ရောင်းစားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ဆန့်ကျင်ကြသည်" ဟု ဆိုပါသည်။ ထိုညီလာခံ၏ အဓိက ကြွေးကြော်ချက်မှာ ရခိုင်ပြည်လွတ်လပ်ရေးရရှိရန် တော်လှန်ကြဖို့ ဖြစ်လေသည်။

ထို ကြွေးကြော်သံ အပြင် လယ်သမားလှုပ်ရှားမှုများကိုလည်း ရခိုင်လက်ဝဲညီညွတ်ရေး တပ်ပေါင်းစုမှ လုပ်ဆောင်ကြလေသည်။ သီးစားခ မပေးရေး၊ မြေခွန် လယ်ခွန်မပေးရေး၊ ကြွေးမြီများ လျော်ပစ်ရေး တိုက်ပွဲများကို ဦးဆောင်ဆင်နွှဲကြလေသည်။ ယင်းတိုက်ပွဲအများစုကို ရခိုင်စစ်ပြန်ကြီးများက ရှေ့ဆုံးမှ ဆင်နွှဲနေကြခြင်းဖြစ်သည်။ သို့သော် ထိုတပ်ပေါင်းစုမှာ ကြာကြာမခံပေ။ လယ်သမားလှုပ်ရှားမှုနှင့် အားမရကြသော ဦးစိန္တာအဖွဲ့က ခွဲထွက်ပြီး အကြမ်းဖက်အုံကြွမှုများ စတင်လိုက်လေသည်။ ထိုအဖွဲ့သည် အင်အား ၃၀၀၀ ကျော်ပါဝင်သော အဖွဲ့ကြီးဖြင့် ရမ်းဗြဲထောင်ကို ဖောက်လေသည်။ ထိုအချိန်မှစ၍ ပုလိပ်ဂါတ်တဲ ဝင်စီးခြင်း၊ မြို့စောင့်တပ် ဝင်စီးခြင်းများ ရခိုင်ပြည်အနှံ့ ထွက်ပေါ်လာလေသည်။ ဗြိတိသျှ ပါလီမန်အတွင်းတွင်လည်း "ရခိုင်တွင်ဖြစ်ပေါ်နေသော ဥပဒေပျက်ပြားမှုအခြေအနေ" မေးခွန်းများ ဒလစပ် ထွက်ပေါ်နေပြီး ဝန်ကြီးများကလည်း "ရခိုင်ကိစ္စသည် ခွဲထွက်ရေး ပုန်ကန်မှု ဖြစ်ပါသည်။ သို့သော် ကွန်မြူနစ်လှုံ့ဆော်ရေးသမားများနှင့် လက်နက်ကိုင် ဓားပြအဖွဲ့များက ထိုပုန်ကန်မှုထဲ စိမ့်ဝင်နေကြပါသည်" ဟု ဖြေရှင်းသည်။ ရခိုင်ဒေသသို့လည်း ဂေါ်ရခါး၊ ပန်ချာပီ၊ မြန်မာတပ်သားများပါသော အင်အား ၇၀၀၀ တပ်ကို စေလွှတ်နှိမ်နင်းကြလေသည်။ ထိုကာလအတွင်းမှာပင် မွတ်စလင် တက်ကြွလှုပ်ရှားသူများ၏ "အစ္စလမ် နယ်ခြားပြည်နယ် ထူထောင်ရေး" လှုပ်ရှားမှုများ စတင်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

၁၉၄၇ အခြေခံဥပဒေ၏ ကြီးမားသော ပျော့ကွက်မှာ ကရင်ပြည်နယ် ပြဿနာကို လွတ်လပ်ရေးရပြီး နောက်ပိုင်းမှ ဖြေရှင်းရန် ချန်လှပ်ထားခြင်းဖြစ်သည်။ ထိုဥပဒေတွင် ကရင်တိုင်းရင်းသား သတ်မှတ်ချက်၊ ကရင်ပိုင်နက် နယ်မြေ သတ်မှတ်ချက်များလည်း ဖော်ပြမထားချေ။ ကရင်ပြည်နယ်ထူထောင်ရန် သံလွင်ခရိုင်၊ ကရင်နီပြည်နယ် ၎င်းတို့အနီးတပိုက်ရှိ ကရင်အများစုနေထိုင်ရာ ဒေသတချို့ ထုတ်နုတ် ထည့်သွင်းရမည်ဆိုသည့် ရှုပ်ထွေးသည့် ပြဋ္ဌာန်းချက်သာ ပါရှိသည်။

ထို့အပြင် ထိုအရပ်ဒေသများတွင် နေထိုင်သူများမှ သဘောတူမှသာ ဟူသည့် ခြွင်းချက်ကိုလည်း ထည့်ထားပြန်သည်။ ထို့အပြင် ကရင်ပြည်နယ်သစ်သည် ရှမ်းပြည်နယ် အဆင့်အတန်းမျိုး ရှိစေရမည်ဟု တဖက်တွင် ပြဋ္ဌာန်းထားပြီး ရှမ်းနှင့် ကရင်နီပြည်နယ်တို့ ရရှိသည့် ခွဲထွက်ခွင့်မျိုး ကရင်ပြည်နယ်ကို ပေးထားခြင်း မရှိချေ။ (ပုဒ်မ ၁၇၈) ပို၍ ရှုပ်ထွေးစရာ ကောင်းသည်မှာ ဤအစီအစဉ်ကို သဘောမကျလျှင် ကော်သူးလေ အထူးဒေသကို ထူထောင်နိုင်သည်ဟူသော နောက်ထပ် နည်းလမ်းတခုကိုလည်း ထည့်ထားလေသည်။

ထိုဥပဒေတွင် ကရင်များအတွက် နိုင်ငံရေးအခွင့်အရေးပိုင်း၌ ကျေနပ်ဖွယ်ရာ တချို့ ထည့်သွင်းထားလေသည်။ နိုင်ငံရေး အခွင့်အရေးပိုင်းတွင် ကရင်လူဦးရေထူထပ်ရာ မြစ်ဝကျွန်းပေါ်ဒေသအတွက်လည်း ထည့်သွင်းထားသည်။ ကရင်ရေးရာဝန်ကြီး၊ ကရင်ရေးရာကောင်စီများ ခန့်အပ်ထားပြီး လွှတ်တော်တွင် (ကရင်နီ နှစ်ဦးသာပါ) ကရင်အမတ် ၂၂ ဦးအတွက် သီးသန့် ထားရှိသည်။ သို့သော် ကရင်လူမျိုးများအား ရှမ်းနှင့် ကရင်နီအကြီးအကဲ စော်ဘွားနှင့် စောဖျာများကို ပေးသည့်အုပ်ချုပ်ရေး အာဏာများကို ပေးထားခြင်းမရှိချေ။ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်များရှိ ပအို့ဝ်များ၊ မိုးပြဲဒေသ ကယန်းများအတွက်လည်း မည်သည့် အခွင့်အရေးမှ မပါရှိသဖြင့် နောင်အခါ လက်နက်ကိုင် အုံကြွမှုများဖြစ်စေရန် ဖန်တီးထားသကဲ့သို့ ဖြစ်နေလေသည်။

၁၉၄၇ အခြေခံဥပဒေတွင်ပါရှိသော လူမျိုးစု အခွင့်အရေးများသည် လူမျိုးစု တစုချင်း၏ ဈေးဆစ်နိုင်စွမ်းအပေါ် မူတည်၍ အမျိုးမျိုးကွဲပြားနေပြီး ဒွိဟပွားစရာများ ဖြစ်ပေါ်စေလေသည်။ လူမျိုးစုတစုစီတွင် မကျေနပ်မှု တခုမဟုတ်တခုတော့ ရှိနေကြလေသည်။ ဗြိတိသျှတို့မှ ထိုအချက်များကို မမြင်ကြတော့ချေ။ ဖဆပလတွင်းမှ ဗကပကို ထုတ်ပယ်ပြီးကတည်းက ဖဆပလအပေါ် လုံးဝ ယုံကြည်စိတ်ချနေလေသည်။ ဘုရင်ခံကလည်း လက်ဝဲအင်အားစု ပြိုကွဲသွားပြီးနောက် ကိစ္စအဝဝကို ဖဆပလလက်ထဲ ပုံအပ်ထားတော့သည်။ ဗြိတိသျှအစိုးရထံသို့ ဗမာပြည်တွင်း ပဋိပက္ခသတင်းများ မရောက်၍မဟုတ်၊ ဖဆပလ၏ ရှင်းလင်းပြောကြားချက်ကိုသာ ဘုရင်ခံမှ နားဝင် နေသောကြောင့်ဖြစ်သည်။

ကရင်လူမျိုးများသည် ဗမာပြည်မှ ဗြိတိသျှများ ထွက်ခွာအံ့ဆဲဆဲအထိ ကရင်လူမျိုးများကို ဗြိတိသျှအုပ်စိုးမှုဖြင့် အကာအကွယ်ပေးလိမ့်မည်ဟု ယုံကြည်မျှော်ကိုး နေကြဆဲဖြစ်သည်။ ဗြိတိသျှမှ နောက်ဆုံးတွင် မျက်နှာလွှဲခဲ့ပစ်





လုပ်သွားတော့မှသာ ကရင်အရေး ကရင်များဖာသာ လုပ်ဆောင်မှ ဖြစ်တော့မည်ဟု သိလာကြပြီး မိမိဘာသာလုပ်ကိုင်ရန် ကြိုးစားလာကြတော့သည်။ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲပေါ်လာတော့ တောင်ငူ၊ ပုသိမ်စသည့် ဒေသများရှိ ကရင်အများစုကြီးသည် KNU ၏ဆော်ဩချက်အရ ရွေးကောက်ပွဲဝင်ရာ ကရင်အမတ် ၂၆ နေရာရရှိလေသည်။

KYO မှာ ဖဆပလ လိုလားသူများဖြစ်သဖြင့် KYO အမတ်များသည် အခြေခံဥပဒေ ရေးဆွဲသောအခါ ဖဆပလအတိုင်း ယူဂိုစလပ်ပုံစံကို ယူကာ ကရင်အများစုနေထိုင်ရာ အရှေ့ခြမ်းဒေသကို ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် အဖြစ် တောင်းဆိုပြီး မြန်မာများနှင့် ရောနှောနေထိုင်သော ကရင်လူမျိုးများအတွက် ဥပဒေအရ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို ကာကွယ်ပေးရန် တောင်းဆိုကြလေသည်။ KYO ၏ထူးခြားချက်တခုမှာ KNU လွှမ်းမိုးသော တောင်ပေါ်ဒေသများသို့ သွားရောက် စည်းရုံးခြင်းမပြုဘဲ မြေပြန့်တွင်သာ စည်းရုံးကြခြင်းဖြစ်လေသည်။ ကရင်အဝန်းအဝိုင်းအနေနှင့် ထိုသို့ တင်းမာသော နိုင်ငံရေးအခြေအနေကို ကြည့်ရှုကာ ဗြိတိသျှများ ဗမာပြည်မှ ထွက်ခွာသည်နှင့် တိုက်ခိုက်မှုသစ်တွေ ထပ်မံပေါ်ထွက်လာတော့မည်ဟု ယုံကြည်နေကြသည်။ ထိုအခြေအနေသစ်တွင် KNU သည်လည်း မိမိတို့လွတ်လပ်ရေးကို အရယူရန် ပြင်ဆင်နေကြလေသည်။

KNU သည် ၁၉၄၇ ခုနှစ်မှ စတင်၍ မြစ်ဝကျွန်းပေါ်တွင် မိမိတို့ ကရင်လူမျိုးများကို မြန်မာများက မတရားပြုကျင့်လာလျှင် ကာကွယ်ရန်ဟုဆိုကာ စစ်သင်တန်းများ ပေးလာခဲ့ကြသည်။ ထိုနှစ် ဇူလိုင် ၁၇ ရက်တွင် KNDO ကာကွယ်ရေး အဖွဲ့ကြီးကို စတင်ဖွဲ့စည်းလိုက်သည်။ နောင်အခါ ပြည်တွင်းစစ်အတွင်း ကရင်သူပုန်အုပ်စုများသည် KNDO ပုံစံအတိုင်း တပ်များ ဖွဲ့စည်းခဲ့ကြလေသည်။ KNU သည် မိမိကိုယ်ပိုင် KNDO များကို ဖွဲ့စည်းရုံမက ဗမာ့တပ်မတော် အတွင်းမှ မိမိတို့အပေါ် ထောက်ခံစာနာသော တပ်ဖွဲ့များနှင့်လည်း မြေအောက် အဆက်အသွယ် ထားရှိလေသည်။ ထိုစဉ်က ဗမာ့တပ်မတော်တွင် ကရင် သနက တပ်ရင်း သုံးရင်းရှိပြီး စောဘဦးကြီး၏ ညာလက်ရုံးဖြစ်သော စောစံဖေးမှ ထိုတပ်ရင်းများကို စည်းရုံးကာ Group X (အစု အိပ်စ်) ဆိုသည့် မြေအောက် ကွန်ရက်ကို ဖွဲ့စည်းထားရှိခဲ့လေသည်။ ၁၉၄၉ ဇန်နဝါရီလ ကရင်လက်နက်ကိုင် ပုန်ကန်မှုကြီး စတင်ချိန်အထိ KNU သည် ညအချိန်တွင် ပေးပို့သော Group X ထံမှ အရေးကြီးသတင်းများ ရယူနေခဲ့လေသည်။

၁၉၄၈ ခု အောက်တိုဘာ ပြည်တွင်းစစ်မီး အရှိန်မြင့်နေချိန်တွင် ဗြိတိသျှအစိုးရမှ ဦးနုအစိုးရကို ကရင်များအတွက် ကရင်ပြည်နယ် အမြန်ပေးရန် ဖိအားများပေးလေသည်။ ထိုအခါ ဦးနုအစိုးရ ဝန်ကြီးအဖွဲ့တွင် ကရင်ပြည်နယ် နယ်နိမိတ်တခုကို အမြန်ရေးဆွဲရလေသည်။ ထိုနယ်နိမိတ်အရဆိုလျှင် ကရင်နီပြည်နယ်၊ မိုးဗြဲပြည်နယ်ခွဲ၊ သံလွင်ခရိုင်၊ သထုံ အမှတ် (၂) ခရိုင်ခွဲ၊ တောင်ငူနှင့် ပျဉ်းမနားခရိုင်အတွင်းရှိ တောင်ပေါ်ဒေသများ ပါဝင်လေသည်။ ထို့ပြင် မြန်မာနှင့် ရောနှောနေသည့် မြစ်ဝကျွန်းပေါ်မှ ကရင်အများစုနေထိုင်ရာ အရပ်များအတွက်လည်း ကရင်ရေးရာကောင်စီကို ဖွဲ့စည်းပေးမည်ဖြစ်သည်။ ယနေ့ ပြန်၍ကြည့်မည်ဆိုသော် ဦးနုအစိုးရပေးသော အခွင့်အရေးမှာ အလွန်ရက်ရောသော အခွင့်အရေးဖြစ်သည်ဟု ဆိုနိုင်သည်။ သို့သော် ဤလုပ်ဆောင်ချက်မှာ အချိန်နှောင်းသွားလေပြီ။

ထိုကာလ KNU ခေါင်းဆောင်အများစု၌ "ကိုယ့်ခွန်အားကို အရင်ဆုံးကြိုးထွားအောင်လုပ်၊ ပြီးမှဆွေးနွေး" ဆိုသောအယူအဆ လွှမ်းမိုးနေလေပြီ။ အောက်တိုဘာလတွင် ကျင်းပသော KNU မော်လမြိုင်ညီလာခံတွင် "Righteousness Exalt a Nation" ကျင့်ဝတ်သိက္ခာရှိခြင်းသည် အမျိုးသားနိုင်ငံတခုကို မြှင့်တင်ခြင်းဖြစ်သည်ဟူသော ဆောင်ပုဒ်ကို ကိုင်စွဲခဲ့ကြလေသည်။ ဤတတိယအကြိမ် ညီလာခံကို တနိုင်ငံလုံးမှ ကရင်ကိုယ်စားလှယ် ၆၀၀ တက်ရောက်သလို ပအိုဝ် ကိုယ်စားလှယ်များနှင့် မွန်ဘုန်းတော်ကြီးများလည်း တက်ရောက်ကြသည်။ ကရင်တို့သည် ဗမာပြည်တွင် လွတ်လပ်သော ကရင်ပြည်နယ်အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အမျိုးသားပြည်နယ်များ၏ ဖက်ဒရယ်နိုင်ငံအတွင်း ပါဝင်ရန်ဆိုသည့် တောင်းဆိုချက်ကို ဗြိတိသျှတို့ထံ နောက်ဆုံးအကြိမ်အထိ သွေးရူးသွေးတန်း တောင်းဆိုနေဆဲဖြစ်သည်။ ထိုညီလာခံအပြီးတွင် နန်းရင်းဝန် အက်တလီနှင့် ဗြိတိသျှ ပါလီမန်သို့ စာအုပ်ငယ်တအုပ်ကို ပေးပို့လိုက်ကြသည်။ ထိုစာအုပ်၌–

> "ကရင်နှင့်မြန်မာသည် မတူသောမျိုးနွယ်များမှ ဆင်းသက်လာသူများဖြစ်ပြီး ယဉ်ကျေးမှုမှာလည်း နှစ်မျိုးဖြစ်ပါသည်။ ထို့ပြင် ကရင်က လူနည်းစုဖြစ်ပြီး မြန်မာက လူများစုဖြစ်ပါသည်။ ထိုသို့ ကွဲပြားနေသော လူမျိုးနှစ်မျိုးကို အတူတွဲ၍ နိုင်ငံတော်တခုကို ထမ်းရွက်စေခြင်းကြောင့် မကျေနပ်မှုမျိုးစုံ ထွက်ပေါ်စေရုံမက ပျက်သုဉ်းခြင်းနိဂုံးသို့လည်း ဆိုက်ရောက်စေ ပါလိမ့်မည်"

ဟု ရေးသားထားလေသည်။





ထိုညီလာခံနောက်ပိုင်း KNU သာမက မွန်၊ ပအိုဝ်၊ ကရင်နီ စသည့် တိုင်းရင်းသားများလည်း ပုန်ကန်မှုတခုသို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တာစူလာကြလေတော့သည်။

❐

# (၁၀) အရှည်ကြာဆုံး ပြည်တွင်းစစ်နှင့် ဗကပ

ဘာတေးလ်လစ်တ်နာ၏ စာအုပ် စာမျက်နှာ ၄၅ တွင်

"ကွန်မြူနစ်တို့၏ တော်လှန်ပုန်ကန်မှုမှာ တနှစ်အတွင်းမှာပင် တိုင်းပြည်အနှံ့ လျင်မြန်စွာ ပျံ့နှံ့ သွားခဲ့သည်။ ဗကပ၏ PLAB ဗမာပြည်သူ့ လွတ်မြောက်ရေး တပ်မတော် အလံတော်အောက်တွင် လက်နက်ကိုင် အင်အား ၁၅၀၀၀ အထိ စုစည်းနိုင်ခဲ့သည်။ ထိုစဉ်က လူသိများထင်ရှားသည့် မြန်မာတော်တော်များများ ဗကပနှင့် လျှို့ဝှက်ဆက်သွယ်ခဲ့ကြသည်။ သူတို့ထဲတွင် ရဲဘော်သုံးကျိပ်ဝင်နှစ်ဦး (ဗိုလ်ရန်အောင်နှင့် ဗိုလ်ရဲထွဋ်) လည်းပါသည်။ ဘားမား ရိုင်ဖယ်တပ်ရင်း (၁) နှင့် (၃) တို့သည် မင်္ဂလာဒုံ ဗိုလ်ဆောင်ရေးတပ်ခွဲနှင့် ပူးပေါင်းကာ RBA တော်လှန်သော ဗမာ့တပ်မတော်ကို ထူထောင်ပြီး ကွန်မြူနစ်များနှင့် မဟာမိတ်လုပ်ကြသည်။ RBA အင်အားမှာ ၃၀၀၀ ခန့်ရှိပြီး ရဲဘော်သုံးကျိပ်ဝင် တဦးဖြစ်သူ ဗိုလ်ဇေယျက ဦးဆောင်ခဲ့သည်။ PRP ခေါင်းဆောင် တဦးဖြစ်သူ သခင်ချစ်မှာလည်း ၁၉၄၆ ကပင် ဗကပသို့ ကူးပြောင်းခဲ့ပြီးဖြစ်သည်။ ၁၉၄၈ ဇူလိုင်လတွင် PVO ပြည်သူ့ ရဲဘော် နှစ်ခြမ်းကွဲကာ ရဲဘော်ဖြူက ပြည်သူ့ရဲဘော်ပါတီ PCP ကိုထူထောင်ကာ အစိုးရကိုပုန်ကန်ကြလေသည်။ ၁၉၄၉ ဇန်နဝါရီ ၃၁ ရက်တွင် ကရင်လူမျိုးများ စတင်ပုန်ကန်ပြီး ပအိုဝ်၊ ကရင်နီ၊ မွန်အဖွဲ့လည်း အလားတူပုန်ကန်လာကြသည်။ အရှေ့ပါကစ္စတန် (ယခု ဘင်္ဂလားဒေ့ရှ်) အနီး ရခိုင်ဒေသတွင်လည်း မူဂျာဟစ် သူပုန်များပုန်ကန်လာသည်။"

စသဖြင့် ရေးသားထားပါသည်။





ထို့ပြင်–

"၁၉၅၀ ခုတွင် PLAB နှင့် RBA တို့ ပူးပေါင်းကာ ပြည်သူ့တပ်မတော် PA ကို ဖွဲ့စည်းလေသည်။ ဗကပ ပြည်သူ့တပ်မတော် PA တွင် တပ်မကြီး (၁) (ပျဉ်းမနား၊ မကွေး၊ ပြည်)၊ တပ်မကြီး (၂) (ကျောက်ဆည်၊ မသုံးလုံး ဒေသ)၊ တပ်မကြီး (၃) (တောင်ငူ၊ ပဲခူး၊ သာယာဝတီ)၊ တပ်မကြီး (၄) (ရှမ်းပြည်မြောက်ပိုင်း) တို့ဖြင့် ဖွဲ့စည်းထားပြီး အခြားဒေသများဖြစ်သော မြစ်ဝကျွန်းပေါ်၊ တနင်္သာရီ၊ ရခိုင်၊ အနောက်မြောက်ဒေသ တို့တွင်လည်း တပ်ဖွဲ့အသီးသီး ဖြန့်ကျက်ထားသည်။"

"၁၉၅၁ ပျဉ်းမနား ခရိုင်တွင် ဗဟိုကော်မတီ အစည်းအဝေးကျင်းပရာတွင် ဗမာပြည် အရှေ့ပိုင်းတွင် ကူမင်တန်တရုတ်ဖြူ ကျူးကျော်လာမှု အပေါ်သုံးသပ်၍ ဗကပနှင့် ရန်ကုန်အစိုးရ ညီညွတ်ရေးတပ်ပေါင်းစုဖွဲ့ရေး PCG ငြိမ်းချမ်းရေး ညွှန့်ပေါင်းအစိုးရလမ်းစဉ်ကို ချမှတ်ကြသည်။ ထိုလမ်းစဉ်၏ရလဒ်မှာ ယခင်က မြေယာဝေခြမ်းရေး ပြုလုပ်ပြီးသော နယ်မြေများတွင် မြေယာတော်လှန်ရေးကြောင့် ထိခိုက်နစ်နာသော မြေရှင်များနှင့် ပြန်လည်သင့်မြတ်ရန် ဝေပြီးသောမြေများကို မြေရှင်များကို ပြန်ပေးခြင်းများ ပြုကြသည်။ ယင်း၏ အကျိုးဆက်ကြောင့် ဗကပတပ်သားအများအပြား စိတ်ပျက်ပြီး အိမ်ကို ပြန်ပြေးကုန်ကြသည်။"

"၁၉၅၅ တွင် စေတုတ္တရာအနီး ဗဟိုကော်မတီ ဒုတိယအကြိမ် အရေးပေါ် အစည်းအဝေးကျင်းပလေသည်။ ထိုအစည်းအဝေးတွင် လက်နက်ကိုင် တော်လှန်ရေးကိုစွန့်ပြီး ဥပဒေတွင်း အတိုက်အခံပါတီအဖြစ် ရပ်တည်ရေးကို ဆွေးနွေးကြသည်။ ထိုကာလတွင် ရုရှနိုင်ငံ၌ CPSU ကွန်မြူနစ်ပါတီ ၂၀ ကြိမ် ကွန်ဂရက် ကျင်းပလေသည်။ ထိုကွန်ဂရက်တွင် စတာလင်ကို အပုပ်ချပြီး ဆိုရှယ်လစ်စနစ် ငြိမ်းချမ်းစွာ ကူးပြောင်းရေးလမ်းစဉ်ကို ချမှတ်ခဲ့လေသည်။ ယင်းလမ်းစဉ်များကြောင့် မူလကတည်းက လက်နက်ကိုင်တိုက်ပွဲကို မယုံကြည်ကြသူ ခေါင်းဆောင်တချို့နှင့် နောက်လိုက်အများအပြား လက်နက်ချကြလေတော့သည်။ ဤအကြောင်းနှင့် ပတ်သက်၍ သခင်ဗသိန်းတင်က "ကျနော်တို့ ပြောတဲ့ ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်ဆိုတာ ဒါပဲဗျ။ လက်နက်ကိုင်တိုက်ပွဲ ဖျက်သိမ်းရေးပေါ့။ တိုက်ပွဲတချို့တော့ ဆက်ရှိနေသေးတယ်။ ပါတီဌာနချုပ်ကလည်း ပျဉ်းမနားဒေသမှာ

ဆက်ရှိနေသေးတယ်။ ဒါပေမဲ့ တပြေးတည်း ပြေးနေရတယ်” ဟု ဘာတေးလ်လစ်တ်နာကို ပြောခဲ့ဖူးသည်။

“၁၉၅၈ တွင် အောင်မာဃ စစ်ဆင်ရေးပေါ်လာသည်။ ဗမာပြည် အထက်ပိုင်း ဗကပအကြွင်းအကျန်များကို ချေမှုန်းရန်ဆင်နွှဲသည့် စစ်ဆင်ရေးဖြစ်သည်။ ထိုးစစ်ကြောင့် ရွှေဘိုမှာ အဖြူရောင်နယ်မြေ ဖြစ်သွားပြီး ဗကပတပ်ဖွဲ့များ ပဲခူးသို့ ဆုတ်ခွာကြရသည်။ ၁၉၅၉ မှစ၍ ပဲခူးရိုးမသည် ဗကပ အခြေစိုက်ရာဒေသ ဖြစ်သွားလေသည်။ ၁၉၅၁ နှင့် ၁၉၅၃ အကြားတွင် တရုတ်ပြည်သို့ စစ်ရေးအကူတောင်းခံရန် ဗကပ ကေဒါများ အသုတ်လိုက်သွားလေရာ စုစုပေါင်း ၁၄၃ ဦးအထိရှိ လာလေသည်။ တရုတ်ဖက်မှ ၎င်းတို့ကို ကောင်းစွာကြိုဆိုပြီး စစ်ရေးသင်တန်းများနှင့် နေထိုင်ခွင့်များပေးထားသော်လည်း ဗမာပြည်ကိုမူ ပြန်လာခွင့် မပေးကြပေ။”

ဘာတေးလ်လစ်တ်နာ၏ စာအုပ် ဗကပ သမိုင်းအကျဉ်း ၁၉၆၃–၁၉၆၈ အပိုင်းကိုလည်း ဤသို့ရေးသားထားလေသည်။

၁၉၆၂ ခုနှစ်တွင် စစ်ဘက်မှ အာဏာသိမ်းမှုကြောင့် ဗမာပြည်ရှိ တော်လှန်ရေးများအတွက် ကဏ္ဍသစ် ဖွင့်လှစ်လိုက်ပေးသကဲ့သို့ ဖြစ်သွားသည်။ လူမျိုးစု လက်နက်ကိုင်တိုက်ပွဲများ အသစ်တဖန် အရှိန်ရလာသည်။ ၁၉၆၃ တွင် စစ်အစိုးရက တောတွင်းလက်နက်ကို အင်အားစုအားလုံးသို့ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းလိုက်လေသည်။ ဇူလိုင် ၁၄ ရက်တွင် တောတွင်းအင်အားစု အသီးသီးရန်ကုန်သို့ တဖွဲ့ဖွဲ့ ရောက်ရှိလာကြသည်။ တရုတ်ပြည်ရှိ ဗကပ ခေါင်းဆောင် ၂၉ ဦးလည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိစ္စနှင့် ဆက်နွယ်ပြီး လေယာဉ်ဖြင့် ရောက်လာကာ ပဲခူးရိုးမ ဗကပဌာနချုပ်တွင် ဆွေးနွေးကြသည်။ ယင်းနောက် ဗကပ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ရန်ကုန်သို့ စေလွှတ်ကြလေသည်။ ထိုပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ မျှော်လင့်သလောက် မအောင်မြင်ချေ။ KRC ကရင်အဖွဲ့တဖွဲ့မှ လွဲ၍ ကျန်အဖွဲ့များနှင့် အဆင်မပြေဖြစ်ပြီး ပျက်ပြားသွားလေသည်။

ဗကပသည် ၁၉၆၄ တွင် စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ် ချမှတ်ကာ ပြည်တွင်းပါတီတွင်းနှင့် နိုင်ငံတကာ ကွန်မြူနစ် လှုပ်ရှားမှုတွင်းရှိ ပြန်လည်ပြင်ဆင်ရေးဝါဒ (သို့) လက်ယာ အချောင်ဝါဒများကို ပြတ်ပြတ်သားသား ဦးတည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။





ထိုသို့ ဆုံးဖြတ်လိုက်သည်နှင့်အညီ နိုင်ငံတကာတွင် ခရူးရှော့ဖ်၏ ပြန်လည်ပြင်ဆင်ရေးဝါဒကို ပြင်းထန်စွာ တိုက်ကြသည်။ ထို့အတူ မိမိပါတီတွင်းတွင်လည်း ပြန်လည်ပြင်ဆင်ရေးဝါဒ ချေမှုန်းရေးနှင့် ပါတီသန့်ရှင်းရေးများ ပြင်းထန်စွာ ပြုလုပ်ကြသဖြင့် ပဲခူးရိုးမတွင် သွေးချောင်းစီး ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ် ပေါ်ထွက်လာလေသည်။ ယင်းပါတီတွင်း သန့်ရှင်းရေးလုပ်ကိုင်ရာတွင် တရုတ်ပြည်မှာကဲ့သို့ ပြည်သူ့ခုံရုံးများ၊ တပ်နီလူငယ်များ၏ အင်အားဖြင့် ပါတီထိပ်ပိုင်း ခေါင်းဆောင်တချို့ ဖြုတ်၊ ထုတ်၊ သတ် အလုပ်ခံလိုက်ရသည်။ ရဲဘော်ဌေး၊ ဗိုရှယ်၊ ဗိုလ်ရန်အောင်တို့အပြင် အခြားခေါင်းဆောင်အချို့ သုတ်သင်ခံလိုက်ရသည်။ သခင်ဗသိန်းတင်ကမူ ဆိုခဲ့ပါ ဖြုတ်ထုတ်သတ် ပေါ်လစီကို ပါတီတွင်းတော်လှန်ရေးဟု ဆိုပါသည်။ ဤပေါ်လစီကြောင့် အသတ်ခံရသူပေါင်း ၅၃ ဦးရှိသည်ဟု ဆိုပါသည်။ ထိုကာလအတွင်း အစိုးရ၏ထိုးစစ်များနှင့် ဖြတ်လေးဖြတ်လုပ်ကိုင်မှုကြောင့် ဥက္ကဋ္ဌ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ရဲဘော်အောင်ကြီး၊ ဒေါက်တာနတ် စသူများ ကျဆုံးကုန်ပြီး ပီကင်းပြန် သခင်ပုမှာလည်း အဖျားရောဂါဖြင့် ကွယ်လွန်ရလေသည်။

မာတင်စမစ်၏ သုံးသပ်ချက်အရ ဗကပ၏ ၁၉၆၈ ပဲခူးရိုးမ အဖြစ်အပျက်များကြောင့် မြို့နေပညာတတ်လူငယ်များ အကြားတွင် ဗကပ၏ ဩဇာ အများကြီးကျဆင်းသွားခဲ့သည်ဟု ဆိုပါသည်။ ၁၉၄၈ မှ ၁၉၆၈ ကာလအတွင်း ဗကပလိုလားသူများကို မြို့ပေါ်တွင် အင်နှင့်အားနှင့် တွေ့နိုင်သော်လည်း ၁၉၆၈ နောက်ပိုင်းတွင် ထိုသို့မတွေ့ရတော့ဟု ရေးပါသည်။ ထိုသို့ လျော့နည်းသွားခြင်းမှ စစ်အစိုးရ၏ ရက်စက်သော ညှဉ်းပန်းနှိပ်စက်မှုနှင့် တင်းကျပ်သော လုံခြုံရေးအစီအမံများကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့သော် မြို့ပေါ်တွင်ရှိသော ဗကပယုဂျီများမှာလည်း အင်အားယုတ်လျော့သွားလေပြီ။ ၇၄–၇၅–၇၆ များတွင်ဖြစ်ပွားသော ကျောင်းသားနှင့် အလုပ်သမား သပိတ်များတွင် ထိရောက်စွာ စည်းရုံးပါဝင်နိုင်ခြင်း မရှိကြတော့ချေ။ ၁၉၈၈ ခုအထိ ထိုအတိုင်း အားပျော့သော အနေအထားတွင် ဆက်၍ရှိနေလေသည်ဟု သုံးသပ်ထားလေသည်။

မာတင်စမစ်၏ စာအုပ်တွင် ၁၉၇၅ ခုနှစ် ပဲခူးရိုးမတွင် သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးပြီးနောက် အသစ်တက်လာသော ဥက္ကဋ္ဌ သခင်ဗသိန်းတင်၏ မိန့်ခွန်းတခုကို

ထည့်သွင်းထားပါသည်။ ၁၉၇၆ ခု မေလလယ်တွင် အသံလွှင့်သော မိန့်ခွန်းဖြစ်ပြီး ပါတီတွင်းတော်လှန်ရေးကို အဆုံးသတ်ဖို့ တိုက်တွန်းထားလေသည်။

"ရဲဘော်တို့ မြင်မြင်သမျှကို ပြန်လည်ပြင်ဆင်ရေး တံဆိပ်ကပ်ပြီး တိုက်ခိုက်တာမျိုး ဆက်မလုပ်ကြပါနဲ့တော့။ ကျနော်တို့ဟာ ပြန်လည်ပြင်ဆင်ရေးဝါဒကို တိုက်နေတဲ့ တချိန်တည်းမှာ လက်ဝဲတရားသေဝါဒကိုတိုက်ဖို့ မမေ့ကြရဘူး။ ရဲဘော်အချင်းချင်းအကြား နိုင်ငံရေးအရ၊ အတွေးအခေါ်အရ မတူတဲ့အတွက် ခန္ဓာကိုယ်အရ အပြစ်ပေးအရေးယူတာ မလုပ်သင့်ပါဘူး။ ကျနော်တို့ရဲ့ သုံ့ပန်းပေါ်လစီကိုပဲကြည့်ပါ။ စစ်မြေပြင်မှာ သူတို့နဲ့ ပြင်းပြင်းထန်ထန်တိုက်ကြပေမဲ့ လက်နက်ချလာသူ၊ သုံ့ပန်းအဖြစ် ဖမ်းမိသူတွေကို ကျနော်တို့ နှိပ်စက်ညှဥ်းပန်းတာ မလုပ်ပါဘူး။ ရန်သူသုံ့ပန်းတွေကိုတောင် ဒီလိုသဘောထားနိုင်သေးရင် နိုင်ငံရေးအရ အတွေးအခေါ်အရ ကွဲလွဲတဲ့ ကိုယ့်ရဲဘော် အချင်းချင်းအပေါ် ခန္ဓာကိုယ်အရ ပြစ်ဒဏ်ပေးတာဟာ မှန်ကန်ရဲ့လား"

ဆိုသည့် မိန့်ခွန်းဖြစ်သည်။ ၁၉၈၅ တတိယအကြိမ် ပါတီကွန်ဂရက်တွင်တော့ ထိုပါတီတွင်းတော်လှန်ရေး ပေါ်လစီကို မှားယွင်းကြောင်း အတိအလင်း ဆုံးဖြတ်လိုက်လေသည်။

ဗကပ သမိုင်းနှင့် ဗကပ၏ နိုင်ငံရေးအင်္ဂါရပ်ကို မာတင်စမစ်က ဤအတိုင်း ဆက်လက် သုံးသပ်ပါသေးသည်။

ဗမာပြည် ကွန်မြူနစ်လှုပ်ရှားမှုသည် ယူဂိုစလဗ်၊ ကျူးဘား၊ ဗီယက်နမ်၊ တရုတ်တို့ကဲ့သို့ ပုဂ္ဂိုလ်တဦးချင်း၊ တွေးခေါ်ရှင်၊ ခေါင်းဆောင်တို့အပေါ် ပုံအပ်ထားခြင်းမရှိချေ။ ဗကပများသည် ရှေးရိုးစွဲ နိုင်ငံတကာကွန်မြူနစ်ဝါဒ လမ်းကြောင်းအတိုင်း တောက်လျှောက် လိုက်ပါခဲ့ကြသူများဖြစ်သည်။ ၁၉၆၄ စစ်နိုင်ရေး၊ အာဏာသိမ်းရေး လမ်းစဉ်ကို မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်အတိုင်း လိုက်ပါကြစဉ်မှာပင် ကမ္ဘောဒီးယားမှ ပိုပေ့၊ ပီရူးမှ Shinning Path တို့လို အစွန်းရောက်ခြင်းမျိုးမရှိ၊ မော်ဝါဒီ ဗကပသည် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုအတွင်း စစ်မှန်သော မာ့က်စ် လီနင်ဝါဒပါတီအဖြစ် တလေးတစား ဆက်ဆံသောပါတီဟူ၍ များများစားစားမရှိ။ တရုတ်၊ အယ်လ်ဘေးနီးယား၊ ထိုင်း၊ မလေး၊ ကမ္ဘောဒီးယားနှင့် ဩစတြေးလျ ကွန်မြူနစ်ပါတီ တို့သာရှိသည်။





ဗကပကို နှစ်ပေါင်း ၂၀ အသက်ဆက်ပေးခဲ့သည့် လမ်းစဉ်မှာ ၆၄ လမ်းစဉ် ဖြစ်လေသည်။ ထိုလမ်းစဉ်သည် မော်စီတုန်း၏ ပြည်သူ့စစ်ပွဲ အယူအဆအတိုင်း ချမှတ်သော စစ်ရေးလမ်းစဉ်ဖြစ်ပြီး ထိုစစ်ရေး နည်းပရိယာယ်များကို ဗကပသာမက တိုင်းရင်းသားလူမျိုးစုများလည်း လိုက်နာကျင့်သုံးသဖြင့် ရေရှည်တည်တံ့နေကြခြင်း ဖြစ်လေသည်။ ယင်းပြည်သူ့စစ်ပွဲလမ်းကြောင်းသည် ကျေးလက်ကိုအခြေခံ၊ မြို့ကိုဝိုင်း ဆိုသည့် သေနင်္ဂဗျူဟာကို ဗကပတို့ ၁၉၄၈ ကတည်းက ကျင့်သုံးလာခြင်း ဖြစ်သည်။ "ဗမာပြည်သည် လယ်သမားတိုင်းပြည် ဖြစ်သလို ပါတီဝင် အများစုဟာလည်း နိုင်ငံရေးအသိ မြင့်မားတဲ့ လယ်သမားတွေ ဖြစ်ပါတယ်" ဟု ဗကပ ခေါင်းဆောင်တဦးက ရှင်းပြခဲ့သည်။ ထိုခေါင်းဆောင်က "ပါတီဟာ အလုပ်သမားနဲ့ ဆက်သွယ်မှု လုံးဝမရှိတာ မဟုတ်ပေမဲ့ အတော်နည်းပါးတယ်။ ဒီလိုဆိုလို့ ကျနော်တို့ဝါဒဟာ တောင်ပေါ်မှာပဲ စည်းရုံးတဲ့ဝါဒလို့ယူဆရင် မှားပါလိမ့်မယ်။ အခြေအနေပေးတာနဲ့ မြို့တွေပေါ်ကို ကျနော်တို့ပြန်သွားမှာပါ။ ဒါပေမဲ့ လက်နက်ကိုင် တော်လှန်ရေးဟာ အဓိကအခန်းမှာပဲ ဆက်ရှိလိမ့်မယ်။ ပါတီဟာ လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် ပြောင်းရပ်တည်မှာ ဖြစ်သလို မြို့တွေနဲ့ ရန်သူနယ်တွေမှာ ယူဂျီနည်းနဲ့ စည်းရုံးရေးလုပ်မှာပါ။" ဟုလည်း ပြောခဲ့လေသည်။ ယင်းပြောကြားချက်နှင့် ပတ်သက်ပြီး မာတင်စမစ်က "သို့သော်ထို မဟာဗျူဟာမှာ ပတ်ဝန်းကျင် အခြေအနေမျိုးစုံကြောင့် လက်တွေ့ပြဿနာများအကြား လုံးလည်လိုက်ပြီး မှေးမှိန်ရလေသည်။" ဟုရေးခဲ့လေသည်။

၁၉၈၈ အရေးခင်းနှင့်ပတ်သက်၍ ဘာလ်တေးလစ်တ်နာ၏ အခန်း (၄) နိဂုံးကောက်ချက်ကို စာမျက်နှာ ၁၁၂ တွင် —

"အစိုးရဘက်မှ ဝန်မခံလိုသည့်တိုင် လက်တွေ့ကျကျဆိုရလျှင် ၁၉၈၈ အရေးတော်ပုံမှာ ဗကပ အပါအဝင် မည်သည့်အင်အားစု၏ လုပ်ကြံမှုမှ မဟုတ်ပါ။ အရည်အချင်းမပြည့်မီသော၊ ဖိနှိပ်သောအစိုးရအပေါ် မကျေနပ်ရာမှ ပေါက်ကွဲထွက်လာသော လူထုအုံကြွမှုကြီးသာ ဖြစ်ပါသည်။ ဗိုလ်ချုပ်ခင်ညွန့်၏ မိန့်ခွန်းရှည်ကြီးတွင်ပါသော ၄၈၂၈ ဒေသ ပါတီကော်မတီ ဆိုသည်မှာလည်း တောတွင်း ဗကပ ကဖွဲ့စည်းခဲ့သည်မဟုတ်။ ဒီမိုကရေစီ အုံကြွမှုကြီးကို အခွင့်ကောင်းယူပြီး ဗမာနိုင်ငံတွင် ကွန်မြူနစ်ပါတီ

အသစ်တရပ် ထူထောင်ရန် ရည်ရွယ်ခဲ့ကြသော ဗကပဟောင်းတချို့၏ ကြိုးပမ်းချက်ဟု ဆိုပါသည်။ ဤအဖွဲ့၏ ခေါင်းဆောင်မှ ယခင်ဗကပ အမာခံဒေသ ဖိုးခေါင်တောင်တန်းမှ နိုင်ငံရေးမှူးဟောင်း ဗိုလ်သက်ထွန်းဟု ဆိုသည်။ ၁၉၆၀ နှင့် ၇၀ ပြည့်လွန်နှစ်များက ကိုကိုးကျွန်းတွင် အကျဉ်းကျ ခံခဲ့ရသော ဗကပ အဖွဲ့ဝင်ဟောင်း အချို့လည်း ပါသည်ဟု ဆိုသည်။ အစုငယ်လေး တစုမျှသာဖြစ်သော ၄၈၂၈ ကော်မတီမှာ တောတွင်းဗကပနှင့် အဆက်အသွယ်ရှိဟန် မတူပါ။ ၈၈ စက်တင်ဘာလအတွင်း ၄၈၂၈ နှင့် အဆက်သွယ်ရှိခဲ့သော မြန်မာကျောင်းသားများ အပြောအရ ယင်းအုပ်စုသည် လူထုလှုပ်ရှားမှုတွင် မဖြစ်စလောက်သာ ပါဝင်ခဲ့သော အဖျားအနားအုပ်စု ဖြစ်လေသည်”

ဟု ရေးသားခဲ့လေသည်။

ထို့ပြင် “၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် ဗကပ ၏ပါဝင်ပတ်သက်မှုမှာ အဆိုပါ အသံလွှင့်ချက်လေးတခုထက် သိပ်မပိုလှဟု ဆိုရမည်သာ ဖြစ်ပါသည်။” (စာမျက်နှာ ၉၆) “ထိုစဉ်က လူငယ်ပါတီဝင် အချို့အကြား၌ မြို့ပြအုံကြွမှုများကြောင့် အားတက်လျက်ရှိပြီး မြို့ပြဒေသ လှုပ်ရှားမှုနှင့် ချိတ်ဆက်လိုသောဆန္ဒလည်း သိသိသာသာရှိနေသည်။ သို့တိုင်အောင် နိုင်ငံရေးဦးဆောင်အဖွဲ့ ဆွေးနွေးပွဲတွင် ထိုလှုပ်ရှားမှုကြီးအကြောင်း ယေဘုယျမျှသာ ပြောဆိုခဲ့ကြသည်။ ရန်ကုန်မှလာသော “ကြားဖြတ်အစိုးရ” ကြွေးကြော်သံနှင့် ပတ်သက်၍ ဗမာမော်ဝါဒီ အဘိုးကြီးများက “နံပတ် (၁) ကျနော်တို့ဆင်နွဲနေတာ ရေရှည်စစ်ပွဲဆိုတာ မျက်ခြေမပြတ်ဖို့ လူငယ်ကေဒါတွေကို ပြောချင်တယ်။ ကျနော်တို့အနေနဲ့ မြို့တွေကို လတွေနှစ်တွေချီပြီး တိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကျေးလက်ဒေသတွေမှာပဲ ဖြစ်နိုင်ချေရှိတယ်” ဟုပြောကြားကာ မိုင်းယန်းကို အလုံးအရင်း ဝင်တိုက်ကြသည်” ဟု ရေးသားထားလေသည်။

၁၉၈၈ အရေးအခင်းအကြောင်း မာတင်စမစ်မှလည်း သုံးသပ်ထားပါသည်။ ဗိုလ်ချုပ်ခင်ညွန့် သတင်းစာရှင်းလင်းပွဲနှင့် ပတ်သက်ပြီး နွေရာသီ အရေးအခင်းများတွင် ဗကပ ပါဝင်မှုမရှိဟု ပြောလျှင်သာ အံ့ဩစရာ ဖြစ်ပေမည်။ သို့သော် ပြည်လုံးကျွတ်အုံကြွမှုနှင့် ဗကပကို တွဲဖက်ပေးရန် နဝတမှ ကြိုးစားခြင်းကတော့ တရားလွန်လှသည်။ ဗမာပြည်သည် တရားမဝင် ငွေစက္ကူနှစ်ကြိမ် အကြေညာခံထားရပြီး စီးပွားရေးလုံးဝပြိုကျနေသော အခြေအနေမှာ





ရောက်ရှိနေသည်ကို ထည့်တွက်ရမည်။ ထိုအခြေအနေကို ဗကပ ပြည်သူ့အသံ ၁၉၈၇ ခုနှစ်နှောင်းပိုင်း ထုတ်လွှင့်ချက်တခုတွင် “ဤသမိုင်းအလှည့်အပြောင်း ကာလသည် စစ်အုပ်စုအတွက် အန္တရာယ်ကြီးမားသော စမ်းသပ်မှုကို ရင်ဆိုင်ရမည်မှာ ဧကန်မလွဲ ဖြစ်သည်။ အောင်ပွဲသည် ယခုနှစ်သို့မဟုတ် နောက်နှစ်တွင် ရရှိပေတော့မည်။ အနာဂတ်သည် ပြည်သူတွေအတွက် ဖြစ်သည်” ဟု ပါရှိလေသည်။

ဗိုလ်ချုပ်ခင်ညွန့်၏ ဗကပမြေအောက်လှုပ်ရှားမှု စွပ်စွဲချက်များနှင့် ပတ်သက်၍ ယုံကြည်စိတ်ချရသော ဗကပသတင်းရင်းမြစ်တခုကတော့ အထက်ဗမာပြည် ယူဂျီ ကိစ္စမှာ တဝက်မျှ အမှန်ပါသော်လည်း အောက်ဗမာပြည် ယူဂျီကိစ္စကတော့ လုံးဝ မှန်ကန်ခြင်းမရှိဟု ဆိုလေသည်။ ဗကပ ပေါလစ်ဗျူရို ဗိုလ်ကျင်မောင်ကလည်း မြို့များတွင် ဗကပ ကေဒါအများအပြား လှုပ်ရှားနေသည်မှာ မှန်သော်လည်း စစ်တပ်က ပုံကြီးချဲ့ထားခြင်းဖြစ်သည်။ အထူးသဖြင့် ရန်ကုန်ကိစ္စတွင် ချဲ့ကားလွန်းသည်ဟု မှတ်ချက်ချခဲ့သည်။ ထို့အပြင် ဗိုလ်ကျင်မောင်က “ဒီလူထု အုံကြွမှုကြီးကို ကျနော်တို့ကစတင်ခဲ့တယ်လို့ မပြောခဲ့သလို ကျနော်တို့ ကေဒါတွေက ဦးဆောင်ခဲ့တယ်လို့လည်း တခါမှ မပြောခဲ့ပါဘူး။ ဒါနဲ့ပြောင်းပြန်ပဲ တပြည်လုံးကို ဒီလောက်ကြီးကြီးမားမား ရိုက်ခတ်စေတဲ့ ဒီလိုအုံကြွမှုမျိုး ဖြစ်ပေါ်လာဖို့ဆိုရင် ဒီမိုကရေစီ အင်အားစုအားလုံးဝိုင်းပြီးလုပ်မှ ရတယ်လို့ပဲ။ ကျနော်တို့ ခိုင်ခိုင်မာမာ ယုံကြည်နေကြတယ်။ မာ့က်စ်ဝါဒ ကတော့ သမိုင်းကို လူထုကြီးက ဖန်တီးတယ်ဆိုတဲ့အမြင်ကို ကိုင်စွဲကြတယ်” ဟု ပြောကြားခဲ့လေသည်။

မာတင်စမစ် စာအုပ်စာမျက်နှာ ၃၇၂ တွင်တော့–

“၄၈၂၈ ကော်မတီကို အမိကတာဝန်ယူသူသည် ဗကပ ပေါလစ်ဗျူရိုဟု အခိုင်အမာဆိုထားသည်။ နဝတမှ စွပ်စွဲခဲ့သော ၄၈၂၈ ကော်မတီ ဦးဆောင် ကလပ်စည်းဝင် နှစ်ဦးဖြစ်သူ တင်အောင်နှင့် သက်ခိုင်တို့မှာလည်း ၁၉၈၅ ဗကပ တတိယကွန်ဂရက်ကို တက်ရောက်ဖူးသူများဖြစ်ပြီး ထိုကွန်ဂရက်အပြီးတွင် ပြည်တွင်းနေရာအနှံ့ မြေအောက်လှုပ်ရှားမှုများ လုပ်ကိုင်ခဲ့ကြသူများဖြစ်၍ ၁၉၈၉ တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးခြင်းများ ခံကြရသည် ”

ဟု ရေးသားခဲ့သည်။ ထို့ပြင်–

“ဗိုလ်ကျင်မောင်က ၁၉၈၁ ခုနှစ် ဗကပဗဟိုကော်မတီမှ ချမှတ်သည့် ပါတီစုံ ဒီမိုကရေစီလမ်းစဉ်အတိုင်း ပြည်တွင်းရှိ နိုင်ငံရေးသမားကြီးများနှင့် အလွှာအသီးသီးထံသို့ ကျနော်တို့ ရှေ့ဆက်ပြီး လုပ်ဆောင်စရာအတွက်

စဉ်းစားနိုင်အောင် ပါတီစုံဒီမိုကရေစီ ကြံ့ဆချက်များဆိုပြီး ပေးပို့ဆက်သွယ်လာခဲ့ကြောင်း၊ သို့သော် ရုပ်ပိုင်းအခြေအနေ၊ ဆန္ဒပိုင်း အခြေအနေ မရင့်မှည့်သေးတဲ့အတွက် ထိုကြွေးကြော်သံနဲ့ လူထုကြီး ထွက်ပေါ်မလာခဲ့ကြောင်း၊ သို့ဖြင့် ၁၉၈၈ မတ်လ ၂၈ ရက်တွင် ပါတီပေါင်းစုံ၊ အင်အားစုပေါင်းစုံ၊ လူပုဂ္ဂိုလ်ပေါင်းစုံ ပါဝင်သော ကြားဖြတ် အစိုးရဖွဲ့စည်းရေး ကြွေးကြော်သံ တင်ပြခဲ့ကြောင်းများ ဝန်ခံခဲ့ပါသည်။”

ဟု ရေးသားထားလေသည်။

၄၈၂၈ နှင့်ပတ်သက်၍ ဘာတေးလ်လစ်တ်နာ ရေးသားချက်နှင့် မာတင်စမစ် စာအုပ်ပါ အချက်အလက်များမှာ အတော်ကလေးကွဲလွဲနေပါသည်။ ဗကပသည် ယခုအခါ လက်နက်ကိုင်တိုက်ပွဲ စည်းပိုင်းအတွင်းတွင် မရှိတော့ပါ။ သူမွေးဖွားစဉ်က လှုပ်ရှားခဲ့သော မြေအောက်ပါတီအဖြစ်သာ လှုပ်ရှားနိုင်လေသည်။ သေချာသည့်အချက်တခုမှာ ဗကပသည် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးက မွေးဖွားလာပြီး အဖိနှိပ်ခံပြည်သူဘက်မှ ရပ်တည်လာခဲ့သဖြင့် ယခုထိ သက်တမ်းရှည်နေခြင်းဖြစ်သည်။ ၈၈ အရေးတော်ပုံကြီးကလည်း သူ့ကို နောက်ထပ် သက်တမ်းတခု ထပ်၍တိုးပေးဦးမည်ဖြစ်သည်။

❒



# (၁၁) နိုင်ငံတကာကျားကွက်ထဲမှ ဗမာပြည်

အမေရိကန် သမ္မတ ဟယ်ရီထရူးမင်းသည် ကွန်မြူနစ် တရုတ်ပြည်ကို တားဆီးပိတ်ဆို့ရန် လိုအပ်ပုံကို အမေရိကန်နှင့် ရှေးခေတ်ပါရှား၊ ရှေးခေတ် ဂရိတို့နှင့် နှိုင်းယှဉ်ပြောကြားရင်း အောက်ပါစကားတခွန်း ပြောခဲ့ဖူးသည်။ ယင်းမှာ–

“အစိုးရတခု ပါတီတခုက အကြွင်းမဲ့ထိမ်းချုပ်ပြီး ပြည်သူလူထုကို ထားရာနေစေရာသွားဝါဒ လက်အောက်က ကမ္ဘာကြီးကို ကယ်တင်ဖို့ဆိုရင် တကမ္ဘာလုံးဟာ အမေရိကန်စနစ်ကို ပြောင်းလဲကျင့်သုံးဖို့ လိုလိမ့်မယ်”

ဆိုသည့်စကား ဖြစ်လေသည်။

၁၉၇၀ ကာလများသည် ဗမာပြည်ကွန်မြူနစ် လှုပ်ရှားသူများအတွက် ထိခိုက်နစ်နာမှု ကြီးမားလှသော်လည်း အင်ဒိုချိုင်းနားတွင် အောင်ပွဲကြီးများ ရရှိနေပြီး ထိုင်း၊ မလေး စသည့်နိုင်ငံများရှိ ကွန်မြူနစ်များကလည်း နောက်တချိ အောင်ပွဲသည် သူတို့အတွက်ဖြစ်ရမည်ဟု မှန်းဆနေကြချိန် ဖြစ်သည်။ သူပုန်တန်ပြန် နှိမ်နင်းရေး ကျွမ်းကျင်သူများကတော့ တရုတ်နှင့် ဗီယက်နမ် အကြား ကွဲလွဲမှု ပေါ်ထွက်နေပြီ ဆိုသည်ကို သတိမမူမိကြသေးဘဲ နောက်ခြေလှမ်းသည် တရုတ်၊ လာအို၊ ထိုင်း သုံးပွင့်ဆိုင် ဒေသသာ ဖြစ်လိမ့်မည်ဟု တွက်ဆကြသည်။ ယင်းနယ်စပ်ဒေသ ဗမာပြည်ဘက်တွင် ဗကပ အင်အား တသောင်းကျော် ရှိနေခြင်းကိုလည်း အထူးသတိထား စောင့်ကြည့်နေကြသည်ဟု မာတင်စမစ်က ရေးလေသည်။

အမှန်တော့ ၁၉၅၀ ခုတွေကတည်းက အရှေ့တောင်အာရှ ကွန်မြူနစ် စိန်ခေါ်မှုကို မောင်းထုတ်ရန် အမေရိကန်သည် နှနယ်ပြီး ထိလွယ် ကျေလွယ်ရှိသည့် ဒီမိုကရေစီအစိုးရများ၊ ဘုရင်များ၊ အာဏာရှင်များနှင့်

စစ်အစိုးရ တသီတတန်းကြီးကို ကျောထောက်နောက်ခံ ပြုလာခဲ့သည်။ ထိုသို့ ထောက်ခံအားပေးမှု အများစုမှာ ရည်မှန်းသလို ဖြစ်မလာခဲ့ချေ။ ဗမာပြည်နှင့် ပတ်သက်၍ ဖဆပလကို ဖြစ်စေ၊ မဆလကို ဖြစ်စေ၊ ဆိုရှယ်လစ် အသွေးအရောင်ကို မနှစ်မြို့မှုများရှိခဲ့သဖြင့် ဝါရှင်တန်သည် KMT ကို (ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံမှတဆင့်) လက်နက် တိတ်တိတ်ပေးပို့ခြင်းနှင့် SEATO အရှေ့တောင်အာရှ စစ်စာချုပ်အဖွဲ့ကို အတိအလင်းထောက်ပံ့ခြင်းများသာ ပြုခဲ့သည်။ သို့သော် ရန်ကုန်အစိုးရ မတည်မငြိမ်ဖြစ်အောင် ကြိုးပမ်းမှုတခုကိုတော့ လုပ်ခဲ့ဖူးသည်။ ယင်းမှာ ၁၉၆၀ ခုနှစ်များ နှောင်းပိုင်းတွင် ထွက်ပေါ်လာသော ဦးနု၏ PDP ပါလီမန် ဒီမိုကရေစီပါတီကို ထောက်ပံ့ကူညီခြင်း ဖြစ်လေသည်။ ဖြစ်ချင်တော့ CIA နှင့် အမေရိကန်နိုင်ငံခြားရေးဌာနတို့မှ မိမိတို့၏ ပြည်ပမိတ်ဆွေများကို အားပေးထောက်ခံမှု ပိုလုပ်လာချိန်သည် PDP အဖွဲ့ကြီး လုံးဝပြိုလဲချိန် ဖြစ်နေသည်။ နိုင်ငံတကာစာနယ်ဇင်းများတွင် မြန်မာစစ်တပ်၏ ဗမာပြည်အလယ်ပိုင်း စစ်ရေးအောင်ပွဲများအကြောင်း သိပ်မတွေ့ရသော်လည်း ဗမာပြည်နှင့် ထိုင်းနိုင်ငံများရှိ သူပုန် တန်ပြန် နှိမ်နင်းရေးကိစ္စ၊ ဒိုမီနို သီအိုရီ၊ ကျေးလက်ဒေသ အကြမ်းဖက်မှု၊ ကျောင်းသားနှင့် အလုပ်သမားဆန္ဒပြပွဲများအကြောင်း မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြနေကြပြီး ထိုအခြေအနေကြောင့် ၁၉၇၆ တွင် ထိုင်းစစ်တပ်၏ သွေးထွက်သံယို စစ်အာဏာသိမ်းပွဲ ထွက်ပေါ်လာသည်။ နောက်ဆက်တွဲရလဒ်မှာ ထိုင်းနယ်စပ်ရှိ KNU အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှု ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ (မာတင်စမစ် စာအုပ် စာမျက်နှာ ၂၇၂)

"ထိုကာလတွင်ပင် တရုတ်ကျောထောက်နောက်ခံ ပေးထားသော ဗကပ၏ အရှေ့မြောက် စစ်ဒေသ NEC သည် အချိန်တိုအတွင်း ကြီးထွားလာလေသည်။ ပဲခူးရိုးမတွင် သခင်သန်းထွန်း လုပ်ကြံသတ်ဖြတ်ခြင်း ခံရပြီးနောက် အသစ်တက်လာသော ဥက္ကဋ္ဌ သခင်ဇင်၏ ဗကပဌာနချုပ်သည် အစိုးရတပ်နှင့် ပြင်းထန်သော တိုက်ပွဲများအတွင်း အလူးအလဲရုန်းကန်နေစဉ်တွင် ဒုတိယ ဥက္ကဋ္ဌ သခင်ဗသိန်းတင်၏ အရှေ့မြောက်စစ်ဒေသသည် လေးငါးနှစ် ကာလအတွင်း စတုရန်းမိုင် ထောင်ချီ ကျယ်ပြန့်လာသလို ပြည့်သူ့တပ်မတော် တပ်အင်အားလည်း နှစ်သောင်းကျော်လာသည်။ ထိုစဉ်ကသာ အရှေ့မြောက်စစ်ဒေသ, ပြည်သူ့တပ်မတော်နှင့်





လွန်စွာကွာခြားသွားနိုင်လေသည်။ ထိုသို့ ချိတ်ဆက်မိမည်ဆိုပါက တရုတ်မှ အလားတူ ကျောထောက်နောက်ခံ ပြုခဲ့သော ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားတို့ရှိ ကွန်မြူနစ်အင်အားစုများနှင့် ဗမာပြည်လည်း မတိမ်းမယိမ်း လိုက်ပါသွားမည်ဟု ယူဆရသည်။ သို့သော် ဗမာပြည် အလယ်ဗဟိုဒေသများရှိ ဗကပ၏ လျှင်မြန်စွာ ကျဆင်းနှုန်းမှာ အရှေ့မြောက် စစ်ဒေရှိ ပြည့်သူ့တပ်မတော် PA အင်အား ကြီးထွားနှုန်းထက် ပိုလွန်သွားလေသည်။

"ယနေ့ ဗကပ ခေါင်းဆောင်များ ဝန်ခံကြသည့် အချက်တခုမှာ ဗကပသည် ၁၉၇၆ မှစ၍ တရုတ်၏ အလုံးအရင်းပံ့ပေးသော အကူအညီ မရရှိပါက အရှေ့မြောက်စစ်ဒေသ ပေါ်ထွက်လာစရာမရှိ ဆိုသောအချက်ဖြစ်သည်။ တရုတ်၏ အကူအညီမှာ စစ်လက်နက်၊ ရိက္ခာ၊ စစ်ဝတ်၊ ငွေကြေးမှ စ၍ အတတ်ပညာနှင့် အကြံဉာဏ်တို့အထိ ပါဝင်သည်။ နှစ်ပေါင်း ၂၀ ကာလ အတွင်း ဗကပများရရှိသော အကူအညီ ပမာဏသည် ကမ္ဘောဒီးယားရှိ ပေါလ်ပေါ့ ခမာနီကိုပေးသည့် ပမာဏပြီးလျှင် ဒုတိယ အများဆုံးဖြစ်သည်။ ဗကပ ဥက္ကဋ္ဌ သခင်ဗသိန်းတင်၏ ရှမ်းကိုယ်စားလှယ် အဖွဲ့အား ၁၉၇၇ ခုနှစ် ပြောကြားချက်အရဆိုလျှင် တနှစ်လျှင် ကျပ်ငွေ ၅၆ သန်း(ပေါင်စတာလင် ၅.၅ သန်း) ရှိသည်။ သို့သော် တရုတ်ကပေးမည့် အကူအညီသည် ဆယ်နှစ်သာရမည်။ ထိုသတ်မှတ်ချက်ကြောင့် ၁၉၇၇ နောက်ပိုင်း အကူအညီများသိသိသာသာ ဇောက်ထိုးကျဆင်းသွားခြင်း ဖြစ်သည်။ (တချို့ယူဆနေသလို မော်စီတုန်း ကွယ်လွန်သွားသောကြောင့် လျှော့လိုက်ခြင်း မဟုတ်)

"ပေကျင်းမှာ ဗကပကို ရုပ်ဝတ္ထု ထောက်ကူမှုသက်တမ်း တိုခြင်းသည် ဗကပကို ပြောင်ပြောင်တင်းတင်း နိုင်ငံရေးအရ အားပေးထောက်ခံသည့် သက်တမ်း တိုလွန်းခြင်းနှင့် ယှဉ်လျှင် မပြောပလောက်ပေ။ တရုတ် အစိုးရသည် ၁၉၇၁ မှစ၍ ဗိုလ်ချုပ်နေဝင်း တော်လှန်ရေးကောင်စီနှင့် အစိုးရချင်း ဆက်ဆံရေးကို ပြန်လည် ဆက်ဆံသည်။ ထိုအချိန်မှစ၍ ဗကပကို ပြောင်ထောက်ခံမှုများ ရပ်ဆိုင်းလိုက်လေသည်။ ဗကပကို ပေးနေသော အကူအညီများကိုလည်း ပေကျင်းအမည်မခံတော့ဘဲ ယူနန်ပြည်နယ် ပါတီကော်မတီ၏အမည်ကို ခံစေလေသည်။ ယူနန်သည် ဗကပ ကိုသာမက အရှေ့တောင်အာရှ အခြားသော ကွန်မြူနစ်ပါတီများကို ကူညီရာတွင်လည်း အဓိကတာဝန်ယူသူ ဖြစ်လာသည်။

နှင်းဆီနီစာပေ

တဖက်တွင်မူ ပေကျင်းအစိုးရသည် ၁၉၇၁ တွင် ဗိုလ်ချုပ်နေဝင်း အစိုးရအပြင် အမေရိကန် ကျောထောက်နောက်ခံရှိသော ထိုင်းနိုင်ငံ ထနွန်အစိုးရနှင့်လည်း ဆက်ဆံခဲ့သည်။ ၁၉၇၄ တွင် ပေကျင်းသို့ မလေးရှားဝန်ကြီးချုပ် တွန်အဗ္ဗဒူရာမန် အလည်အပတ် ရောက်ရှိလာကာ နှစ်နိုင်ငံ အစိုးရချင်း ဆက်ဆံရေး ထူထောင်လေသည်။" (ထိုစာအုပ် စာမျက်နှာ ၂၄၉)

တရုတ်က ဗကပကို ၁၉၆၇တွင် စတင်၍ကူညီရခြင်းမှာ တရုတ်၏မူဝါဒ အပြောင်းအလဲနှင့် သက်ဆိုင်သည်ဟု' မာတင်စမစ်က ဆိုပါသည်။ တရုတ်သည် ဆိုဗီယက်နှင့် သဘောကွဲလွဲချိန်မှ စပြီး နှစ်ဖက်အညှပ်ခံရသလို ခံစားနေခဲ့သည်။ တရုတ်၏ မြောက်ဖက်နယ်စပ် တလျှောက်တွင် ဆိုဗီယက် "ပြန်လည် ပြင်ဆင်ရေး" အင်အားလွန် နိုင်ငံကြီးရှိနေသည်ဟု တရုတ်က ယူဆလေသည်။ သူ့နိုင်ငံ အနောက်တောင်နယ်စပ်ရှိ ဗိုလ်ချုပ်နေဝင်းကရော ဘယ်အင်အားလွန် နောက်ကို လိုက်မည်နည်းဟု တရုတ်က အမြဲသံသယရှိနေသည်။ ဆိုဗီယက်များက မဆလ ဆိုရှယ်လစ်လမ်းစဉ်ကို ကြိုဆိုကြသလို မော်စကိုလိုလားသော ဦးသိန်းဖေမြင့်၏ ဗိုလ်တထောင်သတင်းစာနှင့် အခြားသတင်းစာများက ဆိုဗီယက်ဘက်သို့ ပြောင်ပြောင်တင်းတင်း ထောက်ခံနေကြလေသည်။ ရှမ်းပြည်နယ်ထဲတွင်တော့ CIA နောက်ခံပေးသော KMT ထောက်လှမ်းရေးများ ခြေရှုပ်နေဆဲဖြစ်သည်။

"တရုတ်သည် ၁၉၆၀ နယ်စပ်တိုင်းတာရေး ကာလကတည်းက သဘောတူ ပေးကမ်းနေသော အကူအညီ ပရိုဂျက်ကို ချစ်ကြည်ရေး မူဝါဒအတိုင်း ၁၉၆၇ ခုအထိ ဆက်၍ပေးရင်း ဗိုလ်ချုပ်နေဝင်း၏ ခြေလှမ်းများကို စောင့်ကြည့်နေခဲ့လေသည်။ သူ့အကူအညီထဲမှာ တံတားနှင့် လျှပ်စစ်ထုတ်လုပ်ရေးအတွက် အတိုးမဲ့ချေးငွေ ပေါင်စတာလင် သန်း ၃၀ လည်းပါဝင်သည်။ ထိုကာလအတွင်း တရုတ်ဖက်မှ ချူအင်လိုင်းနှင့် လျူရှောက်ချီတို့ ဗမာပြည်ကိုလာသလို ဗိုလ်ချုပ်နေဝင်းလည်း တရုတ်သို့ အပြန်အလှန် လည်ပတ်ခဲ့ကြသည်။ ၁၉၆၇ ဇွန်လ တရုတ်ဗမာ အဓိကရုဏ်း ဖြစ်ပွားချိန်တွင် ဗမာပြည်၌ တရုတ်ပါရဂူ ၄၀၀ ကျော် ရှိနေသေးသည်။ ထိုအချိန်တွင် တရုတ်ပြည်ထဲ၌ မဟာယဉ်ကျေးမှု တော်လှန်ရေးကြီး အရှိန်ရစပြု နေချိန် ဖြစ်သည်။

"တရုတ်ဗမာ အဓိကရုဏ်း ကြီးမားလာခြင်းတွင် အခြားအကြောင်းခံ နှစ်ခုလည်း ပါရှိနေသည်။ ပထမ Factor မှာ ၁၉၆၇ ဆန်ရှားပါးမှုကြီးဖြစ်သည်။





ဆန်ရှားပါးမှုကြောင့် ဗမာပြည်အနှံ့ အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြပွဲများ တောရော မြို့ပါမကျန် ဖြစ်ပွားနေသည်။ ဩဂုတ်လ ၁၃ ရက် စစ်တွေဆန္ဒပြပွဲကို တပ်ရင်းအမှတ် ၂၀ မှ ပစ်ခတ်သဖြင့် လူ ၂၇၀ သေဆုံးသွားသည်။ ဒုတိယ Factor မှာ ဗိုလ်ချုပ်နေဝင်း အာဏာရလာပြီးနောက်ပိုင်း နိုင်ငံခြား မုန်းတီးရေးဝါဒကို ကိုင်စွဲလာခြင်းဖြစ်သည်။ ဗမာပြည်ရှိ တရုတ်ဦးရေမှာ ငါးသိန်းကျော်ဖြစ်ပြီး တိုင်းရင်းသားများနှင့် အဆင်ပြေစွာ ရောနှောနေကြသည်။ ယင်းတရုတ်များအနက် အချို့သည် KMT အမျိုးသားရေးဝါဒီဘက်ထောက်ခံပြီး တချို့က ပြည်ကြီး ကွန်မြူနစ်ကို ထောက်ခံကြသည်။ တရုတ်ကျောင်း ၂၅၉ ကျောင်းတွင် ကျောင်းသား ၃၉၀၀၀ ရှိသည့်အနက် ၂၂၀၀၀ မှာ ပေကျင်းလိုလားသော ကျောင်းများတွင် တက်ရောက်လျက် ရှိသည်။ ထိုကျောင်းများကို ၁၉၆၆ တွင် အစိုးရမှ ပြည်သူပိုင် သိမ်းထားသော်လည်း တရုတ်သံရုံးနှင့် ဆက်သွယ်မှု ဆက်၍ ရှိနေလေသည်။ တရုတ်ပြည်၌ ယဉ်ကျေးမှုတော်လှန်ရေး ပေါ်လာသောအခါ မော်ရုပ်ပုံရင်ထိုးနှင့် မော်စာအုပ်နီများ ကျောင်းထဲ ရောက်လာကြတော့သည်။ ယင်းကို ပိတ်ပင်တားဆီးသောအခါ တရုတ် ကျောင်းသားများ စတင်ဆန္ဒပြလာကြပြီး ကျောင်းဝင်းအပြင်အထိ ရောက်လာ ကြတော့သည်။

ယင်း၏ ဆန့်ကျင်ဘက် အကျိုးဆက်မှာ တရုတ်ဗမာ အဓိကရုဏ်း ပေါ်လာလေသည်။ ဇွန်လ ၂၂ ရက်တွင် ရန်ကုန်ရှိ တရုတ်တို့၏ တိုက်တာ အိုးအိမ်နှင့် ပစ္စည်းများ လုယက်ဖျက်ဆီးခြင်းခံလိုက်ရပြီး တရုတ်လူမျိုး ရာချီ၍ အသတ်ခံလိုက်ရသည်။ ထိုသို့ အသတ်ခံရသည့်အထဲတွင် တရုတ်နှင့်မှား၍ အသတ်ခံရသော ကရင်များလည်းပါသွားတော့သည်။ အဓိကရုဏ်းများ ဆက်တိုက်ဖြစ်လာရာ ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၀၀ ပါလူအုပ်ကြီးက တရုတ်သံရုံးမှ ဆိုင်းဘုတ်ကို ဖျက်ဆီးလိုက်ကြသည်။ ဇွန် ၂၇ ရက်နေ့ တရုတ် ကျောင်းဆရာများအသင်း အဆောက်အအုံကို မီးတင်ရှို့ကြသည်။ ဇွန် ၂၈ ရက် သံရုံးကို နောက်တချီ တိုက်ခိုက်မှုတွင် သံရုံးအရာရှိ လျူယီသေဆုံးပြီး အခြားတဦး ဒဏ်ရာရသွားသည်။ ထိုကာလ မြန်မာအစိုးရအရာရှိများ၏ ပြောကြားချက်များမှာ ပေကျင်းမှ ရေးဆွဲပေးသော အစီအစဉ်အတိုင်း တရုတ်တွေ ပုန်ကန် တော်လှန်ဖို့ လုပ်ကြသည်ဟူသော စကားများဖြစ်လေသည်။

၎င်းသတင်းများကို ကြားရပြီး ဒေါသဖြစ်နေသော တရုတ်ပြည် မြို့ကြီးပေါင်းများစွာမှ တရုတ်များသည် ကန့်ကွက် ဆန္ဒပြပွဲများ ပြုလုပ်လာကြသည်။ ပေကျင်းရှိ မြန်မာသံရုံးရှေ့တွင်တော့ ဗိုလ်ချုပ်နေဝင်း အရုပ်ကြီးတခုကို မီးရှို့၍ ဆန္ဒပြကြသည်။ ပေကျင်းရေဒီယိုမှလည်း ဗိုလ်ချုပ်နေဝင်းကို ဗမာချန်ကေရှိတ်ဟု စွပ်စွဲရှုတ်ချ ထုတ်လွှင့်ကြသည်။ ဩဂုတ်လ ၁၅ ရက် ဗကပ ထူထောင်သည့် နှစ်ပတ်လည်ကို ပေးပို့သော သဝဏ်လွှာတွင် ပစ္စည်းမဲ့ နိုင်ငံတကာ့ဝါဒအရ ဗကပ၏ လက်နက်ကိုင် တိုက်ပွဲကို ထောက်ခံကြောင်း ကြေညာလေသည်။ တရုတ်မီဒီယာများ တရုတ်အခမ်းအနားများတွင် ဗကပ ခေါင်းဆောင်များကို အသားပေး ဖော်ပြလာကြသည်။ သို့နှင့် ဗမာပြည် အရှေ့မြောက်နယ်စပ်တွင် ဗကပနှင့် နော်ဆိုင်းတပ်မှ ကေဒါများ မုံးကိုး မြို့စောင့်တပ်ကို ဝင်ရောက်စီးနင်းရန် ပြင်ဆင်နေကြခြင်းကို တရုတ် တပ်နီလူငယ်နှင့် အနောက်တောင်ဒေသ PLA တပ်မှူးများက ဝိုင်းဝန်းကူညီလာကြတော့သည်။” ဟု မာတင်စမစ် စာအုပ် စာမျက်နှာ ၂၂၆–၂၂၇ တွင် ဖော်ပြထားသည်။

၁၉၇၀ ခုနှစ်မှာ တရုတ်သည် အမေရိကန်နှင့် မဟာဗျူဟာ ဆက်ဆံရေး ပြုလုပ်လိုက်ပြီး ဆိုဗီယက်ကို ဆန့်ကျင်ဖို့ နှစ်နိုင်ငံလက်တွဲလိုက်လေသည်။ ထိုကာလ ထင်ရှားသော ကစ်ဆင်းဂျား၏ လျှို့ဝှက် ခရီးစဉ်များထွက်ပေါ်လာသည်။ ၁၉၇၂ မှာ အမေရိကန် သမ္မတနစ်ဆင် တရုတ်ပြည်ကို တရားဝင် သွားရောက်လေသည်။ ကုလသမဂ္ဂတွင် တရုတ်၏ မူရင်းနေရာကို ရရှိသွားသည်။ တရုတ်နှင့် မဟာမိတ်ဖွဲ့နိုင်သည့်အတွက် ဗိုလ်နှစ်ဗိုလ် ယှဉ်ပြိုင်ပွဲတွင် အမေရိကန်လည်း နောက်ကျောလုံသွားသည်။ ထိုမဟာဗျူဟာ၏ အကျိုးဆက်အဖြစ် တရုတ်နှင့်ဗမာ အစိုးရချင်းဆက်ဆံရေး ပြန်လည် ပြုလုပ်သလို အမေရိကန်ကလည်း ဗမာပြည်ထဲရှိ တရုတ်၏ အနီလိုင်းတားဆီးရေး လုပ်ငန်းများကို လျှော့ချလိုက်သည်။ ဦးနု၏ အနီလိုင်းတားဆီးရေး PDP ပါတီလည်း လမ်းခုလတ်တွင် ရပ်ဆိုင်းသွားလေသည်။ အင်အား ၄၀၀၀ ကျော်အထိ ကြီးထွားခဲ့သော PDP ၏ ပြည်ချစ်တပ်မတော်လည်း တဖြည်းဖြည်း တိမ်ငုတ်သွားတော့သည်။ ၎င်းမဟာဗျူဟာ အပြောင်းအလဲကြောင့် NEC ရှိ ဗကပ လည်း ၁၉၈၀ ခုများနောက်ပိုင်းမှစတင်၍ ရုပ်ဝတ္ထု အကျပ်အတည်း နိုင်ငံရေး အကျပ်အတည်းများ ရင်ဆိုင်လာရပြီး ၁၉၈၉ ခုနှစ်တွင် လက်နက်ကိုင် အင်အားနှင့် အခြေခံဒေသများ လက်လွှတ် ဆုံးရှုံးရလေ တော့သည်။





အထက်ပါ နိုင်ငံရေးအခင်းအကျင်းတွေ၊ မဟာဗျူဟာ အပြောင်းအလဲတွေ၊ အင်အား လွန်ဆွဲပွဲတွေသည် မြန်မာ့နိုင်ငံရေးကို ကြီးကြီးမားမား ရိုက်ခတ်သည် ဆိုသော်လည်း ဗမာပြည်အပြောင်းအလဲကို ပြုလုပ်နိုင်သည့် အဓိက အကြောင်းအချက်သည် ပြည်တွင်းအကြောင်းအချက်သာ ဖြစ်လေသည်။ ၁၉၄၈ လွတ်လပ်ရေးရရှိခြင်း၊ ၁၉၄၈ ပြည်တွင်းစစ် ဖြစ်ရခြင်းများသည်လည်း အဓိကအားဖြင့် ပြည်တွင်း အကြောင်းအချက်များ ကြောင့်သာ ဖြစ်လေသည်။ လွတ်လပ်ရေး တိုက်ပွဲကာလတွင် ပြည်တွင်းလက်ဝဲ အင်အားစုတွေ ညီညွတ်ခဲ့လျှင် ဗြိတိသျှ၏ ဖဆပလတွင်း သွေးခွဲမှုကိုလည်း မှုစရာမလိုသလို ဗြိတိသျှက တင်းခံနေလျှင်လည်း ညီညွတ်သော ဖဆပလအင်အားဖြင့် လွတ်လပ်ရေးကို မရရအောင်ယူနိုင်စွမ်းရှိလေသည်။ သို့သော် ဖဆပလတွင် ညီညွတ်ရေး ပြိုကွဲသွားသဖြင့် ဗြိတိသျှ စိတ်ကြိုက် ဖဆပလ လက်ယာဂိုဏ်း လက်ထဲသို့ အာဏာလွှဲပေးလိုက်ခြင်းဖြစ်သည်။


လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်းတွင်လည်း နိုင်ငံရေးအရ၊ လူမျိုးရေးအရ မကျေနပ်မှု၊ သဘောထားကွဲလွဲမှုမျိုးစုံကို တိုင်းပြည်အုပ်ချုပ်သူများတွင် ရှိသင့်သော သဘောထားမျှတမှု၊ စေ့စပ်လိုက်လျောမှုမျိုးကို ဖဆပလမှ မထားရှိဘဲ အကြမ်းနည်းနှင့် နှိမ်နင်းပစ်ရေး၊ ကိုယ်ကလက်ဦးအောင်ချရေး ဆိုသည့် ပုဂ္ဂိုလ်ရေး သဘောထားကျဉ်းမြောင်းမှုများမှ အစချီသော အပြုတ်တိုက်ရေး ပေါ်လစီ၊ ကွန်မြူနစ် သန္ဓေသားဖျက်ချရေး ပေါ်လစီများကြောင့် ငြိမ်းချမ်းစွာ အဖြေရှာရမည့်အစား လူဖမ်းပွဲများ လုပ်ခဲ့ကြရင်း ပြည်တွင်းစစ်မီးကြီး တောက်လောင် လာတော့သည်။ ၎င်းသည်မှာလည်း ပြည်တွင်းအကြောင်းရင်းသာ ဖြစ်ပါသည်။ အလားတူပင် ပြည်တွင်းငြိမ်းချမ်းရေးများ ဖန်တီးရန် အခွင့်အရေး အကြိမ်ကြိမ် ပေါ်လာသော်လည်း ယင်းအခွင့်အရေးများ လက်လွှတ် ဆုံးရှုံးရခြင်းမှာလည်း ပြည်တွင်း အကြောင်းရင်းသာ ဖြစ်လေသည်။

အလားတူပင် ပါတီတခု၏ လမ်းစဉ်အမှားအမှန်ကိစ္စ၊ ပါတီ၏ မဟာဗျူဟာ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းကိစ္စများမှာလည်း ယင်းပါတီ၏ အတွင်းပိုင်း အကြောင်းရင်းများသာ အဓိကဖြစ်ပါသည်။ နိုင်ငံတကာ အကြောင်းအချက်နှင့် အုပ်စိုးသူ၏ အင်အားသာလွန်မှုများကြောင့် ယာယီရှုံးနိမ့်မှုများ၊ ယာယီ အခွင့်အလမ်း မသာမှုများမှာ ပြင်ပ အကြောင်းရင်းများသာ ဖြစ်လေသည်။ ၁၉၈၉ ဗကပပြိုကွဲမှုကို ဘာတေးလ် လစ်တ်နာက ၇၅၁၀ စိမ်ချက် မအောင်မြင်ခြင်း၏ အကျိုးဆက် ဟု

သုံးသပ်သလို မာတင်စမစ်ကလည်း ၁၉၇၀ ကာလများအတွင်း အရှေ့မြောက်နှင့် ဗမာပြည်အလယ်ဗဟိုဒေသများ ချိတ်ဆက်နိုင်ခြင်းမရှိဟု သုံးသပ်ခဲ့ကြသည်။ အချို့ကလည်း ပဲခူးရိုးမ အခြေခံစခန်းများဆုံးရှုံးခြင်း၏ နောက်ဆက်တွဲဆုံးရှုံးမှု ဟု ၁၉၈၉ အဖြစ်အပျက်ကို သုံးသပ်ကြသည်။ အချို့ကလည်း တော်လှန်စစ်ပွဲဆင်နွှဲရာမှာ လူထုကိုမှီခိုပြီး လူထုကြားမှာ မကင်းမကွာရှိရမည်ဆိုတဲ့ အခြေခံတရားကိုပစ်ပယ်လို့ ၁၉၈၉ အရေးအခင်း ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။ အချို့ကတော့ ဗကပသည် အရှေ့မြောက်ရှိ လူမျိုးစုတပ်များနှင့် လူထုအကြား ယဉ်ကျေးမှုရေချိန်၊ စီးပွားရေးရေချိန်၊ ပညာရေးရေချိန် မြှင့်တင်ရေးများ လိုအပ်သလောက် ဖြည့်ဆည်းခဲ့သောကြောင့် ဟု ဆိုကြသည်။ ထိုသို့ သုံးသပ်ခြင်းများသည် အဓိက အတွင်းပိုင်း ချို့ယွင်းချက်များကို တူးဆွရှာဖွေခြင်း ဖြစ်သောကြောင့် ကြိုဆိုရမည့် သုံးသပ်ချက်များ ဖြစ်ပါသည်။ ယခု စာတမ်းထဲတွင် ဘာတေးလ်လစ်တ်နာနှင့် မာတင်စမစ်၏ စကားဖြင့် နိဂုံးချုပ်ရလျှင် လာမည့်ဆယ်စုနှစ်သည် ဗကပအတွက် ကျားကုတ်ကျားခဲ ရုန်းကန်ရမည့် ဆယ်စုနှစ် ဖြစ်မည်ဟု ဆိုရပါမည်။ သို့သော် သမိုင်းတာဝန်ကို ထမ်းဆောင်နေသော ပါတီတရပ်အတွက် သူ့တာဝန်ကိုထမ်းရန် ကျန်ရှိနေသေးသ၍ သမိုင်းထဲ ခပ်လွယ်လွယ် တိုးဝင်စရာတော့ မရှိနိုင်ချေ။ သမိုင်းသည် ရပ်တန့်မနေချေ။ သမိုင်းနှင့်အတူ ရောင်စုံပန်းစကြာ မှန်ပြောင်းသည်လည်း အစဉ်မပြတ် လှည့်ပတ်ပြောင်းလဲနေဦးမည်ဖြစ်သည်။

နေဦးဝေ








စာမျက်နှာ ၃၀၀၊
တန်ဖိုး ၄၀၀၀

ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးသွားခဲ့သော
အထက်တန်းကျောင်းသားအရွယ် အာဇာနည်
မောင်နှမနှစ်ယောက်၏ အထုပ္ပတ္တိ ...

နေအောင်ရဲ

နှင်းဆီနီစာပေ
ဖုန်း– ၀၉-၄၂၀၁၈၈၅၄၊ ၀၉-၄၂၅၀၂၂၈၅၅၊ ၀၉-၄၂၀၁၁၄၁၂၄




စာမျက်နှာ ၂၂၀၊
တန်ဖိုး ၂၅၀၀

ဒဂုန်တာရာ၊ သခင်ဗသိန်းတင်၊ ရဲဘော်တဦး၊ ခမ်းဝင်း၊ ဦးအောင်ထူး (ရှေ့နေ)၊ နေဦးဝေ၊ ဦးမျိုး (ဥပဒေ)၊ စိမ်းမြင့်(မန္တလေး)၊ နွေမိုးနှင်း၊ ဝသဿန်ဦး

ဗမာပြည်ပြင်တွင်းစစ်၏ အတွင်းရေးများ ...

နှင်းဆီနီစာပေ
ဖုန်း– ၀၉–၄၂၀၁၈၈၅၄၊ ၀၉–၄၂၅၀၂၂၈၅၅၊ ၀၉–၄၂၀၁၁၄၁၂၄




စာမျက်နှာ ၁၄၀၊
တန်ဖိုး ၁၅၀၀

ဗကပ ရဲဘော်နှစ်ဦး၏ လက်နက်ကိုင်တော်လှန်ရေး ဖြတ်သန်းမှု အတွေ့အကြုံများ . . .

ရဲဘော်အောင်ငြိမ်း(မြင်းခြံ)၊ ကြာဦးဖြူ(ဒေါ်ဦးစိန်)

နှင်းဆီနီစာပေ
ဖုန်း– ၀၉–၄၂၀၁၈၈၅၄၊ ၀၉–၄၂၅၀၂၂၈၅၅၊ ၀၉–၄၂၀၁၁၄၁၂၄




စာမျက်နှာ ၁၂၀၊
တန်ဖိုး ၁၂၀၀


## ၇၄ အလုပ်သမားလှုပ်ရှားမှုနှင့် အလုပ်သမား ဥပဒေများအပေါ် သုံးသပ်ချက်

ဦးမျိုး (ဥပဒေ)

---

နှင်းဆီနီစာပေ

ဖုန်း- ဝ၉-၄၂၀၁၈၈၅၄၊ ဝ၉-၄၂၅၀၂၂၈၅၅၊ ဝ၉-၄၂၀၁၁၄၁၂၄




စာမျက်နှာ ၆၀၊
တန်ဖိုး ၁၀၀၀


## ခေတ် ...
## ခံစားမှု...
## ပြီးတော့ ကဗျာ

လက်ျာဝင်း၊ ဘုန်းသက်ပိုင်

---

နှင်းဆီနီစာပေ

ဖုန်း- ဝ၉-၄၂၀၁၈၈၅၄၊ ဝ၉-၄၂၅၀၂၂၈၅၅၊ ဝ၉-၄၂၀၁၁၄၁၂၄





စာမျက်နှာ ၁၄၀၊
တန်ဖိုး ၁၅၀၀

တောင်သူလယ်သမားများ မလွတ်မြောက်သရွေ့
ဒီမိုကရေစီတော်လှန်ရေး မပြီးဆုံးသေး

ဦးမျိုး (ဥပဒေ)

နှင်းဆီနီစာပေ
ဖုန်း– ၀၉–၄၂၁၀၁၈၈၅၄၊ ၀၉–၄၂၅၀၂၂၈၅၅၊ ၀၉–၄၂၀၁၁၄၁၂၄





စာမျက်နှာ ၁၈၀၊
တန်ဖိုး ၂၀၀၀

ဟော်ရှိဗစ်တော်လှန်ရေးသည် တိုးတက်မှုကိုလိုလားသော
လူသားအားလုံးအတွက်ကား ကျေးဇူးတင်ထိုက်၊
မြတ်နိုးထိုက်သောအရာ ဖြစ်ပါပေသတည်း။

ဘတ္တရန်ရပ်စဲ

မေလင်းခ

နှင်းဆီနီစာပေ
ဖုန်း– ၀၉–၄၂၁၀၁၈၈၅၄၊ ၀၉–၄၂၅၀၂၂၈၅၅၊ ၀၉–၄၂၀၁၁၄၁၂၄




စာမျက်နှာ ၁၀၈၊
တန်ဖိုး ၁၂၀၀

# ရန်ကုန်စက်မှုဇုန် အလုပ်သမားများဘဝ စူးစမ်းလေ့လာချက်နှင့် အခြားအလုပ်သမားဆောင်းပါးများ

ချစ်လှိုင်းဝေ၊ ခမ်းဝင်း၊ နွေလယ်နွေ၊ ထွန်းဝေသွန်၊ ခင်မောင်၊ နောင်ကျော်၊
နေဦးဝေ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ

---

နှင်းဆီနီစာပေ
ဖုန်း– ၀၉–၄၂၁၀၁၈၈၅၄၊ ၀၉–၄၂၅၀၂၂၈၅၅၊ ၀၉–၄၂၀၁၁၄၁၂၄

# အမှားပြင်ဆင်ချက်

စာမျက်နှာ ၂၀၊ အပိုဒ် ၄၊ အကြောင်း ၂ ။ ။ ‘ဝ’ တောင်ခရိုင်မှူး တွေးကျိုးရဲဘော်ဟောင်း အစား ‘ဝ’ ဘက်မှ ဆွေးနွေးသူများမှာ တပ်မ ဖြဂ မှ ‘ဝ’ ခေါင်းဆောင် ရှောက်မိလျှံမြစ်ပြီး အဖွဲ့ဝင်များမှာ ‘ဝ’ တောင်ခရိုင်မှူး တွေ့ကျိုးရဲဘော်ဟောင်း ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၁၃၊ အပိုဒ် ၁၊ အကြောင်း ၄ ။ ။ ကရင်အမျိုးသားစုကြီးသည် KNU ၏ ဆော်ဩချက်အရ အစား ကရင်အမျိုးသားစုကြီးသည် KNU ၏ ဆော်ဩချက်အရ ရွေးကောက်ပွဲ သပိတ်မှောက်ခဲ့ကြသည်။ KNU က သပိတ်မှောက်သော်လည်း ကရင့်လူငယ်အစည်းအရုံး KYO က ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၂၆၊ အပိုဒ် ၂၊ အကြောင်း ၉ ။ ။ ထိုစဉ်ကသော အရှေ့မြောက် စစ်ဒေသ၊ ပြည်သူ့တပ်မတော်နှင့် အစား ထိုစဉ်ကသော အရှေ့မြောက် စစ်ဒေသ၊ ပြည်သူ့တပ်မတော်နှင့် ပဲခူးရိုးမသော ချိတ်ဆက်မိလျှင် ဗမာပြည်အလယ်ပိုင်း နိုင်ငံရေးအသွင်အပြင်သည် ယနေ့ကာလနှင့် ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

စာမျက်နှာ ၁၃၂၊ အပိုဒ် ၁၊ အကြောင်း ၈ ။ ။ ပညာရေးရေချိန် မြှင့်တင်ရေးများ လိုအပ်သလောက် ဖြည့်ဆည်း အစား ပညာရေးရေချိန် မြှင့်တင်ရေးများ လိုအပ်သလောက် မဖြည့်ဆည်း ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။